

7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၄၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက် ၊ ဗုဒ္ဓဟူး ၊ (ဒီဇင်ဘာ ၁၁ ၊ ၂၀၁၃)



TRI LIVES BRILLIANTLY




မြန်မာ-တရုတ်နယ်စပ်ရှိ လဂတ်ယန်စစ်ပြေးဒုက္ခသည်ကယ်ဆယ်ရေးစခန်းမှ စစ်ဘေးဒုက္ခသည် ကလေးငယ်တစ်ဦးကို တွေ့ရစဉ်

ဓာတ်ပုံ-မရန်

## ယမ်းငွေ့ဝေဆဲ မန်စီနယ်

**အောင်နိုင်၊ မရန်**

အစိုးရနှင့် ကေအိုင်အိုတို့ကြား အောက်တိုဘာလအတွင်းက ပြုလုပ်ခဲ့သော မြစ်ကြီးနားငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး နှစ်ပတ်ကျော်ခန့်အကြာ မန်စီမြို့နယ်အတွင်း တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့သည်။

မုန်းဒိန်ပါ၊ နမ့်လင်းပါကျေးရွာဝန်းကျင်များတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီးနောက် ဒေသခံပြည်သူထောင်နှင့်ချီ၍ တရုတ်နယ်စပ်နှင့် ဗန်းမော်မြို့သို့ ထွက်ပြေးတိမ်းရှောင်နေခဲ့ရသည်။ ၂နှစ်ကျော်ကာလအတွင်း စစ်ဘေးဒုက္ခသည် ပြည်သူတစ်သိန်းကျော်အရေးမဖြေရှင်းနိုင်မီ စစ်ရှောင်ပြည်သူများထပ်မံတိုးပွားနေဆဲဖြစ်သည်။


အချပ်ပို I »


# လူ့ဂုဏ်သိက္ခာ ချိုးနှိမ်ရန် သံခြေချင်းများကို အသုံးပြုသောအခါ

**အေးသူစံ၊ ထွန်းနိုင်**

"ခြေချင်းပြုတ်ပြီး ၁၃ နှစ်ကျော် ကျော်ကြာ အခုထိ အိပ်မက်မက်လိုက်တိုင်း ထောင်အပြင်မှာလို့တစ်ခါမှမမက်ဘူး။ မက်တိုင်းလည်း ခြေချင်းပါတယ်။ အခု အပြင်ရောက်လို့ တစ်နှစ်ကျော်တဲ့အထိ အိပ်မက်မက်တိုင်း ခြေချင်းပါတုန်း"

မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း အကျဉ်းထောင်လက်စွဲဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော သံခြေချင်းခတ်ထားခြင်းကို ၁၁နှစ်တိတိ ခံစားခဲ့ရပြီး ထောင် ၂၃နှစ်နီးပါးကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဂျော်လီထွန်းက ပြောပြခြင်းဖြစ်သည်။


ဆောင်းပါးအပြည့်အစုံ-စာမျက်နှာ ၃ »


## သမိုင်းထဲက ရန်ကုန်တက္ကသိုလ် ပြန်လည်နိုးထချိန်


စာမျက်နှာ ၇ »


အင်တာဗျူး



"အစိုးရရဲ့ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကိုတော့ သဘောမတူပါဘူး။ ဘာလို့လဲဆိုတော့ အစိုးရရဲ့မူဘောင်မှာက ထာဝရငြိမ်းချမ်းရေးရဖို့ လက်နက်စွန့်ရမှာဖြစ်တဲ့အတွက် လက်မခံနိုင်ဘူး"

RCSS/SSAဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် တွေ့ဆုံခြင်း


အချပ်ပို II »


## တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ တာဝန်မကျေသေးပါ

**မင်းဟိန်းကျော်၊ ကျင်းဆောင်**

"ပြည်နယ်၊ လွှတ်တော်တွေ အားနည်းတယ်လို့ ပြောနေရတာ အဓိကကတော့ ဝန်ကြီးချုပ်တွေဟာ လွှတ်တော်ဥက္ကဋ္ဌတွေထက် ရာထူးကြီးနေတာဗျ။ ဆိုလိုတာက သူတို့တွေက စစ်တပ်ကလာတဲ့သူတွေဆိုတော့ဝန်ကြီးချုပ်ကို လွှတ်တော်ဥက္ကဋ္ဌတွေက မလွှမ်းမိုးနိုင်တဲ့သဘောဖြစ်နေတယ်"ဟု အမျိုးသားဒီမိုကရစီပါတီသစ်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်က ပြောသည်။


စာမျက်နှာ ၂ »


## "အစိုးရအဖွဲ့ တော့ မလုပ်ဘူး အခုတာဝန်ပေးလည်း မလုပ်ဘူး၊ အစကတည်းက မလုပ်ပါရစေနဲ့လို့ ကျွန်တော်တို့က စာတင်ခဲ့တယ်၊ နိုင်ငံရေးတော့ လုပ်မယ်"

ဦးအောင်သောင်းနှင့် တွေ့ဆုံခြင်း


စာမျက်နှာ ၂၀ »





7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ တာဝန်မကျေသေးပါ

**မင်းဟိန်းကျော်၊ ကျင်းဆောင်**
**ဇော်မင်းထိုက်၊ စိုးမိုးအောင်**

၂၀၀၈အခြေခံဥပဒေအရဖွဲ့စည်းထားသော လွှတ်တော်များ အသက်ဝင်လာသည်မှာ သုံးနှစ်နီးပါးခန့်ရှိလာပြီဖြစ်သည်။ ပြည်ထောင်စုအဆင့်လွှတ်တော်များဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်စသည့်လွှတ်တော်သုံးရပ်၏ လုပ်ဆောင်ချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို ကောင်းစွာစောင့်ကြည့်ထိန်းညှိပြီး အပြန်အလှန်ထိန်းကျောင်းကာ (Check and Balance)၊ ဥပဒေပြုတာဝန်များကို သက်တမ်းနှင့်စာလျှင်တာဝန်ကျေအောင် ဆောင်ရွက်လာနိုင်သည်။

ပြည်ထောင်စုအဆင့်လွှတ်တော်များက ထိုကဲ့သို့ဆောင်ရွက်နိုင်သော်လည်း သီးခြားလွှတ်လပ်ခွင့်ဖြင့်တည်ရှိနေသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များကမူ သက်ဆိုင်ရာ အစိုးရအဖွဲ့ကို ကောင်းစွာ စောင့်ကြည့်ထိန်းညှိခြင်းမလုပ်နိုင်သေးဘဲ ဥပဒေပြုမှုများကိုလည်း အခြေခံဥပဒေကပေးအပ်ထားသည့်အခွင့်အရေးကိုပင် ကောင်းစွာအသုံးချနိုင်ခြင်း မရှိသေးကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းနှင့် လွှတ်တော်အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များက သုံးသပ်ဝေဖန်ကြသည်။

"ပြည်နယ်၊ လွှတ်တော်တွေအားနည်းတယ်လို့ ပြောနေရတာအဓိက ကတော့ ဝန်ကြီးချုပ်တွေဟာ လွှတ်တော်ဥက္ကဋ္ဌတွေထက် ရာထူးကြီးနေတာဗျ။ ဆိုလိုတာက သူတို့တွေက စစ်တပ်ကလာတဲ့သူတွေဆိုတော့ ဝန်ကြီးချုပ်ကို လွှတ်တော်ဥက္ကဋ္ဌတွေက မလွှမ်းမိုးနိုင်တဲ့သဘောဖြစ်နေတယ်"ဟု အမျိုးသားဒီမိုကရစီပါတီသစ်မှ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်က ပြောသည်။

ယခင်အစိုးရလက်ထက်တွင် ဒုတိယဗိုလ်ချုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သူ အများအပြားအား ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ပြီးနောက် နိုင်ငံတော်သမ္မတက သက်ဆိုင်ရာတိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အစိုးရအဖွဲ့များ၏ ဝန်ကြီးချုပ်များအဖြစ်တာဝန်ပေးခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အများစုမှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများပါဝင်ပြီး တပ်မတော်၏ အစဉ်အလာအရရာထူးကြီးသူများကို ရာထူးငယ်သူများက ထောက်ပြဝေဖန်ရန် နောက်တွန့်ကြောက်ရွံ့နေသည်ဟု ထင်မြင်ကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်အချို့က သုံးသပ်သည်။




*ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အား တွေ့ရစဉ်*
ဓာတ်ပုံ-အိဖြူလွင်

"အရင်ကစစ်တပ်မှာကစထမှုး ဒုတိယဗိုလ်ချုပ်ကြီးတာဝန်ထမ်းဆောင်ခဲ့သူတော်တော်များများက ဝန်ကြီးချုပ်တွေဖြစ်နေကြတယ်။ စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေးပေါ့။ တခြားတိုင်းတွေကျတော့လည်း ဝန်ကြီးဟောင်းတွေ။ သူတို့နဲ့ သက်ဆိုင်ရာလွှတ်တော်တွေရဲ့ဥက္ကဋ္ဌတွေကလည်း တပ်ဘက်ကပဲများတယ်။ ဝန်ကြီးချုပ်တွေထက် ရာထူးနိမ့်တဲ့နေရာမှာ တာဝန်ထမ်းဆောင်ခဲ့ရတော့ စစ်တပ်အမူအကျင့်တွေအရပြန်မလှန်ရဲတဲ့ သဘောပေါ့ဗျာ"ဟု ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ၎င်း၏အမြင်ကို ပြောသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များ၏ လုပ်ဆောင်ချက်များမှာ အရေအတွက်သာရှိပြီး ထိရောက်မှုအားနည်းနေသဖြင့် လွှတ်တော်လုပ်ငန်းများအပေါ် အားရကျေနပ်မှုမရှိသေးကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့ကဆိုသည်။

လုပ်ဆောင်ချက်သာမက တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပမှုမှာပင် ယခုသုံးနှစ်အတွင်း နည်းပါးလှသည်။ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှာ အများဆုံးအဖြစ်ကိုးကြိမ်အစည်းအဝေးခေါ်ပြီး ရှမ်းတွင် ခြောက်ကြိမ်သာခေါ်ခဲ့ပြီး အနည်းဆုံးဖြစ်သည်။ (ကျန်လွှတ်တော်များအစည်းအဝေးခေါ်ယူမှုဇယားတွင် ကြည့်ရန်)

"လွှတ်တော်ကျင်းပတာနဲ့ပတ်သက်ပြီး ကျေနပ်အားရတဲ့အဆင့်တော့မရှိသေးပါဘူး။ ပြည်နယ်လွှတ်တော်အနေနဲ့လည်း တွေ့ဆုံခေါ်ယူမှုတော်တော်နည်းတယ်။ အရေးကြီးကိစ္စဖြစ်မှပဲတွေ့နေရတယ်။ အဆိုတစ်ခုတင်လာရင်လည်း အဲဒီအပေါ်မှာ ကျေကျေလည်လည်အားရကျေနပ်အောင် ဆွေးနွေးနိုင်တဲ့ အဆင့်မရှိသေးဘူး"ဟု ရှမ်းပြည်နယ်လွှတ်တော်မှ ပင်လောင်းမဲဆန္ဒနယ် အမှတ် (၂)ကိုယ်စားလှယ် ဦးခွန်အောင်နိုင်ဦးကပြောသည်။

ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးမဏ္ဍိုင်များကို သီးခြားစီခွဲခြားကျင့်သုံးကြပြီး အပြန်အလှန်စောင့်ကြည့်ထိန်းညှိခြင်းကို လုပ်ဆောင်ကြသည်။ ပြည်ထောင်စုစနစ်ကျင့်သုံးသောနိုင်ငံများတွင်လည်း ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် ဥပဒေပြုလွှတ်တော်များသို့တိကျစွာခွဲဝေပေးထားသည်။

မြန်မာနိုင်ငံတွင်ကျင့်သုံးနေသော ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပြည်နယ်တိုင်းဒေသကြီးများကို အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကိစ္စရပ်များအတွက် သီးခြားလုပ်ပိုင်ခွင့်ပေးထားပြီး သက်ဆိုင်ရာလွှတ်တော်များမှ အစိုးရအဖွဲ့များကို စောင့်ကြည့်ထိန်းညှိခြင်းလုပ်ဆောင်နိုင်မှသာ အောက်ခြေသို့ ပွင့်လင်းမြင်သာသည့် ဆောင်ရွက်ချက်များ ရောက်ရှိနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အစိုးရကို ထိန်းကျောင်းနိုင်ဖို့ နေနေသာသာတင်ထားတဲ့မေးခွန်းတွေကိုတောင် ပြီးပြတ်အောင် အစိုးရကဖြေမပေးသေးဘူး။ လာဖြေတော့လည်း ဝေ့လည်ကြောင်ပတ်တွေပြောနေတယ်။ လွှတ်တော်က သဘောတူချမှတ်လိုက်တဲ့လုပ်ငန်းတွေကိုအကောင်အထည်ဖော်ဆောင်ရွက်တာ အရမ်းအားနည်းပါတယ်။ ဒါဟာ ထိန်းကျောင်းမှုမရှိလို့ ဒီလိုဖြစ်နေတာပါ။ အခုဆို အစိုးရအဖွဲ့က လွှတ်တော်ကို ဂရုမစိုက်ချင်သလိုတောင်ဖြစ်နေပြီ"ဟု ဦးကျော်ကလည်းဆိုသည်။

သက်ဆိုင်ရာအစိုးရအဖွဲ့များကို အပြန်အလှန်ထိန်းကျောင်းနိုင်ရန်အတွက် လွှတ်တော်များကိုကိုင်တွယ်သောဥက္ကဋ္ဌများ၏ ရဲဝံ့မှု၊ ဥပဒေပိုင်းဆိုင်ရာပိုင်နိုင်မှုနှင့် အကြောက်တရားကင်းစင်မှုတို့ အပေါ်တွင်မူတည်နေသည်။

သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌများ၏ အရည်အသွေးပိုင်းနှင့်ပတ်သက်၍ "အစိုးရကိုပြန်ပြီး ထောက်ပြပြောဆိုဖို့ဆိုတာ လွှတ်တော်ဥက္ကဋ္ဌတွေအပေါ် အများကြီးမူတည်တယ်။ အခုပြည်ထောင်စုအဆင့် လွှတ်တော်တွေမှာဆိုလည်း ဥက္ကဋ္ဌတွေက အရည်အသွေးပြည့်တော့ အစိုးရအဖွဲ့ကို စောင့်ကြည့်ထိန်းညှိနိုင်တယ်။ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေမှာဆို ဧရာဝတီတိုင်းလွှတ်တော်က အားအကောင်းဆုံးဖြစ်ခဲ့တယ်။ အခုဥက္ကဋ္ဌပြောင်းသွားတော့ သူလည်းတခြားလွှတ်တော်တွေလို ငြိမ်သွားတာပါပဲ"ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သူ၏အမြင်ကိုပြောသည်။

သန့်ရှင်းသော အစိုးရကောင်းမွန်သော အုပ်ချုပ်မှုဖြစ်စေရေးဆောင်ရွက်မည်ဆိုသောပြောဆိုချက်နှင့်အတူ ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်နေသော ဦးသိန်းစိန်အစိုးရ၏ လုပ်ငန်းဆောင်တာများတွင် အောက်ခြေရှိ ဝန်ထမ်းအချို့လိုက်ပါခြင်းမရှိသဖြင့် ထိရောက်သောပြောင်းလဲမှုကို လုပ်ဆောင်နိုင်ခြင်းမရှိပေ။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောက်ခြေအထိ ထိရောက်စွာ ဆောင်ရွက်နိုင်မှုမရှိသည့် အကြောင်းရင်းများတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် လွှတ်တော်များက သက်ဆိုင်ရာအစိုးရအဖွဲ့အားအပြန်အလှန်ထိန်းကျောင်းမပေးနိုင်သည့်ကိစ္စလည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း ကိုယ်စားလှယ် အချို့ကသုံးသပ်ကြသည်။

"လွှတ်တော်ကသာ အစိုးရအဖွဲ့ကို ကောင်းကောင်းထိန်းကျောင်းမှုမလုပ်နိုင်ရန် အောက်ခြေမှာရှိတဲ့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို အများကြီး ထိခိုက်နိုင်တယ်။ လွှတ်တော်ထဲမှာ အစိုးရအဖွဲ့အနေနဲ့ လုပ်ပေးပါမယ့်လို့ ကတိပေးထားတဲ့ကိစ္စကို လက်တွေ့လုပ်ပေးခြင်းမရှိဘူး။ အဲဒီတော့ လွှတ်တော်လည်း သိက္ခာကျတယ်။ လွှတ်တော်ကို ထွေ/အုပ်က အစ မလေးစားဘူး။ သူတို့စိတ်ထဲမှာ လွှတ်တော်က သူတို့ထက်နိမ့်တယ်လို့ ယူဆတဲ့သဘောဖြစ်နေတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဒေါက်တာညိုညိုသင်းကပြောသည်။

အစိုးရအဖွဲ့ကို လွှတ်တော်က အပြန်အလှန်ထိန်းကျောင်းနိုင်ရန်အတွက် လွှတ်တော်တွင်း ဖွဲ့စည်းထားသောကော်မတီများမှာ အရေးပါပြီး လိုအပ်သည့် ကော်မတီများကို ဖွဲ့စည်းရန် လိုသည်။ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် တစ်နိုင်ငံလုံးလွှတ်တော်များအနက် ကော်မတီအနည်းဆုံးလွှတ်တော်ဖြစ်နေကြောင်း ဒေါက်တာညိုညိုသင်းကဆိုသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များအား ဥပဒေပြုခွင့်ပေးထားသည့် အခြေခံဥပဒေဇယား ၂ ပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ လွှတ်တော်များအနေဖြင့် အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးဘဲ တည်ဆဲဥပဒေများနှင့် ငြိစွန်းနေသဖြင့် အခက်အခဲများလည်းရှိနေသည်။

"ဇယား ၂ မှာပါတဲ့ ကိစ္စရပ်တွေကို ထိထိရောက်ရောက် မလုပ်နိုင်သေးဘူး။ ပြည်ထောင်စုအစိုးရကို ကြောက်နေရတဲ့ သဘောတွေ့နေရတယ်"ဟု ဒေါက်တာညိုညိုသင်းကပြောသည်။

အခြေခံဥပဒေဇယား၂တွင် တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်များ၏ ဥပဒေပြုခွင့်ရှိသည့် ကိစ္စရပ်များကို ပြဋ္ဌာန်းထားပြီး ကာကွယ်ရေး၊ လုံခြုံရေး၊ နိုင်ငံခြားရေး၊ သဘာဝသယံဇာတတွင်းထွက်များ တူးဖော်ရေး၊ စီမံကိန်းကြီးများပြုလုပ်ခြင်းလုပ်ငန်းများမှအပ အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ပိုင်ခွင့်ကို ပေးအပ်ထားသည်။

ထို့အပြင်တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အခြေခံဥပဒေပါ အခွင့်အရေးအရ အတိုင်းအတာတစ်ရပ်အထိ လွတ်လပ်စွာ လုပ်ဆောင်နိုင်ခွင့်ရှိသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ ဩဇာခံသဖွယ်ဆောင်ရွက်နေခြင်းသည် ယခင်စနစ်ဟောင်းတွင်ကျင့်သုံးခဲ့သည့် ပုံစံမျိုးဖြစ်နေသည်ကို တွေ့ရကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့သုံးသပ်သည်။

အချပ်ပို IV ››

| တိုင်းဒေသကြီးလွှတ်တော် | သုံးနှစ်အတွင်း ပုံမှန်အစည်းအဝေးခေါ်ယူသည် အကြိမ် | ပြည်နယ်လွှတ်တော် | သုံးနှစ်အတွင်း ပုံမှန်အစည်းအဝေးခေါ်ယူသည့် အကြိမ်ရေ |
|---|---|---|---|
| ရန်ကုန် | ၈ ကြိမ် | ကချင် | ၈ ကြိမ် |
| မန္တလေး | ၈ ကြိမ် | ကယား | ၈ ကြိမ် |
| မကွေး | ၇ ကြိမ် | ကရင် | ၇ ကြိမ် |
| စစ်ကိုင်း | ၈ ကြိမ် | ချင်း | ၇ ကြိမ် |
| ပဲခူး | ၈ ကြိမ် | မွန် | ၇ ကြိမ် |
| တနင်္သာရီ | ၉ ကြိမ် | ရခိုင် | ၈ ကြိမ် |
| ဧရာဝတီ | ၈ ကြိမ် | ရှမ်း | ၆ ကြိမ် |

# လူ့ဂုဏ်သိက္ခာချိုးနှိမ်ရန် သံခြေချင်းများကို အသုံးပြုသောအခါ



မှတ်ချက်။ ။ ဒေါက်ပြစ်ဒဏ်ခံ နိုင်/ကျဉ်း (၅)ဦးကို တွေ့ဆုံမေးမြန်းပြီးရရှိသည့် အချက်အလက် များကို ရေးသားခြင်းဖြစ်သည်။

**အေးသူစံ၊ ထွန်းနိုင်**

ခြေချင်းပြုတ်ပြီး ၁၃ နှစ်ကျော်ကျော်ကြာ အခုထိ အိပ်မက်မက်လိုက်တိုင်း ထောင်အပြင်မှာလို့ တစ်ခါမှမမက်ဘူး။မက်တိုင်းလည်း ခြေချင်းပါတယ်။ အခု အပြင်ရောက်လို့ တစ်နှစ်ကျော်တဲ့အထိ အိပ်မက်မက်တိုင်း ခြေချင်းပါတုန်း"

မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း အကျဉ်းထောင်လက်စွဲဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိသော သံခြေချင်းခတ်ထားခြင်းကို ၁၁ နှစ်တိတိ ခံစားခဲ့ရပြီး ထောင် ၂၃ နှစ်နီးပါး ကျခံခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဂျော်လီထွန်းက ပြောပြခြင်းဖြစ်သည်။

အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျအကျဉ်းသားတစ်ဦး ပြစ်မှုထပ်မံကျူးလွန်ခြင်း၊ ထောင်ပြောင်းရွှေ့ခြင်းတို့ပြုလုပ်ပါက ခြေချင်းခတ်ခြင်း၊ ဒေါက်ခတ်ခြင်းတို့ ပြုလုပ်လေ့ရှိသည်။ ပြစ်မှုအရွယ်အစားအလိုက် အန္တရာယ်ပေးနိုင်သည့် အကျဉ်းသားကို သံခြေချင်းခတ်ခြင်း၊ ဒေါက်ခတ်ခြင်းတို့မှာ နိုင်ငံတကာ အကျဉ်းထောင်များတွင်လည်း ကျင့်သုံးလေ့ရှိသည်။

မြန်မာနိုင်ငံတွင် သံခြေချင်းကို ဓာတ်ပုံသမိုင်းအရ ကိုလိုနီခေတ်တွင် ဆရာစံကို သူပုန်မှုဖြင့် ကြိုးပေးစဉ်က ခြေချင်းခတ်ထားခဲ့ကြောင်း မှတ်သားရသည်။ မဆလခေတ် ၁၉၈၀ နောက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဟောင်း ဦးဘိုနီလက်ထက်၌ နောက်ဆက်တွဲ ညွှန်ကြားချက်အမိန့်တို့ဖြင့် သံခြေချင်းခတ်သည့်စနစ်ကို တွင်တွင်ကျယ်ကျယ်သုံးစွဲလာခဲ့သည်။


ပြစ်ဒဏ်ကျအကျဉ်းသားများကို အကျဉ်းထောင်အတွင်း လူမသိသူမသိ နောက်ထပ်အချုပ်အနှောင်တစ်ခုသဖွယ် သံခြေချင်းခတ်သည့်စနစ်ကို လူ့အခွင့်အရေးလှုပ်ရှားသူများအပါအဝင် အကျဉ်းသားအများစုက မရှိစေလိုကြပေ။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေပြီး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ လုပ်နေပါသည်ဟု အစိုးရက ပြောနေသည့်ယနေ့အချိန်တွင် အများအတွက် တက်ကြွလှုပ်ရှားဆောင်ရွက်သူများကို သံခြေချင်းခတ် ရုံးထုတ်သည့် ပုံရိပ်များ လူမှုကွန်ရက်တွင် ထွက်ပေါ်လာခြင်းအပေါ် တက်ကြွလှုပ်ရှားသူများက မနှစ်မြို့ကြပါ။

"ကျွန်တော်က အဲသည်စနစ်ဖျက်စေချင်တာ။ လူကိုသက်သက်အရှက်ခွဲတာ။ ၁၉၉၀ စာဥစစ်ဆင်ရေးအပြီး နိုင်ကျဉ်းတွေကို ထောင်ရွှေ့တော့ ပိုဆိုးတာပေါ့။ ဆံပင်ရိတ်ပြီး သံခြေချင်းနဲ့ အင်းစိန်ထောင်ကနေ ဘူတာထိ လမ်းလျှောက်ခိုင်းခဲ့တာ။ သံကြိုးတွဲချည်ထားသေးတာ" ဟု နိုင်ငံရေးအကျဉ်းသားဟောင်း ဇာဂနာက ပြောသည်။

ပြစ်ဒဏ်ကျအကျဉ်းသား၏ ခြေချင်းဝတ်နှစ်ဖက်တွင် ပတ်လည်သံကွင်းတစ်ကွင်းစီကို အထက်သို့ သံကွင်းသုံးကွင်းဖြင့် တွဲချိတ်ထားသော ယင်းသံကွင်းများကို တစ်ပေခန့်ရှိ သံချောင်းနှစ်ချောင်းဖြင့် ချိတ်ဆက်ထားသည်။ ယင်းသံချောင်းနှစ်ခုကို ထိပ်မှ သံကွင်းကြီးတစ်ခုဖြင့် ချိတ်ဆက်ဝရိန်ဆော်ထားပြီး ယင်းသံကွင်းကို

စာမျက်နှာ ၄၁ ››




နိုင်ပါစေ ရွှေမြန်မာ
ooredoo
မြန်မာဘောလုံးအဖွဲ့ချုပ်အား ဂုဏ်ယူစွာဖြင့် ပံ့ပိုးကူညီသည်
MYANMAR
FOOTBALL FEDERATION

Life 7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ပေါလ်ဝေါကာအတွက် မြန်မာပြည်မှာ ထွန်းတဲ့မီး

မိုးညို

လီဗာသံခပ်ပြင်းပြင်းဖြင့် မော်ဒယ်မြင့်ပြိုင်ကားရောင်စုံများတစ်စီးပြီးတစ်စီး ကမ္ဘာအေးဘုရားလမ်းအတိုင်း မောင်းနှင်လာကြပြီး မြကျွန်းသာအပန်းဖြေစခန်းရှေ့တွင် ကားပါကင်ထိုးရန် နေရာများရှာဖွေလျက်ရှိသည်။

အချိန်က ည ၈ နာရီဝန်းကျင်တွင်ဖြစ်ပြီး တစ်နေ့တာလုံး မြကျွန်းသာသို့ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားနေသည့်နေရာမှာ တဖြည်းဖြည်းလူကျဲပါးလာပြီး စတစ်ကာကပ်ပြိုင်ကားများကသာ တစ်စတစ်စပိုမိုများလာသည်။

ယင်းမြင်ကွင်းမှာကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကား Fast & Furious ဇာတ်ကားမှ သရုပ်ဆောင်ပြိုင်ကားမောင်းနှင်သူအဖြစ် သရုပ်ဆောင်သော မင်းသား Paul Walker ယာဉ်မတော်တဆမှုဖြစ်ပြီး သေဆုံးသွားခဲ့ခြင်းကို ရန်ကုန်မြို့မှ ပြိုင်ကားဝါသနာရှင်များက ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ရန် စုရုံးရောက်ရှိလာခြင်းဖြစ်သည်။ Paul Walker ဇာတ်ကားတွင် သရုပ်ဆောင်ခြင်းအပြင် ပြင်ပလောကတွင်လည်း ပြိုင်ကား မောင်းနှင်သူတစ်ဦးလည်း ဖြစ်သည်။



Paul Walkerဝမ်းနည်းခြင်းအထိမ်းအမှတ် မြန်မာနိုင်ငံမှ ပြိုင်ကားချစ်သူများ ဆုတောင်းနေပုံ ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာရုပ်ရှင်မင်းသားတစ်ဦးသေဆုံးခြင်းကို ယခုလို စုစုရုံးရုံးဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ခြင်းမှာ ရှားရှားပါးပါးဖြစ်သည်။

ရန်ကုန်မြို့မှ ပြိုင်ကားဝါသနာရှင်များက ၎င်းတို့ယုံကြည်ရာ ၎င်းတို့အားကျနှစ်သက်ခဲ့သည့် သရုပ်ဆောင် Paul Walker ကို ဂုဏ်ပြုရန် ၂ ရက်အလိုတွင်ပင် ပြိုင်ကားဝါသနာတူချင်း ၎င်းတို့၏ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်စာမျက်နှာများတွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပြုလုပ်ရန် တိုက်တွန်းပြောဆိုမှုများကို ပြုလုပ်ခဲ့သဖြင့် ယခုအစီအစဉ် အထမြောက်သွားခဲ့ခြင်းဖြစ်သည်။

"သူ့ကို ကျွန်တော်တို့ငယ်ငယ်ကတည်းက သဘောအရမ်းကျခဲ့တာ"ဟု ပြိုင်ကားမောင်းနှင်းနေသူ လူငယ်တစ်ဦးဖြစ်သည့် ကိုကာကာက ပြောသည်။ သူတို့ငယ်စဉ်က Paul Walker ၏ ပြိုင်ကားဇာတ်လမ်းအများစုမှာ ပြိုင်ကားဝါသနာရှင်လူငယ်များအပေါ် သူသေဆုံးသွားသော်လည်း နောင်နှစ်ပေါင်းများစွာ တိုင်တည်ရှိနေဦးမည်ဟု ပြိုင်ကားဝါသနာရှင် လူငယ်များက ဆိုသည်။

ရန်ကုန်တွင် လူတန်းစားအလွှာတစ်ခုသာ စီးနင်းနိုင်သော ပြိုင်ကားမောင်းနှင်သူ လူငယ်များအပေါ် စည်းကမ်းမဲ့မောင်းနှင်သည်ဟု ပုံစံမျိုးစုံဝေဖန်နေသည့်ကြားက အဆိုပါဝမ်းနည်းခြင်းအထိမ်းအမှတ်ပွဲကို ခက်ခက်ခဲခဲ ၎င်းတို့ပြုလုပ်ခဲ့ရသည်။

Paul Walker အတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြစ် ၎င်းတို့က Paul Walker ဓာတ်ပုံရှေ့တွင် နှင်းဆီပန်းတစ်စည်းစီနှင့် ဖယောင်းတိုင်များထွန်းညှိ၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်ကိုစတင်လိုက်ကြသည်။ ထို့နောက် ပြိုင်ကားသမားအားလုံး ၁ မိနစ်ငြိမ်သက်ခဲ့ပြီး နှုတ်မှလည်း တတွတ်

စာမျက်နှာ (၆)သို့



7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

စာမျက်နှာ (၅) မှ

## ပေါလ်ဝေါကာအတွက် မြန်မာပြည်မှာ ထွန်းတဲ့မီး

တွတ် ဆုတောင်းရေရွတ်မှုများကို တူညီစွာပြုလုပ်ကြသည်။

ယင်းကဲ့သို့ ဆုတောင်းနေသည့်အချိန်နှင့် တစ်ပြိုင်တည်းတွင် တစ်ကမ္ဘာလုံးရှိ နိုင်ငံပေါင်း ၂၀ ကျော်တွင်လည်း အချိန်ကိုက်ဆုတောင်းကြသည့်အချိန်ဖြစ်ပြီး ယင်းအစီအစဉ်ကို Paul Walker's world drive အမည်ဖြင့်ခေါင်းစဉ်တပ်ကြသည်။

ပြိုင်ကားဇာတ်လမ်းများ၏ စတားဖြစ်သူ Paul Walker သည် နိုဝင်ဘာ ၃၀ ရက်က အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်တွင် ပြိုင်ကားပေါ်မှာပင် ယာဉ်မတော်တဆဖြစ်ပြီး သေဆုံးသွားခဲ့သည်။ သူ၏ဝိညာဉ်မှာ တစ်ကမ္ဘာလုံးကပြိုင်ကားချစ်သူများအပေါ် စောင့်ကြည့်နေကြမည်ဟု ပြိုင်ကားဝါသနာရှင်များကယုံကြည်လျက်ရှိသည်။

ရန်ကုန်မြို့မှပြိုင်ကားချစ်သူရာကျော်က ၄င်းတို့၏အစီအစဉ်အတိုင်း မြန်နှုန်းကီလို ၄၀ မှ ၅၀ အတွင်းတွင် ရန်ကုန်မြို့၌ စီတန်းမောင်းနှင်ရန် လီဗာသံတပြင်းပြင်းဖြင့် ဟန်ပြင်နေကြပြီဖြစ်သည်။ ကမ္ဘာအေးဘုရားလမ်းမှတစ်ဆင့် ပြည်လမ်းမပေါ်သို့တက်ပြီး ကိုးမိုင်မှတစ်ဆင့်မင်းဓမ္မလမ်း အတိုင်း စည်းကမ်းတကျမောင်းနှင်လာကြသည်။ ဝိတိုရိယဆေးရုံအနီးတွင် ၂မိနစ်ခန့်မျှရပ်နားပြီး ပါရမီလမ်းအတိုင်း ဆက်လက်မောင်းနှင်လာကြသည်။

ပြိုင်ကားစီးရေမှာ တစ်ရာကျော်နိုင်သည်ဟု ယင်းခရီးစဉ်တွင် လိုက်ပါမောင်းနှင်သူပြိုင်ကားဝါသနာရှင်ကိုစိုးဝင်းနိုင်က သုံးသပ်သည်။ "မောင်းကြတဲ့အစီးရေအရမ်းများလာလို့ မူလအစီအစဉ်ကိုဖျက်ပြီး မြကျွန်းသာမှာပဲ လူပြန်စုတော့မယ်"ဟု ၄င်းက ပြောသည်။

ည ၁၀ နာရီဝန်းကျင်တွင် မော်ဒယ်မြင့်ပြိုင်ကားရာကျော်ကို တစ်စုတစ်စုတည်းမောင်းနှင်နေသည်ကိုတွေ့ရသဖြင့် လူအချို့က အထူးအဆန်းဖြင့်ထွက်ကြည့်ကြသည်။

ရန်ကုန်မြို့၏အဓိကလမ်းဆုံနေရာအချို့တွင် ယင်းကဲ့သို့ ပြိုင်ကားစီးရေရာကျော်စီတန်းလှည့်လည်မောင်းနှင်ခြင်းအပေါ် ကားပိတ်နေသဖြင့် တက္ကစီယာဉ်မောင်းအများစုက အဆိုပါယာဉ်တန်းအား ဝေဖန်နေကြသည်။

"ဒီလောက်ပြိုင်ကားတွေ အများကြီးစုသွားတာ တစ်ခါမှမမြင်ဖူးဘူး"ဟု ကမ္ဘာအေးဘုရားလမ်းအနီးမှတာဝန်ကျယာဉ်ထိန်းရဲတစ်ဦးက အံ့အားသင့်စွာပြောသည်။

မူလအစီအစဉ်က မြို့ထဲ ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိမောင်းပြီး ရွှေဂုံတိုင်မှတစ်ဆင့် မြကျွန်းသာတွင်လူစုရန်စီစဉ်ထားသော်လည်း ပြိုင်ကားစီးရေမှာ လွန်စွာများပြားနေသဖြင့် ၄င်းတို့၏ခရီးစဉ်ကိုတစ်ဝက်ဖြင့်ပင် အဆုံးသတ်ခဲ့ရသည်။

ရန်ကုန်မြို့မှပြိုင်ကားချစ်သူများအတွက် Paul Walker ဝမ်းနည်းခြင်းအထိမ်းအမှတ်မှာည ၁၁ နာရီကျော်ခန့်တွင် ပြီးဆုံးသွားခဲ့သည်။

အစီအစဉ်စတင်စဉ်က Paul Walker အတွက် ထွန်းညှိထားသည့် ဖယောင်းတိုင်မှာလည်း မီးစာကုန်နေပြီဖြစ်ပြီး တစ်ကမ္ဘာလုံးက ပြိုင်ကားချစ်သူတို့ အားကျခဲ့သည့် Paul Walker မှာလည်း ရုတ်တရက်နှုတ်မဆက်ဘဲ လူ့လောကမှ ထွက်ခွာသွားပြီဖြစ်သည်။ သို့သော် Paul Walker ၏ ပြိုင်ကားဇာတ်လမ်းကောင်းများထဲမှပုံရိပ်များ၊ ၄င်း၏စွန့်စားသရုပ်ဆောင်ချက်များ၊ သူနှစ်သက်ခဲ့သည့်ပြိုင်ကား များစွာကမူ ပြိုင်ကားချစ်သူတို့၏ရင်ထဲတွင် ကာလကြာရှည်ရှိနေဦးမည်ဖြစ်သည်။




## ကြက်ကောက်ညှင်းပေါင်း

ဆောင်းအဝင်မှာ ရန်ကုန်ရာသီဥတုက သိသိသာသာ အေးမလာပေမယ့် ဆောင်းလေအေးအေးလေးကိုတော့ မနက်စောစောမှာ ခံစားနေရပါပြီ။ နယ်မြို့တွေမှာတော့ တော်တော်ချမ်းအေးနေပြီလို့ ကြားရပါတယ်။ ဒါကြောင့် ဝိုက်ဖီက ဒီတစ်ပတ်တော့ ဆောင်းနံနက်ခင်းလေးနဲ့ လိုက်ဖက်မယ့် မနက်စာတစ်ခွက်ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

ကြက်ရင်ပုံသား ၂၀ ကျပ်သား၊ ကောက်ညှင်းဆန် နို့ဆီတစ်ဘူးပဲလိုပါတယ်။ ပထမဆုံး ကြက်ရင်ပုံသားကို အသားချည်းပဲ အတုံးလေးတွေတုံးပြီး သကြား၊ ပဲငံပြာရည်တို့နယ်ပြီး ပြုတ်ပါ။ ကောက်ညှင်းဆန်နို့ဆီတစ်ဘူးကို ရေနို့ဆီတစ်ဘူးဆတူနဲ့ ပေါင်းအိုးထဲထည့်ပါ။ ပြီးရင် ကြက်သားပြုတ်လေးရောထည့်ပေးလိုက်ပါ။ ပြီးရင်ထမင်းချက်သလိုပဲ ပေါင်းအိုးခလုတ်လေးနှိပ်လိုက်ရုံပါပဲ။ ကျက်သွားပြီဆိုရင် နောက်ဆုံးမှာတော့ ဘဲဥပြုတ်နှစ်လုံးကို အစိတ်လေးတွေစိတ်ပြီး အပေါ်ယံက ထည့်ပါ။ နှမ်းလှော်လေးကို ဆားနဲ့နှမ်းထောင်းလေးထောင်းပြီး ဖြူးလိုက်ရင်တော့ အရသာရှိတဲ့ ကြက်ကောက်ညှင်းပေါင်းကို သုံးဆောင်နိုင်မှာဖြစ်ပါတယ်။






7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# သမိုင်းထဲက ရန်ကုန်တက္ကသိုလ် ပြန်လည်နိုးထချိန်

**နေလင်းထွန်း**




*အနှစ်နှစ်ဆယ်နီးပါးအတွင်း ပထမဆုံးအကြိမ်ပြန်လည်ဖွင့်လှစ်သော ဒီဇင်ဘာ ၅ ရက်က ရန်ကုန်တက္ကသိုလ် ဆိုင်းဘုတ်ရှေ့မှ ကျောင်းသူတစ်ဦး* ဓာတ်ပုံ - နစ်ကီ

ကံ့ကော်နှင့် စိန်ပန်းတို့ဖူးပွင့်ရာ တက္ကသိုလ် ကျောင်းတော်ကြီးသည် စစ်အာဏာရှင်ခေတ်အလွန်ယခု ပြန်လည်နိုးထခွင့်ရရှိလိုက်ပါပြီ။ အဓိပတိလမ်း၊ ဘွဲ့နှင်းသဘင်၊ သစ်ပုပ်ပင်၊ ဂျပ်ဆင် ဝတ်ပြုကျောင်းနှင့် အင်းလျားကန်ရေပြင်တို့သည် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများကို အသင့်ကြိုဆိုနေကြလေပြီ။

အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၊ အမျိုးသားပညာဝန် ဦးဖိုးကျား၊ စာပေပညာရှင်ဆရာဇော်ဂျီ၊ သမိုင်းပညာရှင် ဒေါက်တာ သန်းထွန်း၊ စီးပွားရေးပညာရှင်ရော်နယ်ဖင်ဒလေတို့ကဲ့သို့ နယ်ပယ်အသီးသီးမှ ထူးချွန်ထက်မြက်၊ အောင်မြင်၊ ကျော်ကြားသူများကို မွေးထုတ်ပေးခဲ့သော ရန်ကုန် တက္ကသိုလ်သည် ဆယ်စုနှစ် နှစ်စုနီးပါး အသက်မဲ့သွားခဲ့ပြီးနောက် ဦးသိန်းစိန်အစိုးရက ပြန်လည်အသက်ဝင်စေခဲ့ပြီဖြစ်၏။

သစ်လွင်လှပသော အဓိပတိလမ်းမပေါ်တွင်နုနယ်ပျိုမျစ်သော ကျောင်းသား၊ ကျောင်းသူ များ၏ လှုပ်ရှားမှုကို ဟိုနားတစ်စ၊ သည်နားတစ်စမြင်တွေ့နေရသည်။

"ဂုဏ်ယူပါတယ်။ ပျော်တာပေ့ါ။ မထင်ထားဘူးလေ။ ဒီလိုမျိုးဖြစ်လာမယ်လို့။ အနှစ် ၂၀ နီးပါးလောက်ပိတ်ထားတယ်။ သမီးတို့နှစ်မှ ပြန်ဖွင့်တယ်။ လျှောက်တဲ့သူများတဲ့ထဲမှာ ဝင်ခွင့်အမှတ်လည်းမီသွားတယ်ဆိုတော့ အရမ်းပျော်ပါတယ်"ဟု ရန်ကုန်တက္ကသိုလ်တွင် ကွန်ပျူတာ သိပ္ပံဘာသာရပ်သင်တန်းတက် ရောက်နေပြီဖြစ်သော မယမုံဖူးသော်က ပေ့ါပါးတက်ကြွစွာ ပြောသည်။

ကျောင်းဖွင့်စအချိန်ဖြစ်၍ ကျယ်ဝန်းသော ရန်ကုန်တက္ကသိုလ်နယ်မြေတွင် သက်ဝင်လှုပ်ရှားမှုနည်းပါးနေသေးသော်လည်း စာသင်ခန်းများတွင် စာသင်ကြားနေကြပြီဖြစ်သလို အဆောင်များတွင်လည်း ကျောင်းသား၊ ကျောင်းသူအချို့ရောက်ရှိနေသည်။

နာမည်ကျော်မာလာဆောင်နှင့် သီရိဆောင်တို့ကတော့ အတိတ်က ကျောင်းသူဆောင်များအဖြစ်မှ စာသင်ကြားဆောင်များအဖြစ်သို့ ပြောင်းလဲသွားပြီး အင်းလျားဆောင်နှင့် ရတနာဆောင်တို့တွင် ဆရာမများရှိနေခြင်းကြောင့် တစ်ချိန်က ကျောင်းသားဆောင်များဖြစ်သော ဒဂုံဆောင်နှင့် ရွှေဘိုဆောင်တွင် ကျောင်းသူများကို လက်ခံထားရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သော ပဲခူးဆောင်အပါအဝင် စစ်ကိုင်းဆောင်၊ အင်းဝဆောင်၊ သထုံဆောင်၊ ပင်းယဆောင်တို့သည် ကျောင်းသားအဆောင်များအဖြစ်ရှိနေသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သမိုင်းဝင် ပုဂ္ဂိုလ်များ၏ အငွေ့အသက်ကို ထိတွေ့ခံစားနိုင်ကြလေပြီ။ အဆောင်နေကျောင်းသားများ ဘဝကို ကိုယ်တိုင်ဖြတ်သန်းရတော့မည်ဖြစ်၏။

"ကိုလိုနီခေတ်ကတည်းက ရှိနေတဲ့တက္ကသိုလ်ဖြစ်တယ်။ ဗိုလ်ချုပ်အောင်ဆန်းက ပဲခူးဆောင်မှာနေသွားတယ်။ ပညာတတ်တွေ အများကြီးမွေးထုတ်ခဲ့ဖူးတယ်လို့ သိထားတယ်။ ဦးချစ်ဆိုင်နာမည်ကြီးတာလည်း သိတယ်"ဟု အိမ်မဲမြို့မှ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်တွင် ဥပဒေပညာ သင်ယူခွင့်ရရှိထားသော မောင်မြတ်သူရဟိန်းက ပင်းယဆောင်ရှိ အိပ်ခန်းခုတင်တွင် ထိုင်ရင်း ပြုံးရွှင်စွာပြောသည်။

**စာမျက်နှာ(၈)သို့**



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

စာမျက်နှာ (၇)မှ

## သမိုင်းထဲက ရန်ကုန်တက္ကသိုလ် ပြန်လည်နိုးထချိန်

ရန်ကုန် တက္ကသိုလ်တွင် ကျောင်းသား၊ကျောင်းသူများအား အဆောင်လက်ခံရန် ကျောင်းဖွင့်ချိန်မတိုင်မီ နှစ်ပတ်အလိုတွင် ကြေညာခြင်းကြောင့်ပြင်ဆင်ချိန်အားနည်းသည်။ ဆောက်လုပ်ရေးလုပ်သားများကို နေရာအနှံ့မြင်တွေ့နေရပြီး စာသင်ဆောင်၊ အဆောင်နှင့် လျှောက်လမ်းများကို အလျင်အမြန်ပြင်ဆင်မွမ်းမံနေကြသည်။

ထို့အပြင် စာသင်ခန်းနှင့် အဆောင်ခန်းများနေရာချထားမှုသည် အတည်မဖြစ်သေးသလို အဆောင်လခနှင့် ထမင်းလခတို့ကို တိတိကျကျသတ်မှတ်ပြောဆိုခြင်းမရှိသေးကြောင်း ကျောင်းသား၊ ကျောင်းသူများကပြောသည်။

စစ်အုပ်ချုပ်ရေးကာလ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ဘွဲ့ကြိုနှင့် အဆောင်နေကျောင်းသားများ လက်ခံမှုရပ်ဆိုင်းလိုက်ခြင်းကြောင့် စာသင်ခန်းနှင့် အဆောင်များသည် ဖုန်အလိမ်းလိမ်းနှင့် ယိုယွင်းပျက်စီးမှုဒဏ်ကို နှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့၍ အချိန်ယူပြင်ဆင်ရန်လိုအပ်နေသည်။

"ဆရာတို့ကတော့ ၁၉၉၆ ခုနှစ်နောက်ပိုင်းခြောက်သွေ့သွားတဲ့ ရန်ကုန်တက္ကသိုလ်ကြီးကို မြင်ရတိုင်း စိတ်မချမ်းသာဘူး။ အဆောင်တွေနဲ့စာသင်ခန်းတွေပိတ်ထားတယ်။ တစ်ချိန်က စည်စည်ကားကားနဲ့တက်တက်ကြွကြွရှိခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားအဆောင်တွေက ဖုန်တွေနဲ့ ဖြစ်နေတယ်။ စိတ်မချမ်းသာဘူး။ ပြန်ဖွင့်မယ်ဆိုတော့ ပီတိဖြစ်ပါတယ်။ တစ်ချိန်တုန်းက ရရှိခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာအဆင့်အတန်းပြန်ရရှိမယ်လို့ ယူဆပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီး ဒီထက်ပိုစည်ကားလာမယ့် နေ့ရက်တွေကို ဆရာတို့ မျှော်လင့်နေပါတယ်"ဟု ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်း ၂၀ ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်ဆဲဖြစ်သော မြန်မာစာဌာန၊ အငြိမ်းစားတွဲဖက်ပါမောက္ခ ဦးမျိုးသန့်ကပြောသည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိလာပြီးနောက် ၁၉၄၉ ခုနှစ်၊ ဇူလိုင်လမှစ၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကိုပြင်ဆင်ချက်ဥပဒေဖြင့် ရန်ကုန်တက္ကသိုလ်သည် သီးခြားကိုယ်ပိုင်အုပ်ချုပ်သည့် တက္ကသိုလ်ဖြစ်လာသည်။

၁၉၄၀ မှ ၁၉၅၀ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်သည် အရှေ့တောင်အာရှဒေသတွင် အကျော်ကြားဆုံးတက္ကသိုလ်တစ်ခုဖြစ်သလို အာရှဒေသတွင် ထိပ်တန်းအဆင့်ရှိနေခဲ့ပြီး ဒေသတွင်း ကျောင်းသားများကို ဆွဲဆောင်နိုင်ခဲ့သည်။

သို့သော်၁၉၆၂ခုနှစ်စစ်တပ်ကအာဏာသိမ်းယူပြီးနောက်ဗိုလ်ချုပ်နေဝင်းသည် ဆိုရှယ်လစ်လူ့ဘောင်ဦးတည်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်ကို ဗဟိုအစိုးရချုပ်ကိုင်မှုအောက်သို့ သွတ်သွင်းခဲ့သည်။ ထို့နောက်ရန်ကုန်တက္ကသိုလ်ကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်အဖြစ် အမည်ပြောင်းလဲစေခဲ့ပြီး ဆေးပညာ၊ စီးပွားရေး၊ ပညာရေးစသည့်ပညာရပ်များကို တက္ကသိုလ်အောက်မှ သီးခြားစီခွဲထုတ်ခဲ့သည်။

၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက်တွင် တက္ကသိုလ်စည်းမျဉ်းစည်းကမ်းများ မမျှတမှုကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများ ငြိမ်းချမ်းစွာ ဆန္ဒပြမှုကို ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းခဲ့သလို ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံလည်း ဖြိုခွဲခံခဲ့ရသည်။

ထို့နောက် ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းနှင့် ၁၉၈၈ ခုနှစ် ရှစ်လေးလုံးအရေးတော်ပုံတို့ဖြစ်ပေါ်ခဲ့ကာ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ အခန်းကဏ္ဍကြီးမားနေခြင်းကြောင့် စစ်အာဏာရှင်တို့သည် ရန်ကုန်တက္ကသိုလ်၏ ပုံရိပ်ကိုမှေးမှိန်လာသည်မှလုံးဝပျောက်ကွယ်သွားသည်ထိ ဖန်တီးခဲ့ကြသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေအနားယူသွားပြီးနောက် ဦးသိန်းစိန်အစိုးရသက်တမ်း ၂ နှစ်တွင် အကြီးမားဆုံး ပညာရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် ရန်ကုန်တက္ကသိုလ်နှင့်မန္တလေးတက္ကသိုလ်တို့၌ ထူးချွန်ကျောင်းသားများ လက်ခံ၍ ဘွဲ့ကြိုမှ ပါရဂူဘွဲ့ရရှိသည်အထိပြုစုပျိုးထောင်သွားရန် ကြေညာခဲ့သည်။

ပထမအကြိမ်ကြေညာစဉ်က တက္ကသိုလ်တစ်ခုလျှင် ဘာသာရပ် ၂၀ အတွက် ၁၅ ဦးစီဖြင့် တက္ကသိုလ်စာမေးပွဲရမှတ် အကောင်းဆုံးရရှိထားသောကျောင်းသား၊ကျောင်းသူ ၃၀၀ လက်ခံရန်ဖြစ်သည်။ သို့သော်အချို့ဘာသာရပ်များတွင် လျှောက်ထားသူ သိသိသာသာနည်းပါးနေခြင်းကြောင့် ဝင်ခွင့်လျှောက်လွှာထပ်မံဖိတ်ခေါ်ရမည့်အခြေအနေဖြစ်ပေါ်ခဲ့သည်။

ထို့နောက်ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်တက္ကသိုလ်၏ ကျောင်းသားဦးရေလက်ခံမှုကို ဝေဖန်လိုက်ခြင်းကြောင့် ဘာသာရပ်တစ်ခုလျှင် ကျောင်းသား ၅၀ ဦးထိတိုးမြှင့်ခေါ်ယူရန်ထပ်မံကြေညာခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲရမှတ်သတ်မှတ်ချက်ကိုပယ်ဖျက်လိုက်သည်။

ဒီမိုကရေစီကူးပြောင်းစ မြန်မာနိုင်ငံ၏ အသီးအပွင့်အဖြစ် သမိုင်းအစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ်တွင် မျိုးဆက်သစ်ကျောင်းသားများ လွတ်လပ်စွာပညာသင်ယူရန် အခွင့်အလမ်းဖြစ်ပေါ်မှုသည် ကျောင်းသားနှင့် မိဘများပညာရေးအပေါ် ပိုမိုစိတ်အားထက်သန်စေခဲ့သည်။

"နိုင်ငံတကာအဆင့်အတန်းမီအောင် နိုင်ငံခြားတက္ကသိုလ်တွေနဲ့ ချိတ်ဆက်သင်ကြားပေးမယ်။ တကယ်တတ်တဲ့ ပညာရှင်တွေ မွေးထုတ်ပေးမယ်။ အဲဒီလို သတင်းတွေကြားတယ်လေ။ အဲဒီ အတိုင်းဖြစ်မယ်ဆိုရင်တော့ ဒီကိုလာရကျိုးနပ်မယ်လေ။ ကြိုးစားရင် ကြိုးစားသလောက် ဖြည့်ဆည်းပေးမယ့် အစီအစဉ်ရှိတော့ ပျော်ပြီးတော့ လာတာပါ။ နောက်ပိုင်းအခြေအနေတွေကတော့ စောင့်ကြည့်ရမှာပေါ့"ဟု ရန်ကုန်တက္ကသိုလ်ဝင်ခွင့်ရရှိခဲ့သော မော်လမြိုင်မြို့မှ ကျောင်းသူတစ်ဦး၏ ဖခင်ကဆိုသည်။

ပညာရေးဝန်ကြီးဌာန၏ အစီအမံများသည် မြန်ဆန်၍ ပြောင်းလဲမှုများရှိနေခြင်း၊ မူဝါဒချမှတ်ဆောင်ရွက်မှုအားနည်းခြင်းတို့အပေါ် ပညာရှင်များက ဝေဖန်မှုရှိနေပြီး အချိန်ယူဆောင်ရွက်ရမည်ဟု သုံးသပ်ကြသည်။

"အချိန်တော့ယူရမယ်။ တစ်ချိန်က ရန်ကုန်တက္ကသိုလ်ရဲ့ ပုံရိပ်ကို ပြန်ဖော်ရမှာပေါ့။ အဆင့်အတန်းမြင့်လာဖို့ ဆရာတွေပေါ်မှာလည်းမူတည်တယ်။ ကျောင်းသားတွေပေါ်မှာလည်း မူတည်တယ်။ အစိုးရက အခွင့်အလမ်းတွေဖွင့်ပေးဖို့လည်း အရေးကြီးတယ်။ တက်ညီလက်ညီဖြစ်လာရင်တော့ ရန်ကုန်တက္ကသိုလ်က ပြန်ရှင်သန်လာမယ်။ သင်ကြားရေးအဆင့်အတန်းတွေမြင့်လာမယ်။ အရင်ကလို နိုင်ငံတကာအဆင့်အတန်းကို ပြန်ရလာမှာသေချာပါတယ်။ ဒါပေမဲ့ ကြိုးစားရမှာပေါ့"ဟု ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် (အငြိမ်းစား)နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစိုးရင်ကပြောသည်။

ရန်ကုန်တက္ကသိုလ်ပြန်လည်ဖွင့်လိုက်သော်လည်း ကျောင်းသားဦးရေကန့်သတ်လက်ခံမှုကြောင့် တက္ကသိုလ်ပရိဝုဏ်အတွင်းလှုပ်ရှားသက်ဝင်မှုရုတ်ခြည်းပြောင်းလဲနိုင်မည်မဟုတ်သေးပေ။ သို့သော်တစ်နှစ်ပြီး တစ်နှစ်ကျောင်းသားဦးရေတိုးမြှင့်လာမည်ဖြစ်သလိုတက္ကသိုလ်အုပ်ချုပ်သူများ၏ စွမ်းဆောင်ရည်များသည် လေးနှစ်ကြာကာလတွင် ရန်ကုန်တက္ကသိုလ်၏ အသွင်သဏ္ဌာန်ကိုသိသာထင်ရှားစေမည်ဟု ၎င်းကသုံးသပ်သည်။

ရန်ကုန်တက္ကသိုလ်၏ အနာဂတ်ပိုမိုရှင်သန်ခိုင်မာလာစေရန် တက္ကသိုလ်အုပ်ချုပ်သူ၊ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ကျောင်းသူနှင့် အစိုးရတို့၏ လှုပ်ရှားဆောင်ရွက်မှုများက အဆုံးအဖြတ်ဖြစ်စေမည်ဟု ပညာရှင်များက သုံးသပ်သည်။ တစ်ချိန်က ဂုဏ်သိက္ခာမြင့်မားခဲ့သော ရန်ကုန်တက္ကသိုလ်ကြီး၏ ဂုဏ်သတင်းနှင့်အညီ နိုင်ငံ့ခေါင်းဆောင်များ၊ အသိအပညာရှင်၊ အတတ်ပညာရှင်များ၊ လူမှုခေါင်းဆောင်များပြန်လည်မွေးထုတ်ပေးနိုင်မည်လား။ မြန်မာတစ်နိုင်ငံလုံးသာမက နိုင်ငံတကာကပါ စောင့်မျှော်ကြည့်ရှုနေကြသည်။


နယူးဟောင်ကောင် ဆေးကုခန်း

အဆင့်မြင့်နည်းပညာများ နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် အထူးကုသပေးနေပါသည်။



နှာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကိုတစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း



နာတာရှည် နှာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း၊ နှာခေါင်းယားယံခြောက်သွေ့ခြင်း၊ နှာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်းနာကျင် ယားယံခြင်းနှင့် ခိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ်တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နှာခေါင်းအလာဂျီ၊ နှာတွင်း လိုက်မြောင်းရောင်ရမ်းခြင်း၊ နှာခေါင်းထွက်သက် အသားဖု၊ နာတာရှည်လည်ချောင်းနာ၊ အာသီးရောင်ခြင်းရောဂါများကို ကွန်ပျူတာစက်ကြီးများ(သို့မဟုတ်)နှာခေါင်းအတွင်းသို့ ပြောင်စင်ဆေးကြောကုသသည့်နည်း အသုံးပြု၍ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသပေးပါသည်။

အိမ်ထောင်ရေးသုခ သုတ်လွှတ်မြန်ခြင်း ပန်းသေရောဂါ ကုသပေးခြင်း

ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေရောဂါ သုတ်လွှတ်မြန်သော ရောဂါများမှာ နေထိုင်မှုဘဝတွင် အရေးတကြီး လုပ်ငန်း ဖိအားများခြင်းကြောင့်ဖြစ်သည်။

နယူးဟောင်ကောင်ဆေးကုခန်းသည် နိုင်ငံတကာတွင်ခေတ်စားနေသည့် DEA အာရုံကြောဆေးထိုးကုသနည်းကိုအသုံးပြုပြီး ကျောက်ကပ်အားနည်းခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ ပန်းသေခြင်း၊ အမျိုးသားအင်္ဂါသေးငယ်သွားခြင်းစသော ရောဂါတို့ကို အထူးကုသပေးနေပါသည်။

ဆေးကုသကြိမ်တစ်ကြိမ်တည်းဖြင့် သက်သာစေသည်။ အမျိုးသားတို့၏ မာန် တစ်ကြိမ်ထပ်မံတက်ကြွလာပါသည်။ ဤကုသနည်းဖြင့် ကမ္ဘာ့မြောက်များစွာသော အမျိုးသားများအတွက် သတင်းကောင်း ဖြစ်ပါသည်။

PPH စအိုအူလမ်းကြောင်းကုထုံး

ကျွန်တော်တို့ ဆေးခန်း၏ စအို အူလမ်းကြောင်း ဌာနသည် ဂျာမနီနိုင်ငံ နောက်ဆုံးပေါ် စက်ကြီးများဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊ စအိုကွဲခြင်း၊ စအိုပတ်လည် ရောင်ရမ်းခြင်း၊ ဂရင်ဂျီနာ၊ အူအဆုံးပိုင်းအသားပို၊ အူမကြီးရောင်နာ၊ ဝမ်းချုပ်စသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးပါသည်။ မနာမကျင် ဆေးစွမ်းထက် အလုပ် မထိခိုက်သောကြောင့် ယနေ့ခေတ်၏ အကောင်းဆုံး၊ အမြန်ဆုံး၊ ထိရောက်မှုအရှိဆုံးနှင့် အန္တရာယ်အကင်းဆုံး ကုသနည်းဖြစ်ပါသည်။

လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ်ရောင်ရမ်းနာကျင်ခြင်းကို ကုသပေးခြင်း

လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်းတို့သည် နာတာရှည်ရောဂါဖြစ်၍ ကျန်းမာရေးကို လွန်စွာ ထိခိုက်စေပါသည်။

နယူးဟောင်ကောင်ဆေးခန်းတွင် "လေဆာရောင်ခြည်"ဖြင့် ကုသပေး၍ရောဂါနေရာ အတိအကျ ရှာဖွေတွေ့ရှိခြင်း၊ ဆေးစွမ်းထိရောက်ခြင်း၊ လျှင်မြန်စွာ ပျောက်ကင်းသောကြောင့် လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ ခါးရိုးဆစ်ခွက် အစွယ်ထွက်၊ အဆစ်အမြစ် ရောင်ရမ်းနာကျင်ခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ထုံကျဉ်ကိုက်ခဲခြင်း၊ လေဖြတ်ပြီး နောက်ဆက်တွဲ ရောဂါများကို ပျောက်ကင်းအောင် ကုသပေးနေပါသည်။

အချိန်တိုတွင်း ဆီးချိုရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်း

ဆီးချိုရောဂါသည်များသည် ရေ ခဏခဏသောက်ခြင်း၊ အစာခဏခဏစားခြင်း၊ ဆီးခဏခဏသွားခြင်း၊ ကိုယ်အလေးချိန်ကျဆင်းခြင်းတို့ကို တွေ့ရှိနိုင်ပါသည်။ အချိန်မှီ ကုသခြင်းမပြုပါက ရောဂါတိုး၍ မျက်စေ့မှုန်ခြင်း၊ အတွင်းတိမ်ဖြစ်ခြင်း၊ အရေပြား ယားယံခြင်း၊ ခြေလက် ထုံကျဉ်ခြင်း၊ ကိုယ်ခန္ဓာယာဉ်းရောင် ပြည်တည်ခြင်း၊ အားယုတ်ခြင်း၊ ပန်းသေခြင်း၊ ရာသီသွေး ရပ်စဲသွားခြင်း စသောရောဂါများဖြစ်စေ ပါသည်။

ယခင်က ကုသနည်းမှာ ဆီးချိုကျဆေးနှင့် အင်ဆူလင်ဆေးတို့ဖြင့် ကုသပြီး အစားအစာကို တင်းကျပ်စွာ ထိန်းချုပ်ရပါသည်။ ဆီးချိုသွေးချိုကျလာသော်လည်းတစ်သက်လုံး ဆေးစားနေရပါသည်။ အသည်းနှင့်ကျောက်ကပ်ကိုပါ ထိခိုက်စေပြီး ဆေးစားနေသော်လည်း နောက်ဆက်တွဲရောဂါများကို ကာကွယ်မပေးနိုင်ပါ။ နယူးဟောင်ကောင်ဆေးခန်းတွင် ဆီးချို သွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲ ရောဂါလည်းမရှိတော့ပါ။ နေ့စဉ် ဆေးစားနေရသည့် ဒုက္ခလည်းလွတ်ငြိမ်းသွားလေတော့သည်။

| အရေပြားရောဂါအမျိုးမျိုး | ဝက်ရူးပျံရောဂါ |
| --- | --- |
| ကြက်နို့အစို၊ နင်းခူ၊ အရေပြားယားယံခြင်း | ပါးစပ်အမြှုပ်ထွက်ခြင်း၊ ခြေလက်ကောက်ကွေးခြင်း၊ မျက်ဖြူလှန်ခြင်း |

မကြာခဏခေါင်းကိုက်ခြင်း

အိပ်မပျော်ခြင်း

ပိတ်ရက်မရှိ။



ဆေးခန်းဖွင့်ချိန် - နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၈၆၁၀၅၁၀

Health
7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ဆေးမစစ်မီ နှစ်သိမ့်ဆွေးနွေးပေးသောသူ ရှားနေဆဲ

ဝတ်ရည်အောင်


အိန္ဒိယနိုင်ငံတွင် HIV ရောဂါပိုး ရှိမရှိမစစ်မီ ကြိုတင်ဆွေးနွေးအကြံရယူနေသည့် အမျိုးသမီးတစ်ဦး

သွေးစစ်ဆေးထားသည့် အဖြေစာရွက်ရရှိရန် စောင့်ဆိုင်းခဲ့ရသည့် ၄၈နာရီကျော်သည် သူ့အတွက်ဘဝတွင် အရှည်ကြာဆုံး၊ ဆောက်တည်ရာမရဆုံးနှင့် အထိတ်လန့်ဆုံး အချိန်များဖြစ်သည်။

ဝမ်းသွားပြီး ကိုယ်အလေးချိန်ကျဆင်းလာသည့်အတွက် အထွေထွေရောဂါဆရာဝန်က HIVပိုးရှိ၊မရှိစစ်ဆေးရန် ဓာတ်ခွဲခန်းတစ်ခုသို့ လမ်းညွှန်ခဲ့သောကြောင့် ထိုဓာတ်ခွဲခန်းတွင် ရောဂါပိုးရှိ၊ မရှိစစ်ဆေးခဲ့ခြင်းဖြစ်သည်။

"စစ်ပြီးတော့မှ တကယ်ရောဂါပိုးရှိခဲ့ရင် ဘယ်လိုလုပ်မလဲဆိုပြီးစဉ်းစားမိတယ်။ ဘယ်လိုဆေးကုရမလဲဆိုတာလဲမသိဘူး။ ဆေးကုလို့ရလား။ လူတွေနဲ့ဘယ်လိုရင်ဆိုင်ရမလဲဆိုတာလည်း ဘာမှမသိဘူး။ အဲဒါတွေက တော်တော်ချောက်ချားခဲ့တာ"ဟု အသက် ၂၈ နှစ်အရွယ် ကိုမင်းမင်းက ပြောသည်။

ယခုနောက်ပိုင်းတွင် ကိုမင်းမင်းကဲ့သို့ ကျန်းမာရေးအခြေအနေတစ်ခုခုကြောင့် ဆရာဝန်၏ မှတ်ချက်ဖြင့်သွေးစစ်ဆေးသူများရှိသကဲ့သို့ မိမိဆန္ဒအလျောက် ရောဂါပိုးစစ်ဆေးခြင်းများလည်း တဖြည်းဖြည်းများပြားလာသည်။

သို့သော်မြန်မာနိုင်ငံတွင် အမျိုးမျိုးသော ရောဂါရှာဖွေစစ်ဆေးမှုများ မပြုလုပ်မီ ထိုရောဂါများနှင့်ပတ်သက်သည့် စနစ်တကျလေ့ကျင့်သင်ကြားထားသည့် နှစ်သိမ့်ဆွေးနွေးနိုင်သူနှင့် တွေ့ဆုံ၍ အကြံဉာဏ်ရယူခြင်းနှင့် ဆွေးနွေးမှုများခံယူသည့်အလေ့အထနည်းပါးနေသေးကြောင်း ကျွမ်းကျင်သူများကသုံးသပ်သည်။

ထို့အတွက် မိမိတွင် ရောဂါပိုးတစ်ခုခုကူးစက်ခံရကြောင်း ရုတ်တရက်သိရှိလိုက်သည့်အခါ စိတ်ဓာတ်အလွန်အမင်းကျဆင်း၍ မိမိကိုယ်မိမိအပြင်တင်ခြင်း၊ တစ်ပါးသူများကို အပြစ်တင်၍ စိတ်ဓာတ်ကျဆင်းခြင်း၊ ရောဂါနှင့်ပတ်သက်သော မှန်ကန်သည့် ဆေးကုသမှုများမရရှိဘဲ နီးစပ်ရာအကြံဉာဏ်များအတိုင်းလမ်းလွဲသွားခြင်း၊ မှန်ကန်သော ဆေးကုထုံးများအပြည့်အဝမရယူသည့်အတွက် ဆေးမတိုးတော့သည့် ရောဂါများဖြစ်ပွားလာခြင်းစသည်တို့မှ နောက်ဆုံးစိတ်ဓာတ်ကျဆင်း၍ မိမိကိုယ်မိမိသတ်သေသည့်အထိ အကျိုးဆက်များရှိသည်။

နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသည် HIV ရောဂါစစ်ဆေးရန်တစ်ခုတည်းအတွက် လိုအပ်ခြင်းမဟုတ်ပေ။ ရောဂါအားလုံးအတွက် ထိုရောဂါဖြစ်ပွားရသည့်အကြောင်းအရာ၊ အခြားသူများသို့ကူးစက်နိုင်သည့် နည်းလမ်း၊ဆေးဝါးကုသနိုင်မှုမှုစတင်၍ ရေရှည်နေထိုင်သင့်သည့်အကြောင်းအရာများကို ကျွမ်းကျင်သူနှင့်ဆွေးနွေးအကြံဉာဏ်ရယူခြင်းကို ဆိုလိုသည်။

"နှစ်သိမ့်ဆွေးနွေးမှုမယူဘဲ ရောဂါရှိမှန်းသိရင် အများစုက တော်တော်လည်သွားတယ်။ ဘာလုပ်ရမလဲမသိတော့ဘူး။ အဲဒီရောဂါကိုဘယ်လိုရင်ဆိုင်ရမလဲမသိလို့ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတဲ့သူတောင်ရှိတယ်"ဟု မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ နှစ်သိမ့်ဆွေးနွေးမှုပေးသူဦးကျော်ဇေယျကပြောသည်။

ထိုအတွေ့အကြုံနည်းတူ အခြားနှစ်သိမ့်ဆွေးနွေးသူများမှာလည်း တူညီသည့်ဖြစ်စဉ်အချို့အသီးသီးရှိကြသည်။ "သွေးစစ်ပြီး သူ့မှာ HIV ပိုးရှိတယ် လို့ အသိပေးလိုက်တဲ့အချိန်မှာ အရမ်းကို ပေါက်ကွဲပြီးအရှေ့က စားပွဲကို ဆွဲလှန်ပြီး သောင်းကျန်းတာမျိုးတွေလည်း ကြုံဖူးတယ်"ဟု ကျန်းမာရေးဝန်ထမ်းတစ်ဦးက ပြောသည်။

နှစ်သိမ့်ဆွေးနွေးမှုခံယူခြင်းသည် ထိုကဲ့သို့သော မမျှော်လင့်ထားသည့် အခြေအနေများကို လက်ခံလာစေရန်နှင့် ထိုအခက်အခဲကို ကာယကံရှင်ကိုယ်တိုင်ဖြေရှင်းနိုင်ရန် ကူညီပေးသည့် ကြားခံပုဂ္ဂိုလ်ပင်ဖြစ်သည်။

နိုင်ငံတကာတွင် အမျိုးမျိုးသော ရောဂါများနှင့် စိတ်ပိုင်းဆိုင်ရာတို့အတွက် ငွေကြေးများစွာပေး၍ နှစ်သိမ့်ဆွေးနွေးအကြံပြုမှုကို ရယူရသော်လည်း ပြည်တွင်းတွင် အခမဲ့နှစ်သိမ့်ဆွေးနွေးမှုကို ရယူနိုင်သည်။

ပြည်တွင်းတွင် နှစ်သိမ့်ဆွေးနွေးမှုပညာရှင်ဦးရေမည်မျှရှိနေသည်ကို စာရင်းအတိအကျမရှိသော်လည်း နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ ပညာရှင်များမှာ လွန်စွာနည်းပါးနေသေးသည်။

မြို့ပေါ်ဒေသများတွင် နေထိုင်ပြီး ပညာတတ်၍ ကျန်းမာရေးဗဟုသုတရှိသူများသာ နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာပညာရှင်များကိုသတိပြုမိသော်လည်း ကျေးလက်ဒေသများတွင် ထိုကဲ့သို့သောပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးရမည်ဆိုသောဗဟုသုတမရှိသလောက်နည်းပါးနေသေးသည့်အတွက် မိမိတို့ဒေသတွင်ထိုသူများရှိသည့်တိုင် သွားရောက်မှုနည်းပါးနေသေးခြင်းဖြစ်သည်။

စာမျက်နှာ (၁၉)သို့






ဝိဇဝတီ HOSPITAL
www.vibhavadimyanmar.com
JCI အသိအမှတ်ပြု နိုင်ငံတကာအဆင့်မီ ဝိဇဝတီဆေးရုံကြီး (ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့)
အရိုးအဆစ် နှင့် ကျောရိုးမကြီးဆိုင်ရာ ခွဲစိတ်ကုသမှုဌာန (Bone & Spine Department ) မှ
နောက်ဆုံးပေါ် အရိုးအတွင်းကြည့် မှန်ပြောင်းမှတဆင့် လေဆာဖြင့် အရာစိုက်ခွဲစိတ်ကုသမှုကြောင့် နာကျင်မှု နည်းပါးခြင်း ၊ ခွဲစိတ်ချိန် နှင့် အနာကျက်ချိန်မြန်ဆန်ခြင်း စသောအကျိုးကျေးဇူးများဖြင့် . .
• ကျောရိုးမကြီးဆိုင်ရာ အရာစိုက် ခွဲစိတ်မှုများ • ခြေထောက်၊ ခြေကျင်းဝတ်၊ ပခုံး ၊ လက်ဆိုင်ရာ အရာစိုက် ခွဲစိတ်မှုများ
• အရိုးအဆစ်များ အစားထိုး လဲလှယ်ခြင်း (ဒူးခေါင်း၊ တင်ပဆုံ ရိုး) • အရိုးကျိုးခြင်းဆိုင်ရာ ပုံမှန် ပြန်ဖြစ်ရန်ခက်ခဲသော ကုသမှုများအတွက် အရာစိုက်ခွဲစိတ်မှုများ • ခေတ်မီနည်းပညာသုံး ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။
မြန်မာပြည် ရုံးချုပ် ။ ။ အမှတ် (၂၁၄- ပထပ်-ညာ) ၊ ဝေဇယန္တာလမ်းမကြီး ၊ သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။ Ph/ Fax : ၀၉-၇၃၁-၃၈၀၅၃ ၊
Hot line: ၀၉-၂၀၁၀-၇၇၂၊ ၀၉-၇၃၁-၆၅၀၄၅ Email : vibhavadimyanmar@gmail.com မြစ်ကြီးနား ကိုယ်စားလှယ် - မနီလာကျော် - Ph : ၀၉-၂၄၀-၂၀၄၃


ROMANSON
PA 2638L
World
Figure Skating
Champion
CHERRY OO
Inquiry Ph: (01)381751, (09) 31249123, (02) 72992.


NOKIA
ASHA TOUCH ၏ထူးခြားသော
အရည်အသွေးများ
NOKIA ASHA 311 (GSM/WCDMA)
3.2 MP
CAMERA
LONG-LIFE
BATTERY
OFFICIAL NOKIA PHONES IN MYANMAR
12 months service warranty
Built-in Myanmar font (selected models only)
NOKIA ORIGINAL
facebook.com/nokiamyanmar
Nokia Care Hotline: 0931 621515
Available at all Nokia Preferred Partner
Nokia Showroom and Service Center: 152(A) West Shwe Gone Taing Road, Yae Tar Shay Quater, Bahan Township, Yagon, Myanmar.
Ph No: 09-31873054

Regional
7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ဆန်များ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့နေသော်လည်း မောင်တောနယ်စပ် ဆန်၊ စပါးဈေး တည်ငြိမ်နေ

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၇**

နိုဝင်ဘာလကုန်မှစတင်ကာမောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆန်များ တင်ပို့နေရသော်လည်း မောင်တောနယ်စပ် ဆန်၊ စပါးဈေးကွက်မှာ တည်ငြိမ်နေဆဲဖြစ်ကြောင်း ဆန်ဈေးကွက်မှ သတင်းရရှိသည်။

မောင်တောနယ်စပ်ဈေးကွက်သို့ဝင်ရောက်နေသည့်ဆန်အများစုမှာ ရခိုင်ပြည်နယ်ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မြောက်ဦးဒေသများမှဖြစ်ပြီး စစ်တွေ-ဘူးသီးတောင်-မောင်တော လမ်းကြောင်းမှ ဝင်ရောက်နေ ခြင်းဖြစ်သည်။

"လောလောဆယ်တော့ဆန်ဈေးတွေက အရင်အတိုင်းပါပဲ။ ပေါ်ဆန်းမွှေး တစ်အိတ်ကို ၂၄,၀၀၀၊ ညှော့မထ တစ်အိတ်ကို ၁၂,၅၀၀၊ ၁၃,၀၀၀ ဈေးရှိပါတယ်။ မောင်တောဒေသက နယ်စပ်မြို့ဖြစ်တဲ့အတွက် အရင်ကပင် ဆန်ဈေးတွေက တခြားမြို့တွေထက် ဈေးကြီးပါတယ်" ဟု ဆန်ကုန်သည်တစ်ဦးက ပြောသည်။

ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ကြက်သွန်နီများစတင်တင်ပို့သည့်အချိန်က မောင်တောနယ်စပ်ကြက်သွန်နီဈေးမှာ ထက်ဝက်ခန့်မြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ဈေးတည်ငြိမ်သွားခဲ့သည်။ ယခုဆန်များ စတင်ပို့သည့်အချိန်တွင်ဆန်ဈေးမှာလည်း တည်ငြိမ်နေသည်ဟု ဆိုသည်။

မောင်တောနယ်စပ်ဒေသတွင် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧက ၇၄,၀၀၀ ကျော်ရှိပြီး စပါးအထွက်နှုန်းမှာ ၆၉ ရာခိုင်နှုန်းသာရှိသည့်အတွက် ဒေသဝမ်းစာဖူလုံမှုမရှိသော ဒေသတစ်ခုဖြစ်သည်။

ယခုနှစ် မိုးစပါးရိတ်သိမ်းချိန်တွင် စပါးတစ်တောင်းလျှင် ကျပ် ၃,၀၀၀ဈေးသာရှိနေသည့်အတွက် စပါးစိုက်တောင်သူများ အခက်အခဲကြုံတွေ့နေရပြီး စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ရန်ပင် အခက်အခဲများ ရှိနေကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ သို့သော်လည်း ဆန်များ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ တင်ပို့လာရသဖြင့် စပါးဈေးကောင်းလာရန် မျှော်လင့်နေကြောင်း သိရသည်။

# ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် အသုံးများသည့် ထန်းခေါက်တောင်းများ ဝယ်လိုအားများ

**မျိုးမင်းဦး**

**မုံရွာ၊ ဒီဇင်ဘာ-၇**



*ဈေးကွက်တွင်ရောင်းချမည့် ထန်းခေါက်တောင်းများ သယ်ဆောင်လာစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

မုံရွာမြို့နယ်အတွင်းဟင်းသီးဟင်းရွက် စိုက်ခင်းများတွင် အများဆုံး အသုံးပြုသည့် ထန်းခေါက်တောင်းများကို အရာတော်မြို့နယ်၊ ဆားလင်းကြီး၊ ယင်းမင်ပင်မြို့နယ်တို့မှ ထုတ်လုပ်ပြီး မုံရွာဈေးကွက်တွင် ဝယ်လိုအားပို များလာကြောင်း ဒေသခံ ထန်းခေါက်တောင်းရောင်းဝယ်ရေး လုပ်ငန်းရှင်များက ပြောသည်။

"ထန်းခေါက်တောင်းကို စိုက်ခင်းထဲမှာ မြေကျုံးတာ။ မြေဆွေးထည့်တာကစပြီး အသီးအရွက်တွေ ဈေးတင်ပို့တဲ့အထိ ထန်းခေါက်တောင်းကို သုံးကြတယ်။ ထန်းခေါက်တောင်းက ဈေးသက်သာပြီး ကြာရှည်အသုံးခံတဲ့ အတွက် တောင်သူတိုင်းက ဝယ်သုံးနေရတယ်" ဟု မုံရွာမြို့နယ်အတွင်း ဟင်းသီးဟင်းရွက် စိုက်ခင်းအများဆုံးစိုက်ပျိုးသည့် ထနောင်းတောကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောသည်။

"အရာတော်ကလည်း ထန်းခေါက်တောင်းတွေကို ကလေးမြို့အထိ တင်ပို့တယ်။ မုံရွာက ဟင်းသီးဟင်းရွက်ရာသီဆိုတော့ ဈေးကွက်ပို့တဲ့နေရာမှာ ထန်းခေါက်တောင်းတွေသုံးတော့ အော်ဒါမှာတာလည်း များတယ်။ ဆားလင်းကြီးဘက်က ထန်းတောတွေမှာလည်း ထန်းခေါက်တောင်းတွေ အရောင်းသွက်နေတယ်"ဟု ဆားလင်းကြီးမြို့နယ် လက်ပံတောင်တောင်ဒေသခံ ထန်းခေါက်တောင်းရက်လုပ်သူ တစ်ဦးက ပြောသည်။

အရာတော်မြို့နယ်အတွင်း ကမ်းဖြူကျေးရွာ၊ ဝါးယောင်းကျေးရွာနှင့် လှည်းချောင်းကူးကျေးရွာတို့တွင် ထန်းခေါက်တောင်းရက်လုပ်သည့် လုပ်ငန်းကို အဓိကလုပ်ကိုင်ခဲ့ပြီး ဆားလင်းကြီးမြို့နယ်အတွင်း တုံကျေးရွာ၊ ဝက်မှေးကျေးရွာ၊ ဆားထုံးကျေးရွာတို့တွင် ထန်းခေါက်တောင်း ရက်လုပ်သည့်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရှိရသည်။ စိုက်ပျိုးရေး လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေကျုံး၊ သဲကျုံးတောင်းတစ်လုံးလျှင် ကျပ် ၇၀၀ မှ ကျပ်တစ်ထောင်ဝန်းကျင်အထိရှိပြီး ဟင်းသီးဟင်းရွက် သယ်ယူသော သုံးတင်းဝင် တောင်းတစ်လုံးလျှင် ကျပ်လေးထောင်ဝန်းကျင်အထိ အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း ထန်းခေါက်တောင်းရက်လုပ်သူများက ပြောကြားသည်။

# ဘော်ကြိုဒေသတွင် နေပြည်တော်မှ အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများ များပြားလာ

**ကံသာ**

**လားရှိုး၊ ဒီဇင်ဘာ-၇**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြို ကျေးရွာတွင် အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ ယခင်နှစ်ထက်ပိုမိုများပြားလာပြီး အုတ်ဖုတ်လုပ်ငန်း တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိကြောင်း ဘော်ကြိုဒေသအုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။

အဆိုပါဒေသမှ ထုတ်လုပ်သော အုတ်နီများကို လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နမ့်ဆမ်ဒေသများသို့ အဓိကထားရောင်းချပြီးလုပ်ကိုင်သူများမှာလည်း နေပြည်တော်၊ တပ်ကုန်းဒေသမှ မိသားစုလိုက်လာရောက်လုပ်ကိုင်ကြသည်။

"ကျွန်တော်တို့က နေပြည်တော်၊တပ်ကုန်းကနေ လာလုပ်ကြတာပါ။ မိသားစု ရှစ်ယောက်ပါပါတယ်။ အလုပ်သမား စုစုပေါင်း ၂၂ ယောက်ရှိပါတယ်။ အရင်နှစ်ထက် လူပိုများလာတာပေ့ါ"ဟု အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သူ ကိုကျော်လှိုင်ကပြောသည်။

လက်ရှိအဆိုပါဒေသတွင် နေရာအနှံ့မှ အုတ်ဖုတ်လုပ်ငန်း လာရောက်လုပ်ကိုင်သူများဖြင့် စည်ကားလျက်ရှိနေပြီး မိမိတို့ဆိုက်အလိုက် အုတ်ထွက်ရှိမှုကွာခြားကြောင်း၊ လက်ရှိအုတ်ဈေးမှာ အရောက်လာယူဈေး အုတ်တစ်လုံးလျှင် ၈၀မှ ၈၅ကျပ်ဈေးနှုန်းရှိနေကြောင်း သိရသည်။

"ကျွန်တော်တို့ ဆိုက်က တစ်လဆိုရင် အုတ်တစ်သိန်းနှစ်သောင်းထွက်ပါတယ်။ ကျွန်တော်တို့ခေါင်းကိုင်တွေက လုပ်ငန်းရှင်တွေဆီကနေ ငွေကြိုယူပြီးလုပ်ရတာ။ လုပ်ငန်းရှင်တွေကို အုတ်တစ်လုံး ဖိုထွက်တဲ့အထိ ၂၂ကျပ်နဲ့ ပြန်သွင်းပေးရတာ" ဟု အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ လုပ်ငန်းရှင်များဘက်မှ ခေါင်းကိုင်လုပ်ကိုင်သူများ လိုအပ်သည့် စက်ပစ္စည်းနှင့် စရိတ်စကများ ထောက်ပံ့ပေးထားကြောင်း သိရှိရသည်။

အဆိုပါဒေသအုတ်လုပ်ငန်းတွင် လက်အုတ်မှာ စက်ရိုက်အုတ်ထက် ဈေးအနည်းငယ် လျော့နည်းကြောင်း၊ တစ်ရာသီလုပ်ကိုင်၍ အိမ်ပြန်ချိန်တွက်ခြေကိုက်ကြသောကြောင့် ယခင်ထက်လုပ်ကိုင်သူများပြားလာကြောင်း အုတ်ဖုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရှိရသည်။



7 ရက် သတင်းဂျာနယ် DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ကျောက်မဲနှင့် နောင်ချိုဒေသတွင် ရွှေ့လျားပျားပုံးချလုပ်ကိုင်သူ များလာ

**ကံသာ(လားရှိုး)**

**လားရှိုး၊ ဒီဇင်ဘာ-၇**

ရာသီအလိုက်ပွင့်သော သဘာဝ သစ်ပင်ပန်းမန်များကို အခြေခံ၍ လုပ်ကိုင်သောရွှေ့လျားပျားပုံးချ ပျားရည်ထုတ်လုပ်ငန်းကို ကျောက်မဲဒေသနှင့် နောင်ချိုဒေသတို့၌ တွင်ကျယ်စွာ လုပ်ကိုင်လာကြောင်း သတင်းရရှိသည်။



*မုံ့ရွာမြို့နယ်မှ ပျားပုံးလုပ်ငန်း* ဓာတ်ပုံ - မျိုးမင်းဦး

နောင်ချိုနှင့် ကျောက်မဲဒေသတို့တွင် နေကြာရိုင်းပွင့်သည့်ကာလဖြစ်ပြီး ပန်းနှမ်း၊ မုန်ညင်းတို့ထွက်ရှိသည့်ကာလဖြစ်၍ မန္တလေး၊ မုံရွာ၊ မိုးမိတ်ဒေသများမှ ပျားပုံးချသူများဖြင့် စည်ကားလျက်ရှိနေကြောင်းသိရှိရသည်။

"ဒီအချိန်က ပျားပုံးချလို့ အကောင်းဆုံးပဲ။ ပျားရည်တက်တာလည်းမြန်တယ်။ ပန်းဝတ်မှုံလည်းတစ်ပတ်တစ်ကြိမ်လောက် ထုတ်လို့ရတယ်"ဟု ကျောက်မဲ၊ နောင်ချိုကားလမ်းဘေးတစ်နိုင်တစ်ပိုင် ပျားရည်ထုတ်လုပ်ငန်း လုပ်ကိုင်နေသူ တစ်ဦးက ပြောကြားသည်။

ပျားပုံးတစ်ပုံးလျှင် ပျားရည်တက်မှုပေါ်မူတည်၍ ပျားရည်သုံးပိသာမှ လေးပိသာအထိ ထွက်ရှိပြီး ပျားပုံးတစ်ပုံးလျှင် ပျားသလက်ရှစ်ချပ်မှဆယ်ချပ်အထိ ဆံ့ကြောင်း ပျားရည်ထုတ်လုပ်ငန်း လုပ်ကိုင်သူများထံမှ သိရှိရသည်။

"ပျားရည်ဈေးက အခုတစ်ပိသာကို ကျပ် ၁,၆၀၀ ဈေးနှုန်းရှိပါတယ်။ ပန်းဝတ်မှုန်ကတော့ အခြောက်တစ်ပိသာကို ကျပ် ၈,၀၀၀ နှုန်းရှိပါတယ်။ တစ်လကို ပျားပုံး ၆၀ ဆိုရင် ပျားရည်တက်တဲ့အပေါ်မှာမူတည်ပြီး ငါးပီပါလောက်ရပါတယ်။ တစ်ပီပါမှာ ပိသာချိန် ၁၆၀ လောက်ဆံ့ပါတယ်"ဟု ပျားရည်ထုတ်လုပ်ငန်း လုပ်ကိုင်သူကိုထွန်းအောင်ကရှင်းပြသည်။

လက်ရှိပျားရည်ထုတ်လုပ်ငန်းမှပျားများမှာ ဥရောပဒေသပျားမျိုးစိတ်များဖြစ်ပြီး မိုးတွင်းကာလတွင် ပန်းဝတ်မှုန်ရှားပါးပါက သကြားရည်အစားထိုးကျွေးမွေးရကြောင်းနှင့်ထွက်ရှိသောပျားရည်များကို တရုတ်နိုင်ငံသို့အဓိကထားတင်ပို့ကြကြောင်း ကျောက်မဲ၊ နောင်ချိုဒေသ ပျားရည်ထုတ်လုပ်သူများထံမှ သိရှိရသည်။

# ဘင်္ဂလားဒေ့ရှ်သို့ ဆန်နှင့် ရေငန်ပုစွန်များ ပြန်လည်တင်ပို့

**မောင်ကံ**

**မောင်တော၊ ဒီဇင်ဘာ-၇**

ပို့ကုန်တင်ပို့မှုနည်းနေသည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဆန်နှင့် ရေငန် ပုစွန်များ ပြန်လည်တင်ပို့လာရသည့်အတွက် နယ်စပ်ကုန်သွယ်မှုပြန်လည်အားကောင်းလာကြောင်း ကုန်သွယ်သူများက ပြောကြားသည်။

ရေငန်ပုစွန်ပို့ကုန်နှင့် ငါးစုံကလေးခြောက်များကိုသာ အဓိကထားတင်ပို့နေခဲ့ရသည့် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှာ ယခုဘဏ္ဍာနှစ်တွင် ကြက်သွန်နီ၊ ကွမ်းသီးများကို တင်ပို့လာရပြီး နိုဝင်ဘာလကုန်ပိုင်းမှ စတင်ကာ ဆန်များကိုပါ တင်ပို့လာရသည့်အတွက် ပို့ကုန်ပိုင်းတွင် အားကောင်းလာခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဇူလိုင်မှ စတင်၍ ဝယ်ယူမှု ရပ်ဆိုင်းထားခဲ့သည့် ရေငန်ပုစွန်များကိုလည်း မောင်တောမြို့နယ်မြောက်ပိုင်း ငါးခူရကုန်စည်ဒိုင်ခွဲမှ ပြန်လည်တင်ပို့လာနိုင်ခဲ့သည်။

စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ပို့ကုန်တင်ပို့မှုအပိုင်းတွင် ရေငန်ပုစွန်တင်ပို့မှု နည်းနေပြီး ရေချိုငါး၊ ဆန်၊ ကြက်သွန်နှင့် ကွမ်းသီးများကို အများဆုံးတင်ပို့နေရကြောင်း သိရသည်။

ယခုကဲ့သို့ ပို့ကုန်များတင်ပို့လာရသည့်အတွက် နယ်စပ်ကုန်သွယ်မှုတန်ဖိုးများ မြင့်တက်လာနိုင်ကြောင်း နယ်စပ်ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

သို့သော်လည်း မြန်မာနှင့် နယ်စပ်ချင်းကုန်သွယ်မှုပြုနေသည့် နယ်စပ်များအနက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုမှာ အခြားနယ်စပ်များထက် နည်းနေသေးသည်ဟုဆိုသည်။


ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊
ဆေးခန်းအတွင်းရှိဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

ကင်ဆာရောဂါ

အရှေ့တိုင်းဆေးခန်းသည် ကင်ဆာရောဂါအမျိုးမျိုး၊ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အစာလမ်းကြောင်းတွင်ဖြစ်သော ကင်ဆာ၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အရေပြားကင်ဆာအစရှိသည်တို့ကို ကုသပေးပါသည်။ ကင်ဆာဆဲလ်များကို ဆေးစွမ်းကောင်းဖြင့် ပယ်သတ်ပေးသည်။ ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ ဆေးစသောက်သည့်ရက်မှစ၍ ချက်ချင်းအကျိုးသက်ရောက်သည်။ ဥပမာ ကင်ဆာနောက်ဆုံးအဆင့်ရှိသူသည် အလွန်နာကျင်လျှင် ဆေးသောက်ပြီး ချက်ချင်း နာကျင်မှုသက်သာစေနိုင်သည်။ ကင်ဆာဝေဒနာရှင်များ ရောဂါအခြေအနေ ထိန်းနိုင်ပြီး အသက် ပိုရှည်စေပါသည်။





အရှေ့တိုင်း၏ဒေဝအပ် - အပ်ဒါးငယ်

အရှေ့တိုင်း၏ ဒေဝအပ်ခေါ် အပ်ဒါးငယ်သည် တရုတ်ပြည်အပ်စိုက်ကု ဆေးပညာမှ ပြန့်ပွားပေါ်ထွန်းလာသော မျက်မှောက်ခေတ်၏ နည်းပညာစနစ်သစ်တစ်ရပ်ပင်ဖြစ်သည်။

အရိုးအဆစ်ထုံကျင်ကိုက်ခဲသော ရောဂါဝေဒနာများကို ကုသရာ၌ အကျိုးအာနိသင်လျင်မြန်ခြင်းကို တွေ့ရှိရသည်။ အချို့နာကျင်ကိုက်ခဲမှုများကို တစ်ကြိမ်တည်း ကုသရုံဖြင့်ပင် ပျောက်ကင်းနိုင်၏။

ခေါင်းကိုက်ခြင်း၊ လည်ဆစ်ရိုးဆုတ်ယုတ်ပျက်စီးခြင်း၊ လည်ဆစ်ရိုး ကိုက်ခဲခြင်း၊ ပုခုံးဆက်နာကျင်ကိုက်ခဲခြင်း၊ လက်ထုံကျင်ခြင်း၊ ခါးနာခြင်း၊ ခါးရိုးဆုတ်ယုတ်ပျက်စီးခြင်း၊ ခါးဆစ်ရိုးဖုရွှန်ငေါ်ထွက်ခြင်း၊ ခါးဆစ်ရိုးနာကျင်ကိုက်ခဲခြင်း၊ ခြေဆစ်ရိုးနာကျင်ခြင်း၊ ခြေထောက်ထုံကျင်ခြင်း၊ လမ်းလျှောက်လျှင် နာကျင်စံခက်ခြင်းစသည်များ -

နှစ်လရှည်စွာမှ ပြန်လည်ဖြစ်ပွားတတ်သော အဆစ်အမြစ်ရောင် ကိုက်ခြင်း၊ ခြေလက်ထုံကျင်အကြောသေခြင်း၊ လေးဘက်နာအဆစ် ကိုက်ခဲခြင်းစသည့် ရောဂါဝေဒနာများကို အရှေ့တိုင်းဒေဝအပ်ခေါ် အပ်ဒါးငယ်ဖြင့် ကုသခြင်းသည် စိတ်ချ၍ အကျိုးအာနိသင်ရှိခြင်းကုသ စဉ်အတောအတွင်း နာကျင်စံခက်ခြင်းမရှိ၊ သွေးမထွက်ခြင်း၊ မကောင်း သော တုန့်ပြန်မှုလုံးဝမရှိခြင်း။

ဤသို့ အပ်ဒါးငယ်ကို အသုံးပြုသော နည်းပညာသည် အပ်တစ် ချက်စိုက်ရုံဖြင့် နာကျင်မှုများပျောက်ကင်း၍ ၂/၃ကြိမ်ဖြင့်ပင် ရောဂါ ဝေဒနာများလုံးဝပျောက်ကင်းပြီး ပြန်လည်ဖြစ်ပေါ်ခြင်းမရှိတော့ပါ။

လာရောက်ကုသသောလူနာများအား ကြော်ငြာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။

ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် - နံနက် ၈:၃၀ နာရီမှည ၈:၃၀အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285

# ရခိုင်ပြည်နယ်တောတောင်များမှ သစ်ခုတ်သော်လည်း ပြန်လည်စိုက်ပျိုးမှုနည်းနေ

**မောင်ကံ**


**မောင်တော၊ ဒီဇင်ဘာ-၉**

ရခိုင်ပြည်နယ်အတွင်းရှိ ရိုးမတောင်တန်း၊ အမ်းတောတန်းနှင့် မယူတောင်တန်းများရှိ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာသစ်များကို သစ်ခုတ်သူများက တရားမဝင်ခိုးထုတ်ကာ တစ်ဖက်နိုင်ငံသို့ ရောင်းချနေပြီးပြန်လည်စိုက်ပျိုးမှုမှာ မရှိသလောက် နည်းနေသည့်အတွက် သစ်တောပြုန်းတီးမှုများလာကြောင်းသဘာဝပတ်ဝန်းကျင်လေ့လာသူများကပြောသည်။

"ရခိုင်ရိုးမတောင်တန်းကြီး တောင်ကုတ်-ပြည်ကျော်လမ်းမှာ ဒီလောက်တောကြီးအပင်တစ်ပင်မှ မရှိတော့ပါဘူး။ ဒီလိုပါပဲ အမ်း-ပဒန်းဘက်က သွားရင်လည်း အပင်ဆိုလို ဝါးပင်သေးသေးလေးတွေကိုပဲ တွေ့ရပါတယ်။ မယူတောင်တန်းမှာ ဆိုလည်း ရသေ့တောင်မြို့နယ်ဘက်မှာပဲကြည့်ကြည့်၊ ဘူးသီးတောင်မြို့နယ်ဘက်မှာပဲ ကြည့်ကြည့် အပင်ကြီးတွေမရှိတော့ပါဘူး။ အကုန်ခိုးထုတ်သွားတဲ့အတွက် ဖြစ်ပါတယ်။ သက်ဆိုင်ရာကလည်း မတားဆီးနိုင်တာရယ်၊ တားဆီးရကောင်းမှန်းမသိဖြစ်နေတာကြောင့် အခုလိုခိုးထုတ်မှု လွယ်ကူနေတာဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်လေ့လာသူတစ်ဦးကပြောသည်။

ယင်းသို့ တရားမဝင်သစ်ခိုးထုတ်မှုကို မတားဆီးနိုင်သော်လည်း ပြုန်းတီးလာနေသည့် တောတောင်ရေမြေကိုထိန်းသိမ်းရန်အတွက် သစ်ပင်စိုက်မည့်အဖွဲ့များကိုဖိတ်ခေါ်ကာ လိုအပ်သောကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနက ဆောင်ရွက်ပေးသင့်သည်ဟု ဆိုသည်။

"တာဝန်ကျလာတဲ့ ဝန်ထမ်းတွေကလည်း ကိုယ့်ပတ်ဝန်းကျင်ပျက်စီးတာ၊ ကိုယ်ပတ်ဝန်းကျင်သစ်တောပြုန်းတီးတာဟာ သူတို့နဲ့မဆိုင်ပါဘူး။ သူတို့နဲ့ဆိုင်တာက ဘယ်လိုနည်းနဲ့ပဲရရ ရတဲ့ငွေအားလုံးအိတ်ထဲထည့်ပြီး အချိန်တန်ရင် တခြားနေရာကို ပြောင်းရွှေ့သွားဖို့ပါပဲ။ အပင်စိုက်မယ့်သူတွေကိုတောင် ကောင်းကောင်းမွန်မွန်လုပ်မပေးတာတွေရှိပါတယ်"ဟုအစုအဖွဲ့ပိုင်သစ်တောထူထောင်ရန် လျှောက်ထားသူတစ်ဦးကပြောသည်။



*ရခိုင်ပြည်နယ်ရှိ တောတောင်များ* ဓာတ်ပုံ - မောင်ကံ

ရခိုင်ရိုးမတောင်တန်းမှ ထွက်ရှိသည့်သစ်များကို ရေလမ်းကြောင်းအတိုင်း စက်လှေများဖြင့်သယ်ယူကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားမဝင်တင်ပို့မှုများရှိနေပြီး ယင်းသို့တရားမဝင်တင်ပို့မှုကြောင့် တစ်ဖက်နိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့များ၏ ဖမ်းဆီးခြင်းကိုခံနေရကြောင်း သိရသည်။ ပြီးခဲ့သည့် ၂၇ ရက်ကလည်း မြန်မာဘက်မှ တရားမဝင်တင်ပို့သည့် သစ်စက်လှေတစ်စီးနှင့် လူ ၁၀ ဦးကို ဘင်္ဂလားဒေ့ရှ်ရေတပ်က ဖမ်းဆီးလိုက်ကြောင်း ဘင်္ဂလားဒေ့ရှ်မီဒီယာများတွင်ဖော်ပြထားသည်။

# မန်ကျည်းရွက်တက်ခူးသော အမျိုးသမီးတစ်ဦးပြုတ်ကျသေဆုံး

**အောင်သစ်လွင်**

**ရန်ကုန်**- မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ဒီဇင်ဘာလ ၅ ရက်က မန်ကျည်းပင်ပေါ်တက်၍ မန်ကျည်းရွက်ခူးသည့် အမျိုးသမီးကြီးတစ်ဦးပြုတ်ကျသေဆုံးခဲ့သည်။

"မန်ကျည်းပင်ရဲ့အမြင့် ၁၅ ပေလောက်အထိတက်ပြီးခူးတာ။ ပြုတ်ကျတော့ နေရာမှာတင် သေဆုံးသွားတာ။ ဆုံးသွားတဲ့အဘွားက ရွာထဲမှာ ဟင်းသီးဟင်းရွက်တွေခူးပြီး ရောင်းလေ့ရှိပါတယ်" ဟု သေဆုံးမှုဖြစ်ပွားခဲ့သည့် မြို့သစ်မြို့နယ်တပ်ကုန်း ရွာလေးမှ ဒေသခံတစ်ဦးက ပြောသည်။

မန်ကျည်းပင်ပေါ်မှ ပြုတ်ကျသေဆုံးသူမှာ အသက် (၆၅) နှစ်အရွယ်ဒေါ်လုံးလည်ဆိုသူဖြစ်ပြီး တပ်ကုန်းရွာလေးတွင်ပင် နေထိုင်သူတစ်ဦးဖြစ်ကြောင်း မြို့သစ်မြို့မရဲစခန်းမှ သတင်းရရှိသည်။ အဆိုပါအမှုကို မြို့သစ်မြို့မရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၁၀/၂၀၁၃ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း သတင်းရရှိသည်။

# မတ်ခ်တူးကားကို ဓားရှည်ဖြင့်ခုတ်သည့် ယာဉ်ထိန်းရဲအရာရှိ အမှုဖွင့်ခံရ

**ကျော်ဇေယျ**

**နေပြည်တော်**- နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ယာဉ်ထိန်းရဲအရာရှိငယ်တစ်ဦးသည် အရပ်သားတစ်ဦးပိုင်ဆိုင်သော မတ်ခ်တူးကားတစ်စီးကိုဓားရှည်ဖြင့်ခုတ်သဖြင့် ကားပိုင်ရှင်က တရားစွဲခဲ့မှု ပျဉ်းမနားမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။

နေပြည်တော်ပျဉ်းမနားမြို့၊ ရွှေချီ(၆)လမ်းနေ ဦးကိုကိုထက် ၃၄နှစ်သည် ၎င်းပိုင်ဆိုင်သည့် အဖြူရောင်မတ်ခ်တူးကားကို ဒီဇင်ဘာ ၄ရက် ည ၁၀ နာရီခန့်က ပေါင်းလောင်း ၃ ရပ်ကွက်ရှိယူနီယံစားသောက်ဆိုင်ရှေ့၌ ရပ်နားထားစဉ် တာဝန်ထမ်းဆောင်နေသော နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်တစ်ဦးက ဓားရှည်ဖြင့် ခုတ်ခဲ့ခြင်းဖြစ်သည်။

ဓားချက်ကြောင့်ကားမှာအင်ဂျင်ဖုံးတွင် ပိန်ချိုင့်သွား၍ ပိုင်ရှင်က ပျဉ်းမနားမြို့မရဲစခန်းတွင် သွားရောက်ကာတိုင်ကြားခဲ့သည်။

"အခုဖွင့်ပေးရမယ့် ပြစ်မှုပုဒ်မက ၄၂၇(အကျိုးဖျက်ဆီးမှု)ပါ။ အဲဒီပုဒ်မက ရဲအရေးပိုင်တဲ့ ကိစ္စမဟုတ်တော့ တရားရုံးကို ပုံစံ(က)(ခ)နဲ့ပဲ ဦးတိုက်လျှောက်တရားစွဲစေရတယ်။ ဆုံးရှုံးမှုတန်ဖိုးကတော့ ခုနစ်သိန်းခွဲလောက်ရှိမယ်"ဟု နေပြည်တော် ပျဉ်းမနားမြို့မရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Certificate Course For
Social Entrepreneurship (E-002/21)

၁။ မြန်မာနိုင်ငံ၏ အသစ်ပေါ်ထွန်းလာသော နိုင်ငံရေးစနစ်သစ်တွင် နိုင်ငံတည်ဆောက်ရေးအတွက် အရည်အသွေးမြင့် လူသား အရင်းအမြစ်များစွာ လိုအပ်နေပါသည်။
၂။ မြန်မာ့ လူ့အရင်းအမြစ်များအား နိုင်ငံတည်ဆောက်ရေးတွင် အသင့်အသုံးပြုနိုင်သော လူသားအရင်းအမြစ်များအဖြစ် မွေးထုတ်ပေးရန် Certificate Course for Social Entrepreneurship (E-002-Batch 21) ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် (အင်္ဂါနေ့) တွင်စတင်ပို့ချမည်ဖြစ်ပါသည်။
၃။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ခေါင်းဆောင်မှု စွမ်းရည် မြှင့်တင်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခြင်း ဖြစ်ပြီး ဤသင်တန်းသို့ တက်ရောက် အောင်မြင်ခဲ့ကြသော သင်တန်းသား အများစုသည် ယင်းနယ်ပယ်များ၌ ထူးချွန်ထက်မြက်စွာ ပါဝင်ဆောင်ရွက်နိုင်သည့် သာဓကများ ရှိသည့် သင်တန်းတစ်ခုဖြစ်ပါသည်။ လက်ရှိတွင်လည်း ဤသင်တန်း၌ တက်ရောက်ခဲ့သူ အများစုသည် မြန်မာ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီး၌ လက်တွေ့ဦးဆောင်မှု ပေးသည့် အခန်းကဏ္ဍမှ ပါဝင်ပတ်သက်လျက်ရှိကြပါသည်။
၄။ သင်တန်းကာလမှာ (၃) လဖြစ်၍ တနင်္လာနေ့မှ စနေနေ့အထိ အချိန်ပြည့်သင်တန်း ဖြစ်သည်။
၅။ သင်တန်းကြေးမှာ ကျပ်ငွေ တစ်သိန်း (၁၀၀,၀၀၀) သတ်မှတ်ထားပါသည်။
၆။ စီးပွားဖြစ်ဖွင့်လှစ်သော သင်တန်းမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးတွင်တစ်ထောင့် တစ်နေရာမှပါဝင်ခြင်းဖြစ်ရာ သင်တန်းကြေးအတွက် အခက်အခဲရှိသော ကျောင်းသား/သူများ အနေဖြင့် သင်တန်းကြေး သက်သာခွင့်လွှတ်ခွင့် လျှောက်ထားနိုင်သည်။ အောက်ပါဘာသာရပ်များကို အမှန်တကယ် စိတ်ဝင်စားပြီးသင်တန်းကြေးအခက်အခဲရှိသူများ ဝင်ခွင့်ရရှိစေရပါမည်။
၇။ ဘာသာစကားအခက်အခဲကြောင့် အစွမ်းအစရှိသောလူငယ်များ တက်လမ်းမဆုံးရှုံး စေရန် သင်တန်းအား နိုင်ငံတကာတက္ကသိုလ်များတွင် ဘွဲ့လွန်ပညာဆည်းပူးခဲ့သူ မြန်မာပညာရှင်များမှ သင်ကြားပို့ချပါမည်။
၈။ သင်တန်းတွင် သင်ကြားမည့် ဘာသာရပ်များမှာ –

1. Development Studies
 1.1 Globalization
 1.2 Development Economics
 1.3 Development Theories and Practices
 1.4 Economic Policy
2. Governance
 2.1 Fundamentals of Public Policy
 2.2 Civil Society and Civic Engagement
 2.3 State and Institutions
 2.4 Public Goods and Public Administration
 2.5 Environmental Policies and Pratices
 2.6 Comparative Constitutions
 2.7 Political Economy of the State
 2.8 Global Legal Perspective
3. Transformational Leadership
 3.1 Strategic Management
 3.2 Transformational Leadership
 3.3 Leadership
 3.4 Personality Development
4. Tool Kits For Management
 4.1 Tool Kit of Information Technology
 4.2 Public Financial Management
 4.3 Human Resource Management for Civil Society
 4.4 Governance and Development
 4.5 Blog, Social Networking & Social Media
5. Communications and Advocacy
 5.1 Creative Meetings through Power Sharing
 5.2 Presentation Skills & Public Speaking Skills
 5.3 Learning Aids
 5.4 Strategic Negotiation Skills
 5.5 Critical Thinking for Leadership (Mind Mapping, Managing the Future & SWOT Analysis)
6. Social Science
 6.1 Social Science Research Methodology
 6.2 International Relations
 6.3 International Political Economy
 6.4 Comparative Politics
 6.5 Sociology
 6.6 National Security
7. Special Topics
 7.1 Peace Building in Myanmar

၈။ သင်တန်းဝင်ခွင့်အတွက် လူဦးရေကန့်သတ်ချက်ရှိပါသဖြင့် အရည်အချင်းလိုက် ပြန်လည်စီစစ်ရန်နှင့် လူတွေ့စစ်ဆေးမှု ပြုလုပ်ရန် (၁၈-၁၂-၂၀၁၃)ရက် ဗုဒ္ဓဟူးနေ့နှင့် သင်တန်းကြေး ကင်းလွတ်ခွင့်လျှောက်ထားသူများအနေဖြင့် (၁၃-၁၂-၂၀၁၃) သောကြာနေ့နောက်ဆုံးထားပြီး လျှောက်ထား နိုင်ပါသည်။ နယ်မြို့များမှလူငယ်များကို သင်တန်းကြေး ကင်းလွတ်ခွင့် ဦးစားပေးပါမည်။ အချိန်ပြည့် သင်တန်းဖြစ်၍ အခြား သင်တန်းတစ်ခုခု တစ်ပြိုင်နက် တက်ရောက်ရန်ရှိသူများ လျှောက်ထားရန် မလိုပါ။
၉။ Myanmar Egress အနေဖြင့် နိုင်ငံခြား တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းတက်ရောက်ဆည်းပူးရန် အခြေခံကောင်းများနှင့် အချိတ်အဆက်များ ဖန်တီးပေးလျက် ရှိပါသောကြောင့် အဆိုပါ ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် အရည်အချင်းရှိသူများကို ဦးစားပေး၍ လက်ခံပါမည်။
၁၀။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို Myanmar Egress Office ကျောင်းသားရေးရာဌာနတွင် ရယူနိုင်ပြီး www.myanmaregress.org တွင်လည်း download ပြုလုပ်ရယူနိုင်ပါသည်။

Myanmar Egress Office
No. 35, Coner of Kyaik Wine Pagoda Rd and Mindama Rd,
Mayangone Township,Yangon Region, Myanmar. Tel: 665482, 656840
Mobile No. 09 73017447, Email: e002@myanmaregress.org, www.myanmaregress.org

စီးပွားရေးအခွင့်အလမ်းသစ်

Unilever

CLEAR sunsilk CO-CREATIONS LUX Fair & Lovely POND'S Knorr Signal

ကမ္ဘာ့နိုင်ငံပေါင်း (၁၇၀)နိုင်ငံတွင် အောင်မြင်စွာရပ်တည်နေသည့် လူသုံးကုန်နှင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်သောကုမ္ပဏီမှ ဈေးကွက်တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အောက်ဖော်ပြပါမြို့အသီးသီးတွင် ဖြန့်ချိရေးကိုယ်စားလှယ် (Distributors)များ လိုအပ်နေပါ၍ ဖိတ်ခေါ်အပ်ပါသည်။

| အောက်မြန်မာပြည် | အထက်မြန်မာပြည် |
| --- | --- |
| ရန်ကုန်မြို့ | မန္တလေးမြို့ |

ကုမ္ပဏီမှ အောက်ပါအချက်အလက်များကို အခြေခံ၍ လျှောက်ထားသူများကိုရွေးချယ်သွားမည်ဖြစ်ပါသည်။
(၁) ငွေကြေးအင်အား၊ (၂) လုပ်ငန်းခွင်တွင် ပါဝင်ဦးဆောင်နိုင်ခြင်း၊ (၃) နယ်မြေခံဖြစ်ခြင်း၊
(၄) စိတ်ဓာတ်ပြည့်ဝ၍ အကျင့်စာရိတ္တကောင်းမွန်ခြင်း

စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။
အမှတ်(၁၅၀) ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၄၃၀၀၂၄၊ ၀၁ ၅၄၅၁၆၇၊ ၅၅၆၅၄၄၊ ၄၃၀၈၇၇
E-mail : SoeSandy.Lin@unilever.com, KhinMin.Thu@unilever.com

ရန်ကုန် - ၀၉-၄၃၀ ၂၅၀ ၇၂၊ အောက်မြန်မာပြည် - ၀၉-၄၃၀ ၂၇၂ ၃၁၊ အထက်မြန်မာပြည် - ၀၉-၄၃၁ ၆၉၁၁၄၊ ၀၉-၄၉၃ ၈၄၃၅၂

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ထားဝယ်ရေနက်ဆိပ်ကမ်းမှ မြန်မာလုပ်သားများအား နစ်နာကြေးပေးမည်

**စိုးမိုးအောင်**

**ထားဝယ်၊ ဒီဇင်ဘာ-၈**

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းမှ အလုပ်ရပ်နားထားသော မြန်မာအလုပ်သမားများအား ဒီဇင်ဘာ ၁၁ ရက်တွင် နစ်နာကြေးများပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နဘုလယ်ဒေသတွင် အီတာလျံ-ထိုင်း ကုမ္ပဏီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ဆက်စပ်စီမံကိန်းများ၌ အလုပ်ရပ်နားခံထားရသော မြန်မာအလုပ်သမား၆၀၀ ကျော်အားနစ်နာကြေးများပေးအပ်ပြီး အလုပ်မှရပ်နားရန် ကုမ္ပဏီက ဒီဇင်ဘာလ ၇ ရက်တွင် ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများတွင် မြန်မာအလုပ်သမား ၁,၂၀၀ ခန့် ရှိပြီးကုမ္ပဏီက နိုဝင်ဘာ ၂၁ရက်မှ စ၍အလုပ်သမားများအား ရွှေ့ပြောင်းလုပ်ကိုင်ခြင်း၊ ရပ်နားခြင်းများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။ ယင်းသို့ ပြုလုပ်ခဲ့သည့်အတွက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အထောက်အကူပြုအဖွဲ့၊ အလုပ်သမားများက နိုဝင်ဘာ ၂၉ ရက်တွင် ကုမ္ပဏီမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ တောင်းဆိုဆွေးနွေးမှုများ ပြုလုပ်သည်။



*ထားဝယ်ရေနက်ဆိပ်ကမ်း လုပ်ငန်းခွင်တစ်နေရာ* ဓာတ်ပုံ- THITIWANNAMONTHA

အလုပ်သမားများကို အလုပ်ရပ်နားခဲ့ခြင်းကြောင့် နစ်နာကြေးများပေးအပ်ရန်၊ အလုပ်ထုတ်ခဲ့ပါက သုံးလစာပေးအပ်ရန်နှင့် ကုမ္ပဏီက ဆက်လက်လုပ်ကိုင်ပါက မြန်မာအလုပ်သမားများကို မူအသစ်ဖြင့် စာချုပ်ပြန်ချုပ်ရန် တောင်းဆိုထားခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာလ ၇ ရက်တွင် ကုမ္ပဏီမှ လျော်ကြေးများပေးအပ်ရန် ထုတ်ပြန်ထားသော်လည်း မြန်မာ အလုပ်သမားများတွင် လုပ်သက်သုံးလ မပြည့်သေးသူများအား လုပ်အားခ တစ်လစာ၊ တစ်နှစ် မပြည့်သေးသူများအား နှစ်လစာ၊ တစ်နှစ်ပြည့်ပြီးသူများအား သုံးလစာနှင့် သုံးနှစ်ပြည့်ပြီးသူများအား ငါးလစာပေးအပ်ရမည်ဖြစ်ကြောင်း သိရသည်။ နေ့စား အလုပ်သမားများကိုလည်း နစ်နာကြေးများ ပေးအပ်မည်ဟု ဆိုသည်။

ဒီဇင်ဘာ ၁၁ ရက်တွင် လျော်ကြေးများပေးအပ်ပြီး အလုပ်ထွက်ရမည်ဖြစ်သော်လည်း မည်သည့်နှုန်းထားဖြင့် ပေးလျော်မည်ကို မသိရသေးဟု ဆိုသည်။ တိုင်းဒေသကြီး စီမံကိန်းဝန်ကြီးနှင့် စက်မှုဝန်ကြီးများသည် ခရီးထွက်နေကြသဖြင့် မြန်မာအလုပ်သမားများအား မည်သည့်နှုန်းထားဖြင့် ပေးလျော်မည်ကိုကုမ္ပဏီက ထုတ်ပြန်ပေးထားသင့်ကြောင်း အလုပ်ထွက်ရမည့် အလုပ်သမားများက ပြောသည်။

# ပြည်သူပိုင်လမ်းမကို ရောင်းစားသည်ဟုဆိုကာ မကျေနပ်၍ စစ်ကိုင်းတွင် ဆန္ဒဖော်ထုတ်မည်

**မျိုးမင်းဦး**

**စစ်ကိုင်း၊ ဒီဇင်ဘာ-၆**

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ဒေသခံ ၁၁ ဦး ဦးဆောင်၍ "ပြည်သူပိုင်လမ်းမကြီးကို ရောင်းစားသည့်တာဝန်ရှိသူများကို အရေးယူပေးရန်"ဟုဆိုကာ ဒီဇင်ဘာ ၁၃ ရက်တွင် စစ်ကိုင်းမြို့၌ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်ရရှိရေးအတွက် စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ဒီဇင်ဘာ ၅ရက်တွင် လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

"တောင်းဆိုတဲ့အချက်တွေကပြည်သူပိုင်လမ်းမကြီးကိုရောင်းစားသည့် တာဝန်ရှိသူများကို ထိရောက်စွာအရေးယူပေးပါ။ ရွှေမင်းဝံရပ်ကွက်၊ အမှတ် ၂၄ လမ်းမကြီးကို ကယ်ကြပါဦး။ အဘိုးရေ လမ်းမကြီးပေါ် ဆေးရိုးလှမ်းရုံတင်မကဘူး၊ ခြံခတ်ပြီး ရောင်းစားနေကြပြီ။ ဥပဒေရဲ့ အထက်မှာ ဘယ်သူမှမရှိတာ သေချာရဲ့လား။ Good Government ဖြစ်အောင် ဆောင်ရွက်နေသော လွှတ်တော်ဥက္ကဋ္ဌကြီးများကျန်းမာပါစေ။ Clean Governance ဖြစ်အောင် ဆောင်ရွက်နေသော သမ္မတကြီး ကျန်းမာပါစေ။ လမ်းပေါ်မှာ ခြံခတ်ထားတဲ့ ဓာတ်ပုံတွေ ဆိုင်းဘုတ်တွေ ကိုင်ဆောင်ပြီး ဆန္ဒထုတ်ဖော်သွားမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းမြို့တွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ရန် စီစဉ်နေသူတစ်ဦးက ဆက်သွယ်ပြောကြားသည်။

ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်သူများသည် ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ဘ၀အလင်းအခမဲ့ဆေးခန်းရှေ့တွင် စုရပ်ပြုလုပ်ပြီး ရုပ်ရှင်ရုံရှေ့လမ်း၊ လမ်းဆုံမီးပွိုင့်-ဈေးလမ်း- ဗိုလ်ချုပ်ကြေးရုပ်-အိုးဘိုအဝိုင်း- သမ၀ါယမတက္ကသိုလ်ရှေ့လမ်း- ရွှေမင်းဝံ ၂၅လမ်း-၂၁လမ်း-၂၄လမ်း အတိုင်းလူအင်အား ၂၀၀ ခန့် စီတန်းလှည့်လည်မည်ဖြစ်ပြီး ၂၂ လမ်းနှင့် ၂၄ လမ်းထိပ်တွင် "တရားဥပဒေစိုးမိုးရေးနှင့်ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး"ခေါင်းစဉ်ဖြင့် ဟောပြောပွဲကျင်းပမည် ဖြစ်ကြောင်း သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ ငြိမ်းချမ်းစွာစုဝေးခွင့် လျှောက်ထားချက်များအရသိရှိရသည်။


**ခေတ်မှီ ဆေးကုခန်း**

**လေပြွန်ပန်းနာရောဂါဝရှုပြုပါ။**

ပန်းနာရောဂါမှာ ရုတ်တရက် အမောဆို့ခြင်း၊ အသက်ရှူမြန်ခြင်း၊ ရင်ကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့ဖြစ်တတ်သည်။ တချို့ ရောဂါသည်များသည် ရင-အောင့်ခြင်း ဖြစ်တတ်သည်။ ၎င်းရောဂါ အခြေအနေသည် ရောဂါသည်မှ မီးခိုးငွေ့၊ ရေမွှေး၊ သဘော်ာဆေး၊ ဖုံမှုန့်၊ အိမ်မွေးတိရိစ္ဆာန်၊ ပန်းဝတ်မှုံ စသော စူးရှသော အနံ့များနှင့် ထိတွေ့သောအခါ ဖြစ်လေ့ရှိပါသည်။ ညပိုင်းနှင့် မနက်မိုးလင်းချိန်တို့တွင် ရောဂါအခြေအနေ ဆိုးလာတတ်သည်။ သို့မဟုတ် ပိုးဆိုးလာသည်။ ပန်းနာရောဂါ ဆွဲကပ်နေပါက ရောဂါအခြေအနေ ဆိုးပါလျက် ဆေးမကုပဲထားလျှင် အသက်ကို အန္တရာယ် ဖြစ်စေပါသည်။

"ခေတ်မှီဆေးခန်း"သည် ပန်းနာရင်ကျပ် အထူးကုစင်တာဖြစ်သည်။ နှစ်ပေါင်းတစ်ရာကျော်ရှိ တိုင်းရင်းကုထုံးဖြင့်လေပြွန်ရောင်ရမ်းခြင်း၊ ပန်းနာခြင်း၊ အဆုပ်ရောင်ရမ်းခြင်းရောဂါများကုသပေးပါသည်။ ရောဂါမည်မျှဆိုးနေပါစေ၊ အချိန်မည်မျှကြာနေပါစေ၊ အားလုံးကို ပျောက်ကင်းအောင် ကုသပေးနိုင်ပါသည်။ ကုထုံး (၁-၂)ကြိမ်အတွင်း ရောဂါပျောက်ကင်းစေနိုင်ပါသည်။ ကုသပြီးနောက် ပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။

**နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ အမြန်ပျောက်ကင်းစေသော ကုထုံးသစ်**

နှာခေါင်းရောင်နာ လည်ချောင်းရောင်နာ ရောဂါများသည် နှာပိတ်ခြင်း၊ နှာရည်ယိုခြင်း၊ နှာချေခြင်း ခေါင်းကိုက်ခြင်း၊ မှတ်ဉာဏ်ကျဆင်းခြင်း၊ လည်ချောင်းခြောက်သွေ့ခြင်း၊ နာခြင်း၊ ချောင်းဆိုးရာတွင် ချွဲသလိပ်များခြင်း၊ အော့ဂလီဆန်ခြင်းများ ဖြစ်တတ်ပါသည်။ အချိန်မှီ ဆေးကုသခြင်းမပြုပါက နှာခေါင်း၊ လည်ချောင်း ကင်ဆာဖြစ်သွား နိုင်ပါသည်။

ကျွန်တော်တို့ဆေး ကုခန်းတွင် အမေရိကန်နိုင်ငံမှ ခေတ်အမီဆုံး နား၊ နှာခေါင်း၊ လည်ချောင်းစစ်ဆေးသောကွန်ပျူတာ စက်ကြီး များဖြင့်စစ်ဆေးကုသပေးနေပါသည်။ ၃-၅မိနစ်အတွင်း နှာခေါင်း ရောင်နာ၊ လည်ချောင်း ရောင်နာ ရောဂါများကို တိတိကျကျ စစ်ဆေးတွေ့ရှိ နိုင်ပါသည်။ အမေရိကန်နိုင်ငံ၏ 6G-YNT နည်းပညာဖြင့် ကုသပေးသောကြောင့် အလျှင်အမြန်ပျောက်ကင်း စေနိုင်ပါသည်။ သက်သာရမြန်ဆန်၍ ကုသချိန်တိုတောင်းပါသည်။ အမြစ်ပြတ်ပါသည်။ နှာတာရှည် နှာခေါင်းရောင်နာ၊ နှာခေါင်းအလာဂျီ၊ နှာတွင်းလိုဏ်မြှောင်းရောင်နာ၊ နှာခေါင်းထွက်သက်အသားဖု၊ လည်ချောင်းရောင်နာ၊ အာသီးရောင်နာ စသောရောဂါများ ကုသရာတွင် ဆေးစွမ်းထက်လှပါသည်။ ရောဂါကြီးကြီး၊ သေးသေး၊ နှာတာရှည်၊ ကာလတို ရောဂါများ အားလုံးကို တစ်ကြိမ်တည်းဖြင့် ပျောက်အောင်ကုသပေးပါသည်။





**ဆေးခန်းဖွင့်ချိန်**
**နံနက် (၈)နာရီမှ ည (၈)နာရီထိ**

**ပိတ်ရက်မရှိ။**

**အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – 09-421180800**



ကျော်ကျော်နိုင်မိသားစု နည်းပညာဝန်ဆောင်မှုများ ကုမ္ပဏီလီမိတက်

**အောင်ချမ်းမြေ့**

**ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်း**

အမှတ်(၂၄၉)၊ 2B,5B, 6B,7B ထပ်၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၅၉၈၇၀၊ ၀၉-၃၁၀၆၀၃၁၅
(**Open 7:00 am To 7:00 pm**) ပိတ်ရက်မရှိပါ။ **www.acmmyanmar.com**

**–ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံရှိ ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။ နိုင်ငံခြားဆေးပစ္စည်းဆိုင် ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သော သူနာပြုအကူဖြစ်စေရန် သီအိုရီနှင့် လက်တွေ့တွဲ၍ သင်ကြားမည်။ စီးပွားရေးသက်သက်ကို ရှေ့မရှုပါ။ ဝန်ဆောင်ခ ပေးစရာမလိုဘဲ ပြည်တွင်း၊ ပြည်ပအလုပ်ရရှိရန် ကူညီမည်။ ပြည်တွင်း/ပြည်ပ အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။ တယ်လီဖုန်းဖြင့် နာမည် စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ ဓါတ်လှေခါးဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပြီး၊ အမှတ်(၂၄၉)2B အထပ်တွင် စုံစမ်းစာရင်းသွင်းနိုင်သည်။**

"**အောင်**" ပြီး "**ချမ်းမြေ့**" မှုတွေ့ရရှိရန် "**အောင်ချမ်းမြေ့**" ကိုလာခဲ့ပါ။

◆ တစ်လ(တနင်္လာနေ့ မှ သောကြာနေ့အထိ)ဆေးဝါး/သူနာပြု
စဉ် (၃၁၈၄) ၁၆. ၁၂. ၁၃ စမည်။ စဉ် (၃၁၈၅) ၁၇. ၁၂. ၁၃ စမည်။
ဆေးဝါးကျွမ်းကျင်တက်ရောက်နိုင်သည့် အချိန်များ
(I) 07:00 am to 09:00 am (III) 01:00 pm to 04:00 pm
(II) 09:00 am to 12:00 pm (IV) 05:30 pm to 07:30 pm
သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နှစ်လ(ဆေးဝါး/သူနာပြု)
စဉ် (၃၁၈၆) ၁၈. ၁၂. ၁၃ (WED & THUR) စဉ် (၃၁၈၇) ၂၁. ၁၂. ၁၃ (SAT & SUN)
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ သုံးလ(ဆေးဝါး/သူနာပြု)
စဉ် (၃၁၈၈) ၂၁. ၁၂. ၁၃ (Sat Only) စဉ် (၃၁၈၉) ၂၂. ၁၂. ၁၃ (Sun Only))
ဆေးဝါး/သူနာပြုတက်ရောက်နိုင်သည့်အချိန်
09:00 am to 04:00 pm (break 1 hr)

◆ နိုင်ငံတကာ အဆင့်မီ ဒီပလိုမာသင်တန်းများ (ဆေးဝါး/သူနာပြု)
သုံးလ၊ ခြောက်လ၊ တစ်နှစ်၊ နှစ်နှစ်
တနင်္လာနေ့ မှ သောကြာနေ့အထိ (တစ်ပတ်ငါးရက်သင်)
စဉ် (၃၁၉၀) ၁၈. ၁၂. ၁၃ စမည်။ စဉ် (၃၁၉၁) ၁၉. ၁၂. ၁၃ စမည်။
ဆေးဝါးဒီပလိုမာ တက်ရောက်နိုင်သည့်အချိန် - 09:00 am to 12:00 pm
သူနာပြုဒီပလိုမာတက်ရောက်နိုင်သည့်အချိန်- - 01:00 pm to 04:00 pm

Education
7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# တက္ကသိုလ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး လူအများစု ဆန္ဒရှိနေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

မြန်မာနိုင်ငံတွင် ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များမှလွဲ၍ အခြားဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်များအားကိုယ်ပိုင်အုပ်ချုပ်ခွင့်ဖြင့် တက္ကသိုလ်မူဝါဒစည်းမျဉ်းများကို လွတ်လပ်စွာရေးဆွဲပြဋ္ဌာန်းခွင့်ပေးရန် အဆင့်မြင့်ပညာမူဝါဒသဘောထားစစ်တမ်းကောက်ယူရာတွင် ပါဝင်သူအများစုက ဆန္ဒပြုထားသည်။

တက္ကသိုလ်ဆရာ၊ ဆရာမများအသင်းတို့သည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ပြင်ပပုဂ္ဂိုလ်များ စုစုပေါင်း ၃၀၀၀ ကျော်ကို အဆင့်မြင့် ပညာရေးမူဝါဒသဘောထားစစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေးနှင့် ပတ်သက်၍ သဘောထားစစ်တမ်းဖြေဆိုသူ ၃၉ ရာခိုင်နှုန်းကျော်က အလွန်သဘောတူပြီး ၄၆ ရာခိုင်နှုန်းကျော်က သဘောတူကြောင်း၊ ၃ ရာခိုင်နှုန်းကျော်က ကန့်ကွက်ပြီး ၀ ဒသမ ၆၃ ရာခိုင်နှုန်းက အလွန်ကန့်ကွက်ကြောင်းနှင့် ၁၀ ရာခိုင်နှုန်းကျော်က စဉ်းစားဖို့လိုအပ်ကြောင်း သဘောဆန္ဒပြုခဲ့ကြသည်။

တက္ကသိုလ်များအား အစိုးရအဖွဲ့မှ နိုင်ငံရေးဩဇာလွှမ်းမိုးမှုဖြင့် သင်ကြားရေးစည်းမျဉ်းများအတင်းအကျပ်ချမှတ်ပါက တိကျခိုင်လုံသောအကြောင်းပြချက်ဖြင့် ငြင်းပယ်ရန်နှင့် ပညာရေးကဏ္ဍတွင် နိုင်ငံရေးစွက်ဖက်မှုကို ကန့်ကွက်ရန် အလွန်ထောက်ခံသူ ၅၀ ရာခိုင်နှုန်းကျော်နှင့် ထောက်ခံသူ ၄၂ ရာခိုင်နှုန်းကျော် ရှိခဲ့သည်။

တက္ကသိုလ်များ၏ အသုံးစရိတ်ကို နိုင်ငံတော်ဘဏ္ဍာရေးအသုံးစရိတ်မှ တောင်းဆိုရယူခွင့်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းထောက်ပံ့မှုကို လွတ်လပ်စွာရယူပိုင်ခွင့်တို့အတွက် အလွန်ထောက်ခံသူ ၅၉ ရာခိုင် နှုန်းကျော်နှင့် ထောက်ခံသူ ၃၆ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

ထို့အပြင်တက္ကသိုလ်များအနေဖြင့် သီးခြားရန်ပုံငွေထူထောင်၍ ခိုင်မာသည့် ဘဏ်များတွင် စာရင်းသေအပ်နှံခြင်း၊ အခြားဝင်ငွေများ၊ အကျိုးအမြတ်များကို တက္ကသိုလ်ပညာရပ် တိုးတက်ရေးဆောင်ရွက်သူများအား ထောက်ပံ့ခြင်း၊ အသုံးစရိတ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းနှင့်အညီ သုံးစွဲပြီး ရသုံးစာရင်းများကို ပွင့်လင်းမြင်သာစွာ တရားဝင်ထုတ်ပြန်ကြေညာခြင်းတို့အတွက် အလွန်ထောက်ခံသူ ၅၅ ရာခိုင်နှုန်းကျော်နှင့် ထောက်ခံသူ၃၉ ရာခိုင်နှုန်းကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ဝန်ကြီးဌာနများအောက်ရှိ ဦးစီးဌာနများမှ တစ်ဆင့် တက္ကသိုလ်၊ ကောလိပ်များကို အုပ်ချုပ်ကွပ်ကဲလျက်ရှိပြီး ပါမောက္ခချုပ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများတွင် ဦးစီးဌာန၏ ခွင့်ပြုချက်လိုအပ်ခြင်းကြောင့် တက္ကသိုလ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေး၍ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပေးရန် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများက တိုက်တွန်းတောင်းဆိုနေလျက်ရှိသည်။



*ပညာရေးစနစ်တွင် ဆရာ၊ဆရာမများ လိုအပ်နေဆဲဖြစ်သည်*

ဓာတ်ပုံ-ကျော်ဇင်သန်း

# ဆရာ၊ ဆရာမဦးရေ လိုအပ်ချက်ကြောင့် ပညာရေးကောလိပ်များ တိုးချဲ့တည်ဆောက်နေ

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

အခြေခံပညာကဏ္ဍတွင် ပညာရေးကောလိပ်များမှ မွေးထုတ်ပေးနေသောဆရာ၊ဆရာမဦးရေသည် လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ခြင်း မရှိခြင်းကြောင့် ပညာရေးကောလိပ်အသစ်များ တိုးချဲ့တည်ဆောက်နေကြောင်း ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ပညာရေးကောလိပ် ၂၀တည်ထောင်ဖွင့်လှစ်ထားပြီး လာမည့် ပညာသင်နှစ်၌ လားရှိုးပညာရေးကောလိပ်ဖွင့်လှစ်နိုင်ရန် စီစဉ်နေပြီး ဂျပန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု အေဂျင်စီ JICA ၏ ပံ့ပိုးမှုဖြင့် တောင်ငူပညာရေးကောလိပ်တည်ဆောက်ရန်သဘောတူညီမှုရရှိထားသည်။

"ပညာရေးကောလိပ်တွေကို မေးကြည့်တဲ့အခါ တစ်နှစ်ကို ဆရာ၊ ဆရာမ ၇,၀၀၀ ကျော်ဆင်းတယ်လို့ ပြောပါတယ်။ အဲ့ဒီတော့ လိုအပ်ချက်ကိုမေးတဲ့အခါလိုအပ်ချက်က ၇,၀၀၀ တော့ ကျော်နေပါတယ်။ ဆရာ၊ ဆရာမအရေ အတွက် ပိုပြီး မွေးထုတ်ရမယ့် အနေအထားရှိပါတယ်။ အဲဒီအတွက်လည်းပညာရေးကောလိပ်အသစ်တွေ ထပ်ထူထောင်ဖို့ ရှိပါတယ်" ဟု ပညာရေးဒုတိယဝန်ကြီးက ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံရှိအခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာမဦးရေ လိုအပ်ချက်မြင့်မားနေချိန်တွင် ပညာရေးတက္ကသိုလ်များ၊ ပညာရေးကောလိပ်များတွင် သင်ကြားပေးခဲ့သည့် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းများတက်ရောက်ခဲ့သော သင်တန်းသား ၆၀ ရာခိုင်နှုန်းကျော်သည် လုပ်ငန်းခွင်သို့ဝင်ရောက်ခြင်းမရှိကြောင်း ပညာရေးဝန်ကြီးဌာန၏ အစီရင်ခံစာ များအရ သိရသည်။

မြန်မာနိုင်ငံ၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ကျောင်းများတွင် ပညာသင်ယူနေသော ကျောင်းသားဦးရေမှာ ၈၄ သိန်းကျော်နှင့် ဆရာဦးရေမှာ နှစ်သိန်းရှစ်သောင်းကျော်သာရှိနေပြီး ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဆရာ၊ တပည့်အချိုး နိမ့်ကျနေလျက် ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် ဝေးလံ၍ သွားလာရခက်ခဲသော ဒေသများတွင် မူလတန်းပြဆရာ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် ယခုပညာသင်နှစ်တွင် ဘွဲ့ရ နေ့စား၊ လပေးဆရာများကို စတင်ခန့်အပ်ခဲ့ပြီး ဆရာအတတ်ပညာဦးစီးဌာနကိုသီးခြားဖွဲ့စည်းဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိသည်။



Vol.12, No.40 • DECEMBER 11 , 2013

# တက္ကသိုလ်များဗဟိုကောင်စီအသစ်ပြန်လည်ဖွဲ့စည်းမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

တက္ကသိုလ်များအနေဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်း အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရန် တက္ကသိုလ်များဗဟိုကောင်စီကို အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရန် စီစဉ်နေကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

စစ်အစိုးရအုပ်ချုပ်ခဲ့စဉ်က တက္ကသိုလ်များဗဟိုကောင်စီနှင့် တက္ကသိုလ် ပညာရေးအဖွဲ့များ ကောင်စီကို ဖွဲ့စည်းထားခဲ့သော်လည်း စစ်ခေါင်းဆောင်တစ်ဦးက ကောင်စီဥက္ကဋ္ဌတာဝန်ယူထားပြီး စီမံခန့်ခွဲဆောင်ရွက်ခဲ့သည်။

ယခုအချိန်တွင် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊တက္ကသိုလ်ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ စသည့် ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းနိုင်ရန် စီစဉ်နေခြင်းဖြစ်သည်။

“ဝန်ကြီးဌာန ၁၂ ခုအောက်က တက္ကသိုလ်၊ ကောလိပ်အသီးသီးနဲ့ပတ်သက်ပြီး စဉ်းစားဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ အဲဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်”ဟု ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။

အသစ်ပြန်လည်ဖွဲ့စည်းမည့် တက္ကသိုလ်များဗဟိုကောင်စီတွင် အစိုးရအဖွဲ့ကိုယ်စားလှယ်နှင့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်မည်မဟုတ်ဘဲ အခြားအကျိုးဝင်သူကိုယ်စားလှယ်များ မည်သည့်အချိုးအစားဖြင့် ပါဝင်ဆောင်ရွက်ကြမည်ကို ဆွေးနွေးညှိနှိုင်းနေကြကြောင်း သတင်းရရှိသည်။

စစ်အစိုးရဖွဲ့စည်းထားသော တက္ကသိုလ်များ ဗဟိုကောင်စီတွင် ဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်၊ ကောလိပ်အားလုံးပါဝင်လျက်ရှိပြီး အသစ်ဖွဲ့စည်းမည့် တက္ကသိုလ်များ ဗဟိုကောင်စီတွင် မည်သည့် ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များပါဝင်လာမည်၊ မည်သည့်ကိုယ်စားလှယ်များက အချိုးအစားမည်မျှရရှိကြမည်ကို စိတ်ဝင်စားစောင့်ကြည့်ရမည်ဖြစ်သည်။





ဓာတ်ပုံ-ကျော်ဇင်သန်း

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် အချိန်ပိုင်း အထွေထွေဘာသာဗေဒ သင်တန်းဖွင့်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်တွင် အထွေထွေဘာသာဗေဒဘာသာရပ်ကို အချိန်ပိုင်း၊ နှစ်နှစ်ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၃ ရက် နောက်ဆုံး လျှောက်ထားရမည် ဖြစ်သည်။

အထွေထွေ ဘာသာဗေဒဘာသာရပ်အချိန်ပြည့် တစ်နှစ်ဒီပလိုမာသင်တန်းကို လွန်ခဲ့သည့်နှစ်က ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ယခုနှစ်တွင် အချိန်ပိုင်း နှစ်နှစ် သင်တန်းကို တိုးချဲ့ဖွင့်လှစ်ရန် ကြေညာခြင်း ဖြစ်သည်။

“တချို့သင်တန်းသားတွေက အလုပ်နဲ့ဆိုတော့ အချိန်ပြည့် မတက်ရောက်နိုင်ဘူး အဲ့ဒီအတွက် အချိန်ပိုင်းသင်တန်းကို တိုးချဲ့ဖွင့်လှစ်တာပါ။ အခုလော လောဆယ်တော့ အချိန်ပြည့်သင်တန်းမှာ သင်တန်းသား ၃ ယောက် ဝင်ခွင့်ရထားပါတယ်” ဟု ၎င်း တက္ကသိုလ်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အထွေထွေဘာသာဗေဒ သင်တန်းတွင် ဘာသာပြန်၊စကားပြန် လုပ်ငန်းလုပ်ကိုင်နေသူများ၊ ဘာသာစကားသင်ကြားနေသူများ၊ သတင်းမီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ပါက ဘွဲ့ဒီဂရီမရရှိသော်လည်း လျှောက်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းအတွက် ဝင်ခွင့်စာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်ရရှိပါက တနင်္လာနေ့မှ သောကြာအထိနံနက် ၇ နာရီမှ နံနက်၉နာရီအချိန်တွင်းသင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်က ကြေညာထားသည်။

## အမေရိကန်တွင် ပညာသင်ယူရန် လူငယ်ခေါင်းဆောင်၊ အလယ်တန်းပြဆရာနှင့် ပညာရှင်များကို ဖိတ်ခေါ်

**နေလင်းထွန်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

လူငယ်ကျောင်းသားခေါင်းဆောင်များ၊ အလယ်တန်းပြဆရာနှင့် ကျောင်းအုပ်ချုပ်သူများ၊ပညာရှင်များအား အမေရိကန်နိုင်ငံတွင် SUSI အစီအစဉ်ဖြင့် သွားရောက်ပညာသင်ယူရန် အမေရိကန်သံရုံးက ဖိတ်ခေါ်ထားသည်။

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကိစ္စရပ်ကို စိတ်ဝင်စားသော အသက် ၁၈ နှစ်မှ ၂၅ နှစ်အရွယ်လူငယ်ကျောင်းသားခေါင်းဆောင်များအနေဖြင့် လူ့အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားမှု၊ ပညာရေးထူးချွန်မှုများရှိထားပါက လျှောက်ထားနိုင်မည်ဖြစ်သည်။

အလယ်တန်းပြဆရာနှင့် ကျောင်းအုပ်ချုပ်သူများအနေဖြင့် အသက် ၃၀မှ ၅၀နှစ်ကြားအရွယ်ရှိထားပြီး သင်ရိုးညွှန်းတမ်းရေးဆွဲသူ၊ အလယ်တန်းပြအတွေ့အကြုံရှိသူ၊ အလယ်တန်းကျောင်းအုပ်ချုပ်သူ၊ ပညာရေးဝန်ကြီးဌာနဝန်ထမ်းဖြစ်သူများလျှောက်ထားနိုင်မည်ဖြစ်သည်။

တက္ကသိုလ်များမှ ဆရာများနှင့် ပညာရှင်များအနေဖြင့် ခေတ်ပြိုင်အမေရိကန်စာပေ၊ ဂျာနယ်လစ်ဇင်နှင့် မီဒီယာ၊ အမေရိကန်ရှိ ကွဲပြားသော ဘာသာတရားများ၊ အမေရိကန်ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း၊ အမေရိကန်နိုင်ငံခြားရေးမူဝါဒနှင့်အမေရိကန်နိုင်ငံရေးအတွေးအခေါ် ဘာသာရပ်များထဲမှ တစ်ခုကို ရွေးချယ်သင်ယူလေ့လာနိုင်မည်ဖြစ်သည်။

အမေရိကန်သံရုံးမှဖိတ်ခေါ်ထားသော အဆိုပါပညာသင်ဆုအစီအစဉ်များသည် ကာလတိုသင်တန်းများအတွက်ဖြစ်ပြီး အမေရိကန်နိုင်ငံသို့ သွားရောက်နေထိုင်၊ အလုပ်လုပ်ကိုင်ဖူးသူများ လျှောက်ထားနိုင်မည်မဟုတ်ပေ။

ပညာသင်ဆုအစီအစဉ်များတွင် ဝင်ရောက်လျှောက်ထားလိုသူများအနေဖြင့် www.burma.usembassy.gov တွင် အသေးစိတ်လေ့လာနိုင်မည်ဖြစ်ပြီး ပညာသင်ဆုလျှောက်လွှာကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၇ရက် နောက်ဆုံးပေးပို့ရမည်ဖြစ်သည်။

# စင်ကာပူအလုပ်အကိုင်ပြပွဲတွင် အလုပ်လျှောက်လွှာ ၂,၀၀၀ ကျော်ရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ဒီဇင်ဘာ-၇**

စင်ကာပူနိုင်ငံတွင် ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲ၌ အလုပ်လျှောက်လွှာ နှစ်ထောင်ကျော်လက်ခံရရှိခဲ့ကြောင်း ပြပွဲဦးစီးကျင်းပခဲ့သော CDCအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ ဒါရိုက်တာ ဦးလင်းကျော်ထွန်း က ပြောသည်။

နိုဝင်ဘာလဆန်းက ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်မြောက်အလုပ်အကိုင်ပြပွဲသို့လာရောက်ကြည့်ရှုသူ သုံးထောင်ရှိသည့်အနက် နှစ်ထောင်ခန့်မှာ အလုပ်လာရောက် လျှောက်ထားခဲ့သည်။ အဆိုပါပြပွဲကို နိုဝင်ဘာ ၂၊ ၃ ရက်တို့တွင် နှစ်ရက်ကြာပြုလုပ်ခဲ့ပြီး ပြည်တွင်းကုမ္ပဏီပေါင်း ၂၀ ကျော် ပါဝင်ပြသခဲ့သည်။

"ပြပွဲမှာ အလုပ်လျှောက်တဲ့သူနဲ့ အလုပ်ရှင်တွေ အဓိကညှိရတာက ဘာတွေလုပ်ရမှာလဲ။ နောက်ခံစားခွင့်ပိုင်းပေ့ါ။ ဒါပေမဲ့ ခံစားခွင့်ပိုင်းက အခုသွားခေါ်တဲ့ကုမ္ပဏီတွေက သူတို့တောင်းတဲ့နှုန်းထားလောက်ပေး နိုင်လို့သွားခေါ်တာဆိုတော့ သိပ်တော့ အခက်အခဲမရှိပါဘူး"ဟု ဦးလင်းကျော်ထွန်းကပြောသည်။




*စင်ကာပူနိုင်ငံတွင် သွားရောက်ကျင်းပသော ပထမအကြိမ်အလုပ်အကိုင်ပြပွဲအပြီးတွေ့ရစဉ်* ဓာတ်ပုံ-လင်းလင်း

စင်ကာပူနိုင်ငံတွင် ပထမအကြိမ် အလုပ်အကိုင်ပြပွဲကို ယခုနှစ်ဩဂုတ်လက ပြုကျင်းပခဲ့ပြီး စင်ကာပူရောက်မြန်မာနှစ်ထောင်ကျော်အလုပ် လျှောက်ခဲ့သည်။ ထိုသို့လျှောက်ထားသူများအနက် အချို့သောလုပ်သားများကိုပြည်တွင်း၌ အလုပ်ခန့်ထားခဲ့ကာ ၎င်းတို့သည် လုပ်ခလစာငွေကို မြန်မာကျပ်ငွေ ၁၂သိန်းနှင့်အထက် ရရှိရန် တောင်းဆိုခဲ့ကြောင်း သတင်းရရှိသည်။

ယခုဒုတိယအကြိမ်မြောက်အလုပ်အကိုင်ပြပွဲတွင်လာရောက်လျှောက်ထားသူများကို အင်တာဗျူးခေါ်ဆိုမေးမြန်းလျက်သာရှိသည်။ အဆိုပါပြပွဲတွင်လာရောက်လျှောက်ထားသူ အများစုသည် အင်ဂျင်နီယာနှင့် စာရင်းကိုင်အလုပ်တို့ကို ပိုမိုဦးစားပေးလျှောက်ထားကြောင်း သတင်းရရှိသည်။

နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာကြသဖြင့် လက်ရှိပြည်တွင်းတွင် ကျွမ်းကျင်လုပ်သားရရှိရန် ခက်ခဲလျက်ရှိသည်။ ထို့ကြောင့်ကျွမ်းကျင်လုပ်သားရရှိရန် စင်ကာပူနိုင်ငံတွင် အလုပ်အကိုင်ပြပွဲများ ကျင်းပနေခြင်း ဖြစ်သည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

**ဝန်ထမ်းအလိုရှိသည်**
ဂိုဒေါင်စာရေးအကူ ကျား (၅) ဦး
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
Chint Electric အမှတ် (၄၇၁)၊ပြည်လမ်း၊
ကမာရွတ်မြို့နယ်။
ဖုန်း-၀၉ ၇၃ ၂၄ ၂၂၈၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing M/F (5) Posts
Marketing Manager M (1) Posts
Marketing Executive M/F (3) Posts
PH:09 43096666

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Tour Operation မ (၁) ဦး
English နှင့် Computer တတ်ရမည်။
ရုပ်ရည်အသင့်အတင့်ရှိရမည်။
ဖုန်း-၀၉ ၇၃ ၂၀၄၆၇၆၅

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Senior Accountant ကျား/မ (၁) ဦး
အရောင်းဝန်ထမ်း မ (၂) ဦး
ယာဉ်မောင်း(၁၄ပေ ဒိုင်နာ) (၂) ဦး
စက်ရုံဝန်ထမ်း (၄) ဦး
အမှတ်စဉ် အားလုံးအတွက် အတွေ့အကြုံရှိရမည်။ ဖုန်း-(၉၅-၁) ၂၉၅ ၂၈၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Chinese/English ပြောတတ်သူ မ (၂) ဦး
စာရင်းကိုင် မ (၂) ဦး
ရုပ်ရည်အသင့်အတင့်ရှိရမည်။ အသက် ၃၅ နှစ်အောက်။ ဖုန်း-၀၉ ၅၁၄၀၀၂၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Mobile Phone Software ပိုင်း သင်ကြားနိုင်သူ (၁) ဦး၊ IOS,ANDROID ပိုင်းကျွမ်းကျင်သူ။ အသက် ၃၀ အောက်။
လစာ တစ်သိန်းကျပ်ဖြစ်သည်။
ဖုန်း-၀၉ ၄၅၀၀ ၂၉၃၆၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
LCCI I,II,& MYOB သင်ကြားနိုင်သူ (၂) ဦး
AutoCAD 2D,3D& 3ds Max (၂) ဦး
Programming သင်ကြားနိုင်သူ (၂) ဦး
Wed Design သင်ကြားနိုင်သူ (၂) ဦး
Basic,DTP,Graphic Design သင်ကြားနိုင်သူ (၆) ဦး
ကွန်ပျူတာအလုပ်သင် (၆) ဦး
Reception (၄) ဦး
ဖုန်း-၀၉ ၄၉ ၂၉၀၇၇၈

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
စာရင်းစစ်ခေါင်းဆောင် ကျား/မ (၁) ဦး
အသက် ၄၀ နှစ်အထက်၊ လုပ်ငန်းအတွေ့အကြုံ ရှစ်နှစ်၊ B.Com,CPA အောင်မြင်ပြီးသူဖြစ်ရမည်။
E-mail-mzn.ygn@gmail.com
Tel: 951- 684181

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Chief Accountant (1) Post
Assistant Account (3) Posts
Manager (1) Post
Marketing (1) Post
Office Staff (2) Posts
Driver (1) Post
PH:01 553779

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing (မ) ဝန်ထမ်းအလိုရှိသည်။
ရုပ်ရည်ချောမောလှပရမည်။
Marketing နှင့်ပတ်သက်သော ဘွဲ့၊ ဒီပလိုမာရရှိသူကိုဦးစားပေးမည်။
ဖုန်း-၀၉ ၄၂၁၁၀၉၆၂၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်လျှော်ကျွမ်းကျင် မ (၅) ဦး
ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး
လစာ/နေရေး/စားရေး စီစဉ်ပေးသည်။
ဖုန်း-၀၉ ၇၃၀၀၅၆၁၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း M/F (2) Posts
Computer Hardware Technician M/F (3) Posts
Mobile Phone Technician M (1) Posts
Printer Service Technician M (1) Posts
ရုံးအကူဝန်ထမ်း M/F (2) Posts
ဖုန်း-၀၁ ၃၇၄၈၅၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Media Marketing
လုပ်ငန်းအတွေ့အကြုံ ၂နှစ်၊ Promotion Items များအကြောင်းနားလည်ရမည်။
Media Marketing Manager
လုပ်ငန်းအတွေ့အကြုံ ၃ နှစ်။
ဖုန်း-၀၁ ၃၉၉၉၁၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အမျိုးသမီး (၂) ဦးအလိုရှိသည်။
နီနီ+မျိုးမျိုး Fashion၊ နယ်မှလာသူများအတွက် နေစရာ အဆောင်ပေးမည်။
ဖုန်း-၀၁ ၂၀၁၁၄၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Driver ရောင်း/မောင်း ကျား (၁) ဦး
Marketing မ (၁) ဦး
Sale မ (၁) ဦး
ဖုန်း-၀၉ ၇၃၁၁၁၇၅၀

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Medical Sale Representatives M/F (4) Posts
General Office Staff M (1) Posts
MASCOTS HEALTHCARE
PH: 09 73064477

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Computer Accountant (1) Post
PH:09 73198266

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
စက်ချုပ်ကျွမ်းကျင် အမျိုးသမီး (၂) ဦး
ဝင့်ဝါအမျိုးသမီးဝတ်စုံနှင့် အထည်ဆိုင် အမှတ် (၁၁၅)၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀၄၆၂၂၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
The United Nations World Food Programme Myanmar is seeking the qualified candidates for below postion:-
Staff Assistant (1) Post
Email:Myanmar.vacancy@wfp.org
COB 13 December 2013.
PH:01 523911

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အင်ဂျင်နီယာ (Cilvil,Mechnical) M (3) Posts
အလူမီနီယမ်/ Steel/ Steel Structure ကျွမ်းကျင် M (3) Posts
အထွေထွေလုပ်သား M (10) Posts
ဖုန်း-၀၁ ၅၄၃၈၁၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းကြီးကြပ်ရေးမှူး
ကျား(၁) ဦး၊ မ (၂) ဦး
အရောင်းမြှင့်တင်ရေးဝန်ထမ်း
ကျား (၂) ဦး၊ မ (၅) ဦး
အရောင်းဝန်ထမ်း
ကျား (၂) ဦး၊မ (၅) ဦး
ဖုန်း-၀၉ ၅၀၄၆၂၁၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Winning Security Group Co.,Ltd မှ လုံခြုံရေးဝန်ထမ်းအလိုရှိသည်။
အသက် ၁၈ မှ ၅၀ နှစ်အတွင်း၊ ကျန်းမာသန်စွမ်း၍ စိတ်ပါဝင်စားသူ။
ဖုန်း-၀၉ ၇၃၀၀၁၁၂၉

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**
Air Con ကျွမ်းကျင် (၅) ဦး
သင်တန်းသား (အလုပ်သမား) (၅) ဦး
Naing Linn Air Con ဖုန်း-၀၉ ၅၀၉၅၉၁၆

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Zaw Htet Paing Engineering & Construction Group Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အင်ဂျင်နီယာ (ME,BE,BTech,AGTI) ဝန်ထမ်းများ။
ဖုန်း-၀၁ ၈၅၀၀၅၁၄

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Mobile Phone Software ပိုင်း သင်ကြားနိုင်သူ (၁) ဦး၊ IOS,ANDROID ပိုင်းကျွမ်းကျင်သူ။ အသက် ၃၀ အောက်။
လစာ တစ်သိန်းကျပ်ဖြစ်သည်။
ဖုန်း-၀၉ ၄၅၀၀ ၂၉၃၆၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
စာရင်းစစ်ခေါင်းဆောင် ကျား/မ (၁) ဦး
အသက် ၄၀ နှစ်အထက်၊ လုပ်ငန်း အတွေ့အကြုံ ရှစ်နှစ်၊ B.Com,CPA အောင်မြင်ပြီးသူဖြစ်ရမည်။
E-mail-mzn.ygn@gmail.com
Tel: 951- 684181

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Chief Accountant (1) Post
Assistant Account (3) Posts
Manager (1) Post
Marketing (1) Post
Office Staff (2) Posts
Driver (1) Post
PH:01 553779

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Marketing (မ) ဝန်ထမ်းအလိုရှိသည်။
ရုပ်ရည်ချောမောလှပရမည်။
Marketing နှင့်ပတ်သက်သော ဘွဲ့၊ ဒီပလိုမာရရှိသူကိုဦးစားပေးမည်။
ဖုန်း-၀၉ ၄၂၁၁၀၉၆၂၂

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ဆံပင်ညှပ်လျှော်ကျွမ်းကျင် မ (၅) ဦး
ခေါင်းလျှော်အလုပ်သင် မ (၁၀) ဦး
လစာ/နေရေး/စာရေး စီစဉ်ပေးသည်။
ဖုန်း-၀၉ ၇၃၀၀၅၆၁၁

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
အရောင်းဝန်ထမ်း M/F (2) Posts
Computer Hardware Technician M/F (3) Posts
Mobile Phone Technician M (1) Posts
Printer Service Technician M (1) Posts
ရုံးအကူဝန်ထမ်း M/F (2) Posts
ဖုန်း-၀၁ ၃၇၄၈၅၇

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
Media Marketing
လုပ်ငန်းအတွေ့အကြုံ ၂နှစ်၊ Promotion Items များအကြောင်းနားလည်ရမည်။
Media Marketing Manager
လုပ်ငန်းအတွေ့အကြုံ ၃ နှစ်။
ဖုန်း-၀၁ ၃၉၉၉၁၉

--------------------------------

**ဝန်ထမ်းအလိုရှိသည်**
ဟင်းချက်ကျွမ်းကျင် အမျိုးသမီးတစ်ဦး အမြန်အလိုရှိသည်။ အလုပ်ချိန် (နံနက် ၈ နာရီမှ နေ့လယ် ၁ နာရီထိ) တနင်္လာမှ သောကြာ။ ဖုန်း-၀၉-၄၃၀ ၂၉၁၉၆

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန် ပိုလိုဆေးခန်းသည်ခေတ်မီသောနိုင်ငံတကာအဆင့်မြင့်နည်းပညာရပ်များဖြင့်လူနာများအား
စိတ်ချမ်းမြေ့ဖွယ်ဝန်ဆောင်မှုဖြင့်ကုသပေးလျက်ရှိပါသည်။

**အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။**

ဝေဒနာရှင်၏ကိုယ်ရေးအချက်များကို
ထိန်းသိမ်းကာကွယ်ပေးမည်။

Open Daily
AM - (8:00) to (8:00) PM

**အမျိုးသမီးရောဂါ**

အပြုတိုးပွားခြင်း၊အနံ့အသက်စိမ်း၍ပုပ်သိုးခြင်း၊ဆီး၍ခြင်း၊ဆီးအောင့်ခြင်း၊ဆီးသွားလျှင်နာကျင်ခြင်း၊
ရာသီသွေးအနည်း / အများမမှန်ခြင်း၊ကျား / မဆက်ဆံရာတွင်သွေးထွက်ခြင်း၊မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍
သွေးထွက်ခြင်း၊အပြုပျစ်ချွဲခြင်း ( သို့ ) သွေးမျှင်များပါခြင်း၊ကလေးပျက်ကျပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊
သားအိမ်လည်တံရောင်ယမ်းခြင်း၊ဆီးခုံရောင်ယမ်းခြင်း၊နောက်ဆက်တွဲသားဥအိမ်ရောင်ယမ်းခြင်း၊
မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်းကြောင်းအပြင်ဘက်ရောင်ယမ်းခြင်း၊မိန်းမကိုယ်လမ်း
ကြောင်းတွင်အသားပိုထွက်ခြင်း၊ရာသီသွေးအချိန်မမှန်ကန်ခြင်း၊သားဆက်မြုံခြင်း၊သားအိမ်လည်တံပုပ်သိုး
ဆွေးမြေ့ခြင်း၊သားအိမ်လည်တံအသားပုထွက်ခြင်း

**သားဆက်မြုံရောဂါ**

သားဥပြွန်တွယ်ကပ်ခြင်း၊ပိတ်ဆို့ခြင်း၊ရာသီမမှန်ခြင်း၊သားဥအိမ်ရောင်ယမ်းခြင်း၊ကိုယ်ဝန်ပျက်
ကျမှုနောက်ဆက်တွဲရောဂါများ၊အတွင်းစိတ်ထိန်းမရခြင်းစသည့်......
ကိုယ်ဝန်မဆောင်နိုင်သောဝေဒနာရှင်များ၊

**အဆင့်မြင့်နောက်ဆုံးပေါ်ကိရိယာများ**




ဝေဒနာရှင်များ၏ကိုယ်ရေးအချက်အလက်များ
ကိုထိန်းသိမ်းကာကွယ်ပေးမည်။





**POLO ဆေးခန်း** 09-4211 68222, 09-4211 68000
အမှတ် (၁၂၉/၁၃၁) ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

ရန်ကုန် ပိုလိုဆေးခန်းသည်ခေတ်မီသောနိုင်ငံတကာအဆင့်မြင့်နည်းပညာရပ်များဖြင့်လူနာများအား
စိတ်ချမ်းမြေ့ဖွယ်ဝန်ဆောင်မှုဖြင့်ကုသပေးလျက်ရှိပါသည်။

**အောက်ပါရောဂါများကိုပြည်တွင်း၌ပင်သက်တောင့်သက်သာဖြင့်ကုသပေးလျက်ရှိသည်။**

ဝေဒနာရှင်၏ကိုယ်ရေးအချက်များကို
ထိန်းသိမ်းကာကွယ်ပေးမည်။

Open Daily
AM - (8:00) to (8:00) PM

**အမျိုးသားရောဂါ**

အမျိုးသားအင်္ဂါအရေပြားဖုံးအုပ်ရှည်လွန်းခြင်း၊လက်ပတ်နံ့နံခြင်း၊ဆီလီကွန်ခြစ်ထုတ်ပေးခြင်း၊ပန်းသေပန်းညှိုးခြင်း၊
သုတ်လွှတ်မြန်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းနှင့် လိင်အင်္ဂါပိုင်းဆိုင်ရာကူးဆက်ရောဂါနှင့် ကာလသားရောဂါအမျိုးမျိုး
သုတ်နည်းခြင်း၊သုတ်သေခြင်း၊သုတ်အားနည်းခြင်း၊သုတ်လွှတ်ပြွန်ပိတ်ဆို့ခြင်း၊သုတ်လွှတ်ကြောကောက်ကွေ့ကျယ်
ပြန့်ခြင်း၊ဆီးကျိတ်ရောင်ယမ်းခြင်းစသည့်သားဆက်မရနိုင်သောဝေဒနာရှင်များ

**နား/နှာခေါင်းရောဂါ**

နှာခေါင်းရောင်ရမ်းခြင်း၊နှာခေါင်းပိတ်ဆို့ခြင်း၊နှာခေါင်းတွင်းအသားပိုထွက်ခြင်း၊ပသီရောင်ခြင်း၊ပကျိတ်ရောင်ခြင်း၊
နှာသံပါခြင်း၊အလယ်နားရောင်ရမ်းခြင်း၊နားပင်းခြင်း၊နားအူခြင်း၊နှာချေခြင်း၊ခေါင်းကိုက်ခြင်း၊အိပ်ရေးပျက်ခြင်း၊
အာခေါင်ရောင်၍နာခြင်း၊နှာခေါင်းသွေးယိုခြင်းစသည့်နား / နှာခေါင်း / လည်ချောင်းရောဂါများ......

**လိင်ခေါင်းရောဂါ**

လိပ်ခေါင်းမျိုးစုံ၊ဂရင်ဂျီနာ၊စအိုအက်ကွဲခြင်း၊စအိုဝယားယံခြင်း၊အူအဆုံးပိုင်းတွင်ဖြစ်တတ်သောရောဂါများ၊
စအိုပတ်လည်ရောင်ကိုင်းပြည်တည်ခြင်း၊သွေးဝမ်းပါခြင်းစသည်များ.....

**အဆင့်မြင့်နောက်ဆုံးပေါ်ကိရိယာများ**




ဝေဒနာရှင်များ၏ကိုယ်ရေးအချက်အလက်များ
ကိုထိန်းသိမ်းကာကွယ်ပေးမည်။






**POLO ဆေးခန်း** 09-4211 68222, 09-4211 68000
အမှတ် (၁၂၉/၁၃၁) ဗားဂရာလမ်း၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# Commodity Watch

စာမျက်နှာ (၉)မှ

## ဆေးမစစ်မီ နှစ်သိမ့်ဆွေးနွေးပေးသောသူ ရှားပါးဆဲ

ကျန်းမာရေးဝန်ကြီးဌာနတွင်လည်း ထိုကဲ့သို့သော ပညာရှင်များနည်းပါးနေသေးပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေသည့်အစိုးရမဟုတ်သော အဖွဲ့အစည်းများတွင်သာ ထိုကဲ့သို့သောပညာရှင်များရှိနေကြောင်း သိရသည်။

နှစ်သိမ့်ဆွေးနွေးမှု ခံယူသည့် ပုံစံသည် ၂၀၀၀ပြည့်နှစ်ကျော်မှ စတင်၍ အနည်းငယ်ပြောင်းလဲလာပြီဟု Counsellor များကဆိုသည်။ နေ့စဉ်နှစ်သိမ့်ဆွေးနွေးအကြံပြုမှု ရယူရန်ရောက်ရှိလာသည့် လူအများစုတွင် မိမိဆန္ဒဖြင့် ရောက်ရှိလာသူများအပြင် လက်ထပ်ခါနီးစုံတွဲများပါ သွေးစစ်ဆေးခြင်းမပြုမီလာရောက်ဆွေးနွေးမှုများရှိလာကြောင်း သိရသည်။

အချိန်တစ်ခုကြာမြင့်သည်အထိ ကာယကံရှင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်မှုများအပြင် ထိုသူနှင့် ပတ်သက်သည့်ကိုယ်ရေးအချက်အလက်မှစ၍ ရောဂါအမည်စသည်တို့ကိုပါ လျှို့ဝှက်ထားသည့် ပုံစံဖြင့် လူနာ၏အခွင့်အရေးကို ကာကွယ်ထားသည်။

စီးပွားရေးဖွံ့ဖြိုးပြီး ကျန်းမာရေးအသိပညာပိုမိုမြင့်မားသည့်ပြည်ပတိုင်းပြည်များတွင် သွေးစစ်ဆေးခြင်းနှင့်နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းသည် ဒွန်တွဲနေသည့်အရာဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာတွင် စိတ်ပိုင်းဆိုင်ရာပြဿနာများကြောင့် နှစ်သိမ့်ဆွေးနွေးပေးသူနှင့်တွေ့ဆုံမှုများပြားလေ့ရှိပြီး စိတ်ခတ်ကျခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ နာတာရှည်ဖျားနာခြင်း၊ ဆေးဝါးတလွဲအသုံးပြုခြင်းစသည့်အခြေအနေရှိသူများသည် နှစ်သိမ့်ဆွေးနွေးခြင်းကို မဖြစ်မနေ ရယူသင့်ကြောင်း နိုင်ငံတကာကျန်းမာရေးစာမျက်နှာများတွင်လည်းဖော်ပြထားသည်။

ပြည်တွင်းရှိ အဖွဲ့အစည်းများသို့နှစ်သိမ့်ဆွေးနွေးမှုခံယူရန်ရောက်ရှိလာသည့်လူနာများ များပြားလာသည်ဆိုသော်လည်း လူဦးရေနှင့် နှိုင်းယှဉ်လျှင်ကွာခြားချက်မြင့်မားနေဆဲပင်ဖြစ်သည်။

"အဓိက ကြုံနေရတာတော့ စိတ်ဖိစီးမှုပါ။ နေ့တိုင်းတွေ့နေတဲ့သူတွေ အများစုကပျော်စရာအဖြေကိုပြောရတာမဟုတ်ဘူးလေ" ဟု နေ့စဉ်ကြုံတွေ့နေရသည့် အခြေအနေကို ဦးကျော်ဇေယျက ပြောကြားသည်။

---

စာမျက်နှာ(၂၀)မှ

## ဦးအောင်သောင်းနှင့် တွေ့ဆုံခြင်း

Sensitive အနေအထားမျိုးလည်း ရှိပါတယ်။ ဒီလိုအခြေအနေက ပူးပေါင်းဆောင်ရွက်မှုမှာလာပြီးတော့ အကျိုးသက်ရောက်မှုရှိနိုင်တယ်လို့ ယူဆနိုင်တယ်။ ရှိချင်မှလည်းရှိနိုင်တယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတော်တော်ရှိပါတယ်။

**သမ္မတ၊ ကာကွယ်ရေးဦးစီးချုပ်နဲ့ လွှတ်တော်ရဲ့ ဆက်ဆံရေးကရော သတ်သတ်စီဖြစ်နေတာလား။ ပူးပေါင်းဆောင်ရွက်မှုရှိပါသလား။**

ကာချုပ်အနေနဲ့ကတော့ သူကဥပဒေအတိုင်းသူ့လူတွေ သူလွှတ်ပေးလိုက်တယ်။ သူပေးရမယ့် သူတွေ ပေးလိုက်တယ်။ နောက် သူက ကာလုံမှာပါတယ်။ လာတက်တယ်။ ဒီပူးပေါင်းဆောင်ရွက်မှုကိုတော့ ဒီနေ့အထိမပျက်ကွက်ပါဘူး။ သမ္မတနဲ့ ကာချုပ်ရဲ့ ပူးပေါင်းဆောင်ရွက်မှုက ကောင်းပါတယ်။ ဥပဒေအရတော့ကာချုပ်ကို သမ္မတက ခန့်တယ်ဆိုတော့ သမ္မတရဲ့လက်ထောက်လို့ ပြောလို့ရတယ်။

**သူရဦးရွှေမန်းက သူ့မိသားစုရဲ့စီးပွားရေးလုပ်ငန်းတွေအားလုံးကို အစစ်ခံနိုင်တယ်လို့ ပြောခဲ့ပါတယ်။ အန်ကယ်အနေနဲ့ရော အဲဒီလိုမျိုးပြောနိုင်ပါသလား။**

ပြောနိုင်ပါတယ်။ ကျွန်တော်တို့ကအားလုံးကတရားဝင်ပဲ။ ဆောင်သင့်တာဆောင်၊ ပေးသင့်တာပေး အကုန်လုံးလုပ်ထားပြီးသားပဲ။ ထောက်ချင်တာထောက် ကျွန်တော်တို့ကတော့ တရားဝင်ပါပဲ။

**နောက်ဆုံးအနေနဲ့ သူရိယနေဝန်းဂျာနယ်ကို ဦးအောင်သောင်းကထောက်ပံ့ပေးထားတယ်ဆိုပြီး သတင်းထွက်နေတဲ့အပေါ်မှာ ဘာများပြောချင်ပါသလဲ။**

သိလည်းမသိဘူး။ ဂျာနယ်ထောင်မှန်းလည်းမသိပါဘူး။ သူ့ကိုတော့တွေ့ဖူးတယ်။ သူကပြည်ဝင်ခွင့်တောင်းတယ်။ နိုင်ငံသားဖြစ်ချင်တယ်ဆိုတာတောင်းဖို့အတွက်တွေ့တာ ကျွန်တော်တစ်ယောက်တည်းမဟုတ်ပါဘူး။ လူအများနဲ့တွေ့တာ ကျွန်တော်လည်းဘာမှ လုပ်မပေးခဲ့ပါဘူး။ လုပ်ပေးဖို့လည်း အချိန်မရခဲ့ပါဘူး။ သူနဲ့ကျွန်တော်အဲဒီလောက်ပဲဆက်ဆံရေးရှိတယ်။ သူဘာလုပ်မယ်ဆိုတာလည်းမသိဘူး။ ဘယ်တုန်းကရောက်နေလဲဆိုတာလည်းမသိဘူး။ တစ်ပြားမှလည်း မပေးဖူးဘူး။ ကျွန်တော့်ဆီလည်း မလာဘူး။ သို့သော် သူနဲ့ဆက်သွယ်တဲ့ယုနိုင်ကိုကျွန်တော်သိတယ်။ ယုနိုင်ကသူ့ကို ထောက်ပံ့တယ်လို့ကြားတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

---

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 99,000 |
| Galaxy S Advance | 235,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 278,000 |
| Galaxy S3 | 387,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 575,000 |
| Galaxy Mega 5.8 | 345,000 |
| Galaxy Note II | 480,000 |
| Galaxy Tab3 7" | 305,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 465,000 |
| Xperia J | 177,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 758,000 |
| iPhone 5s | 895,000 |
| iPhone 5c | 660,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 99,000 |
| G 510 | 120,000 |
| C 8813D | 133,000 |
| G 520 | 125,000 |
| G 610s | 143,000 |
| G 700 | 218,000 |
| Ascend P6 | 319,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 175,000 |
| Y 300c (CDMA) | 100,000 |

ဒီဇင်ဘာ(၇) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (LED) | 39-5series 5003 | 425,000 |
| Panasonic(LED) | THL32B6X | 285,000 |
| Sony (LED) | 32W45 | 380,000 |
| LG (LED) | 32LN5120 | 280,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 340,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 262,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95W_9$ | 2 00,000 |
| Samsung | WT10J | 230,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 255,000 |
| Mitsubishi Electric | 1.0HP(MS-F10VC) | 290,000 |
| Samsung | 1.0HP(AS09TUQN) | 230,000 |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၇)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင်နှင့် Mitsubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၆၅၀ |
| ဘိလပ်မြေ (AAဇီယက်နမ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၂၀ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၉၅၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | ၁ ပေနှုန်း | ၂၄၅-၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဒီဇင်ဘာ(၇)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၇၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၅၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁၀၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၄၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၈၀၀ |
| ကြက်ဉ/ဘဲဉ | တစ်လုံး | ၁၁၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၈,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၁,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၈၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၅၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၃၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဒီဇင်ဘာ(၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Dec (11) | 815 | 920 | 940 | 960 |
| Dec (12) | 815 | 920 | 940 | 960 |
| Dec (13) | 815 | 920 | 940 | 960 |
| Dec (14) | 815 | 920 | 940 | 960 |
| Dec (15) | 815 | 920 | 940 | 960 |
| Dec (16) | 815 | 920 | 940 | 960 |
| Dec (17) | 815 | 920 | 940 | 96`0 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| Model | Price |
|---|---|
| **Asus** | |
| Intel Core i3 1.8 GHz, 4 GB DDR3, 500GB HDD, 14" | 528,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500 GB HDD, HD, 14" | 606,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 750 GB HDD, 15.6" | 890,000 |
| Intel Core i7 2.0 GHz, 4 GB DDR3, 750 GB HDD ,15.6" | 969,000 |
| **Acer** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500GB HDD, HD, 14" | 455,000 |
| Intel Core i3 1.4 GHz, 2GB DDR3, 60 GB SSD, HD,11.6" | 714,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 626,000 |
| Intel Core i7 1.6 GHz, 4 GB DDR3, 1TB HDD ,15.6" | 783,000 |
| **Lenovo** | |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, 14" | 489,000 |
| Intel Core i3 2.3 GHz, 4 GB DDR3, 500 GB HDD, HD,14" | 454,000 |
| Intel Core i7 2.0GHz,4GB DDR3,500GB HDD,2GB VGA,14" | 812,000 |
| Intel Core i7 2.1 GHz,8GB DDR3,750GB HDD,2GB VGA,15.6" | 930,000 |

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

## “အစိုးရအဖွဲ့တော့ မလုပ်ဘူး။ အခုတာဝန်ပေးလည်း မလုပ်ဘူး။ အစကတည်းက မလုပ်ပါရစေနဲ့လို့ ကျွန်တော်တို့က စာတင်ခဲ့တယ်။ နိုင်ငံရေးတော့ လုပ်မယ်”

# ဦးအောင်သောင်းနှင့် တွေ့ဆုံခြင်း

အိဖြူလွင်

ယခင်စစ်အစိုးရလက်ထက်တွင် ဝန်ကြီးအဖြစ် ၁၉ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး နံပါတ်-၂ စစ်ခေါင်းဆောင်နှင့်လည်း ခမည်းခမက် တော်စပ်ကာ ထိပ်ပိုင်းခေါင်း ဆောင်များနှင့်လည်း နီးကပ်သည့်အပြင် လက်ရှိအစိုးရ သစ်လက်ထက်တွင် သဘောထားတင်းမာသူတစ်ဦးဟု နိုင်ငံရေး လေ့လာသူများက သတ်မှတ်ထားသူမှာ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းပင် ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ဝင်ရောက်အရွေးခံခဲ့ကာလက်ရှိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏အတိုင်ပင်ခံအဖွဲ့တွင် ပါဝင်နေသည့် ဦးအောင်သောင်းနှင့်လတ်တလော နိုင်ငံရေးအခြေအနေများနှင့် သဘောထားထင်မြင်ချက်များကို တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်တင်ပြလိုက်ပါသည်။



ဓာတ်ပုံ- သီဟ

**၂၀၁၅မှာ နိုင်ငံရေးမှာဆက်လက်ပါဝင်မယ်လို့ ရည်ရွယ်ချက်ရှိပါသလား။**

၂၀၁၅ကတော့ ပါဝင်ဖို့၊ မပါဝင်ဖို့ ၅၀၊ ၅၀ပါပဲ။ အသက်အရွယ်လည်းရောက်ပြီ၊ ထမ်းဆောင်ရတဲ့နှစ်တွေလည်းအတော်ကြာနေပြီဆိုတော့ တစ်ကိုယ်ရေတစ်ကာယအနေနဲ့ မပါလိုတော့ဘူး။ သို့သော်လည်းပဲ ပါတီကဘယ်လိုပြောမလဲဆိုတာတော့ သဲသဲကွဲကွဲမသိနိုင်သေးဘူး။

**ပါတီရဲ့ ဆုံးဖြတ်ချက်အရဆိုတာ ပါတီဗဟိုအလုပ်အမှုဆောင်တွေရဲ့ ဆုံးဖြတ်ချက်ကိုဆိုလိုတာလား။ ပါတီထိပ်ပိုင်းခေါင်းဆောင်တွေရဲ့ ဆုံးဖြတ်ချက်ကိုဆိုလိုတာလား။**

အဓိက ကတော့ ဗဟိုအလုပ်အမှုဆောင်ရဲ့ ဆုံးဖြတ်ချက်ပါပဲ။

**ပါဖို့၅၀ရာခိုင်နှုန်းဘက်က အလေးသာခဲ့ရင် အစိုးရအဖွဲ့ခေါင်းဆောင်အနေအထားနဲ့ရှိမလား။ လွှတ်တော်ကိုယ်စားလှယ်အနေအထားနဲ့ပါဝင်မလား။**

အစိုးရအဖွဲ့တော့မလုပ်ဘူး။ အခုတာဝန်ပေးလည်းမလုပ်ဘူး။ အစကတည်းက မလုပ်ပါရစေနဲ့လို့ ကျွန်တော်တို့က စာတင်ခဲ့တယ်။ နိုင်ငံရေးတော့ လုပ်မယ်။ သို့သော် ဝင်ရောက်အရွေးခံချင်မှ ခံမယ်။

**၂၀၁၅မှာ USDPအနေနဲ့ဘယ်လောက်ထိ အောင်မြင်မယ်လို့ခန့်မှန်းထားပါသလဲ။**

ဒါကတော်တော်ကျယ်ပြန့်တဲ့ကိစ္စပါပဲ။ ကျွန်တော်တို့လည်းကြိုးစားပြီးဆောင်ရွက်နေတော့ ကိုယ့်ပါတီကိုယ်လည်းယုံတာပေါ့။ ကိုယ့်ပါတီကိုလည်း ယုံတယ်။ ပြည်သူကိုလည်းယုံတယ်။ ပြည်သူအပေါ်မှာ ထားတဲ့စေတနာ၊ ပြည်သူအတွက်ဆောင်ရွက်ချက် ဒါတွေအပေါ်မှာ အခြေခံပြီးတော့ အရင်တုန်းကလောက် အပြတ်အသတ်နိုင်ဖို့ မဖြစ်နိုင်တော့လည်း နိုင်ခြေတော့ရှိတယ်လို့ ပြောလို့ရပါတယ်။ရှုံးရင်လည်း ပွတ်ကာသီကာပါပဲ။ နိုင်ရင်လည်း ပွတ်သီကာသီပဲနိုင်မှာပါ။ အဲဒီလိုပဲဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**အခုအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးအတွက် အားလုံးက လုပ်ဆောင်နေတဲ့အပေါ်မှာရော သဘောထားဘယ်လိုရှိပါသလဲ။**

ပြောင်းဖို့တော့လိုတယ်။ ဘယ်အချက်တွေပြောင်းရမလဲဆိုတာတော့ ညှိနှိုင်းတိုင်ပင်နေဆဲဖြစ်ပါတယ်။ အခြေခံဥပဒေဆိုတာတော့ ဘယ်အခြေခံဥပဒေမှ Perfect မဖြစ်ပါဘူး။ ဘယ်လိုပြင်ရမလဲ ဝိုင်းစဉ်းစားရမယ်။ ကျွန်တော့် သဘောကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလည်းဖြစ်စေရမယ်။ အမျိုးသားရေးရင်ကြားစေ့ရေးလည်းဖြစ်စေရမယ်။ တိုင်းရင်းသားတွေလိုချင်တဲ့ ဆန္ဒတွေလည်းပြည့်မြောက်စေရမယ်။ မပြင်ရကောင်းလား၊ပြင်ရကောင်းလား ငါကြိုက်တာပြင်လို့၊ သူကြိုက်တာပြင်လို့ အဲဒါမျိုးကတ္တာကောစတိုက်ပြီးတော့ဆိုရင်တော့ အဆင်မပြေဘူး။ အေးအေးဆေးဆေးနဲ့ပဲဖြစ်စေချင်တယ်။ ရန်ဖြစ်တဲ့နှစ်တွေက သိပ်များနေပြီ။

**၅၉(စ) က ဒေါ်အောင်ဆန်းစုကြည်ကို တမင်ရည်ရွယ်ပြီးရေးဆွဲထားတယ်လို့ တပ်မတော်အစိုးရကို စွပ်စွဲတဲ့အပေါ်မှာ ဘာပြောချင်ပါသလဲ။**

ဒါက ပြောမယ်ဆိုရင်လည်း ပြောလို့ရပါတယ်။ သို့သော်လဲ ဥပဒေဆိုတာက ဘယ်သူ့ကိုရည်ရွယ်ပြီး ဆွဲတယ်ဆိုတာမျိုးတော့ မရှိပါဘူး။ ဗမာပြည်မှာ ဥပဒေပေါင်းလေးရာကျော်ရှိပါတယ်။ ဒီအထဲမှာ ဘယ်သူ့အတွက်ဆိုပြီး မပြောပါဘူး။ ဒါကလည်းပဲ သူများတွေနဲ့ ယှဉ်လိုက်ရင်နည်းနည်းလေးတော့ ပိုတယ်လို့ထင်ရတော့ ပိုတဲ့အပိုင်းတော့ လျှော့ချင်လည်း လျှော့ပါ။ သူများတွေဆီမှာပါတာကတော့ မိဘနှစ်ပါးတိုင်းရင်းသားဖြစ်ရမယ်။ ဇနီး၊ ခင်ပွန်းလောက်ပဲပါပြီးကျန်တဲ့ သားတွေ၊ သမီးတွေ၊ သားမက်၊ ချွေးမတွေပါတာမျိုးတော့ မတွေ့ရဘူး။ ငြိသွားတဲ့သဘောမျိုးရှိတဲ့အတွက် ပြောစရာဖြစ်တာပေါ့။ NLD ရဲ့ခေါင်းဆောင်လည်းဖြစ်လာတယ်။ တိုင်းပြည်ကိုလည်း ခေါင်းဆောင်နိုင်စွမ်းရှိတဲ့သူဖြစ်လာတော့ ဒါကငြိနေတယ်ဆိုတာကြီးက ထင်ပေါ်လာတာပါ။ သူ့အတွက်ကိုရည်ရွယ်ပြီးတော့လုပ်တာတော့မဟုတ်ပါဘူး။ တစ်ခုတော့ ရှိတာပေါ့။ အင်္ဂလိပ်-အမေရိကန်ဆိုတာက ဒီလောက်ကြီးမဟုတ်ပါဘူး။ တရုတ်နဲ့အိန္ဒိယကြားထဲမှာ အလွန်ကြီးတဲ့တိုင်းပြည်ကြီးနှစ်ခုကြားမှာ နေရတဲ့အတွက် ထိုက်သင့်တဲ့ဟာကတော့ လူမျိုးမပျောက်အောင်တိုင်းပြည်မပျောက်အောင် အသင့်အတင့်အနေနဲ့ပါသင့်တယ်။ ဘယ်လောက်ပါရမလဲဆိုတာတော့ ဥပဒေပညာရှင်ရဲ့ အသုံးအနှုန်းနဲ့ ထည့်ဖို့လိုပါတယ်။

**၅၉(စ)က ဒေါ်အောင်ဆန်းစုကြည်နဲ့ တိုက်ရိုက်မသက်ဆိုင်ခင်မှာ ဗိုလ်ချုပ်ကြီးမြင့်ဆွေနဲ့ တိုက်ရိုက်သက်ဆိုင်လာတဲ့အတွက်ပြင်ချင်တယ်လို့ ထိပ်ပိုင်းမှာအသံထွက်လာတယ်ဆိုတာရော ဟုတ်ပါသလား။**

အဲဒီလိုတော့မပေါ်ပါဘူး။ ပြင်ချင်တယ်ဆိုတာ ကျွန်တော်တို့ ထိပ်ပိုင်းမှာတော့ မပေါ်ဘူး။ သို့သော်လည်းပဲ တခြားဟာတွေနဲ့ ယှဉ်လိုက်တဲ့အခါကျတော့ ကျွန်တော်တို့က အသေးစိတ်ကျနေသလားလို့။ ဒီလိုတော့မြင်တယ်။ သူ့အတွက်တော့ မဟုတ်ပါဘူး။ အားလုံးအတွက်ပါ။

**အခြေခံဥပဒေပြင်ဆင်ရေးမှာ တပ်မတော်သားကိုယ်စားလှယ်တွေကို လျှော့ချဖို့ပြောနေတဲ့အပေါ်မှာ ဘယ်လိုသဘောထားရှိပါသလဲ။**

ဒီ ၂၅ရာခိုင်နှုန်းက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အခြေခံဥပဒေအရသာ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ရှေ့ရေး၊ နောက်ရေးတွေ လက်ရှိအခြေအနေတွေအရ ၂၅ရာခိုင်နှုန်းက ရှိနေဖို့လိုသေးတယ်။ သူများတိုင်းပြည်မှာဆိုဒီထက်တောင်များသေးတယ်။ ပြီးမှ တဖြည်းဖြည်းလျှော့ချတာ။ အခု ၂ နှစ်ခွဲသုံးနှစ်ပဲရှိသေးတယ်။ နည်းနည်းလေးတော့ ဒီမိုကရေစီရင့်ကျက်အောင်၊ ရှင်သန်အောင် တစ်ယောက်နဲ့တစ်ယောက်လည်း အာဃာတတွေမရှိဘဲနဲ့ ချစ်ခင်လေးစားမှုတွေနဲ့ စိတ်ထားကောင်းလာတဲ့အခါကျရင်တော့ လျှော့ချရမှာပေါ့။ ဝုန်းဝုန်းဒိုင်းဒိုင်းကြီးကတော့ နည်းနည်းမြန်လွန်းတယ်လို့ ထင်ပါတယ်။

**ဒီမိုကရေစီကို ထိန်းညှိပေးဖို့ စစ်တပ်က လိုသေးတယ်ဆိုပြီးပြောသွားပါတယ်။ ဘယ်လို ထိန်းညှိမှုမျိုးကိုဆိုလိုတာပါလဲ။**

အခုဖြစ်နေတာတွေကို ကြည့်လိုက်ရင် ဥပဒေရှိမယ်။ ဘယ်လိုပဲဖြစ်ဖြစ်ဒီဥပဒေအတိုင်း ဆောင်ရွက်ဖို့တာဝန်ရှိတယ်။ နောက်မှ ဒီဥပဒေရဲ့ အားနည်းချက်တွေကိုပြင်မယ်ဆိုရင်ပြင်လို့ရတယ်။ ပြင်ပါ။ ဥပဒေပြုတဲ့လွှတ်တော်ကြီးရှိနေတာပဲ။ အခုတော့ မရဘူး။ ပြင်မယ်၊ တည်ဆဲဥပဒေကိုမလိုချင်ဘူးကွာ၊ ငါတို့လုပ်ချင်တာလုပ်မယ်ဆိုတာကြီးကတော့ ဒီအတွေးအခေါ်နဲ့ဒီဆုံးဖြတ်ချက်က မှန်တယ်လို့ ပြောဖို့ခက်ပါတယ်။ တစ်ဖက်က ပြန်ကြည့်ရင် တပ်မတော်ကလည်း သူကလည်း တိုင်းပြည်တာဝန်ကို စေတနာနဲ့ သူလုပ်ခဲ့တာပဲ။ တိုင်းပြည်အတွက်လည်း တကယ်လုပ်ခဲ့တယ်။ ပြည်သူအတွက်လည်း တကယ်လုပ်ခဲ့တယ်။ ဒီတော့ သူ့ကိုမယုံကြည်တော့တဲ့သဘောမျိုး၊ ပစ်ပယ်တဲ့ သဘောမျိုးလုပ်လို့ သူခံစားသွားရတယ်။ သင့်မြတ်ချင်တယ်ဆိုရင်တော့ အလျှော့အတင်းရှိရမယ်။

**ဒီနေ့တပ်မတော်က ဘယ်သူ့အမိန့်ကို နာခံတဲ့ တပ်မတော်လို့ ပြောလို့ရပါသလဲ။**

ဘယ်သူ့အမိန့်မှမဟုတ်ဘူး။ တပ်မတော်ရဲ့ မူဝါဒအတိုင်း ဆောင်ရွက်တာပါပဲ။ ကာကွယ်ရေးဦးစီးချုပ်က ဦးဆောင်တာပဲဖြစ်ပါတယ်။ ဒီနေ့လွှတ်တော်ပေါ်လာတယ်ဆိုတာ လွန်ခဲ့တဲ့၉၄-၉၅လောက်ကတည်းက စခဲ့တာပဲ။ ဘာလို့စလဲဆိုတော့ ဒီအာဏာကို တို့ယူထားတာမမှန်ဘူးဆိုတာကို တပ်မတော်လည်းသိတယ်။ ဒီနေရာမှာအပြစ်ပြောစရာရှိတာက အချိန်ကြာတာပဲ။ အချိန်ကြာတာတော့ အပြစ်တင်စရာရှိတယ်။ တင်မယ်ဆိုရင်လည်း တင်သင့်တယ်။ တစ်ဖက်ကလည်း ဖြေရှင်းဖို့အကြောင်းပြချက်ရှိပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို ကူးပြောင်းတဲ့အခါမှာ သွေးမစွန်းတဲ့ဒီမိုကရေစီကိုဖြစ်အောင်လုပ်ခဲ့တယ်။ ဘယ်လိုပဲဖြစ်ဖြစ် ညံ့တာတွေပါတယ်။ မကောင်းတာတွေလည်းပါတယ်။ ကောင်းတာတွေလည်းပါပါတယ်။ သို့သော် သွေးမစွန်းစေရဘူး။ ပြည်သူတွေဘာပဲဖြစ်ဖြစ် မပျက်စေရဘူးဆိုတဲ့ စေတနာလေးကတော့ အသိအမှတ်ပြုရမယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့စစ်တိုက်ခဲ့တာက တိုင်းပြည်အတွက်တိုက်ခဲ့တာပါ။ ဦးနေဝင်းအတွက်တိုက်တာလည်းမဟုတ်ဘူး။ ခင်ဗျားတို့အတွက်တိုက်တာ။ ဗိုလ်ချုပ်ကြီးစောမောင်အတွက်လည်း မဟုတ်ဘူး။ ဦးသန်းရွှေအတွက်လည်းမဟုတ်ဘူး။ ဒီလိုပဲ ကျွန်တော်တို့ ပြောခဲ့ပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးရွှေမန်းရဲ့ ဆက်ဆံရေးကအရင်တုန်းက တော်တော်နီးနီးကပ်ကပ်ရှိခဲ့ပြီး အခုဘေးကမြင်ရသလောက်နည်းနည်းဟသွားတဲ့ပုံစံမျိုးရှိနေတယ်။ သူတို့ နှစ်ယောက်ဆက်ဆံရေးရဲ့ အလားအလာကိုရောဘယ်လိုသုံးသပ်ချင်ပါသလဲ။**

ဦးရွှေမန်းရဲ့အနေအထားကတော့ ဒေသစွဲ၊ ပါတီစွဲ၊ ဝါဒစွဲမရှိဘူးဆိုတာကို အခြေခံပါတယ်။ မည်သူ့ထံမှာမဆို တိုင်းပြည်အတွက် အကြံကောင်းဉာဏ်ကောင်းတွေရနိုင်တယ်။ ဒေါ်စုကြည်တို့လိုတော်တဲ့သူတွေဆိုရင် သူ့ဆီကလည်းရနိုင်တယ်ဆိုပြီး ဒေါ်စုကြည်နဲ့ ရင်းနှီးတာလည်းဖြစ်ပါတယ်။ ကောင်းတာတွေအားလုံးကို လွှတ်တော်အတွက်ရော၊ တိုင်းပြည်အတွက်ရောပေါင်းပြီးလုပ်ကြမယ်ဆိုပြီး ဆက်ဆံနေကြတာဖြစ်ပါတယ်။ နောက်ပိုင်းတော့ တစ်ယောက်နဲ့တစ်ယောက်ဘယ်လိုရှိမယ်၊ အပေးအယူဘယ်လိုရှိမယ်ဆိုတာတော့ ပြောဖို့တော်တော်ခက်တယ်။ ကွာနေတဲ့အနေအထားတော့မရှိဘူး။ လူတွေမသိတာနဲ့ မထုတ်ပြန်တာပဲရှိတယ်။

**သူရဦးရွှေမန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ ညွန့်ပေါင်းဖွဲ့မယ်လို့ ပြောခဲ့တုန်းက အန်ကယ်က ညွန့်ပေါင်းကို ငြင်းဆန်ခဲ့တယ်။ အခုရော သူတို့က ညွန့်ပေါင်းပုံစံသွားတာလား။နည်းဗျူဟာအရမိတ်ဖွဲ့တဲ့ပုံစံသွားတာပါလား။**

တိုင်းပြည်အတွက်ဆိုရင်တော့ညွန့်ပေါင်းပုံစံသွားတာပါပဲ။ နိုင်ငံရေးအရကတော့ Strategic သဘောဆောင်ပါတယ်။ဒီအခြေအနေက တကယ့် Turning Point သဘောမျိုးဖြစ်ပါတယ်။

စာမျက်နှာ ၁၉ »

Vol.12, No.40 • DECEMBER 11 , 2013

# သမ္မတဦးသိန်းစိန်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာ ပြုလုပ်ရန်စဉ်းစားလျက်ရှိ

**ဆွေမွန်၊ ရဲနောင်**

**ရန်ကုန်၊ ဒီဇင်ဘာ -၇**

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ပတ်သက်သည့်သတင်းများကိုအချိန်နှင့် တစ်ပြေးညီလွှင့်တင်ပေးနိုင်မည့် လူမှုကွန်ရက်စာမျက်နှာကို သမ္မတအပေါ်မူတည်၍ ဖွင့်လှစ်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူဦးဇော်ဌေးက ပြောသည်။

အာဆီယံထိပ်သီးနိုင်ငံကြီးများဖြစ်သည့် စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်ကဲ့သို့နိုင်ငံများနှင့်အခြားသော အာဆီယံနိုင်ငံအချို့တွင် ဝန်ကြီးချုပ်များနှင့် သမ္မတများက လူမှုကွန်ရက်စာမျက်နှာများဖွင့်လှစ်ထားပြီး နိုင်ငံ့ခေါင်းဆောင်များကို ကိုယ်စားပြုသည့် သတင်းများကို အချိန်နှင့်တစ်ပြေးညီတင်ထားပေးနေခြင်းဖြစ်သည်။

“ကျွန်တော်တို့လည်း အခုလောလောဆယ်တော့စဉ်းစားနေတုန်းပါပဲ။ လုပ်ဖြစ်မလုပ်ဖြစ်ကလည်း သမ္မတကြီးအပေါ်လည်းမူတည်ပါတယ်”ဟု ဦးဇော်ဌေးက ပြောသည်။

အာဆီယံနိုင်ငံ့ခေါင်းဆောင်များဖြစ်သည့်စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်း၏ အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုသူပေါင်းသုံးသိန်းကျော်ရှိနေပြီးထိုင်းနိုင်ငံဝန်ကြီးချုပ်မစ္စယင်လပ်ရှင်နာဝပ်ထရာ၏ ကိုယ်ပိုင်လူမှုကွန်ရက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုသူ ၁၀သိန်းကျော်အထိရှိနေသည်။

ဖိလစ်ပိုင်သမ္မတအကီနို၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း ကြည့်ရှုသူ သိန်းသုံးဆယ်ကျော်အထိ ကြည့်ရှုနေခြင်းဖြစ်သည်။ ထို့အပြင် အမေရိကန်သမ္မတဘားရက်အိုဘားမား၏ လူမှုကွန်ရက်စာမျက်နှာတွင်ဝင်ရောက်ကြည့်ရှုသူသိန်းသုံးဆယ်ကျော်အထိရှိနေသည်။

“လူမှုကွန်ရက် သုံးတယ်ဆိုတာ နိုင်ငံ့ခေါင်းဆောင်တွေအတွက် သာမန်လူတန်းစားနဲ့ထိတွေ့ဆက်ဆံခွင့်ပိုရစေပါတယ်။ ခေါင်းဆောင်ဖြစ်သွားတဲ့အခါ သာမန်လူတန်းစားနဲ့ နည်းနည်းအလှမ်းဝေးသွားတော့ တံတိုင်းတစ်ခုခြားထားသလိုဖြစ်သွားတယ်။ ဒါကြောင့်လူမှုကွန်ရက်အင်တာနက်စာမျက်နှာရှိသင့်ပါတယ်။ နိုင်ငံတကာမှာဆိုရင် မဲဆန္ဒရှင်ပြည်သူလူထုနဲ့တိုက်ရိုက်ထိတွေ့ဖို့ လူမှုကွန်ရက်က အဓိကပဲ”ဟုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းက ပြောသည်။

အဆိုပါ လူမှုကွန်ရက်စာမျက်နှာများကို သမ္မတနှင့် ဝန်ကြီးချုပ်တို့ကိုယ်တိုင် အသုံးပြုနေသည်ဟု အတိအကျမပြောဆိုနိုင်သော်လည်း ၎င်းနှင့်နီးစပ်သည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကသတင်းများအချိန်နှင့် တစ်ပြေးညီတင်ထားပေးနိုင်ရန် ကိုယ်စားပြုလုပ်ပေးနေခြင်းဖြစ်သည်။




*ကျပ် ၁,၅၀၀ တန်ဖုန်းကတ် ကံစမ်းမဲ ပေါက်သူတစ်ဦး*

ဓာတ်ပုံ-ကျော်ဇင်သန်း

# ကျပ်၁,၅၀၀တန်ဆင်းမ်ကတ်များပိတ်သိမ်းမည်မဟုတ်

**ဆွေမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ -၇**

ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီများလိုင်စင်ရရှိပြီးဆက်သွယ်ရေးကွန်ရက်များဆောင်ရွက်ပါက လက်ရှိရောင်းချပေးနေသည့်ကျပ် ၁,၅၀၀တန် ဆင်းမ်ကတ်များကို ပြန်လည်သိမ်းဆည်းမည်မှာမဟုတ်မှန်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

လက်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှလုပ်ကိုင်နေသည့် ဆက်သွယ်ရေးကွန်ရက်ကို အော်ပရေတာလုပ်ကိုင်ခွင့်ရရှိထားသည့် တယ်လီနောနှင့် အော်ရီဒူးကုမ္ပဏီတို့က ကွန်ရက်များဖြင့်အစားထိုးလုပ်ကိုင်မည်ဖြစ်သောကြောင့် လက်ရှိရောင်းချပေးနေသည့်ကျပ်၁,၅၀၀တန်ဆင်းမ်ကတ်များကို လိုင်းများဖြတ်တောက်၍ ပြန်လည်သိမ်းဆည်းမည်ဟုသတင်းများထွက်ပေါ်နေကြောင်းသတင်းရရှိသည်။

“ကွန်ရက်က ဖြတ်တောက်မှာလည်း မဟုတ်ပါဘူး။ မသိမ်းပါဘူး။ ပြီးတော့ အော်ပရေတာတွေကွန်ရက်ဆောက်ပြီးလုပ်ရင်လည်း အပြိုင်အဆိုင်ပဲဖြစ်လာမှာပါ”ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးတစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကျပ်၁,၅၀၀ တန် ဆင်းမ်ကတ်များဖြစ်သည့် GSM, WCDMA နှင့် CDMAMHz (MECTel) ဖုန်းများကို ရှစ်လတိုင်တိုင် ရောင်းချပေးခဲ့ရာ အလုံးရေ ၆၃သိန်းကျော် ရောင်းချပေးပြီးဖြစ်ကြောင်းမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထုတ်ပြန်ထားသည်။

ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသည့်ကုမ္ပဏီများအနေဖြင့်လည်း ယခုနှစ်ကုန်တွင် လိုင်စင်ရရှိရန်မျှော်လင့်ထားပြီးလုပ်ငန်းလိုင်စင်ရရှိသည်နှင့်တစ်ပြိုင်နက် ဆက်သွယ်ရေးကွန်ရက်တည်ဆောက်မှုအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီအကြီးအကဲများက ပြောကြားထားသည်။

# LCD နှင့် E-Ink အမျိုးအစားမျက်နှာပြင် နှစ်ဖက်ပါသည့် စမတ်ဖုန်း ရုရှားကုမ္ပဏီထုတ်လုပ်ရောင်းချ

**မော်စကို၊ ဒီဇင်ဘာ-၆**

ရုရှားနိုင်ငံမှ မိုဘိုင်းဖုန်းကုမ္ပဏီ Yota Devices ကုမ္ပဏီကဖုန်း၏ ရှေ့ဘက်နှင့်ကျောဘက်တွင် မျက်နှာပြင်နှစ်ခုပါဝင်သည့် 4G စမတ်ဖုန်း Yota Phone ကို ထုတ်လုပ်ရောင်းချနေပြီဖြစ် သည်။

YotaPhone မှာစမတ်ဖုန်းနှင့် e-reader တို့ကို ပစ္စည်းတစ်ခုတည်းတွင်ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း Yota Devices ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဗ္ဗိလက်မာတီနေ့ာ့ဗ်ကပြောသည်။ ရှေ့ဘက်မျက်နှာပြင်မှာ LCD အမျိုးအစားဖြစ်ပြီး ၄ ဒသမ ၃ လက်မအကျယ်ရှိသည်။ ကျောဘက်မှမျက်နှာပြင်မှာ Amazon ကုမ္ပဏီထုတ် Kindle e-reader ကဲ့သို့ဖြစ်ပြီးအဖြူနှင့် အနက်ဂရပ်ဖစ်များ၊ မီးခိုးရောင်ဖျော့နောက်ခံတွင် စာသားများပါဝင်သည်။


ကျောဘက်မျက်နှာပြင်တွင် ဓာတ်ပုံများ၊ သတင်းအချက်အလက်များသိမ်းဆည်းထားနိုင်ပြီး ဘက်ထရီကုန်သွားချိန်တွင်လည်း ယင်းမျက်နှာပြင်ကပုံရိပ်များဖော်ပြပေးနိုင်သည်။ သို့သော် ယင်းမျက်နှာပြင်မှာ Touch အမျိုးအစားမဟုတ်သော မျက်နှာပြင်အောက်တွင် ထိန်းချုပ်ဆောင်ရွက်ရန် ခလုတ်ခုံငယ်တစ်ခုပါဝင်သည်။

Yotaphone များတွင်ရာသီဥတုအခြေအနေကိုအမှန်တကယ်အချိန်နှင့်တစ်ပြေးညီဖော်ပြပေးနိုင်သည့်စနစ်လည်းပါဝင်သည်။ယင်းဖုန်းများကို ဥရောပနိုင်ငံအနည်းငယ်တွင် ဝယ်ယူရရှိနိုင်ပြီး လက်လီဈေးမှာ စတာလင် ပေါင် ၄၉၉ ဖြစ်သည်။

သီးခြားစီကွဲပြားခြားနားမှုများကို ရှာဖွေနေကြသော စမတ်ဖုန်းဈေးကွက်အတွင်း ယင်းစမတ်ဖုန်းမှာ ထူးထူးခြားခြားမျက်နှာပြင်နှစ်ဖက်ပါရှိသဖြင့် အခြားသော စမတ်ဖုန်းများနှင့်ယှဉ်ပြိုင်ရန် အခွင့်အရေးရှိပြီး အနောက်ဥရောပတွင်သာမဟုတ်ဘဲ အမေရိကန်နိုင်ငံတွင်လည်း ရောင်းချနိုင်သည်ဟု Moor Insight သုတေသနမှ သုတေသီခေါင်းဆောင်ပက်ထရစ်မိုးဟက်ကပြောကြားသည်။

*—Ref: Good Morning America*





WATCH YOUR HEART
OMRON
သွေးတိုးရောဂါ၊ နှလုံးရောဂါနှင့် လေဖြတ်ရောဂါတို့မဖြစ်ပွားအောင် သင်၏သွေးပေါင်ချိန်ကို
မှန်မှန်တိုင်းတာခြင်းဖြင့် ကြိုတင်ကာကွယ်ပါ
JAPAN TECHNOLOGY & DESIGN
ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသော
ကမ္ဘာ့နံပါတ်(၁)သွေးပေါင်ချိန်တိုင်းကိရိယာ
'အွမ်ရွန်'
ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်
All for Healthcare
အသေးစိတ်သိရှိလိုပါက
Market Expansion Services by www.dksh.com
DKSH
DKSH Services Ltd.


POKKA
Congratulations for POKKA WINNERS!
**POKKA** မှ သောက်သုံးသူ Customer များနှင့် ရောင်းချပေးသော ကုန်သည်ကြီးများအတွက် ကျေးဇူးတုံ့ပြန်သောအားဖြင့် ကံစမ်းမဲအစီအစဉ်ကို ဧပြီလ ၂၀၁၃ မှ စက်တင်ဘာလ ၂၀၁၃ ထိ ကျင်းပပေးခဲ့ရာ သောက်သုံးသူများအတွက် Toyota Mark II ကားသစ်ကို မမြသင်းကြည် (ကျောက်တံတားမြို့နယ်) နှင့် အောက်မြန်မာပြည် အရောင်းကိုယ်စားလှယ်များအတွက် Belta ကားကံထူးရှင်ဆုကို ဦးကျော်မြင့် (ရန်ကုန်) နှင့် အထက်မြန်မာပြည် အရောင်းကိုယ်စားလှယ်များအတွက် Belta ကားကံထူးရှင်ဆု ကို ဦးကျော်ကျော်ဦး(ဆိုင်းတောင်-မြစ်ကြီးနား)တို့မှ အသီးသီးကံထူးခဲ့ကြသည့်အတွက် **POKKA** မှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။ အရောင်းကိုယ်စားလှယ်များ လက်ထဲရှိ လဲလှယ်ရန် ကျန်ရှိနေသော ပေါက်မဲများကို ဒီဇင်ဘာ (၁၅) ရက် နောက်ဆုံးထား၍ လဲလှယ်ပေးမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
POKKA Bella Winner
Pulpy C
Healthy Drink!
ဒီဇင်ဘာ (၁၅)ရက်ထက် Kaung Htet (Myanmar) Co.Ltd သို့ နောက်ကျရောက်လာသောပေါက်မဲများကို လဲလှယ်ပေးတော့မည်မဟုတ်ကြောင်း အကြောင်းကြားအပ်ပါသည်။
Kaung Htet(Myanmar)

7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013




# အခွန်စနစ်နဲ့ ဖွံ့ဖြိုးတိုးတက်ခြင်း

■ ဇော်မင်း

ဒီမိုကရေစီ နိုင်ငံရေး စနစ်အောက်မှာဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေတဲ့ တိုင်းပြည်တစ်ပြည်တိုးတက်ဖွံ့ဖြိုးလာဖို့ဆိုတဲ့နေရာမှာ ကြီးသည်၊ ငယ်သည်မဟူအမျိုးမျိုးအထွေထွေသော စီးပွားရေးလုပ်ငန်းရှင်တွေဟာတိုင်းပြည်ကို အခွန်ဆောင်ဖို့လိုပါတယ်။ အလားတူဆိုသလို အလုပ်လက်မဲ့တွေကလွဲလို့ အလုပ်လုပ်နေတဲ့ နိုင်ငံသားတိုင်းဟာလည်း အခွန်ဆောင်ဖို့တာဝန်ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့အများစုဖြစ်တဲ့ သာမန်နိုင်ငံသားတစ်ဦးချင်းစီရဲ့ ဝင်ငွေဟာ အိမ်နီးချင်းနိုင်ငံများကလူတွေနဲ့နှိုင်းစာလိုက်ရင် အလွန်နိမ့်ကျနေဆဲဖြစ်ပါတယ်။ အဲဒါကြောင့် သာမန်လူတွေအတွက်အလုပ်ရှိတယ်ဆိုရင်တောင် ထမင်းနပ်မှန်အောင်ရုန်းနေရတာမို့ အခွန်ဆောင်ဖို့ဆိုတာလက်တွေ့မှာမလွယ်ပါဘူး။ ဖြစ်လည်းမဖြစ်နိုင်ပါဘူး။ တစ်ဖက်မှာလည်း တိုင်းသူပြည်သားတွေဝင်ငွေနိမ့်ပါးနေချိန်မှာ အကြောင်းကြောင်းကြောင့် ချမ်းသာလာသူများကော နိုင်ငံတော်ကို သတ်မှတ်ထားတဲ့နှုန်းထားအတိုင်းမှန်မှန်ကန်ကန်အခွန်ပေးဆောင်ရဲ့လား ဆိုတာစိစစ်ဖို့လိုပါတယ်။

ပြောရမယ်ဆိုရင် အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေဟာ စီးပွားရေးလုပ်ငန်းအောင်မြင်လာတာနဲ့အမျှ သတ်မှတ်ထားတဲ့ဥပဒေများနဲ့အညီ နိုင်ငံတော်ကိုအခွန်မှန်မှန်ပေးဆောင်ဖို့လိုပါတယ်။ အဲသလိုပေးဆောင်တဲ့ အခွန်တော်ငွေများကို အစိုးရက လူထုအတွက် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေးအစရှိတဲ့လုပ်ငန်းတွေအတွက် ပြန်လည်သုံးစွဲရပါတယ်။ အကယ်၍ စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ နိုင်ငံတော်ကို အခွန်တော်ငွေမှန်မှန်ကန်ကန် မပေးဆောင်ဘဲ ပျက်ကွက်နေတယ်ဆိုရင်တော့ နိုင်ငံရဲ့ဘဏ္ဍာတိုက်ထဲမှာ ဝင်ငွေနည်းပါးနေမှာဖြစ်တဲ့အတွက် နိုင်ငံသားတွေလိုအပ်တဲ့ အခြေခံကိစ္စရပ်များကို ဆောင်ရွက်ဖို့ဆိုတာကလည်း ခက်ခဲနေမှာဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်လို့ဆိုတဲ့နေရာမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ရည်ညွှန်းသလို လူတစ်ဦးချင်း ပိုင်ဆိုင်တာမျိုးမဟုတ်ဘဲ ဦးပိုင်လိုမျိုးစုဖွဲ့ထားတဲ့အဖွဲ့များလည်းအကျုံးဝင်ပါတယ်။ အဲသလိုဆိုတော့မေးရမှာကဦးပိုင်ကကော နိုင်ငံတော်ကိုအခွန် မှန်မှန်ကန်ကန်ဆောင်သလား ဆိုတာပါ။

တစ်သီးပုဂ္ဂလ အနေနဲ့ ထောက်ပြရမယ်ဆိုရင် အခုမြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်များအကြား သန်းကြွယ်သူဌေးတွေတဖြည်းဖြည်းနဲ့ များပြားလာနေတယ်လို့ လေ့လာသူများကဆိုပါတယ်။ ဒီထက်ပိုပြီး ထောက်ပြရမယ်ဆိုရင် သန်းကြွယ်သူဌေးအဆင့်ထက်ပိုမိုချမ်းသာတဲ့ကုဋေကြွယ်သူဌေးတချို့တောင် မြန်မာပြည်မှာရှိလာနေပြီလို့ သိရပါတယ်။ သူတို့ချမ်းသာတဲ့နှုန်းကို တွက်ချက်တဲ့နေရာမှာ အမေရိကန်ဒေါ်လာနဲ့တွက်ချက်ပြီးပြောတာဖြစ်ပါတယ်။ မြန်မာကျပ်ငွေနဲ့ ချမ်းသာတဲ့သန်းကြွယ်သူဌေးမျိုးကိုဆိုလိုတာမဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်းအစိတ်သုံးဆယ်ကာလတုန်းက မြန်မာပြည်မှာ မြန်မာကျပ်ငွေသိန်းငါးဆယ်၊ သိန်းတစ်ရာချမ်းသာတယ်ဆိုရင် တော်တော်ကြီးချမ်းသာတယ်လို့ပြောစမှတ်ပြုခဲ့ကြပါတယ်။ နယ်မြို့လေးတွေက ဆယ်သိန်း၊ ဆယ့်ငါးသိန်းလောက်ချမ်းသာတဲ့ သူတွေဆိုရင် သူတို့နယ်တွေမှာ တကယ့်သူဌေးပဂေးကြီးတွေအဖြစ် သတ်မှတ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုကာလမှာတော့ ချမ်းသာကြွယ်ဝမှုကိုမြန်မာကျပ်ငွေနဲ့ မတိုင်းတာတော့ဘဲ အမေရိကန်ဒေါ်လာနဲ့သာ တိုင်းတာကြပါတယ်။

ယနေ့ခေတ်မှာ စီးပွားရေးလုပ်ငန်းရှင်များအပေါ် အခွန်ငွေကိုဘယ်လိုကောက်ခံသလဲ၊ သူတို့အနေနဲ့ ဘယ်လိုနှုန်းထားနဲ့ပေးဆောင်နေသလဲဆိုတာကို နိုင်ငံသားအများစုကြီးအနေနဲ့ ရှင်းရှင်းလင်းလင်းသိခွင့်မရသေးပါဘူး။ မြန်မာနိုင်ငံက အချမ်းသာဆုံးပုဂ္ဂိုလ်တွေထဲမှာပါတဲ့ စီးပွားရေးသမားကြီးတစ်ဦးရဲ့ နှစ်စဉ်ဝင်ငွေဟာ အမေရိကန်ဒေါ်လာသန်းပေါင်း ၅၀၀ ကျော်ရှိတယ်လို့သိရပါတယ်။ အဆိုပါစီးပွားရေးလုပ်ငန်းရှင်ကြီးဟာ သူ့ရဲ့နှစ်စဉ်ဝင်ငွေထဲက ဘယ်လောက်ရာခိုင်နှုန်းကို နိုင်ငံတော်ကိုအခွန်တော်ငွေအဖြစ်ပေးဆောင်သလဲဆိုတာကတော့ဘယ်သူမှမသိကြပါဘူး။ ပေးဆောင်တယ်ဆိုရင်လည်း ဘယ်လောက်ရာခိုင်နှုန်းကိုပေးဆောင်တယ်ဆိုတာ လူသိခံရဲရမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ချမ်းသာကြွယ်ဝတဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာ သူတို့ရဲ့ဓနကြွယ်ဝမှု၊ ပိုင်ဆိုင်မှုအစုစုဘယ်လောက်ရှိတယ်ဆိုတာကို နိုင်ငံတော်မှာ တရားဝင်ပွင့်ပွင့်လင်းလင်းကြေညာပြောကြားထားဖို့လိုအပ်ပါတယ်။ ဆိုလိုတာကငွေသားရွှေငွေရတနာ၊ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းနဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းများ၊ လုပ်ငန်းလည်ပတ်နေတဲ့၊ စိုက်ထုတ်ထားတဲ့ အရင်းအနှီးနဲ့ စီးပွားရေးလုပ်ငန်းကရရှိတဲ့ဝင်ငွေအစရှိတာတွေဖြစ်ပါတယ်။ မိမိရဲ့ပိုင်ဆိုင်ချမ်းသာကြွယ်ဝမှုကို လူသိမခံရဲဘူးဆိုရင် ရာဇဝတ်မှုမကင်းတဲ့တရားမဝင်လုပ်ငန်းတွေကနေ ချမ်းသာလာတာမို့ လူသိမခံရဲတာလား (သို့မဟုတ်) လက်ရှိလုပ်ငန်းကနေ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီးချမ်းသာလာတာမို့ လူသိမခံရဲတာလားဆိုတာ မေးစရာဖြစ်လာပါတယ်။ မြန်မာပြည်က သန်းကြွယ်သူဌေးတွေအနေနဲ့ ဘာကြောင့်ဘယ်လိုလုပ်ငန်းတွေကြောင့် သန်းကြွယ်သူဌေးဖြစ်လာတယ်၊ နိုင်ငံတော်ကိုအခွန်တော်ငွေ ဘယ်လောက်ပေးသွင်းနေတယ်ဆိုတာကိုတရားဝင်ကြေညာပြောကြားတာမျိုးအခုထိမကြားဖူးသေးပါ။

ကောင်းပါပြီ။ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်သန်းကြွယ်သူဌေးတွေ နိုင်ငံတော်ကို အခွန်မှန်မှန်ကန်ကန်မပေးဆောင်ဘူးဆိုရင် အရေးယူခံရတာမျိုးကောရှိသလားဆိုတာ လေ့လာကြည့်လိုက်တော့ အဲသလိုအခွန်ငွေကို လိမ်လည်ပြီးလျှော့ပေးလို့ ဒါမှမဟုတ် အခွန်ရှောင်လို့ အရေးယူခံရတဲ့သန်းကြွယ်သူဌေးဆိုတာ တစ်ဦးမှမရှိသေးတာကိုလည်း တွေ့ရပါတယ်။ ဒီလိုဆိုရင် မြန်မာသန်းကြွယ်သူဌေးတွေ အားလုံးဟာ နိုင်ငံတော်ကိုအခွန်မှန်မှန်ဆောင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေလို့ဆိုနိုင်ပါသလား။ တကယ်လို့ စီးပွားရေးလုပ်ငန်းရှင်တွေ အားလုံးက သတ်မှတ်ထားတဲ့ အတိုင်း အခွန်မှန်မှန်ဆောင်တယ် ဆိုရင် နိုင်ငံတော်ဟာ လက်ခံရရှိတဲ့ အခွန်တော်ငွေတွေကို ဘယ်နေရာသုံးစွဲသလဲဆိုတာ ကလည်း ထပ်ပြီးမေးစရာဖြစ်လာပါတယ်။ အထူးသဖြင့် အစိုးရဟာ အခွန်ငွေတွေကို နိုင်ငံသားတွေအတွက် အရေးကြီးတဲ့ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေမှာ သုံးစွဲသလား၊ မသုံးစွဲဖူးလားဆိုတာ လူထုကိုပွင့်ပွင့်လင်းလင်းတင်ပြရမှာဖြစ်ပါတယ်။

နိုင်ငံသားတွေအနေနဲ့ ဘာမှ ရှင်းရှင်းလင်းလင်းထင်သာမြင်သာမသိရဘူး၊ သိခွင့်မရဘူးဆိုရင် အစိုးရအာဏာပိုင်တွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေပေါင်းပြီး ပုလင်းတူဘူးဆို့ ပေါင်းစားနေတယ်လို့ စွပ်စွဲရတော့မှာပါ။ ဒီမိုကရေစီကျင့်သုံးနေတဲ့၊ ဈေးကွက်စီးပွားရေးစနစ်ကိုကျင့်သုံးနေတဲ့ တိုင်းပြည်တိုင်းမှာ အခွန်ရှောင်တယ်၊ အခွန်ကိုလိမ်လည်ပြီးလျှော့ဆောင်တယ်ဆိုတာ ဥပဒေကို ချိုးဖောက်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ရာဇဝတ်မှုမြောက်ပါတယ်။ အဲဒါအတွက် ကြီးလေးတဲ့ နှစ်ရှည်ထောင်ဒဏ်မျိုးအထိ အပြစ်ပေးခံရလေ့ရှိသလို ပိုင်ဆိုင်မှုတွေကိုလည်းနိုင်ငံတော်ကသိမ်းယူခွင့်ရှိပါတယ်။

အခုမြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဟာတစ်ချိန်တုန်းက အာဏာရှင်စစ်ဗိုလ်ချုပ်များနဲ့ အလွမ်းသင့်သူတွေဖြစ်သလို စီးပွားဘက်တွေလည်းဖြစ်နေတာကိုတွေ့ရပါတယ်။ အဆိုးဆုံးကတော့ စစ်ဗိုလ်ချုပ်များရဲ့ မိသားစုဝင်တွေကိုယ်တိုင်က စီးပွားရေးလုပ်ငန်းရှင်ကြီးတွေဖြစ်နေခြင်းပါပဲ။ ဒါကြောင့် သူတို့ကို ဘယ်သူကမှ မထိရဲမတို့ရဲတော့ပါ။ ထိုသူတွေဟာ နိုင်ငံတော်ကို မှန်မှန်ပေးသွင်းရမယ့် အခွန်တော်ငွေတွေကို ကိုယ်ကျိုးကြည့်ပြီး တစ်ဖက်လှည့်နဲ့ မပေးသွင်းဘဲ ပျက်ကွက်နေကြတယ်လို့ဆိုရင် လွန်မယ်မထင်ပါဘူး။ အခု မြန်မာနိုင်ငံမှာ လူထုရဲ့ ပညာရေး၊ ကျန်းမာရေးဟာ ရုပ်ပျက်ဆင်းပျက်နိမ့်ကျနေပါတယ်။ ဒါတွေကို ပြန်လည်မြှင့်တင်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေနဲ့ သူတို့ရဲ့ နှစ်စဉ်ဝင်ငွေဟာ ဘယ်လောက်ရှိတယ်၊ ဓနကြွယ်ဝမှုအစုစုဘယ်လောက်ရှိတယ်ဆိုတာ တရားဝင်ကြေညာဖို့လိုပါတယ်။ ရှေ့အရင်နှစ်များက အခွန်တော်ငွေမှန်မှန် မပေးဆောင်ခဲ့ဘူးဆိုရင် ပျက်ကွက်ခဲ့တဲ့နှစ်များအလိုက်ပြန်လည်ပေးဆောင်ဖို့လိုပါတယ်။ အခွန်တော်ငွေပေးဆောင်ခဲ့တယ်ဆိုပေမယ့် အာဏာပိုင်တချို့နဲ့ပေါင်းပြီး မဖြစ်စလောက် ငွေကြေးပမာဏကို အခွန်တော်ငွေသဘောမျိုးပေးဆောင်ခဲ့တယ်ဆိုရင်လည်း ဒါမျိုးတွေကိုပြန်ပြီးဖော်ထုတ်အရေးယူဖို့လိုပါတယ်။

ဒီမိုကရေစီတိုင်းပြည်တွေက သာမန်ပြည်သူတွေအပေါ်မှာ အခွန်ကောက်ခံတာနဲ့ပတ်သက်လို့ ယေဘုယျအားဖြင့်တင်ပြလိုပါတယ်။ နားလည်လွယ်အောင် အကြမ်းဖျင်းသဘောပြောပါ့မယ်။ သာမန်လူတစ်ဦးရဲ့ဝင်ငွေဟာ တစ်နှစ်မှာ ဒေါ်လာတစ်သောင်းဆိုပါစို့။ ဒေါ်လာလေးထောင်ကို ကင်းလွတ်ခွင့်ပေးပြီး ကျန်တဲ့ဒေါ်လာခြောက်ထောင် အပေါ်မှာ ၂၀ ရာခိုင်နှုန်းနဲ့ ဒေါ်လာတစ်ထောင့်နှစ်ရာကို အခွန်ငွေအဖြစ် ကောက်ခံပါတယ်။ ဒါကြောင့် လူတစ်ဦးရဲ့ အခွန်ပေးပြီး တစ်နှစ်လုံးစာဝင်ငွေဟာဒေါ်လာရှစ်ထောင်နဲ့ရှစ်ရာဖြစ်ပါတယ်။ ကျန်းမာရေးအာမခံနဲ့ သက်ကြီးစုငွေကိစ္စတွေအတွက်နောက်ထပ်စုစုပေါင်းဒေါ်လာ တစ်ထောင့်ငါးရာလောက် ထပ်ပေးရသေးတော့ တကယ်တမ်းတစ်နှစ်လုံးစာ အသားတင်ဝင်ငွေဟာ ခုနစ်ထောင့်သုံးရာရှိတယ်လို့ဆိုနိုင်ပါတယ်။

စာမျက်နှာ(၃၂)သို့

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

(ယခင်အပတ်မှအဆက်. . . . )

ကျွန်တော်သူ့ကို အပြစ်မဆိုရက်ပါဘူး။ ကယောက်ကယက်ခေတ်ကြီးထဲမှာ ကျွန်တော်ထောက်ပံ့ခဲ့တဲ့ ဘတ်သုံးသောင်းဆိုတာ ဆင့်ပါးစပ်နှမ်းပက်သလိုဖြစ်ပေမပေါ့။ တစ်ခုသတိထားမိတာက နှစ်နိုင်ငံနယ်နိမိတ်ချင်းကလည်း နီးကပ်နေ၊ စီးပွားရေးဖွံ့ဖြိုးမှုကလည်း မိုးနဲ့မြေလို ဖြစ်နေတာကြောင့် မြန်မာပြည်သားအများစုဟာ ရာဇဝင်ထဲက ရန်သူ့နိုင်ငံကို တစ်ဝမ်းတစ်ခါးအလို့ငှာရောက်လာကြတော့တာပါပဲ။ ထိုင်းလူမျိုးတိုင်းဆိုးတယ်လို့တော့ ကျွန်တော်မဆိုချင်ပါဘူး။ ခက်နေတာက သူတို့ကျောင်းသုံးစာအုပ်တွေထဲမှာ ပြဋ္ဌာန်းထားတာကိုက ဗမာဟာထိုင်းနိုင်ငံကို ထင်တိုင်းကြဲခဲ့တဲ့ ရန်သူနိုင်ငံမို့ အမြင်ရှင်းဖို့တော့ တော်တော်ခက်တယ်ဗျာ။ နေဦးဗျ။ စကားမစပ် ထိုင်းရောက်ဗမာတွေပြောလေ့ပြောထရှိတဲ့ သူဌေးဆိုတဲ့ အသုံးအနှုန်းက ကျွန်တော့်နားထဲအတော်ကို ကန့်လန့်ဖြစ်နေတယ်ဗျ။ အမှန်ပြောချင်တာက အလုပ်ရှင်၊ ဆိုင်ရှင်ဆိုတဲ့သဘော။ အဲဒါကို ကျွန်တော်တို့ ကိုရွှေဗမာများ ကျွန်တော်တို့ သူဌေး၊ ကျွန်တော်တို့သူဌေးဆိုပြီး လုပ်ကြသဗျာ။ လိုရင်းပြောရရင် ဗမာလိုမုန့်ဟင်းခါး ထိုင်းလို ကွေ့တီယိုရောင်းတဲ့ဆိုင်ရှင်ကိုလည်း ကျွန်တော်တို့ရွှေဗမာများက သူဌေးစာရင်းသွင်းကြသဗျာ။ ခင်ဗျားမြင်သာအောင် ပြောရရင်ဗမာပြည်မှာ လမ်းဘေးကဝက်သားတုတ်ထိုးရောင်းတဲ့ ဆိုင်ရှင်ဆီမှာ လုပ်နေတဲ့ဗမာအလုပ်သမားတွေကလည်း သူ့ဆိုင်ရှင်ကို သူဌေးတဲ့ ကျွန်တော်သတိထားမိသလောက်ဒီစကားဟာ ဗမာအသုံးအနှုန်းချို့တဲ့တဲ့မွန်လူမျိုးအလုပ်သမားတွေ ဆီ ကစတာဗျ။ နောက် တစ်ချက်က ထိုင်းဘက်ကိုရောက်လာတဲ့ ဗမာအလုပ်သမားအများစုဟာပညာအခြေခံအလွန်နည်းကြပါတယ်။ ဇာတိမာန်တို့၊ ဆွေမျိုး ဂုဏ်တို့ဆိုတာ နားလည်ဖို့ ဝေလာဝေးပေါ့ဗျာ။

အေးဗျာ။ လောကကြီးအကြောင်း ပြောရရင် ထူးဆန်းတာတွေအများကြီးပဲဗျ။ ကျွန်တော့် ဖူးခက်မှာနည်းနည်းအခြေကျလာတော့ ဖူးခက်မှာရှိနေတဲ့ဗမာလူမျိုးတွေ အကြောင်းတဖြည်းဖြည်း သိရလာသဗျာ။ ကျုပ်တို့တိုင်းပြည်အပြင်ဘက်ကိုရောက်နေကြရှာတဲ့ ဖူးခက်ရောက်တောသူတောင်သားတွေ အကြောင်းရေးပြရရင် ဝတ္ထုရှည်ကြီးတစ်ပုဒ်ဖြစ်လောက်ပါရဲ့။ သူတို့ခမျာ ရန်ကုန်မြို့ကြီးတောင်မရောက်ဖူးကြပါပဲ။ ဖူးခက်ဆိုတဲ့ မြို့ကိုရောက်လာကြသဗျာ။ ကျွန် တော်သတိပြုမိတဲ့အချက်ကတော့ သူတို့ဟာ အခြေခံမရှိသော ဗဟုသုတနဲ့ ခေတ်မီမြို့ကြီးကို



# မင်းဒင်ရဲ့ သက်ခိုင် – ၂

■ မင်းဒင်

ရောက်နေကြသူများပါပဲ။ ထင်ရှားတဲ့ဥပမာတစ်ခုပေးပါ့မဗျာ။

လွန်ခဲ့တဲ့လေးငါးနှစ် ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်က မလွတ်ခင်ကာလပေါ့။ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းကိုယ်တိုင်တောင်းဆိုနေတဲ့ကာလ။ ကျွန်တော်လည်း အင်တာနက်ကနောက်ဆုံးသတင်းကြည့်ရင်း ဈေးဆိုင်ဆီရောက်သွားရောဆိုပါတော့။ ဒီမှာတင်ဈေးဝယ်တစ်ယောက်က အန်ကယ်ဒေါ်အောင်ဆန်းစုကြည်လွတ်သွားတာ သိပြီးပြီလားတဲ့။ ကျွန်တော့်စိတ်ထဲအတော် ဇဝေဇဝါဖြစ်သွားတာအမှန်ပါပဲ။ လွန်ခဲ့တဲ့ ဆယ်မိနစ်ဝန်းကျင်ကမှ အင်တာနက်ရှေ့က ခွာခဲ့တာမို့ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်တာ ဟုတ်ပါ့မလားပေါ့။ တဖြည်းဖြည်းစဉ်းစားရင်း ကျွန်တော်သိလိုက်ပါပြီ။ သတင်းသဘောအရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ သတင်းကိုထုတ်ပြန်ရာမှာ လွန်ခဲ့သောကာလများကဒေါ်အောင်ဆန်းစုကြည်ရဲ ခြံရှေ့မှာ ဟောပြောတဲ့ပြကွက်တွေကို သူ့ခမျာ လတ်တလောပြကွက်တွေ၊ လက်ရှိဖြစ်ရပ်တွေလို့ ထင်နေရှာသကိုး။

နေဦးဗျ။ ဒီကလေးက မသိနားမလည်ရှာတာ။ သူ့ထက်ထူးခြားတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နယူးဒေလီတက္ကသိုလ်မှာဆုံဖူးပါတယ်ဆိုတဲ့ ဖူးခက်က ဟင်နရီတိုးအောင်တို့တဲ့ လူတစ်ယောက်အကြောင်း ကျွန်တော်ပြောချင်သေးတယ်။ နေဦးလေ။ ကျွန်တော်ပြောမိသမျှ စွတ်မယုံနဲ့ဦး။ အခုကျွန်တော်ပြောမှာက သူ ကျွန်တော့်ကို ပြောပြသမျှပြောမှာ။ မှန်၏ မမှန်၏ ခင်ဗျားဘာသာစဉ်းစားရမှာ။ မပူပါနဲ့။ သူ့ဘဝဇာတ်ကြောင်းကိုလည်း ကျွန်တော့်ဘာသာစုံစမ်းထားတာ ရှိပါရဲ့။ ဦးတိုးအောင်ဆိုတာအသက်ခုနစ်ဆယ်ကျော်ပြီဗျ။ စာတော့အလွန်ဖတ်တဲ့ သူလို့ဆိုရမယ်။ ကျွန်တော့်ဆီက နာမည်ကျော်စာအုပ်တွေလည်း သူငှားဖတ်တာမနည်းလှဘူး။

သူပြောတာက သူနဲ့ဒေါ်အောင်ဆန်းစုကြည်ဟာ နယူးဒေလီမှာ ဆုံခဲ့ကြဖူးလေသတဲ့။ ဟာ ကျွန်တော်လည်း ခပ်တိုးတိုး ကောင်မှမဟုတ်တာ။ သူ့အသက်အရွယ်နဲ့ သူပြောနေတဲ မှင်မောင်းကောင်းကောင်းကြောင့် ရုတ်တရက် ခွန်းတုံ့မပြန်နိုင်တာတော့ ကျွန်တော်ဝန်ခံပါတယ်။ မရှိသေ့စကား နယူးဒေလီတက္ကသိုလ်မှာ သူနဲ့ဒေါ်အောင်ဆန်းစုကြည်တစ်တန်းတည်းတက်နေတုန်းဒေါ်အောင်ဆန်းစုကြည်ရဲ့ တင်ပါးကို ပုတ်ပြီးသူက နောက်ပြောင်ဖူးသတဲ့။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်က ဟဲ့ ဟင်နရီနေရာတကာနောက်ပြောင်ရတာမဟုတ်ဘူးဆိုသတဲ့။ ကျွန်တော်စိတ်ထဲဒီလူပြောပုံဆိုပုံတယ်မဟုတ်လှဘူးဆိုတာ သတိပြုမိပေမယ့် သူ့ပြောပေါက်က အတည်ကြီးဖြစ်နေတာကြောင့် ကျုပ်မှာ ငြင်းရခက်နေပြန်ရောဗျာ။ ဖြစ်ချင်တော့ တစ်ခုသောနေ့မှာ ကျွန်တော့်မွေးဇာတိ နတ်မောက်သားတစ်ယောက်က ကျွန်တော့်ကို ထမင်းဖိတ်ကျွေးရာမှာ မစ္စတာဟင်နရီနဲ့ ထိပ်တိုက်တိုးမိပြန်ပါလေရောဗျာ။ ထမင်းဖိတ်ကျွေးတဲ့ ကလေးက ကျွန်တော်တို့ ရွာနားက ဂွေးကုန်းသားဗျ။ ဇာတ်ပွဲတွေသွင်းတဲ့အချိန် ကျွန်တော်တို့ ရွာကနေ လင်းအားကြီးအချိန်ထွက်၊ တောတောင်တွေကိုကျော်ပြီး နေ့လယ် ၁၂နာရီလောက်မှ ရောက်တဲ့ ပွဲသွင်းတဲ့ ဂွေးကုန်းပေါ့ဗျာ။ ကျွန်တော်သေချာပြောနိုင်တာပေါ့။ ရှားရှားပါးပါး အနှစ်လေးဆယ်အတွင်းရွာကို နှစ်ခေါက်သာ ရောက်ဖူးတဲ့ ကျွန်တော်ဟာ တစ်ခေါက်သားမတော့ ရွာက ကြီးတော်အုပ်စုပွဲကြည့်ချင်တယ်ဆိုတာနဲ့ ကျွန်တော်နောင်တော်နဲ့အတူ ပွဲလက်မှတ်ဝယ်ဖို့ မှိုက်ပင်ကနေ ဂွေးကုန်းကို ခြေလျင်တစ်လှည့် ကုန်းကြောင်းတစ်လှည့်ရောက်ဖူးကြောင်းပါဗျာ။ အညာမှာမွေးပါလျက်တောနဲ့တောင်နဲ့စိမ်းခဲ့တဲ့ ကျွန်တော်ဟာ မှိုက်ပင်ဂွေးကုန်းခရီးစဉ်မှာ တကယ့်ကို တောတောင်ရှုခင်းတွေကို အံ့မခန်းကြုံခဲ့ရသဗျာ။ စမ်းရေအိုင်တစ်ခုနား ကျွန်တော်ခြေပစ်လက်ပစ်ထိုင်နေတုန်း ကျွန်တော်လက်ထောက်ထားတဲ့နေရာကနေ မိကျောင်းပေါက်စလို အကောင်တစ်ကောင်ထွက်လာတာနဲ့ အလန့်တကြား ထအော်တော့ ကျွန်တော့်အစ်ကိုက အသံကျယ်ကြီးနဲ့ရယ်ပြီး အဲ ဒါဖွတ်ကွတဲ့။

ကျွန်တော်စိတ်ထဲမှာတော့ ဇာတ်ပွဲတစ်ပွဲကြည့်ရဖို့ အရေးတစ်မနက်ခရီးနှင်ရတဲ့ အဖြစ်ကို အံ့သြလို့မဆုံးဘူးဗျာ။ နေဦးစကားစပြတ်သွားဦးမယ်။ ကျွန်တော် ပြောနေတဲ့ ဟင်နရီဦးတိုးအောင်ဟာ အဲဒီဂွေးကုန်းသားဖိတ်တဲ့ ထမင်းဝိုင်းမှာ ထပ်ပြီးဆုံမိကြပြန်သဗျ။ ခက်တာက ဒီလူ့ကြည့်ရတာ စိတ်မနှံ့တဲ့အမူအရာလည်း မတွေ့ရဘူးဗျာ။ သူက ထမင်းစားနေရင်း ဒေါ်အောင်ဆန်းစုကြည်နဲ့ သူ ဘယ်လို ဘယ်ပုံရင်းနှီးတယ်။ ဘယ်ကျောင်းမှာအတူတက်ခဲ့တယ်ဆိုတာတွေ စကားစလာပြန်ရောဗျာ။ ကျွန်တော်ကတော့ သူ ပြောချင်ရာပြောပါစေလို့သာ စိတ်ပိုင်းဖြတ်ပြီး သူပြောသမျှထိုင်နားထောင်နေရာကနေ သူကဘာထ ပြောပြန်သလဲဆိုတော့ သူသာအာဏာရရင် ဒီမိန်းမကို သတ်ပစ်ရမယ်တဲ့ဗျာ။ တကယ်တော့ ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည် ကိုးကွယ်သူမဟုတ်ပါဘူး။ သူလုပ်တဲ့အလုပ်မျိုးတော်ရုံလူမလုပ်နိုင်တာ ကိုယ်ကျိုးစွန့်နိုင်တာတွေကို လေးစားရင်းစွဲရှိတာတော့ အမှန်ပါ။ သူ့စကား အဲဒီနေရာလည်းရောက်ရော ကျွန်တော့်ဒေါသ ယမ်းပုံမီးကျပါတော့တယ်။

ခင်ဗျားဘာသာဘာကောင်ဖြစ်ဖြစ် ခင်ဗျားပါးစပ်ကိုချက်ချင်းပိတ်စမ်းဗျာဆိုပြီးပေါက်ကွဲပါလေရော။ ဟင်နရီဦးတိုးအောင်ဟာ လူလုံး လူဖန် သေးလှသူတော့မဟုတ်ဘူး။ အရပ်ငါးပေခွဲလောက်ပဲ။ အသက်ကတော့ ကျွန်တော့်ထက် ဆယ်နှစ်ကျော်လောက်ကြီးမယ်ဗျ။ ကိုတိုးအောင်ဟာ ကျွန်တော့်ဒေါသသံကြောင့် ရုတ်တရက်ငြိမ်သွားရှာသဗျာ။ ရန်သူတော်နှစ်ယောက်ကို ထမင်းဖိတ်ကျွေးတဲ့ ဝင်နိုင်ဦးခမျာလည်း ဒါနကြောင်း ပျက်ရောဆိုပါတော့။ ဘယ့်နှယ့်ဗျာ။ မိန်းမတစ်ယောက်ကို ကွယ်ရာမှ သတ်မယ်ဖြတ်မယ်ဆိုပြီး တောင်ပြောမြောက်ပြောလုပ်နေတာကို ကျွန်တော်ဆက်နားမထောင်နိုင်ပါဘူး။ တကယ်တော့ အဲဒီနေ့က ကျွန်တော်မှားတာဗျ။ ဦးတိုးအောင်ခေါ် ဟင်နရီဟာ ယဉ်ယဉ်လေးနဲ့စိတ်ရောဂါရနေသူဆိုတာ နောက်ပိုင်းမှာ ကျွန်တော်သိလာရလို့ပေါ့။ ဦးတိုးအောင်ပြောတဲ့ဇာတ်လမ်းတွေကတော့ တော်ရုံလူကြားရင် ရူးလောက်ပါရဲ့ဗျာ။ ကျွန်တော်ကြားဖူးသလောက်ပြောပါဦးမယ်။

သူဟာ သီပေါဘုရင်နဲ့ ဇာတ်လမ်းရှိခဲ့တဲ့ ဒိုင်းခင်ခင်နဲ့အမျိုးတော်တယ်လို့လည်း ဆိုသဗျ။ မော်လမြိုင်မြို့က ဒိုင်းဝန်ကွင်းဆိုတာ သူ့အဘွားဒိုင်းခင်ခင်ပိုင်တာတဲ့ခင်ဗျာ။ တကယ့်ကို ရာဇဝင်အူပေါက်ရောမွှေပြီး ဆွေးတော်မျိုးတော်ဇာတ်ခင်းတတ်တဲ့ သူပါပဲဗျာ။ အရေးထဲခင်ဗျားက လူကိုအထင်သေးတဲ့အကြည့်နဲ့ ကြည့်နေပြန်ပါပြီ။ ကျွန်တော်ပြောပြနေတာက သူ့ဆီကကြားရသမျှအကြောင်းတွေလေ။

**တကယ်တော့ ကျွန်တော်ဟာ ဒေါ်အောင်ဆန်းစုကြည်ကိုးကွယ်သူမဟုတ်ပါဘူး။ သူလုပ်တဲ့အလုပ်မျိုးတော်ရုံလူမလုပ်နိုင်တာ ကိုယ်ကျိုးစွန့်နိုင်တာတွေကို လေးစားရင်းစွဲရှိတာတော့ အမှန်ပါ။ သူ့စကား အဲဒီနေရာလည်းရောက်ရော ကျွန်တော့်ဒေါသ ယမ်းပုံမီးကျပါတော့တယ်။**

**စာမျက်နှာ ၃၂ သို့**

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013


# မကြောက်တရားမြို့၌ ချောက်သားတို့နှင့် စကားဆိုခြင်း

မောင်သာချို

(တစ်)

မြင်းခွာတစ်ချက်ပေါက်တာလား၊ သံခွာတစ်ချက်ပေါက်တာလား၊ ကျွန်တော်မသဲကွဲပါ။ ဆရာဒဂုန်တာရာကတော့ သူ့မိတ်ဆွေ သခင်ဗဟိန်းအကြောင်းရေးသည့် "ပဒုမ္မာကြာပွင့်အပြုံးရှင်"ဆောင်းပါးထဲ၌ "သံခွာတစ်ချက်ပေါက်ရင် တစ်ပြည်လုံး မီးဟုန်းဟုန်းတောက်စေ့မယ်"ဟူ၍ သခင်ဗဟိန်းပြောသည့်စကားကိုကောက်နုတ်ဖော်ပြထားခဲ့ဖူးပါသည်။ ကိုအောင်ဝေးကတော့ "ကိုဗဟိန်းမှသည် ကျော်ကိုကိုအထိ"စာအုပ်ထဲ၌ "မြင်းခွာတစ်ချက် ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်" ဟူ၍။

စကားကတော့ သခင်ဗဟိန်း၏ စကားပဲဖြစ်ပါသည်။ မကွေးထောင်၏ ခေါင်မိုးကို ဖောက်ကာ ရေနံမြေအလုပ်သမားထုကို မိန့်ခွန်းပြောရာတွင် ပါဝင်သည့်စကား။ ၁၃၀၀ ပြည့်အရေးတော်ပုံတုန်းက စကား။ ခရစ်နှစ် ၁၉၃၈ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှာပြောခဲ့သည့် စကား။ မီးဟုန်းဟုန်းတောက်စေမယ်ဆိုသည်က မကွဲ။ သံခွာနှင့်မြင်းခွာကလေးပဲ ကွဲပြားတာ။ ထား။ ဒါကအရေးမကြီး။ အရေးကြီးတာက ၁၃၀၀ ပြည့် အရေးတော်ပုံ။

(နှစ်)

၁၃၀၀ ပြည့်အရေးတော်ပုံ အစ ချောက်ရေနံမြေကဟုဆိုသော်ရကောင်းပါသည်။ ဆရာဇန်းမော်တင်အောင်၏ "ကိုလိုနီခေတ် မြန်မာနိုင်ငံသမိုင်း"ထဲက လေအတိုင်း ပြောရလျှင် ကိုလိုနီစီးပွားရေးဘဝကို မည်ကဲ့သို့မျှ မခံမရပ်နိုင်ကြတော့သော ဘီအိုစီ အလုပ်သမားများက စတင်လိုက်သောအရေးတော်ပုံကြီးပင်ဖြစ်ပါသည်။

ဆရာသိန်းဖေမြင့်၏ဝတ္ထုတိုပေါင်းချုပ်ထဲက "ရေနံ"ဟူသည့် ဝတ္ထုကလေးကို ဖတ်လိုက်ရုံမျှနှင့် ကိုလိုနီခေတ်က ချောက်၊ ရေနံချောင်းတစ်ဝိုက်ရှိ ရေနံအလုပ်သမားတို့၏ ဘဝကြမ်းကြီးများကို ထိတွေ့ခံစားရနိုင်ပါသည်။ ရေနံမြေတစ်ခုလုံးက ဗြိတိသျှကုမ္ပဏီများ၏ လက်အောက်မှာ။ ရေနံတူးသူတွေက မြန်မာအလုပ်သမားများ။ သို့သော်သူတို့ရေနံကို သုံးခွင့်မရှိ။ ပတ်ဝန်းကျင်တစ်ခုလုံး ဓာတ်မီးတိုင်များနှင့် ထိန်ထိန်လင်းနေသည့်တိုင် ရေနံအလုပ်သမားတို့၏ ရွာကလေးတွေက မှောင်နှင့် မည်းမည်း။ သူကြီးအိမ်နှင့် လခ ၇၀ ကျပ်စား လက်သမားအိမ်နှစ်အိမ်သာ မီးလင်းလေသတဲ့။ ညဘက်စာဖတ်ဖို့ပင်လျှင် ရေနံဆီမရှိ၍ စာမဖတ်ကြရ။ ဂိုဒေါင်က ရေနံကို ခိုးသူက ခိုးကြ။ ထောင်ကျသူကျကြ။

နိမ့်ကျသော လူမှုစီးပွားရေးဘဝကို အလိုမရှိသူ ချောက်ရေနံမြေအလုပ်သမားတို့က ဗြိတိသျှအစိုးရကို အာခံရန် ဆန္ဒပြချီတက်ကြဖို့ ခြေလှမ်းစလှမ်းလိုက်သည်က နိုဝင်ဘာ ၃၀ ရက်ဖြစ်ပါသည်။ ခရစ်နှစ်က ၁၉၃၈ ခုနှစ်။ မြန်မာ သက္ကရာဇ်က ၁၃၀၀ ပြည့်နှစ် နတ်တော်လဆန်း ၉ ရက်။ ထို့ကြောင့် မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်ကို စွဲကာ ၁၃၀၀ ပြည့်အရေးတော်ပုံတဲ့။

သည်တုန်းက ရန်ကုန်သို့ ချီတက်ကြသော အလုပ်သမားထုကြီးမှာ ၁၀၀၀ ဝန်းကျင်ခန့်ရှိပါသည်။ ချောက်၊ စဥ့်ကူ၊ လမ်းရွာ၊ ရေနံချပ်၊ ရေနံချောင်းက အလုပ်သမားကြီးများ။ မိုင် ၄၀၀ အကွာက ရန်ကုန်ကို ချီတက်ကြဖို့။

ရေနံမြေအလုပ်သမားတို့ မကွေးသို့ရောက်သောရက်က ဒီဇင်ဘာ ၅ ရက်နေ့ဖြစ်ရာ ချောက်ကနေ ရေနံချောင်းကို ဖြတ်ပြီးငါး ရက်လောက်လမ်းလျှောက်ရသည့် သဘောပင်ဖြစ်ပါသည်။

ဆန္ဒပြအလုပ်သမားထုကို အားပေးဖို့ ရန်ကုန်ကနေ ရောက်လာကြသည့် သူတွေက ကိုဗဟိန်းနှင့် ကိုဗဆွေ။ ဒီဇင်ဘာ ၁၂ ရက်တွင် မကွေးမြို့ မဲထီးကျောင်းတိုက်အတွင်းတွင် စခန်းချနေသည့်အလုပ်သမားထုကိုအားပေးရာက အဖမ်းခံလိုက်ကြရခြင်းဖြစ်ပါသည်။ သည်မှာတွင် ကိုဗဟိန်းက ဗြိတိသျှစစ်ပုလိပ်တို့၏ မြင်းခွာ (သို့မဟုတ်) သံခွာတစ်ချက်ပေါက်လျှင် မီးဟုန်းဟုန်းတောက်စေရမည်ဟု ကြွေးကြော်လိုက်ခြင်းဖြစ်ပါသည်။

အလုပ်သမားထုက နောက်တစ်ရက် ဒီဇင်ဘာ ၁၃ ရက်တွင် ပြတ်သားစွာပဲ ဆက်လက်ချီတက်သွားကြပါလေသည်။ ရန်ကုန်ကိုရောက်တော့ ခရစ်နှစ်က ၁၉၃၉ ခုနှစ်ထဲသို့ဝင်သွားခဲ့ပါပြီ။ ဇန်နဝါရီ ၁၃ ရက်။ လူဦးရေ ၁၄၀၀ ခန့်သည် သထုံနှင့် ပဲခူးက ပူးပေါင်းလာသော အလုပ်သမား၊ လယ်သမား ၁၀၀၀ ခန့်နှင့် ပေါင်းစည်းသွားကြကာ ရွှေတိဂုံရင်ပြင်တော် ပေါ်သို့ တက်ခဲ့ကြခြင်းဖြစ်ပါသည်။

သည်တုန်းက ရေနံမြေ အလုပ်သမားခေါင်းဆောင်က သခင်ဖိုးလှကြီး။

(သုံး)

ကျွန်တော်တစ်ခေါက်မကရောက်ဖူးသည့် မြို့တွေထဲမှာ ချောက်လည်းပါပါသည်။ ရေနံချောင်းဘက်ကနေ ကျောက်ပန်းတောင်းသို့ အဝင် ငွေးချိုလမ်းခွဲ က တစ်ဆင့်ပဲ သွားသွား၊ ပုဂံ-ညောင်ဦးဘက်ကနေ ဧရာဝတီနှင့် ပူးတုံခွာတုံလုပ်လို့ပဲ သွားသွား၊ အနောက်ဘက်ကမ်းဆိပ်ဖြူက တစ်ဆင့်ဧရာဝတီတံတားကိုဖြတ်သန်းလို့ပဲ လာလာ၊ ချောက်က ချစ်ဖို့ကောင်းပါသည်။ ချောက်ဆိုသည့် အမည်နှင့် လိုက်ဖက်လှအောင်ကိုပဲ ချောက်တွေ၊ ကျင်းတွေ၊ ချိုင့်တွေ၊ ကုန်းတွေနှင့် တည်ဆောက်ထားသည့် မြို့။ ရေနံစင်ကြီးတွေကတော့ ဟိုနားဆီမှာ ကားကားကြီးခွရပ်နေလိုက်၊ သည်နားဆီမှာ ကားကားကြီးခွရပ်နေလိုက်။ ရေနံချောင်းတို့၊ မင်းဘူးတို့လိုမြင်ကွင်းတွေထဲက အတိုင်း။

ယခုရက်တွေထဲ ဆင်ဖြူကျွန်းက လှမ်းဖိတ်သဖြင့် ခရီး ကျုံ့အောင်ဟုဆိုကာ ညောင်ဦး လေဆိပ်သို့ ဆင်းပြီး ဆင်ဖြူကျွန်းက လာကြိုသောကားဖြင့် ခရီးနှင်ရာ ချောက်ကို ဖြတ်ရပြန်ပါသည်။

ချောက်မြို့လယ် ရေနံ ဆေးရုံရှေ့တွင် လူတွေ စုစု၊ စုစု။ အလုပ်သမားတွေက လေးငါးခြောက်ယောက်။ ဂေါ်ပြားတွေနှင့်။ သံလက်တွေနှင့်။ ဘိလပ်မြေတွေနှင့်။ အုတ်ခဲတွေနှင့်။ ကော်ပတ်တွေနှင့်။ ချောက်ရေနံမြေအလုပ် သမားကျောက်တိုင်ကြီးကို အဆင့်မီအောင် ပြုပြင်နေကြသည့် မြင်ကွင်း။ အော်၊ ရေနံမြေအရေးတော်ပုံကြီးက (၇၅) နှစ်တောင်မှ ပြည့်ခဲ့ပြီကိုး။

ချောက်သားတို့က ဖြတ်သွားဖြတ်လာ ကျွန်တော့်ကို ခဏဆင်းဖို့ပြော၍ ကားပေါ်ကဆင်းပြီး သူတို့၏ လုပ်ငန်းခွင်ကလေးထဲမှာ ခဏထိုင်ရပါသည်။

အချိန်တိုတိုကလေးအတွင်းမှာ သူတို့ပေးသည့် အချက်အလက်တွေက များပြားလွန်းလှပေရာ ကျွန်တော်ကောင်းကောင်းမမှတ်မိ။

သခင်ဖိုးလှကြီး ကြေးသွန်းရုပ်က ပိသာချိန် ၂၁၀ ရှိတာ၊ ကုန်ကျငွေ ၃၅ သိန်းကို ဧရာဝတီဘဏ်က ဦးဇော်ဇော်ကပေးတာ၊ SkyNet ဦးမင်းထွေးက တစ်ဆယ့်သုံးသိန်းနှစ်သောင်းငါးထောင် ပေးတာ၊ သူရဦးရွှေမန်းက ဆယ့်ငါးသိန်းပေးတာ၊ ဇေကမ္ဘာဦးခင်ရွှေပေးသောငွေ ကိုးဆယ့်ခြောက်သိန်းဖြင့် သခင်၊ သခင်မဟောင်းကြီး ၃၅ ယောက်ကို ခွဲဝေလှူဒါန်းတာ၊ တိုင်းဒေသကြီးလွှတ်တော်က ငါးသိန်းပေးတာ။ လူတွေ၊ နာမည်တွေ၊ ကိန်းတွေ၊ ဂဏန်းတွေ။

ချောက်သူ၊ ချောက်သားတို့က ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁ ရက်မှာ ရေနံမြေအလုပ်သမား ခေါင်းဆောင်သခင်ဖိုးလှကြီး၏ ကြေးရုပ်ကို အလုပ်သမားကျောက်တိုင်၏ ရှေ့မှာ ကျကျနနတင်ထားလိုက်ကြပြီဖြစ်ပါသည်။


ရေနံမြေအလုပ်သမားခေါင်းဆောင်သခင်ဖိုးလှကြီးဆုံးတော့ လွတ်လပ်ရေးမရသေး။ ၁၉၄၃ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ဝမ်းဗိုက်ကင်ဆာဖြင့် ရန်ကုန်ဆေးရုံကြီးတွင် အနိစ္စရောက်ရာ သခင်ဖိုးလှကြီး၏ ဈာပနကို နောက်တစ်နေ့ စက်တင်ဘာ ၂၆ ရက်၌ သင်္ဂြိုဟ်စဉ် ဗိုလ်ချုပ်နေဝင်းတို့၊ သခင်သန်းထွန်းတို့ သခင်မြတို့က လိုက်ပါပို့ဆောင်ကြပါသည်။

(လေး)

၁၃၀၀ ပြည့် အရေးတော်ပုံကြီးကို သန္ဓေတည်ပေးလိုက်သည့် ရေနံမြေအလုပ်သမားတို့၏ သပိတ်ခေါင်းဆောင်သခင်ဖိုးလှကြီးကို ချောက်သူ၊ ချောက်သားတို့က အခုကြေးရုပ်သွန်းပြီး လွမ်းပစ်လိုက်ကြပါပြီ။

ရေနံမြေသပိတ်စတင်စဉ်က ၁၉၃၈ ခုနှစ် နိုဝင်ဘာ ၃၀ ရက်သည် နတ်တော်လဆန်း ၉ ရက်ဖြစ်ရာ ထိုမြန်မာရက်ကိုပင်ယူသဖြင့် ယခု(၇၅)နှစ်ပြည့်က ဒီဇင်ဘာ ၁၁ ရက်ဖြစ်သွားရကြောင်း တက်ကြွလှုပ်ရှားသူ On Line ကဗျာဆရာဇာတိဖွားက ကျွန်တော့်ကိုရှင်းပြလိုက်ပါသေးသည်။

သြော်. . . ကားကဧရာဝတီတံတားကို ဖြတ်ဆဲ။ မြစ်က မြို့ကိုပတ်ကာသောင်ပြင်ကျယ်ကြီးတွေဆီမှာ အကျဉ်းအကျပ်ကျဆဲ။ ရေနံစင်ကြီးတွေက တစ်ပတ်ချင်း၊ တစ်ပတ်ချင်း တွဲ့တွဲ့လည်ပတ်ကာ မြို့ရဲ့ဘဏ္ဍာတိုက်ထဲက ရေနံကို နှိုက်ယူလို့နေဆဲ။ သြော်. . . ဟိုး(၇၅) နှစ်က မေးရိုးကားကား ရင်အုပ်ထွားထွားနှင့် ညိုမောင်းသည့် အသားအရေရှိသူ အလုပ်လုပ်သောပြည်သူတို့ လက်သီးလက်မောင်းတန်းပြီး အာခံသည့် ခြေလှမ်းကို စတင်လှမ်းထွက်လိုက်ရာ သမိုင်းထဲက မြို့ကလေးပါကလား။



7 ရက် ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ကျော်သူမောင်၊ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ဉာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟာန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊နန်းအောင်၊ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဋ္ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး၊ ဝါဝါလင်းလှိုင် |
| သရုပ်ဖော် | စိုးသော်တာ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး ရတနာပြည့်ဖြိုး။ |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၇)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၇၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# ချစ်သော စာပေဟောပြောပွဲများ

မောင်ကြည်

သဇင်ပွင့်ပေါ် လနတ်တော်သို့ ရောက်လာခဲ့ပြန်ချေပြီ။ မိုးအကုန်ဆောင်းအကူးမို့ နံနက်စောစောဆိုလျှင် နှင်းမြူတွေ ဆိုင်းနေတတ်သည်။ မြောက်ပြန်လေအဝေ့မှာ နှင်းငွေ့တွေ ပါလာတတ်သည်။ သို့သော် ရန်ကုန်ဆောင်းကတော့ နှင်းပျောက်တဲ့ဆောင်းဟု ပြောရမလိုဖြစ်နေသည်။ နတ်တော်လဆန်းရောက်သည်အထိ ဆောင်း၏အရသာကို ပီပီပြင်ပြင်မခံစားရသေးပါ။ ကျွန်တော်သည် ဆောင်းရာသီနှင့် ဆက်စပ်ပြီး နတ်တော်လအကြောင်း တွေးနေမိပါသည်။ အဘယ်ကြောင့်ဆိုသော် နတ်တော်လသည် စာဆိုတော်လ ဖြစ်နေသောကြောင့်ပင်။

နတ်တော်လ ရောက်လာတိုင်း ကျွန်တော်နားစွင့်နေမိသည့် အရာတစ်ခုရှိပါသည်။ ၎င်းမှာ အခြားမဟုတ်။ ဘယ်နေရာမှာများ စာပေဟောပြောပွဲရှိလေမလဲဟု နီးစပ်ရာကို စုံစမ်းရသည့်ကိစ္စဖြစ်ပါသည်။ ဟိုမှာ သည်မှာ စာပေဟောပြောပွဲရှိသည်ဟု သတင်းကြားလျှင်တော့ ကိုယ့်မြို့နယ်အတွင်းမှာဆိုလျှင် ဘယ်လောက်ဝေးဝေး သုတ်ခြေတင်တော့သည်။ ငယ်စဉ်ကာလ (၈၈ မတိုင်မီ)တုန်းကတော့ ဆောင်းတွင်းချမ်းချမ်းစီးစီးထဲမှာ သူငယ်ချင်းများနှင့်အတူ စာပေဟောပြောပွဲရှိရာ လိုက်နားထောင်ရတာကိုက အရသာတစ်မျိုးဖြစ်သည်။ ကိုယ်ဖတ်ဖူးသည့် စာရေးဆရာများကို လူကိုယ်တိုင် စင်ပေါ်မှာမြင်ရတာကိုက ရင်ခုန်ပြီး စိတ်လှုပ်ရှားဖို့ကောင်းပါသည်။ စာပေဟောပြောပွဲပြီးရင်တော့ ဟောပြောပွဲမှာ နားထောင်ခဲ့ရသည့် အကြောင်းအရာများကို တစ်ယောက်တစ်ပေါက် ငြင်းခုံရင်း အိမ်ပြန်ရတာကလည်း တစ်မျိုးကြည်နူးစရာ၊ ပျော်စရာကောင်းပါသည်။

တကယ်တော့ စာပေဟောပြောပွဲသည် စာပေ၏ အရသာကို စာအုပ်မှ တစ်ဆင့်မဟုတ်ဘဲ စာရေးဆရာနှင့် တိုက်ရိုက်ထိတွေ့ကာ ခံစားရခြင်းဖြစ်ပါသည်။ တတ်နိုင်လို့ အချိန်ရမည်ဆိုလျှင် စာရေးဆရာနှင့် အပြန်အလှန် ဆွေးနွေးခွင့်တောင် ကြုံနိုင်ပါသေးသည်။ ထို့ကြောင့် စာပေဟောပြောပွဲသည် ထိုင်ခုံမှာ စာထိုင်ဖတ်ရင်း လူလည်းညောင်း၊ ဦးနှောက်လည်းညောင်းနေသူများအဖို့ အပျင်းပြေလမ်းထလျှောက်ရင်း စာရေးဆရာများနှင့် အာလာပသလ္လာပပြောရင်း အညောင်းဖြေသည့် သဘောလည်း သက်ရောက်ပါသည်။ အညောင်းလည်းဖြေ၊ အပျင်းလည်းပြေ၊ ဗဟုသုတလည်းရသည့် ပွဲမျိုးဖြစ်ပါသည်။ ရယ်စရာ၊ မောစရာလည်း နားထောင်ရင်း စာပေအရသာကိုလည်း ခံစားချင်သူများသည် စာပေဟောပြောပွဲများသို့ သွားရောက်နားထောင်ကာ ဘဝရဲ့အမောကို ဖြေလျှော့ကြရပါသည်။

ကမ္ဘာမှာ စာတမ်းဖတ်ပွဲ၊ ကဗျာဖတ်ပွဲ၊ စာပေဆွေးနွေးပွဲ၊ စာအုပ်မိတ်ဆက်ပွဲများရှိသော်လည်း မြန်မာနိုင်ငံကဲ့သို့ စာရေးဆရာများ ပင့်ဖိတ်ကာ စင်ပေါ်မှာ စာအကြောင်းပေအကြောင်း ရယ်စရာ၊ မောစရာပုံတိုပတ်စများကို ဟောပြောစေသည့် ပွဲတော်မျိုးမရှိဟု မှတ်သားရဖူးပါသည်။ ထိုကဲ့သို့သော စာပေဟောပြောပွဲသည် မြန်မာနိုင်ငံမှာပဲ ကျင်းပလေ့ရှိသောကြောင့် 'စာပေဟောပြောပွဲ' ကို မြန်မာလူမျိုးတို့၏ အမျိုးသားအမှတ်လက္ခဏာဟု ပြောမည်ဆိုလျှင်တောင် ပြောလို့ရပါသည်။ မြန်မာလူမျိုးတို့၏ စာပေကိုချစ်မြတ်နိုးသည့် စိတ်ဓာတ်နှင့် စာပေပညာရှင်များကို လေးစားမြတ်နိုးစွာ ဂုဏ်ပြုတတ်သည့် စိတ်ဓာတ်တို့ကို 'စာပေဟောပြောပွဲ'က ဖော်ကျူးပြသနေပါသည်။




၁၉၈၈ အရေးအခင်းကာလ နောက်ပိုင်းမှာ စာပေဟောပြောပွဲ ကျင်းပသည့်ဓလေ့ မှေးမှိန်ကွယ်ပျောက်ကွယ်လုအနေအထားသို့ ရောက်ခဲ့သည့် အမည်းရောင်နှစ်ကာလအချို့ရှိခဲ့ဖူးပါသည်။ ထိုစဉ်ကာလတုန်းကတော့ စစ်အစိုးရသည် စာပေဟောပြောပွဲကို နိုင်ငံရေးတရားပွဲနှင့် ရောထွေးကာ အဓိပ္ပာယ်သတ်မှတ်ပြီး ခွင့်ပြုမိန့်မပေးခဲ့ပါ။ စာပေဟောပြောပွဲသို့ ရောက်လာမည့် လူစုလူဝေးနှင့် နိုင်ငံရေးအကြောင်းပြောမည့် စာရေးဆရာများကို ကြောက်ရွံ့သောကြောင့်လည်း ပါပါလိမ့်မည်။ အတိတ်ကာလတုန်းက စာပေဟောပြောပွဲများကို စားမြုံ့ပြန်ကာ လွမ်းတမ်းတရင်း စာပေဝါသနာရှင်များသည် ထိုအမည်းရောင်နှစ်ကာလများကို ဖြတ်ကျော်ခဲ့ရပါသည်။ ကျွန်တော်နေထိုင်ရာ ရပ်ကွက်အတွင်းမှာပင် စာပေဟောပြောပွဲ မလုပ်ဖြစ်သည်မှာ ဆယ်စုနှစ် ၂ ခုကျော်ခဲ့ပါပြီ။ သို့သော် ယခုနှစ်ကုန်ပိုင်း ဒီဇင်ဘာ ၁၅ ရက်မှာတော့ ကျွန်တော်တို့ရပ်ကွက်အတွင်းမှာ ဖွဲ့စည်းထားသည့် စေတနာရှင် လူမှုစောင့်ရှောက်ရေးအသင်း (၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲ ကျင်းပဖို့ရန် အားလုံးက တက်တက်ကြွကြွနှင့် လှုပ်ရှားနေကြပါပြီ။ မြန်မာနိုင်ငံအတွင်းမှာလည်း ကျွန်တော်တို့ ရပ်ကွက်ကဲ့သို့ စာပေဟောပြောပွဲမကျင်းပဖြစ်တာ ကြာပြီဖြစ်သော ရပ်ကွက်တွေပင်ရှိကြလိမ့်ဦးမည်ထင်ပါသည်။ ရန်ကုန်၊ မန္တလေးလို မြို့ကြီးပြကြီးနှင့် အလှမ်းဝေးလှသော တချို့ကျေးရွာများသည် 'စာပေဟောပြောပွဲ' ဆိုတာကိုပင် ကြားမှကြားဖူးပါစဟု ကျွန်တော်တွေးနေမိပါသည်။

မည်သို့ဆိုစေ နိုင်ငံရေးရာသီဥတု အနည်းငယ် ပွင့်လင်းလာသည့် ယခုလိုအချိန်ကာလမျိုးမှာ စာပေဟောပြောပွဲများ၊ နိုင်ငံရေးတရားပွဲများ၊ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ယခင်ကထက် စာလျှင် ပိုမိုတွေ့မြင်နေရပြီဖြစ်သော်လည်း အရေအတွက်အားဖြင့် နည်းပါးနေပါသေးသည်။ ကျွန်တော်တို့နိုင်ငံ အခြေအနေအရ နိုင်ငံသူ၊ နိုင်ငံသားများတွင် စာပေဗဟုသုတ၊ နိုင်ငံရေးဗဟုသုတအားနည်းနေပါသေးသည်။ ထိုအားနည်းချက်၊ ထိုလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းကနေ ဖြည့်စွမ်းပေးနိုင်မည့် စာပေဟောပြောပွဲများကို မြန်မာနိုင်ငံ နေရာအနှံ့အပြားမှာ မြင်တွေ့လိုပါသည်။ ထို့ကြောင့် စာပေဟောပြောပွဲများကို မြန်မာနိုင်ငံရဲ့ နေရာတိုင်းမှာ မြင်တွေ့ပါရစေဟု ဆုတောင်းလိုက်ပါသည်။

သို့သော် ယခုနောက်ပိုင်း စာပေဟောပြောပွဲအချို့နှင့်ပတ်သက်၍ ဝေဖန်မှုလည်း ရှိပါသည်။ စာရေးဆရာက သီချင်းဖွင့်ခိုင်းကာ သီချင်းပဲဆိုနေခြင်း၊ လူကြိုက်များစေရန် အစိုးရကိုအမြဲတိုက်ခိုက်ခြင်း၊ စီးပွားရေးဆန်လာခြင်း၊ အကြောင်းအရာထပ်လာခြင်းတို့ကြောင့်ဖြစ်ဟန်တူပါသည်။

Business
7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013



ဈေးကွက်အတွင်းသို့ရောက်ရှိလာသောငါးများကိုတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်တွင် သုတေသနပြုပြီးလျှင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ခွင့်ပြုမည်ဟုဆို

**သန်းဌေး**

**ရန်ကုန်**- မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်တွင် ငါးသယံဇာတသုတေသနပြုလုပ်ပြီးပါက နိုင်ငံခြားငါးဖမ်းရေယာဉ်များကို ငါးဖမ်းခွင့်ပြုမည်ဖြစ်ကြောင်း မွေးရေ/ကျေးလက်ဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ငါးလုပ်ငန်းဆိုင်ရာ ရှေ့လုပ်ငန်းစဉ်မူဝါဒချမှတ်နိုင်ရန် တရားမဝင်ငါးဖမ်းဆီးမှုပပျောက်ရေးအတွက် နော်ဝေးသုတေသနရေယာဉ်မှ ရရှိလာသည့် အချက်အလက်များအပေါ် အခြေခံတွက်ချက်ကာ နိုင်ငံတကာနိုင်ငံခြားငါးဖမ်းရေယာဉ်များကို ခွင့်ပြုသတ်မှတ်ပေးမည်ဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဒီဇင်ဘာ ၂ရက်၌ ယင်းသင်္ဘောပေါ်တွင် ပြောသည်။

နိုင်ငံတော်သမ္မတ၏ ပြည်ပခရီးစဉ်တွင် နော်ဝေးနိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ နှစ်နိုင်ငံ ချစ်ကြည်ရေးအနေဖြင့် တိုင်းတာဆောင်ရွက်ပေးခြင်း ဖြစ်သည့်အတွက် မြန်မာအစိုးရနှင့် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပိုင်နက်ပင်လယ်ကမ်းလွန်ရေတိမ်ပိုင်းနှင့် သီးသန့်စီးပွားရေးဇုန်တို့တွင် တည်ရှိနေသည့် ငါးသယံဇာတဖြစ်တည်မှုကို လေ့လာသုတေသနပြုပေးသည့်အတွက် များစွာအကျိုးရှိပါကြောင်း၊ ထွက်ပေါ်လာမည့် သုတေသနသတင်းများ အရ နိုင်ငံတော်၏ မြေသယံဇာတတို့နှင့် ချင့်ချိန်သုံးစွဲသွားရမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးခင်မောင်အေးကပြောသည်။

အစားအစာ ဖူလုံစေရေးအတွက် နောင်လာမည့်လူဦးရေသန်း ၁၀၀ ကို မျှော်မှန်း၍ တွက်ချက်ဆောင်ရွက်ရန် Rv Dr. Fridtjof Nansen ရေယာဉ်နှင့် ပတ်သက်၍ရလာသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ငါးတည်ရှိမှု ထုထည်ပမာဏ၊ ရေရှည်ငါးဖမ်းဆီး ထုတ်လုပ်နိုင်မှုများအား တွက်ချက်၍ ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုတို့ကို အသေးစိတ်တွက်ချက် သတ်မှတ်ပေးနိုင်သည်။ ငါးဖမ်းရေယာဉ်တည်ရှိမှုစနစ်ကျင့်သုံးကာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး လူထုသဘောထားရယူ၍ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှစတင်ကာနိုင်ငံခြားငါးဖမ်းသင်္ဘောများအား ငါးဖမ်းခွင့်မပြုတော့ကြောင်း တရားဝင်ကြေညာခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၂၈ »

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၉ | ၉၈၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၇ | ၇၈၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၃၂ | ၁၃၄၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၀. ၈ | ၃၁. ၁ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၃ ဒီဇင်ဘာ ၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၁၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၂၉၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၂. ၈၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၀၈၁၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၁. ၄၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၉ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၅၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၂၃၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂. ၂၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၇၄၄. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၉၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၉၈၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၆၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၆၃၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၇၆၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၃၀. ၉၀ |
| ရေနံစိမ်း | စည် | ၁၁၁. ၅၇ |
| ငွေ | အောင်စ | ၁၉. ၄၀ |
| ကြေးနီ | ပေါင် | ၃. ၂၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၁၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဒီဇင်ဘာ ၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ဆင်းရဲမွဲတေမှုကိုအလေးထားဖြေရှင်းရန် မြန်မာအား IMF တိုက်တွန်း



ဓာတ်ပုံ - စိုးသန်းဝင်း/အေအက်ဖ်ပီ

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ ဆင်းရဲမွဲတေမှုကို အလေးထားဖြေရှင်းရန် IMF ခေါ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က တိုက်တွန်းလိုက်သည်။

"မြန်မာနိုင်ငံက ပွင့်လင်းလာပြီ။ မြန်မာမှာ ခေတ်မီစီးပွားရေးအတွက် စနစ်ကျတဲ့ အခြေခံတွေ လိုအပ်နေတယ်။ ဒါအရေးကြီး ဦးစားပေးလုပ်ရမယ့် အရာပဲ"ဟု IMF အကြီးအကဲ မစ္စခရစ္စတင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားများအား မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဒီဇင်ဘာ ၇ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာသော IMF အကြီးအကဲက မြန်မာအစိုးရ အရာရှိများနှင့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုပါ တွေ့ဆုံခဲ့သည်။

"နိုင်ငံ့လူဦးရေ သုံးပုံတစ်ပုံက လျှပ်စစ်မီးမရဘူး။ လူဦးရေရဲ့ တစ်ရာခိုင်နှုန်းကပဲ အင်တာနက်သုံးနိုင်တယ်"ဟု မစ္စခရစ္စတင်းကပြောသည်။

ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံး နိုင်ငံများတွင် ပါဝင်သော မြန်မာနိုင်ငံသည် ဆယ်စုနှစ်အတော်များများ အုပ်ချုပ်သူ စစ်အစိုးရများလက်အောက်တွင်လာဘ်ပေးလာဘ်ယူနှင့် စီးပွားရေးစီမံခန့်ခွဲမှုညံ့ဖျင်းခြင်းအကျိုးဆက်ကို ခံစားနေရလေသည်။ ၂၀၁၁ ခုနှစ် စစ်အစိုးရစနစ်ကို ပယ်ဖျက်ခဲ့ပြီး စီးပွားရေးပြောင်းလဲမှုလုပ်ခဲ့သော်လည်း ပြဿနာအတော်များများ ကျန်ရှိနေသေးသည်ဟု စီးပွားရေးပညာရှင်များက ပြောကြားသည်။

ပြင်ပနှင့် မထိမတွေ့ရသေးသော ဈေးကွက်ကြောင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများက စိတ်ဝင်စားနေသော်လည်း နိုင်ငံလူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲ တေမှုအောက်တွင် ရှိနေဆဲဟု IMF အကြီးအကဲကထောက်ပြခဲ့သည်။

"နောက်ထပ်လုပ်ရမယ့် အဆင့်ကတော့ မြန်မာက လူတိုင်းရဲ့ အနေအထားကိုမြှင့်တင်ဖို့၊ ဆင်းရဲမွဲတေမှုကို လျှော့ချဖို့၊ ခိုင်မာပြီး တိုးတက်မှုရှိတဲ့ လမ်းကြောင်းကို ဖောက်ဖို့ပါပဲ။ လူတော်တော် များများက အခုထိကို စီးပွားရေးတိုးတက်မှုနဲ့ မသက်ဆိုင်ကြသေးဘူး" ဟုဆိုသည်။

ထို့အပြင် IMF အကြီးအကဲ မစ္စခရစ္စတင်းက တိုင်းပြည်၏ စီးပွားရေးအတွက် စိုက်ပျိုးရေး ကဏ္ဍအရေးပါပုံကိုလည်းထောက်ပြခဲ့သည်။

"လူဦးရေသုံးပုံ နှစ်ပုံက စားဝတ်နေရေးအတွက် လယ်ယာမြေကို မှီခိုနေရတယ်။ ဒါကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုပိုတိုးမြင့်လာဖို့ကလည်း အရေးကြီးတယ်။ ဒါတွေကို မှီခိုနေရတဲ့ လယ်သမားတွေရဲ့ ဝင်ငွေကိုမြှင့်တင်ရမယ်"ဟု ဆက်လက်ပြောဆိုသည်။

အရှေ့တောင်အာရှတွင် ကျန်းမာရေးနှင့် ပညာရေးတွင် အနိမ့်ဆုံးငွေကြေး သုံးစွဲနေသည့် မြန်မာအစိုးရအား ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်ကို တိုးမြှင့်ရန် ၎င်းကတိုက်တွန်းခဲ့သည်။ မြန်မာအစိုးရ၏ ကျန်းမာရေးနှင့် ပညာရေးလက်ရှိအသုံးစရိတ်မှာ ဂျီဒီပီခေါ် နိုင်ငံသားတစ်ဦးချင်းထုတ်လုပ်မှုဝင်ငွေ၏ ၁ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၁ ဒသမ ၇ ရာခိုင်နှုန်းစီသာရှိသည်။

IMF အနေဖြင့် ၂၀၁၄ ခုနှစ်တွင် ဝန်ထမ်းများ ပိုမိုခန့်အပ်ပြီး မြန်မာကို အကူအညီပိုပေးမည်ဖြစ်ကြောင်း IMF အကြီးအကဲ မစ္စခရစ္စတင်းက ပြောသည်။ သို့သော်အဓိကကျသော အခြေခံအလုပ် အများအပြားကိုလည်း မြန်မာဘက်ကလုပ်ဖို့ လိုအပ်နေကြောင်းလည်း IMF အကြီးအကဲက သတိပေးပြောကြားခဲ့သည်။

**(ထားထားမြင့် ဘာသာပြန်ဆိုသည်။)**




စာမျက်နှာ ၂၇ မှ

## မြန်မာ့ပင်လယ်ပြင်သီးသန့်စီးပွားရေးဇုန်တွင် သုတေသနပြုပြီးလျှင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ခွင့်ပြုမည်ဟုဆို

ရေချိုငါးသယံဇာတပေါများစေရေးအတွက် ရေလုပ်သားများအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု နည်းပါးစေရေးအတွက် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများတွဲ၍ ပေါင်းစည်းလယ်ယာစနစ်များ တည်ဆောက်သွားမည် ဖြစ်ကြောင်း ဖော်ပြထားသည်။ အစာအာဟာရဘေးကင်းလုံခြုံရေးအတွက် တစ်ဦးချင်း ငါးစားသောက်မှုတိုးတက်၍ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်သွားခြင်းဖြင့် ငါးသယံဇာတပြုန်းတီးမှုလျော့ပါးပြီး ငါးသယံဇာတတိုးတက်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါနော်ဝေးသုတေသန ငါးသယံဇာတလေ့လာတိုင်းတာရေးရေယာဉ်သည် နိုဝင်ဘာ ၁၃ မှ ၃၀ ရက်အထိ ၁၈ ရက်ကြာ ပင်လယ်ပြင်တွင် သုတေသနပြုခဲ့ပြီး ဒီဇင်ဘာ ၂ ရက်တွင် နန်းသီတာဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး နောက်သုံးရက်တွင်ပင်လယ်ပြင်သို့ ပြန်လည်ထွက်ခွာကာ ဆက်လက်သုတေသနပြုမည်ဖြစ်သည်။ ရေယာဉ်နှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မော်လမြိုင်နှင့်မြိတ်တက္ကသိုလ်မှ ကထိကများ၊ တပ်မတော်(ရေ)မှ တာဝန်ရှိသူများစုစုပေါင်း ၁၂ ဦးလိုက်ပါသွားကြောင်း သတင်းရရှိသည်။ ယင်းသင်္ဘောသည် ၁၉၇၉-၈၀ ခုနှစ်တွင် မြန်မာ့ပင်လယ်ပြင်တွင် သုတေသနပြုခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ အကြာတွင် ထပ်မံရောက်ရှိလာခြင်းဖြစ်သည်။

# အမေရိကန်၊ ဗြိတိန်ခေါင်းဆောင်များနှင့် တရုတ်နိုင်ငံ

ကြည်နေဝင်းမင်း

ယခုသီတင်းပတ်အတွင်းမှာပင် တရုတ်နိုင်ငံ၏ လက်ရှိယုံကြည်ချက်နှစ်ခု အတည်ဖြစ်သွားခဲ့သည်။ အမေရိကန်မှာ ကိုးရိုးကားရားနိုင်သည်။ ဗြိတိန်မှာ မျက်နှာနှစ်ဖက်နှင့်ဟူ၍. . . ။

အမေရိကန်ဒုသမ္မတဂျိုးဘစ်ဒန်သည် တရုတ်နှင့် ဂျပန်ကြားသိမ်မွေ့သောတင်းမာမှုများလျှော့ပါးရေးလုပ်ဆောင်ရန် ဘေဂျင်းသို့ရောက်ရှိနေစဉ် ကင်မရာရိုက်ကူးနေစဉ်အတွင်း အမေရိကန်သံရုံးတွင် ဗီဇာတန်းစီနေသော တရုတ်နိုင်ငံသားများအား လက်တန်းပြောသော မှတ်ချက်အချို့ ပေးခဲ့သည်။

“အမေရိကန်နိုင်ငံမှာ လက်ရှိအနေအထားကို စိန်ခေါ်တဲ့ ကလေးတွေကို အပြစ်မပေးဘူး။ ဆုချတယ်”ဟု မစ္စတာဂျိုးဘစ်ဒန်က ဗီဇာတန်းစီနေသူများအား ပြောကြားလိုက်သည်။ မစ္စတာဘစ်ဒန်ယင်းသို့ပြောကြားနေသော တိုင်းပြည်မှာ ၁၉၈၉ ခုနှစ် တီယန်မင်ရင်ပြင်တွင် မေလနှင့် ဇွန်လအတွင်း ကျောင်းသားဆန္ဒပြပွဲ များနှင့် နောက်ဆက်တွဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ဆက်ဖြစ်ခဲ့၍ စိတ်ဒဏ်ရာများ ရှိနေသော နိုင်ငံဖြစ်သည်။ ပြည်သူများအနေဖြင့် အစိုးရကို စိန်ခေါ်ရမည်။ ဘာသာရေးခေါင်းဆောင်များကို စိန်ခေါ်ရမည်ဟု ၎င်းကဆက်လက်ပြောပါသည်။



အားလုံးခြုံကြည့်လျှင် မစ္စတာဘစ်ဒန်မှာ လူမမြင်သော နေရာတွင် အလုပ်ကောင်းကောင်းပိုလုပ်ခဲ့သည်။ တရုတ်နိုင်ငံ၏ သမ္မတသစ် မစ္စတာစီကျင်းပင်ကို ငါးနာရီကြာ စကားပြောခဲ့ခြင်းဖြစ်သည်။ သို့သော် ယခုကဲ့သို့သိမ်မွေ့သောကာလတွင် ၎င်း၏လူထုကြားမှတ်ချက်များကြောင့် အမေရိကန်သည် တစ်ခါတစ်ရံတွင် အထိန်းအကွပ်မဲ့ပြီး တရုတ်နိုင်ငံအား စိတ်ထဲတွင် အလိုအလျောက်ရှိရန်လိုသည်။ ကုန်သွယ်ရေးတွင် မဟုတ်လျှင်သော်မှ နိုင်ငံရေးတွင် ရေရှည်၌ ယုံကြည်စိတ်ချရသော လက်တွဲဖက်ဖြစ်ရန် ခဲယဉ်းသည်ဟူသော ဘေဂျင်း၏ ယုံကြည်ချက်ကို ပို၍ခိုင်မာစေခဲ့သည်။

ယခုသီတင်းပတ်အတွင်းမှာပင်ဘေဂျင်းသို့နောက်ထပ်ရောက်လာသော ခေါင်းဆောင်တစ်ဦးမှာ ဗြိတိန်ဝန်ကြီးချုပ်ဖြစ်သည်။ မစ္စတာဒေးဗစ်ကင်မရွန်းကလည်း တရုတ်တို့၏ ယုံကြည်ချက်ဖြစ်သော ဗြိတိသျှတို့မှာ နှစ်လိုဖွယ်ရာနှင့် ယဉ်ကျေးမှုရှိကြသော်လည်း ဩဇာအာဏာကျဆင်းလာကာ မျက်နှာနှစ်ဖက်နှင့်ဟူသော ယုံကြည်ချက်ကို ထပ်မံအားဖြည့်ပေးခဲ့သည်။

နှစ်ဖက်ခေါင်းဆောင်များ တွေ့ဆုံအပြီးတွင် တရုတ်ဝန်ကြီးချုပ် လီကီကျန်းက မစ္စတာကင်မရွန်း၏ဘေးတွင် မတ်တတ်ရပ်ရင်း နှစ်ဖက်သဘောတူညီထားသော ကြေညာချက်ကို ဖတ်ကြားသည်။ ယင်းတွင် ဗြိတိန်နိုင်ငံက တရုတ်နိုင်ငံ၏ အချုပ်အခြာနယ်မြေပိုင်ဆိုင်မှုနှင့် အဓိကအကျိုးစီးပွားများကို လေးစားသည်ဟုပါရှိသည်။ ယင်းမှာတိဗက်ဒေသကိုရည်ညွှန်းသောတရုတ်နိုင်ငံ၏အလေ့အထဖြစ်သည်။ သို့သော်ယင်းကိုအရှေ့ပင်လယ်နှင့် တောင်တရုတ်ပင်လယ် အငြင်းပွားကျွန်းစုများကိုရည်ညွှန်းသည်ဟု အဓိပ္ပာယ်ကောက်ယူလျှင်လည်း တရုတ်နိုင်ငံက စောဒကတက်မည်မဟုတ်ပေ။

ယင်းမတိုင်မီအချိန်အနည်းငယ်ကပင် ကျွန်းများကိစ္စ ပဋိပက္ခတွင် တရုတ်နိုင်ငံ၏ လှုပ်ရှားမှုများကို ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအပေါ် နားလည်သဘောပေါက်ပါကြောင်း ဗြိတိသျှစစ်ဘက်အရာရှိကြီးတစ်ဦးက ဂျပန်တို့အား ပြောကြားကြောင်း ဘေဂျင်းမြို့ မီဒီယာများတွင် သတင်းများပါရှိသည်။ ယင်းမှာ ဗြိတိန်၏တရားဝင်ရပ်တည်ချက်ဖြစ်ပါသည်။

ဘေဂျင်းရှိ စကားပြောပွင့်လင်းပြီး နှံ့စပ်သော ဝေဖန်အကြံပေးသူ ပါမောက္ခတောင်စီ ပြောသလိုပင် “ဒီလိုကိစ္စတွေကြောင့် ဗြိတိသျှတွေဟာ အသံကောင်းဟစ်တတ်တယ်လို့ စွပ်စွဲစရာအကြောင်းပြချက်အဖြစ် တရုတ်တွေကသဘောထားတာပေါ့”ဟူ၍ဖြစ်ပါသည်။ သို့သော်ဒေးဗစ်ကင်မရွန်း၏ တရုတ်နိုင်ငံ အလည်အပတ်ခရီးမှာ အချို့ဗြိတိသျှဝေဖန်သူများ ရေးသားသလို သိက္ခာကျစရာမဟုတ်ပါ။ ယင်းနှင့် ဆန့်ကျင်စွာပင် အချို့ကမောက်ကမ အခိုက်အတန့်များမှလွဲလျှင် ကင်မရွန်း၏ ခရီးစဉ်မှာ အောင်မြင်မှုရှိသည်ဟု ဗြိတိသျှနှင့် တရုတ်အရာရှိများက ယုံကြည်ကြသည်။

‘ဗြိတိန်မှာ ခရီးသွားခြင်းနှင့် ပညာသင်သွားရန် သင့်လျော်သော ဥရောပနိုင်ငံဟောင်းတစ်နိုင်ငံသာဖြစ်သည်။’ဟူသော ဘေဂျင်းမှ ဂလိုဘယ်တိုင်းမ်စ်သတင်းစာ အယ်ဒီတာအာဘော်ကိုဗြိတိန်မီဒီယာများက အလွန်အာရုံစိုက်ခဲ့ကြသည်။

သို့သော် ဗြိတိန်မီဒီယာများ အများအားဖြင့် သတင်းမပို့သော အကြောင်းအရာမှာ ဂလိုဘယ်တိုင်းမ်စ်ကပင် အသစ်တစ်ဖန် နှစ်သိမ့်ရေးသားထားမှုဖြစ်သည်။ “တရုတ်နှင့် ဗြိတိန်နိုင်ငံတို့မှာ ဒီမိုကရေစီနှင့် လွတ်လပ်မှုအပေါ် အမြင်မတူခြင်းများ ရှိခဲ့သော်လည်း ထိုအကြောင်းအရာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကို မည်သည့်ဘက်ကမျှ မစိုးမိုးသင့်ဘဲ ပူးပေါင်းဆောင်ရွက်ရေး အရှိန်အဟုန်ကို အရိပ်မထိုးသင့်ပေ”ဟူ၍ ဂလိုဘယ်တိုင်းမ်စ်က ရေးသားခဲ့သည်။

ကမ္ဘာပေါ်တွင် ဗြိတိန်၏ အနေအထား ကျဆင်းလာပြီဆိုသည်ကို တရုတ်ခေါင်းဆောင်ပိုင်းက သိပါသည်။ ထို့အတူပင် အမေရိကန်နိုင်ငံမှာ စူပါပါဝါအဖြစ် ရှိနေသေးသော်လည်း ကျဆင်းလာတော့မည့်အနေအထားရှိသည်ကိုလည်း သိရှိပါသည်။ ထိုအကြောင်းကြောင့်ပင် အင်အားကြီးမားလာသော တရုတ်နိုင်ငံအနေဖြင့် ယင်းနှစ်နိုင်ငံလုံးနှင့် ဆက်ဆံရာတွင် သတိထားရမည်ဆိုသည်ကိုလည်း နားလည်ထားပါသည်။

‘တရုတ်နိုင်ငံ ငြိမ်းချမ်းစွာတိုးတက်လာမည်’ဟု ကတိပေး၍ မစ္စတာစီကျင်းပင် အာဏာရလာခြင်းဖြစ်ပါသည်။ သမ္မတစီကျင်းပင်၏ ပြောနေကျစကားမှာ တရုတ်နိုင်ငံမှ ဝန်ကြီးများနှင့် ကမ္ဘာ့အခြားနိုင်ငံများ ရင်ဆိုင်ရသော ပြဿနာများတွင် နှစ်ဖက်စလုံး အနိုင်ရရှိရေး (Win-Win) ကြိုးပမ်းရေးဟူ၍ ဖြစ်သည်။

သမ္မတစီကျင်းပင်၏ အရာရှိများ ပြောကြားသည်မှာ တရုတ်သမ္မတသည် သမိုင်းသစ်တစ်မျိုးရေးထိုးလိုပြီး ပွတ်တိုက်မှုအနည်းဆုံးရှိရေးပင်ဖြစ်သည်။ အမေရိကန်မှာ ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ်ရှိနေဆဲဖြစ်ပြီး ရှေ့လာမည့်နှစ်များစွာတွင်လည်း ထိုသို့ဆက်လက်ရပ်တည်နေလိမ့်ဦးမည်ကိုလည်း မစ္စတာ စီကျင်းပင် သိရှိပါသည်။ သို့သော်လည်း ၎င်းအနေဖြင့် အခြားရွေးချယ်စရာ ဩဇာလွှမ်းမိုးမှုနယ်ပယ်ကိုလည်း အားပေးချင်နေပုံရသည်။

ထို့အတွက် မစ္စတာကင်မရွန်းတစ်ယောက် သူအောင်မြင်ခဲ့သော ကိစ္စများကို ကျေနပ်ပြီး အိမ်ပြန်သွားရေး မစ္စတာစီကျင်းပင်က အကောင်းဆုံးကြိုးပမ်းခဲ့သည်။ တစ်ချိန်တည်းမှာပင် ကျွမ်းကျင်သောကြာပွတ်တစ်ချက်ရိုက်လိုက်ရခြင်းကိုလည်း ကျေနပ်နေပါလိမ့်မည်။

မစ္စတာဂျိုးဘစ်ဒန်အနေဖြင့် ကျွန်းများကိစ္စအခြေအနေ အနည်းငယ်အေးချမ်းသွားရေး လုပ်ဆောင်နိုင်ခဲ့ခြင်းမှာ စစ်မှန်သော အောင်မြင်မှုဖြစ်ပါသည်။ သို့သော် တရုတ်နိုင်ငံသားများအနေဖြင့် အစိုးရကို စိန်ခေါ်ရေး လူထုကြားပြောကြားခြင်းမှာ ချင့်ချိန်၍အလိမ္မာသုံးပြောကြားသော စကားမဟုတ်ပါပေ။ —*Ref: China, US and Britain: Tack needed as global power shifts*

SHWE PADAUK HOSPITAL
အမျိုးသမီးရောဂါ အထူးကုသခြင်း
Open Daily 8:30 AM to 8:00 PM
ဆေးရုံခွဲမရှိပါ။


မွေးလမ်းကြောင်းရောင်ရမ်းခြင်းဆိုသည်မှာ အဘယ်နည်း ?

ကျွန်ုပ်တို့ဆေးရုံ၏ အဓိကရည်ရွယ်ချက်မှာ သင် ကျန်းမာပျော်ရွှင်စေရန်ဖြစ်သည်။

မွေးလမ်းကြောင်း ရောင်ရမ်းခြင်းဟာ အမျိုးသမီးများတွင် အဖြစ်များသည့် မီးယပ်ရောဂါဖြစ်သည်။ မွေးလမ်းကြောင်းရောင်ရမ်းခြင်း၏ အဓိကလက္ခဏာများမှာ အဖြူဆင်းခြင်း၊ အနံ့ဆိုးထွက်ခြင်း၊ မိန်းမကိုယ် အပြင်ပိုင်းရောင်ရမ်းခြင်း၊ ဆီးသွားရာတွင် ဆီးလမ်းကြောင်းအောင့်ခြင်း စသည့်လက္ခဏာများဖြစ်သည်။

**ရွှေပိတောက်ဆေးရုံမှ သင့်အား သတိပေးနှိုးဆော်ချက်** - မီးယပ်ရောဂါဖြစ်လျှင် တက်ကျွမ်းသည့်အထူးကုဆေးရုံသို့ အချိန်မှီ သွားရောက်ကုသသင့်ပါသည်။ မီးယပ်ရောဂါသည် အမျိုးသမီးများ၏ ကျန်းမာရေးကို ထိခိုက်စေသည့်အပြင်၊ လိင်ဆက်ဆံရာတွင် အမျိုးသားကိုပါ ကူးစက်နိုင်သည်။ အကယ်၍ ဘက်တီးရီးယားပိုးကြောင့် မွေးလမ်းကြောင်းရောင်ရမ်းခြင်းဖြစ်ပါက မိန်းမကိုယ်အင်္ဂါပိုးဝင်ခြင်းဖြင့် သားဆက်မြုံခြင်းများ ဖြစ်ပွားနိုင်သည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများတွင် သားအိမ်တွင်း ပိုးဝင်ခြင်း၊ မွေးလမ်းကြောင်း ပိုးဝင်ခြင်းတို့ကြောင့် သန္ဓေသားကို ထိခိုက်ပြီး ကိုယ်ဝန်ပျက်ကျခြင်းနှင့် လမစေ့ဘဲမွေးဖွားခြင်း စသည်တို့ဖြစ်နိုင်ပါသည်။

အမျိုးသမီးရောဂါ အထူးကုဌာန | အမျိုးသားရောဂါ အထူးကုဌာန | စအိုနှင့် အူမကြီးအောက်ပိုင်းဆိုင်ရာ ရောဂါ ကုသမှုဌာန





လူနာစာရင်းသွင်းခ နှင့် ဆရာဝန်စမ်းသပ်ခ အခမဲ့

အမှတ် - ၃၄/၃၅၊ ရွှေပိတောက်ရိပ်မွန်၊ ဘုရင်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၅၂၀၂ www.shwepadaukhospital.com

## 7DAY BOOK REVIEW





### တစ်ကိုယ်တော်မဂ္ဂဇင်း (မင်းလူ)

ကွယ်လွန်သွားပြီဖြစ်သည့် စာရေးဆရာမင်းလူ မကွယ်လွန်မီ ရေးသားခဲ့သော စာ၊ ကဗျာများထဲမှ အချို့ကို မဂ္ဂဇင်းပုံစံဖြင့် စုစည်းထားသည့် မင်းလူတစ်ကိုယ်တော်မဂ္ဂဇင်းစာအုပ် ထွက်ရှိလာသည်။ ကဗျာ၊ ဆောင်းပါး၊ အင်တာဗျူး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ အမှတ်တရနှင့် အက်ဆေးဟူ၍ ကဏ္ဍများခွဲကာ သေသပ်ခံ့ညားလှသော အပြင်အဆင်နှင့် ထွက်ရှိလာခြင်းဖြစ်သည်။

"ကျွန်တော့်မိန်းမသည်လည်း သက်တမ်းလွန်ယာဉ်အို၊ ယာဉ်ဟောင်းစာရင်းထဲဝင်နေပါပြီ။ သူ့ကိုတန်ဖိုးကြီးကမ္ဘာကျော် ထိပ်တန်းကားတွေနဲ့တော့ မတင်စားဝံ့ပါ။ ဒုတိယကမ္ဘာစစ်လက်ကျန် ဗိုက်ပူဘတ်စ်ကားကြီးနဲ့သာ ခိုင်းနှိုင်းချင်သည်။ ကျွန်တော်တို့ကလေးဘဝက ဟိုနားဒီနား ငါးပြားပေးရတဲ့ခေတ်ကနေ ခရီးတစ်ဖြတ်ငါးဆယ်ကျပ်ဆိုသော ဒီနေ့ကာလအထိ သစ္စာရှိရှိ အသုံးတော်ခံခဲ့တဲ့ ကားကြီးတွေပေါ့။ ဇိမ်မကျပေမယ့် လုံခြုံစိတ်ချရသည်။ ကုန်ကျစရိတ်သက်သာသည် (မီးခိုးတော့ နည်းနည်း လိုက်နေပြီပေါ့)။ ဒါပေမဲ့ အင်ဂျင်ဝိုင်လေး မှန်မှန် ထည့်ပေးထားရင် ခုချိန်ထိ ဒေါက်ဝူးပါပဲ။)"ဟူသော ဆန်းဆန်းပြားပြား အတွေးများဖြင့် ရေးတတ်သော မင်းလူ၏စာများကို စာမွေ့သူအနေဖြင့် သရော်တော်တော် အရေးအသားများ၊ အလွမ်းများ၊ အမှတ်ရချက်များဖြင့် မဂ္ဂဇင်းစာအုပ်တစ်အုပ် ဖတ်ရှုနေရသကဲ့သို့ ရသမျိုးကို ခံစားရမည် ဖြစ်သည်။ ဟီးရိုးစာပေက ထုတ်ဝေပြီး တန်ဖိုး ၄,၀၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

### မြန်မာနိုင်ငံ၏ ပြည်ထောင်စုလွှတ်တော်ကို အနီးကြည့် အဝေးကြည့် (အောင်ဒင်)

"ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက မြန်မာနိုင်ငံမှာ ၂၀၁၀ ရွေးကောက်ပွဲကတစ်ဆင့် အသက်ဝင် ရှင်သန်နေပြီ ဖြစ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲပြီးနောက် ဖွဲ့စည်းပုံအသစ်အရ တည်ထောင်ဖွဲ့စည်းထားတဲ့ အာဏာ ယန္တရားကြီးများလည်း ရှေ့လျှားမောင်းနှင်နေကြပြီဖြစ်ပါတယ်"

"တစ်ချိန်တည်းမှာပဲ လွှတ်တော်ကနေ အခြားအာဏာယန္တရားနှစ်ခုကိုပွဲပြင်ထိန်းကျောင်းဖို့အပြင်း အထန်ကြိုးစား နေချိန်မှာ လွှတ်တော်အတွင်းမှာတော့ လွှတ်တော်ခေါင်းဆောင်များနဲ့ လူအများစုပါတီ (အာဏာရပါတီ)ကို ထိန်းကျောင်းပွဲပြင်တဲ့ အတိုက်အခံမရှိအောင် ဖန်တီးထားတာကလည်း စိတ်ဝင်စားစရာ ကောင်းလှပါတယ်" ဟု အစရှိသောနိဒါန်းများဖြင့် ပြည်ထောင်စုလွှတ်တော်၏အခန်းကဏ္ဍနှင့် ဆောင်ရွက်ချက်များကို အခန်း ၃၂ ခန်းခွဲ၍ စိစစ်ဝေဖန်ထားသော စာအုပ်ဖြစ်သည်။

ပြည်သူ့ခေတ်ဂျာနယ်တွင် အခန်းဆက်ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေထားခြင်းလည်းဖြစ်သည်။ စာရေးသူသည် ၂၀၀၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၌ 'အမေရိကန်ပြည်ထောင်စု၊ မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ U.S Campaign for Burma'ကိုတည်ထောင်ခဲ့သူ ဖြစ်သည်။ ခေတ်ပြတိုက်စာပေက ထုတ်ဝေပြီး တန်ဖိုး ၂,၅၀၀ ကျပ် ဖြစ်သည်။

## Knowledge ပဟုသုတ

### နိုင်ငံကူးလက်မှတ်တွေ ဘယ်အချိန်ကတည်းက သုံးခဲ့တာလဲ

နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)ဟူသည် နိုင်ငံတကာသို့ ခရီးသွားလာရာတွင် မည်သူမည်ဝါ၊ မည်သည့်နိုင်ငံသားဖြစ်ကြောင်း အစိုးရက အသိအမှတ်ပြု ထုတ်ပေးထားသည့် အထောက်အထားတစ်ခုဖြစ်သည်။ နိုင်ငံကူးလက်မှတ်တွင် ကိုင်ဆောင်သူ၏အမည်၊ မွေးနေ့၊ မွေးရပ် စသည့်အချက်အလက်များဖြင့် စနစ်တကျထည့်သွင်းဆောင်ရွက်ထားသည်။ နိုင်ငံကူး လက်မှတ်နှင့်ပတ်သက်သည့် ရှေးအကျဆုံး အစောဆုံးသာဓကကို ဟေဗြဲသမ္မာကျမ်းစာပါ အချက်အလက်အချို့တွင် တွေ့ရှိရသည်။ ပါရှားနိုင်ငံ ဘုရင်၏ အလုပ်အကျွေးဖြစ်သူ Nehemiah သည် ဂျူဒီယာဒေသသို့ လုံခြုံ စိတ်ချစွာ ခရီးသွားလာနိုင်ရန် ပါရှားဘုရင်က အဆိုပါဒေသ အုပ်ချုပ်သူများသို့ ထောက်ခံစာရေးသားပေးခဲ့သည်ဟုဆိုသည်။

ပထမကမ္ဘာစစ်အတွင်းက ဥရောပအစိုးရသည် နိုင်ငံလုံခြုံရေးကိစ္စအတွက် နယ်စပ်ပတ်စ်ပို့ကို မိတ်ဆက်ပေးခဲ့သည်။ ၁၉၂၀ ပြည့်နှစ်များက ဗြိတိသျှခရီးသွားများသည် ကိုယ်ရေးအချက်အလက်များ၊ ဓာတ်ပုံများနှင့်အသေးစိတ်လုပ်ဆောင်ရမှုကို မနှစ်မြို့ဖွယ် လူ့ဂုဏ်သိက္ခာကင်းမဲ့စေသည်ဟု ဝေဖန်ခဲ့ကြသည်။ ကုလသမဂ္ဂသည် ၁၉၆၃ ခုနှစ်က ခရီးသွားကွန်ဖရင့်ကို စတင်ကျင်းပခဲ့သော်လည်း နိုင်ငံကူးလက်မှတ်လမ်းညွှန်ချက်များမှာယင်းကွန်ဖရင့်မှ မထွက်ပေါ်ခဲ့ပေ။ ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံကူးလက် မှတ်ဆိုင်ရာ စံသတ်မှတ်ချက်များ ပေါ်ထွက်လာခဲ့သည်။ —*Ref: Wikipedia*






**ARIES** — **မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)**

အနီးကပ်မှ ဖိတ်ကြားခံရသော ဖိတ်စာမရသည့် အလှူတစ်ခုသို့ သွားရောက်ရမည်။ အလှူ တွင် ဖိနပ်ပျောက်လိမ့်မည်။ အပြန်တွင် စီးနင်းသောကားပျက်လိမ့်မည်။ ထိုကဲ့သို့ဖြစ်ပြီးရက်ပိုင်းအတွင်း ကြုံတွေ့နေသည့် အညံ့အဆိုးများ အားလုံးကင်းစင်လွတ်မြောက်သွားလိမ့်မည်။ ပိတ်နေသော လမ်းများ ပြန်ပွင့်မည်။ ခက်ခဲသော ပြဿနာများ ပပျောက်အောင်ဖြေရှင်းနိုင်သော နည်းလမ်းများပေါ် လာမည်။



**TAURUS** — **ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)**

ထူးခြားသည့် အလှူခံပုဂ္ဂိုလ်တစ်ခုအား အလှူဒါနပြုပြီး အချိန်တိုကာလအတွင်း လာဘ်ပွင့်ခြင်း၊ ကံကောင်းခြင်းများ ဆက်တိုက်ဖြစ်ထွန်းမည်။ မျှော်လင့်မထားသည့် အခွင့် ကောင်းများ ပေါ် ပေါက်လာသည်။ ငွေ ရေး၊ ကြေးရေးကံကောင်းမည်။ ရည်မှန်းချက်နှင့် လိုလားမှု အလုံးစုံပြည့်ဝအဆင်ပြေမည်။ အလုပ်တိုးတက်မည်။ ရန်ပဋိပက္ခများနှင့် ရင်ဆိုင်ရန်နှင့် မတုံ့ပြန်ဘဲ စိတ်ရှည်သည်းခံခြင်းနှင့် အလုံးစုံအဆင်ပြေသွားမည်။



**GEMINI** — **မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)**

ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စရောထွေးခြင်းမရှိအောင် ထိန်းပါ။ ဆွေမျိုး၊ မောင်နှမသားချင်းများနှင့် ပတ်သက်၍ စိတ်ပင်ပမ်း၊ လူပင်ပမ်းဖြစ်တတ်သည်။ ကျန်းမာရေးဂရုစိုက်ပါ။ ယာဉ်၊ ကား မောင်းနှင်းမှုများ သတိရှိပါ။ အများကိစ္စ၊အဖွဲ့အစည်းကိစ္စများပါဝင်ပတ်သက်ခြင်းမပြုရ။ တစ်ပါးသူ ရှုပ်ထွေးထားသည့် ကိစ္စရပ်များ ကြားဝင်ဓားစားခံရကိန်းကြုံသည်။



**CANCER** — **ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)**

အနှောင့်အယှက်အခက်အခဲများ လွှမ်းမိုးနေသည်။ ပြဿနာများဖြစ်ပေါ် တတ်သည်။ အထင်မှားမှုများဖြေရှင်းရမည်။ စကားရှုပ်သောသူများနှင့် ကြုံမည်။ အိမ်တွင်းရေး၊ လူမှုရေးတွင်လည်း အညံ့အဆိုးများဆက် တိုက်ဖြစ်ပေါ် မည်။ ကိုယ်က မည်မျှအေးချမ်းစွာ နေစေ၊ ပြဿနာများအလိုအလျောက်ပေါ် ပြီး ဖြေရှင်းရမည်။ အိမ်ရှိအဖိုးတန်ပစ္စည်းများ တစ်ခုပြီးတစ်ခု ပျောက်တတ်သည်။



**LEO** — **သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)**

ဆောင်ရွက်နေသည့်လုပ်ငန်းကိစ္စများ ရုတ်ခြည်းရပ်တန့်ရမည်။ သစ္စာမဲ့သူများကြုံမည်။ မှန်းဆထားသည်က တစ်မျိုး၊ လက်တွေ့ဖြစ်လာသည်က တစ်မျိုးကြုံသည့်အပြင် ရှေ့ရေးအတွက် ချိန်ဆ၍ မရနိုင်အောင် အခြေအနေအရပ်ရပ်ရှုပ်ထွေးမည်။ ငွေများစွာ မြှုပ်နှံခြင်းမပြုရ။ ပစ္စည်းလှောင်ခြင်း၊ စျေးကစားခြင်းမပြုရ။ လုပ်သမှု အမှားအယွင်း၊ အတိမ်းအစောင်းများနှင့် ကြုံတတ်သည်။



**VIRGO** — **ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)**

စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ မိတ်ကောင်း၊ ဆွေကောင်းအကူအညီရမည်။ ကိုယ်တိုင်တွင်လည်းကောင်း၊ မိသားစုတွင်လည်းကောင်း၊ ကျန်းမာရေးအညံ့ကြုံ၊ ဆေးရုံဆေးခန်းရောက်မည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အရပ်ဝေးမှ အမျိုးသမီးမိတ်ဆွေတစ်ဦးနှင့် ဆက်နွှယ်ပြီး အလုပ်ကိစ္စ၊ ငွေကြေးကိစ္စ အဆင်ပြေမည်။ လူငယ်အမျိုးသားများအဖို့ အမျိုးသမီးများနှင့် ပတ်သက်သော စွပ်စွဲခံရကိန်းကြုံမည်။



**LIBRA** — **တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)**

လက်ဝယ်ရှိသော ငွေများကို ဖြုန်းတီးသုံးစွဲလိုစိတ်များ ပေါ် ပေါက်နေသည်။ အကျိုးမဲ့သည့် လုပ်ငန်းများငွေကုန်ခံပြီး လုပ်လိုစိတ်များပေါ် ပေါက်နေသည်။ မမျှော်လင့်ဘဲ ခရီးသွားရမည်။ သွားသော ခရီးအကျိုးရှိလိမ့် မည်။ ပျို့ရွယ်သူများအဖို့ ကာလအတန်ကြာကွဲကွာနေသော အရပ်တစ်ပါးရောက် မိတ်ဆွေဟောင်းများနှင့် ပြန်လည်ပေါင်းစည်းကာ အချိန်ဖြုန်းခြင်းများပြုမည်။



**SCORPIO** — **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)**

သေချာစီမံဆောင်ရွက်ထားသည့် ကိစ္စများအလွဲလွဲ၊ အချော်ချော်ဖြစ်မည်။ မူလရည်ရွယ်ထားသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်နေရသည်က တစ်မျိုးကြုံမည်။ လုပ်ငင်းပို၊ တာဝန်ပိုများကြုံမည်။ ပုံမှန်လုပ်ကိုင်နေသည့်လုပ်ငန်းများ အစား အရေးပေါ် ဆောင်ရွက်ရသော လုပ်ငန်းများ လုပ်ရကိန်းရှိသည်။ အတားအဆီးအနှောင့်အယှက်များ၊ အခက်အခဲများကို ကျော်လွှားပြီး တက်လမ်းရနိုင်သော ကာလဖြစ်သည်။




**SAGITTARUS** — **ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)**

အညံ့ကင်းစင်၍ စိတ်ချမ်းမြေ့စရာများရှိမည်။ အလုပ်အကြံအစည်အောင်မြင်မည်။ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်မည်။ စုပေါင်းတွဲဖက်လုပ်ငန်းများမှ ကောင်းသော အကျိုးဆက်ရရှိမည်။ ပေါ် ပေါက်လာသည့် အခွင့်အလမ်းများကို စနစ်တကျအသုံးချ၍ တက်လမ်းများရရှိသွားမည်။ စီးပွားရေးလုပ်သူများ မြှုပ်နှံထားသော ငွေမှ အကျိုးအမြတ်ကောင်းများရရှိမည်။



**CAPRICORN** — **မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)**

စိတ်ခံစားချက်ကို ဦးစားပေးပြီး လုပ်ကိုင်ခြင်းများမှ အမှားအယွင်းများတစ်ခုပြီး တစ်ခုဖြစ်ပေါ် မည်။ မည်သည့်ဆုံးဖြတ်ချက်ကို မဆို မိမိအကျိုးလိုလားသော သူများနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ ဆုံးဖြတ်ပါ။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ သူများပြဿနာ၊ ကိုယ့်ပြဿနာဖြစ်တတ်သည်။ ရန်အတိုက်အခံများကျော် လွှားပြီး တိုးတက်မှုများရမည်။ မိသားစုပြဿနာများကို ဦးဆောင်ဖြေရှင်း၍ အဆင်ပြေမည်။



**AQUARIUS** — **ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)**


အားနည်းသူဘက်မှ ရပ်တည်ဆောင်ရွက်လိုက်သော ကိစ္စများမှ အောင်မြင်မှုရရှိမည်။ ရန်အတိုက်အခံ၊ အခက်အခဲအားလုံးကိုကျော်လွှား၍ အောင်မြင်မှုရမည်။ မိတ်ကောင်း၊ ဆွေကောင်းများထံမှ ထူးခြားသော အထောက်အကူများရရှိမည်။ အလိုအလျောက်သူတစ်ပါးအပေါ် ဦးဆောင်ဦးရွက်ပြုရသော အနေအထား ကောင်းရမည်။ အတတ်ပညာနှင့်ပတ်သက်သော အောင်မြင်မှုများရရှိမည်။



**PISCES** — **မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)**

ပေါ် ပေါက်လာသည့် အခြေအနေအပြောင်းအလဲနှင့်အညီ လိုက်လံဆောင်ရွက်၍ ဝင်ငွေဥစ္စာတိုးပွားခြင်းရှိမည်။ အလုပ်စီးပွားတိုးတက်မည်။ အလှူမင်္ဂလာကိစ္စများပါဝင်ပတ်သက်ရမည်။ ပဋိပက္ခကြားမှ တက်လမ်းများရှာဖွေရမည်။ ကျန်းမာရေးဂရုစိုက်ပါ။ မည့်သည်ကိစ္စကို ဆောင်ရွက်စေသူတစ်ပါးအပေါ် လွှဲအပ်ပြီးဖြစ်စေ၊ အကူအညီမျှော်လင့်၍ဖြစ်စေဆောင်ရွက်ခြင်းမပြုသင့်၊ ကိုယ်တိုင်ဆောင်ရွက်ပါ။

# 7DAY PUZZLE ပဟေဋ္ဌိ အမှတ်စဉ်(၂၆၂)



## အလျားလိုက်

၄။ ဩစတြေးလျတက္ကသိုလ်တစ်ခု
၇။ တရားဝင်ဖြန့်ချိခွင့်ရသူ
၉။ အမေဇုန်မောင်းသူမဲ့လေယာဉ်ငယ်အမည်
၁၀။ ယခုနောက်ပိုင်းခေတ်စားလာသော ကွန်ပျူတာစနစ်တစ်ခု
၁၁။ ဘင်္ဂလားဒေ့ရှ်စျေးကွက်မျှော်၍ စိုက်ပျိုးသောအရာ
၁၂။ တယ်လီဖုန်းကုမ္ပဏီများ ကိုယ်ပိုင် စီစဉ်ခွင့်ရမည့် အစီအစဉ်တစ်ခု

## ဒေါင်လိုက်

၁။ 7 Day News တွင် စျေးနှုန်းဖော်ပြထားသော ပစ္စည်းတစ်မျိုး
၂။ ဆီးဂိမ်း ဇီးကွက်ရုပ်ကို ရည်ညွှန်းသောစကား
၃။ ပညာရေးတွေ့ဆုံပွဲလုပ်သောနေရာ
၅။ ဆီးဂိမ်းအချက်အလက်များ သိရှိနိုင်သော နေရာတစ်ခု
၆။ ဆေးပညာနယ်ပယ်တွင် ကုသမှုထက် ပိုကောင်းသောအရာ
၈။ မြန်မာများ သွားရောက်ဆေးကုသမှုများသောနိုင်ငံ


**Smart Dictionary ကံထူးသူ**

၁။ ကျော်ဇင်ဝင်း၊ ၁၂/ဥကမ(နိုင်)၀၀၀၂၃၄ ၁၃၅၊ သုမိတ္တာ(၅)လမ်း၊ ၁ ရပ်ကွက်၊ မ/ဥက္ကလာပ

**ကျန်အဖြေမှန်သူများ**

၂။ ဦးသောင်းအေး၊ ၁၂/သကတ(နိုင်)၁၇၄၆၁၇
၃။ စမ်းစမ်းအေး၊ ၁၂/လမန(နိုင်)၁၂၀၂၂၄
၄။ စောဂလက်စတုန်း၊ ၁၂/အစန(နိုင်)၀၄၃၂၇၉
၅။ မငွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁
၆။ ဦးအောင်စိုး၊ ၅/မရန(နိုင်)၀၃၉၂၉၀
၇။ မြတ်စိုးမောင်၊ ၁၄/ပသန(နိုင်)၁၈၅၁၁၁

**ပဟေဋ္ဌိ အမှတ်စဉ်(၂၆၁)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ........................................

**နေရပ်လိပ်စာ** ........................................................................................

ယခုတစ်ပတ်တွင် အဖြေမှန်သူ(၁၂) ဦးရှိပြီး ၎င်းတို့ထဲမှ အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်၍ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန် ၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများ အပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များ သို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၃-၁၂-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အထူး

**ပဟေဋ္ဌိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဋ္ဌိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဋ္ဌိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

## အခမဲ့ကြော်ငြာကဏ္ဍ

### ရောင်းမည်

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ၊ ဂုံညှင်း၊ နီတောအနောက် ဦးပိုင်အမှတ်(၁၅)၊ ပေ(၈၀×၁၅၀)။

ဖုန်း-၅၁၉၄၇၆

### ရောင်းမည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ အောင်မြင်လမ်း၊ ခြံအမှတ်(၅၇)၊ ပေ(၂၅×၆၀)။

ဖုန်း-၅၁၉၄၇၆

### Guide လုပ်ပေးသည်

Grade-10 နှင့် Grade-11 English, Biology ကို အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၄၂၁၀၃၃၀၆၈

### အိမ်လိုက်သင်သည်

မူလတန်းမှ အလယ်တန်းအထိ ကလေးများကို Study Guideလုပ်ပေးသည်။ အိမ်တိုင်ရာရောက် သင်ကြားပေးနေပါသည်။

ဖုန်း-၀၉ ၇၃၀၂၁၃၁၇

### တရုတ်စာ အခြေခံသင်တန်း

တရုတ်စာ အခြေခံသင်တန်း (ရေး၊ ဖတ်၊ ပြော) အိမ်တိုင်ရာရောက်သင်ကြားပေးသည်။ ကလေးများနှင့် အမျိုးသမီးများ သီးသန့်သင်တန်းရှိသည်။

ဖုန်း-၀၉ ၄၂၁၁၅၆၀၇၀

### မြန်မာစာ စကားပြောသင်သည်

နိုင်ငံခြားသားများ၊ အစိုးရ ပညာရေးကျောင်းနှင့် International ကျောင်းများမှ ကျောင်းသားများအတွက် မြန်မာစာ အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း-၀၉ ၇၃၀၄၉၅၄၃

### VICTOR

အင်္ဂလိပ်စကားပြော အခြေခံအားနည်းသူများအတွက် တစ်ဦးချင်းသင်ချင်သူများအတွက် သီးသန့်ရှိသည်။ အိမ်ဝိုင်းသင်ကြားပေးသည်။ဖုန်း-၀၉ ၅၀၉၆၇၉၄

### အိမ်လိုက်သင်သည်

၉၊ ၁၀ တန်း ဘာသာစုံ အိမ်လိုက်သင်သည်။ တစ်ဘာသာချင်းလည်း သင်ကြားနိုင်သည်။ ဖုန်း-၀၉ ၇၃၀၀၈၇၆၁

### ဆိုင်ခန်းငှားမည်

သမ္မတ ဟိုတယ်အနီး၊ စတုရန်းပေ (၂၅၀၀) ကြွေပြားခင်း၊ 1 MB,1BR၊ ရေချိုးခန်းအိမ်သာ နှစ်၊ ဖုန်းတစ်လုံး၊ အဲကွန်း သုံးလုံး၊ မီးစက်ပါသည်။

ညှိနှိုင်းလစာ သိန်း (၃၅)။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ရုံးခန်းငှားမည်

ပြည်လမ်းမအတွင်း ပေ (၄၀×၉၀)၊ 2RC၊ အခန်း သုံးခန်း၊ ဟောခန်း တစ်ခန်း၊ စတိုခန်းတစ်ခန်း၊ ဖုန်းနှစ်လုံး၊ အင်တာနက်လိုင်း၊ ညှိနှိုင်းလစာ ကျပ်သိန်း (၃၀)။

ဖုန်း-၀၉ ၄၃၀၈၃၇၃၁

### ကျော် ကားအငှားလုပ်ငန်း

မြို့တွင်း၊ နယ်ဝေး(လချုပ်/နှစ်ချုပ်)ကိုယ်ပိုင်ကားများငှားရန်အဆင်သင့်ရှိသည်။

ဖုန်း-၀၉ ၇၃၀၉၉၁၆၉

### ရောင်းမည်

Classic အင်္ဂလိပ် ဂန္ထဝင် စာအုပ်များ စျေးနှုန်းချိုသာစွာဖြင့်ရောင်းမည်။ Gone wiht the wind, Jame Band ရုပ်ရှင်၏ မူလဝတ္ထုစာအုပ်များနှင့် အခြားဂန္ထဝင်စာအုပ်များ ရောင်းမည်။

ဖုန်း-၀၉ ၄၃၀၉၆၄၁၀

### ငှားမည်

အိပ်ခန်း ရှစ်ခန်း၊ အနည်းဆုံးပါသော လုံးချင်းအိမ်ငှားလိုသည်။ အကျိုးဆောင်ခ တစ်ဝက်သာပေးရန်လိုသည်။

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

### ရောင်းမည်

သဃ်န်းကျွန်း၊ ပြည်တော်အေးလမ်း ငါးလွှာ၊ ပေ (၂၃×၅၀)၊ အခန်းနှစ်ခန်းဖွဲ့ပြီး ပါကေးခင်း၊ ရေချိုးခန်းနှင့် မီးဖိုချောင်း ကြွေပြားကပ်၊ သံပန်း၊ သံတံခါးတပ်ပြီး။ သိန်း (၃၇၀)။ ဖုန်း-၀၉ ၄၂၀၀၇၆၅၂၂

### အကျိုးတူ

မြန်မာမြေလုပ်ငန်းစုသို့ လှိုင်၊ ဗဟိုလမ်းပေါ်ရှိ ပေ (၁၆၀×၂၈၀)၊ ဂရန်မြေ၌ အကျိုးတူ ၁၈ ထပ်ကွန်ဒိုမီနီယံဆောက်လုပ်ချင်သော (Japan Construction Company)များဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉ ၇၃၁၄၇၇၉၃

### ငှားမည်

သုမင်္ဂလာလမ်းမပေါ် ပေ (၁၈×၅၅)၊ ငါးလွှာ၊ အသင့်နေ၊ စျေးတစ်လ-3L။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ငှားမည်

သံသုမာလမ်းမကြီးပေါ်၊ ပေ (၄၀×၆၀) 3BR၊ ဖုန်းပါ၊ ဆိုင်ဖွင့်ရန် သင့်တော်။ စျေးတစ်လ-20L။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ဝယ်လိုသည်

မြောက်ဥက္ကလာပမြို့နယ်ရှိ ရတနာကျွန်းရိပ်သာ၊ ရွှေဝတ်မှုန်နှင့် ငွေဝတ်မှုန်ရိပ်သာအတွင်းရှိ မြေကွက်များ အမြန်ဝယ်လိုသည်။

ဖုန်း-၀၉ ၇၃၂၀၀၄၈၂

### ရောင်းမည်

ရေကျော်၊ နှင်းပန်းလမ်း၊ လေးလွှာ၊ ဟောင်ကောင်နှစ်ထပ်၊ အပေါ်ထပ်ရေချိုးခန်း၊ အိမ်သာ၊ အိပ်ခန်းနှစ်ခန်း၊ အောက်ထပ်ရေချိုးခန်း၊ အိမ်သာ၊ အခန်းတစ်ခန်း၊ အပေါ်အောက်ပါကေးခင်းပြီး။ သိန်း(၄၅၀)

ဖုန်း-၄၂၀၀၀၄၄၃၂

### ရောင်းမည်

အမှတ် ၇၇၀၊ ၁၄၀ ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း) ပေ(၂၀×၆၀)၊ မြေပိုင်ငါးပေပါသည်။ ရောင်းစျေး-(၈၅သိန်း)။

ဖုန်း-၀၉ ၈၅၀၃၀၉၆

### ရောင်းမည်

သဃ်န်းကျွန်း၊ သုဒဿနလမ်းသွယ်၊ ပေ (၂၀×၆၀)၊ ဂရန်အမည်ပေါက်။ စျေး-1800L(ညှိနှိုင်း)။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ရောင်းမည်

တ/ဥ ငွေကြာရံ ၃ ရပ်ကွက်၊ ပေ (၄၀×၆၀)၊ ဂရန်အမည်ပေါက်။ စျေး-3900L(ညှိနှိုင်း)။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ရောင်းမည်

တ/ဥ ဟံသာဝတီလမ်းပေါ်၊ ပေ (၂၀×၆၀) ဂရန်၊ စျေး-2200L(ညှိနှိုင်း)။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ရောင်းမည်

ရတနာလမ်းမကြီးပေါ်၊ ပေ (၆၀×၆၀)၊ ဂရန်အမည်ပေါက်၊ စျေး-12000L (ညှိနှိုင်းစျေးဖြင့်)။

ဖုန်း-၀၉ ၃၁၆၈၇၀၁၂

### ရောင်းမည်

ပေ (၂၀×၅၀)၊ ခြောက်လွှာ၊ မင်းလမ်းထိပ်၊ ဗဟိုလမ်းမပေါ် အမှတ် ၄၈၊ ပါကေး၊ ကြွေခင်းကပ်၊ အိပ်ခန်း ခြောက်ခန်း၊ AC ။ သိန်း (၅၀၀)။

ဖုန်း-၀၉ ၅၀၄၁၃၉၃

### သင်ပေးသည်

ကွန်ပျူတာ အခြေခံမှစပြီး ကလေးငယ်များနှင့် လုပ်ငန်းခွင်တွင် ကျွမ်းကျင်စွာ သုံးတတ်စေရန် Internet & Email, MYOB, Peachtree အိမ်တိုင်ရာရောက်သင်ပေးသည်။

ဖုန်း-၀၉ ၄၄၄၀၁၁၂၇၉

### PENGUIN

Electro Mechanical Services အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်ရောင်းဝယ်ရေးမှ အိမ်အရောက် ဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၁ ၅၂၁၂၂၁

### Tr.Daw Aye Mi Aung

IELTS,TOEFL,SAT,GMAT (Regular & Intensive course)/GCE 'A', 'O'Level, Secondar 1-5 For IGESCE Courses/ English+Other Subjects For International Students.

PH: 09 420061774

### သင်ကြားပေးသည်

All International School များမှ ကလေးများကို သချာသီးသန့် Home Guide ပြုလုပ်ပေးပါသည်။

ဖုန်း-၀၉ ၂၅၀၄၉၃၅၆၆

### Chinese Speaking

တရုတ်ပြည်၊ ထိုင်ပေမြို့ပြန်ဆရာမလင်းကိုယ်တိုင်တရုတ်စကားပြော သင်သည်။

ဖုန်း-၀၉ ၇၃၀၄၉၅၄၃

### အလင်းရောင်စာသင်ဝိုင်း

၁၀ တန်း သီးသန့် နံနက် ၉ နာရီ ညနေ ၄ နာရီ။ ဘာတာမှတ်တိုင်၊ အင်းစိန်လမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်။

ဖုန်း-၀၉ ၃၁၂၉၃၂၁၉

### အိမ်အရောက် Guide သင်သည်

သူနာပြုတက္ကသိုလ်မှ ဘွဲ့ရ ကိုယ်တိုင် အိမ်အရောက်ဂိုက်သင်သည်။(အလယ်တန်း (မ)သီးသန့်)

ဖုန်း-၀၉ ၄၂၁၆၅၅၃၄

### အိမ်လိုက်သင်ပေးသည်

English,Math မူလတန်း၊ အလယ်တန်း Study Guide လုပ်ပေးသည်။ ဘာသာစုံ (မူလတန်း၊ အလယ်တန်း)

ဖုန်း-၀၉ ၂၅၀၁၆၆၄၈၃

### Queen FASHION

အပ်ချုပ်သင်တန်း(၁)ဖက်ရှင်ဒီဇိုင်းတစ်ဘာသာ (တစ်ပတ်) (၂)အခြေခံမှစ၍ ဘာသာစုံအထူးသင်တန်း(နှစ်လ) (ဒေါ်တင့်တင့်) ဖုန်း-၀၉ ၅၁၃၂၃၇၃

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.40 ▪ DECEMBER 11 , 2013

စာမျက်နှာ(၂၄)မှ

## မင်းဒင်ရဲ့ သက်ခိုင် – ၂

သူ့အိမ်မှာ ကျားနှစ်ကောင်မွေးထားသတဲ့။ အခု သူ့ဇနီးထိုင်းအမျိုးသမီးဟာ ဖူးခက်ရဲ့အချမ်းသာဆုံးဆွေတော်မျိုးတော်တဲ့ဗျာ။ သူဟာဗမာပြည်ကြီးလွတ်မြောက်စေချင်လွန်းလို့ ကိုယ်ပိုင်ဟယ်ရီကော်ပတာကိုမောင်းပြီးကျောင်းသားခေါင်းဆောင်မင်းကိုနိုင်ကိုအကျဉ်းထောင်ထဲမှာသွားတွေ့ဖူးသတဲ့။ တိုင်ပြည်လွတ်လပ်ရေးအတွက်မင်းလက်နက်ဘယ်လောက်လိုသလဲ။ ငါပံ့ပိုးနိုင်တယ်ဆိုပဲ။ သူ့ အပြောကတော့ ဒီကလေးကလက်နက်ကိုင်ပြီးတိုက်ပွဲဝင်မယ့်အစားထဲကမဟုတ်ဘူးတဲ့။ အမယ်ဒါတင်ဘယ်ကပဲ့မလဲ။ သူကဗိုလ်ချုပ်မှူးကြီးမောင်အေးကို ကိုယ်တိုင်တွေ့ပြီး ကိုအေး ခင်ဗျားငွေဘယ်လောက်လိုသလဲ မေးဖူးသတဲ့ဗျာဦးတိုးအောင်အကြောင်းကိုကျွန်တော်ပြောရင်ကပေါက်တိကပေါက်ချာဖြစ်နေမယ်။ ဒါကိုတော့ခင်ဗျား နည်းနည်းသည်းခံပေတော့။ ခက်တာက ကျွန်တော့်မလည်း မပတ်သက်ချင်ပါဘူးဆိုပါလျက် တည့်တည့်တိုးနေတဲ့အဖြစ်ဗျ။ ဗိုလ်တိုးပြောပေါက်ဆိုပေါက်ကို ကြည့်မရတာနဲ့ ကျွန်တော်လည်းသူနဲ့ခပ်ကင်းကင်းနေလိုက်တဲ့အချိန်မှာပဲ ကျွန်တော့်ကိုအားကိုးပြုပြီး တူလိုသားလိုခင်မင်နေတဲ့ မောင်မျိုးဝင်းဆိုတဲ့ သူငယ်ကအိမ်ထောင်ပြုဖို့ကျွန်တော့်ကိုတိုင်ပင်သဗျ။ ဟကောင် သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတဲ့ စကားရှိသားပဲ။ မင်းအရွယ်က လေးဆယ်နားကပ်နေပြီမို့ ပွင့်ချိန်တောင်မဟုတ် ကြွေချိန်တောင်ရောက်နေပါပကောဆိုပြီး ခပ်သောသောပြောမိတော့အမယ်မင်းသူယူမယ့်မိန်းကလေးဟာ ဗိုလ်တိုးရဲ့သမီးဆိုပဲ။ ဇာတ်ကတော့ အတော့်ကိုရှုပ်တယ်ဆိုရမဗျ။ ကျွန်တော့်စိတ်ထဲမှာဗိုလ်တိုးသမီးဆိုတာကိုကြားလိုက်ရတာနဲ့အတော့်ကို စိတ်ဝင်စားမိတာတော့ အမှန်ပဲ။ ဘယ့်နှယ့် အိမ်မှာဘင်္ဂလားကျားနှစ်ကောင်မွေးထားတဲ့ ထိုင်းဆွေကြီးမျိုးကြီးဗိုလ်တိုးအောင်သမီးနဲ့ ငါ့ကောင် လူရိုးမောင်မင်းကြီးသားမျိုးဝင်းဘယ်လိုများဖူးစာဆုံကြပါလိမ့်ပေ့ါဗျာ။

ကျွန်တော်သေချာမေးမြန်းလေ့လာတော့မှ ဗိုလ်တိုးဟာ မီးရထားလက်မှတ်စစ်ဆိုပဲ။ တပည့်ကျော်မောင်မျိုးဝင်းရဲ့ ယောက်ကွမလောင်းအမကြီးကလည်း မှော်ခိုခေတ်ကောင်းစဉ်က ဖလန်းဖလန်းထပြီး အချစ်ပန်းပွင့်လိုက်ပုံများ အိမ်ထောင်ခုနစ်ခါကျဆိုပဲဗျာ။ အနှီအိမ်ထောင်များထဲကစတုတ္ထမြောက် အိမ်ထောင်ကဗိုလ်တိုးပါပဲတဲ့ခင်ဗျား။ နေဦးဗျ။ မျိုးဝင်း ကျွန်တော့်ကို တိုင်ပင်တာကငွေ ခန်းကြေးခန်းမဟုတ်ရှာပါဘူး။ သူ့မင်္ဂလာဆောင်ဖိတ်စာမှာဗိုလ်တိုးနာမည်ထည့်ရေးမထည့်ရေးကိစ္စဗျ။ ကျွန်တော်လည်းသေချာစဉ်းစားကြည့်တော့ မျိုးဝင်းရဲ့ဇနီးလောင်းဟာဗိုလ်တိုးသမီးဆိုတာ ဖူးခက်ရောက်သူတို့ရွာသားတွေအကုန်သိနေတာမို့ထည့်သာထည့်လိုက်ပါကွာ။ မိဘနဲ့သားသမီး ဘယ်လိုတားတားအခြားမထင်ဆိုပြီး မဟာရွှေဉာဏ်တော်နဲ့ ဆုံးဖြတ်လိုက်မိတာ ဘယ်လိုမှထင်မှတ်မထားတဲ့ ဇာတ်ရှုပ်တစ်ခုကြုံ ရတော့တာပါပဲ။

မင်္ဂလာဆောင်ဖိတ်စာလည်းဖတ်ပြီးရော ဗိုလ်တိုးဟာအဲဒီမင်္ဂလာပွဲကိုမပျက်ပျက်အောင်သူ့ဩဇာအာဏာသုံးပြီးဖျက်မယ်ဆိုတဲ့ရာဇသံကျွန်တော့်ဆီရောက်လာတော့တာပါပဲဗျာ။ အမှန်တော့ မျိုးဝင်းရဲ့ဇနီးလောင်းဟာဗိုလ်တိုးသမီးဆိုတာရွာခံမြို့ခံတော်တော်များများသိပြီးသားကိစ္စပါ။ ခက်တာကဗိုလ်တိုးရဲ့ရာဇသံကို မလွန်ဆန်ဝံ့ကြတာတော့ အမှန်ပဲဗျ။ ကျွန်တော်ကတော့ ပေါက်တဲ့နဖူးမထူးတော့ဘူးဆိုပြီး ဗိုလ်တိုးမကလို့ဗိုလ်တိုးအဖေလာပေ့စေ မင်္ဂလာပွဲကိုတော့ မပျက်စေရဘူးဆိုပြီး ဖူးခက်၊ ဖနင၊ ကဘိသုံးခရိုင်ထောက်လှမ်းရေးတာဝန်ခံဗိုလ်မှူးကြီးဝစ်ရှာဝပ်ကို ဇွတ်အတင်းချောဆွဲပြီး လူမိုက်လုပ်ရတော့တာပါပဲ။ တကယ်တော့ဗိုလ်တိုးဟာသကြန်အမြောက်ပါ။ မင်္ဂလာပွဲဟာ အေးအေးချမ်းချမ်းပြီးသွားခဲ့ပါတယ်။ နေဦးဗျ။ ဗိုလ်တိုးလို လူတစ်ယောက်ဟာ ကျွန်တော့်လို လူလည်ကို နဝေတိမ်တောင်ဖြစ်အောင်လုပ်နိုင်တာကလည်းနည်းတဲ့အရည်အချင်းတော့မဟုတ်ဘူး။ ဗိုလ်တိုးရဲ့ ထူးခြားချက်ကတော့ စာဖတ်အားကောင်းခြင်းပါပဲ။ သူဟာဝန်ကြီးချုပ်ဟောင်းဦးနုထိုင်းဘက်ကို တိမ်းရှောင်လာစဉ်က ဦးသွင်နဲ့အတူပါလာတယ်လို့လည်းဆိုသဗျ။ ။

(ဆက်လက်ဖော်ပြပါမည်။)



## JOKE

### ကူညီလိုသူ

မစ္စစ်ဂျက်စီကာသည် စိတ်ပညာဘွဲ့ရပြီးနောက် မူလတန်းကျောင်းတစ်ကျောင်းတွင် ကလေးများ စိတ်ဓာတ်မြှင့်တင်ရေးဆရာမအဖြစ်အလုပ်ရသည်။ အလုပ်သစ်တွင် ကလေးများကို ကူညီရန် အလွန်စိတ်အားထက်သန်နေသော မစ္စစ်ဂျက်စီကာသည် တစ်နေ့တွင် အားကစားကွင်းတစ်ခုတွင် တခြားကလေးငယ်များက ဘောလုံးတစ်လုံးနှင့် ပြေးလွှားဆော့ကစား နေကြစဉ် ကလေးငယ်တစ်ဦးတည်းကစားကွင်းတစ်ဖက်တွင်မတ်တတ်ရပ်နေသည်ကို တွေ့ရသည်။ မစ္စစ်ဂျက်စီကာက ကလေးငယ်နားမယောင်မလည်နှင့် သွားပြီး"အဆင်ပြေရဲ့လား"ဟုမေးရာ ကလေးငယ်က "အားလုံးကောင်းပါတယ်"ဟု ပြောလိုက်သည်။ ခဏအကြာ ထိုနားမှာပင် ကလေးငယ်ကို တွေ့ပြန်ရာ မစ္စစ်ဂျက်စီကာ "ငါမင်းနဲ့ သူငယ်ချင်းလို ခင်လို့ရမလား"ဟု မေးမြန်းရာ ကလေးငယ်က "အိုကေ"ဟု စကားပြန်၏။ မစ္စစ်ဂျက်စီကာအားတက်လာပြီး "ဒါနဲ့ နေပါဦး၊ ဟိုမှာမင်းသူငယ်ချင်းတွေက ဘောလုံးကစားနေချိန်မှာ မင်းကဒီမှာ ဘာဖြစ်လို့တစ်ယောက်တည်းရပ်နေတာလဲ" ဟု မေးမြန်းလိုက်သည်။ ဤတွင် ကလေးငယ်က စိတ်မရှည်နိုင်စွာဖြင့် "ကျွန်တော်က ဒီပွဲမှာ ဂိုးသမားလေဗျာ"ဟု ပြန်ပြောပါတော့သည်။

### အတူတူပဲ

တစ်နေ့တွင် ဇနီးသည် ဆူဆန်က ညှော်ခန်းထဲတွင် ဝမ်းလျားမှောက်ပြီး ရုပ်သံမှ ဟင်းချက်အစီအစဉ်များကို အားရပါးရကြည့်နေသည်။ ထိုစဉ် ခင်ပွန်းဖြစ်သူဝင်လာပြီး "မင်းကွာ ထမင်းဟင်းချက်တာလည်းမဟုတ်ပဲနဲ့များ ဒီအစီအစဉ်ကို ထိုင်ကြည့်နေသေးတယ်"ဟု ပြောလိုက်ရာ ဇနီးသည်က ယောကျ်ားဖြစ်သူဘော့ဘ်ကို "ရှင်ကော ဘောလုံးမကစားတတ်ပဲ ဘာဖြစ်လို့ဘောလုံးပွဲတွေ ထိုင်ကြည့်နေရတာလဲ"ဟုပြန်မေးပါတော့သည်။

စာမျက်နှာ(၂၃)မှ

## အခွန်စနစ်နဲ့ ဖွံ့ဖြိုးတိုးတက်ခြင်း

အစိုးရဝန်ထမ်းဟုတ်ဟုတ်၊ မဟုတ်ဟုတ်အသက်ကြီးလို့အလုပ်ကအနားယူတဲ့အချိန်မှာသက်ကြီးစုငွေကိုအစိုးရကပြန်ပေးပါတယ်။ တစ်နှစ်လုံးဝင်ငွေ ဒေါ်လာတစ်သောင်းအောက် ဝင်သူများကိုတော့ ဝင်ငွေနည်းပါးသူလို့သတ်မှတ်ပြီး ကျန်းမာရေးအာမခံနဲ့သက်ကြီးစုငွေလိုဟာမျိုးကလွဲလို့အခွန်ကောက်ခံခြင်းမရှိပါဘူး။ တစ်ခါတစ်နှစ်ကို ဒေါ်လာလေးသောင်းဝင်တဲ့သူများကတော့ ၂၀ ရာခိုင်နှုန်းထက် အခွန်ကိုပိုပေးရပါတယ်။ တစ်နှစ်ကို ဒေါ်လာတစ်သိန်းဝင်တဲ့သူများအတွက်လည်းရာနှုန်းပိုမြှင့်ထားပါတယ်။ဝင်ငွေများလာရင်များ လာသလို အခွန်ကောက်တဲ့နှုန်းထားကလည်းမြင့်တက်လာပါတယ်။ ဒါက နိုင်ငံအလိုက်သတ်မှတ်ထားတဲ့ အခွန်အခနှုန်းထား အပေါ်မှာမူတည်ပါတယ်။ တစ်နှစ် တစ်နှစ် ဒေါ်လာသန်းနဲ့ချီပြီးဝင်ငွေရှိတဲ့စီးပွားရေးကုမ္ပဏီကြီးတွေဆိုရင် ပေးရတဲ့အခွန်နှုန်းထားက အတော်ကြီးမြင့်မားပါတယ်။ ဥပဒေနဲ့နည်းနာတွေနဲ့ အခိုင်အခံ့လုပ်ထားတဲ့ နိုင်ငံတွေမှာတောင် အခွန်ရှောင်တာ၊ ဝင်ငွေလိမ်ပြပြီး အခွန်လျှော့ပေးတာ အစရှိတဲ့ပြဿနာတွေကိုမကြာ ခဏကြုံတွေ့ရပါတယ်။ ဒါပေမဲ့ အရေအတွက်အားဖြင့် နည်းပါးတယ်လို့ဆိုနိုင်ပါတယ်။ မြန်မာပြည်လို အခွန်ကောက်ခံခြင်းနဲ့ပတ်သက်လို့နှစ်ဖက်လက်ဝါးရိုက်လုပ်လေ့ရှိတဲ့နိုင်ငံမှာ နှစ်စဉ်ရရှိရမယ့်အခွန်တော်ငွေဟာ မှန်မှန်ကန်ကန်မရရှိဘူးဆိုတာ ကျိန်းသေပေါက်ပြောနိုင်ပါတယ်။

တိုင်းပြည်မှာ သန်းကြွယ်သူဌေးတွေတိုးပွားလာတယ်၊ များလာတယ်ဆိုပေမယ့် နိုင်ငံသားအများစုဟာ သတ်မှတ်ထားတဲ့အဆင့်အတန်းတစ်ခုအထိ ပညာမသင်ယူနိုင်ဘဲ ဆင်းရဲတွင်းကလည်းနက်သထက်နက်လာတယ်ဆိုရင် နိုင်ငံရေးစနစ်နဲ့ စီမံခန့်ခွဲရေးစနစ်တွေအကြီးအကျယ် မှားယွင်းနေပြီး တည်ဆဲဥပဒေများမခိုင်ခံ့တာ၊ အားနည်းတာကြောင့်ဖြစ်ရတာလို့ပြောနိုင်ပါတယ်။ ဒီလိုမျိုးမှားယွင်းနေတာကိုပြန်ပြီးပြုပြင်ထိန်းကျောင်းဖို့ ယခုအာဏာရအစိုးရမှာ အဓိကတာဝန်ရှိပါတယ်။ ခေါင်းရှောင်ဖို့မကြိုးစားသင့်ပါ။ မြန်မာနိုင်ငံရဲ့အခွန်ကောက်ခံတဲ့စနစ်ကို ခေတ်နဲ့ အညီဖြစ်အောင်၊ ခိုင်ခံ့အောင် စနစ်တကျပြန်လည်ပြုပြင်ပြီး ဘယ်သူ့မျက်နှာကိုမှမထောက်ဘဲ အခွန်တော်ကိုကောက်ခံဖို့အထူးလိုအပ်ပါကြောင်း။

**ဝန်ထမ်းအလိုရှိသည်**

| ရန်ကုန်ရုံးချုပ် | | အရေအတွက် |
| --- | --- | --- |
| (၁) Admin Executive (ဘွဲ့ရ၊ ကွန်ပျူတာကျွမ်းကျင်၊ အင်္ဂလိပ် အရေးအပြော) | မ | (၁) |
| (၂) Admin Staff (၁၀တန်းအောင်/ဘွဲ့ရ ကွန်ပျူတာအသုံးပြုနိုင်သူ) | ကျား/မ | (၃) |
| (၃) Accountants (B.com/ B.Act/ LCCI Level (3), Excel ကျွမ်းကျင်) | ကျား/မ | (၂) |
| **ချောင်းသာကမ်းခြေ ဟိုတယ်** | | |
| (၅) Hotel/Restaurant Manager (ဘွဲ့ရ၊ သင်တန်းဆင်း) | ကျား/မ | (၂) |
| (၆) Head Waiter/Waiter (၁၀ တန်းအောင်၊ သင်တန်းဆင်း) | ကျား | (၆) |

*လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်*

CV၊ဓာတ်ပုံ၊ မိတ္တူများနှင့် (၃၁.၁၂.၂၀၁၃) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ အမှတ် (၉၉)၊ 4-B၊ Lamai ကွန်ဒို၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း–၀၁ ၅၁၁၄၁၄ ၊ ၅၂၃၉၈၈

တစ်လလျှင် (၁၀)သိန်းမှ သိန်း(၂၀)ဝန်းကျင်အထိရရှိသော ကိုရီးယားသို့သွားရောက်လိုသူများအတွက်

**ဆရာ ဦးဇော်လင်း (B.A , Korean , YUFL) ၏**

**" ဟာနူးလ် " "하늘" 한국어 학원**

**ကိုရီးယား ဘာသာသီးသန့်သင်တန်းကျောင်း**

- ကိုရီးယားဘာသာစကားကို အခြေခံမှစ၍ အဆင့်မြင့်သဒ္ဒါများ၊ စကားပြောများ၊ ဘာသာပြန် လေ့ကျင့်ခန်းများနှင့် (EPS-TOPIK) မေးခွန်းများကို (4 Skills) ပြည့်စုံစွာ သင်ကြားပေးနေပါသည်။
- စာကိုကောင်းစွာ တတ်မြောက်စေရန်၊ အမြန်သွားနိုင်စေရန်၊ အလုပ်ကောင်း၊ လစာကောင်း များရရှိစေရန် ကိုရီးယားရှိ စက်ရုံအလုပ်ရုံပေါင်းများစွာနှင့် လေဘာရုံးတို့တွင် သွားရောက်လေ့လာ ခဲ့သော အတွေ့အကြုံရင့် ဆရာမှ အစမှအဆုံးထိ ပြည့်စုံစွာ လမ်းညွှန်သင်ကြားပေးနေပါသည်။

**သင်တန်းစတင်မည့်ရက် >> (23-12-2013)**

သင်တန်းနေရာ(၁) >> လှည်းတန်းလမ်းဆုံ၊ တိုက်(5)၊ (C - 6) ၊ 6 လွှာ၊ ၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သင်တန်းနေရာ(၂) >> အလင်းရောင်မူလတန်းကျောင်းအနောက်ဘက်၊ လမ်းမတော်၊ အမှတ်(၆) ရပ်ကွက်၊ မြင်းခြံမြို့။ **Ph : 09 - 400475420, 09 - 47113848, 09-31426782**

TRI

TRI Fashion တွင်တာဝန်ထမ်းဆောင်ရန်အောက်ပါဝန်ထမ်းများအလိုရှိသည်။

1.Cashier F (2) Posts

- တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီး အသက်(၃၀)နှစ်အောက်ဖြစ်ရမည်။
- ကွန်ပျူတာအခြေခံ နားလည်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိပြီး အိမ်ထောင်မရှိသူဖြစ်ရမည်။

2.Sales Girls F (10) Posts

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ဆက်ဆံရေးပြေပြစ်ကောင်းမွန်သူဖြစ်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိပြီး အိမ်ထောင်မရှိသူဖြစ်ရမည်။

3.Graphic Designer M (2) Posts F (2) Posts

- တက္ကသိုလ်တစ်ခုမှဘွဲ့ရရှိထားသူဖြစ်ရမည်။
- Graphic Design Course Certificate လက်မှတ်ရရှိထားပြီး Adobe Photoshop, Illustrator, Indesign software များအားကျွမ်းကျင်စွာအသုံးချနိုင်ရမည်။
- အသက်(၃၀)နှစ်အောက် အိမ်ထောင်မရှိသူဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက်ရိုးသားကြိုးစားပြီး သွက်လက်စွာပြောဆိုလုပ်ကိုင်နိုင်သူ၊ သင်ယူလေ့လာလိုစိတ်ရှိသူ၊ စည်းကမ်းတကျ နေထိုင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် C.V Form ၊ ဓါတ်ပုံ(၂)ပုံ၊ အခြားထောက်ခံစာအပြည့်အစုံနှင့်အတူ (၂၅.၁၂.၂၀၁၃) နောက်ဆုံးထားလာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ – အမှတ် (၄)၊ ဝဂ်ဘာလမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-556147

Environment

7 DAY NEWS JOURNAL

Vol.12, No.40 • DECEMBER 11 , 2013

# မြန်မာ – ထိုင်းနယ်စပ်တွင် ဆင်ပေါက်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ-၅**

ထိုင်းနိုင်ငံ၏ ဆင်အခြေပြုသဘာဝအခြေခံ ခရီးသွားလုပ်ငန်းများတွင် ဆင်လိုအပ်ချက်များပြားနေ၍ ထိုင်း-မြန်မာနယ်စပ်တွင် ဆင်ပေါက်များ တရားမဝင် ရောင်းဝယ်ဖောက်ကားခြင်းများ ရှိနေကြောင်း အာဆီယံဆင်များ ထိန်းသိမ်းရေး ဖောင်ဒေးရှင်း ဒါရိုက်တာကာ မန်းရိတ်ဒ်မိတ် ကာက ပြောသည်။

ထိုသို့ ရောင်းဝယ်ဖောက်ကားနေမှုများကို မြန်မာနိုင်ငံအနေဖြင့် တားဆီးကာကွယ်ရန် လိုအပ်သောကြောင့် နယ်စပ်ဒေသများကို အထူးဂရုပြုလေ့လာစောင့်ကြည့်သင့်သည်ဟု အဆိုပါပုဂ္ဂိုလ်က ပြင်သစ်ယဉ်ကျေးမှုဌာနတွင် ကျင်းပပြုလုပ်သည့် အာရှဆင်များ ထိန်းသိမ်းစောင့်ရှောက်ရေး သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

"ထိုင်းနိုင်ငံမှာ မြန်မာဆင်ပေါက် တစ်ကောင်ကို အမေရိကန်ဒေါ်လာ ၂၅၀၀ ပေါက်စျေးရှိတယ်။ မြန်မာနိုင်ငံအတွက် အရမ်းနစ်နာပါတယ်။ ဒါတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်သင့်ပါတယ်" ဟုမစ္စတာမန်းက ပြောကြားသည်။



*အာရှဆင်မျိုးစိတ် ဆင်ပေါက်တစ်ကောင်*

ရောင်းဝယ်ဖောက်ကားမှုသည်တစ်နှစ်လျှင် အကြိမ်မည်မျှကျူးလွန်သည်ကို ပြောဆိုရန်တိကျသည့် အချက်အလက်များရရှိရန် မြန်မာအစိုးရနှင့် ပူးပေါင်းပြီး ဂျီပီအက်စ်များနှင့် မှတ်တမ်းတင်ခြင်း၊ နယ်စပ်ဖြတ်ကျော်သော ထိုင်းနိုင်ငံရောက် မြန်မာ ဆင်ပေါက်များကို ဒီအင်န်အေ စစ်ဆေးခြင်းပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိသည်ဟုမစ္စတာမန်းက ပြောသည်။

ကမ္ဘာပေါ်တွင် အာရှဆင်ငါးသောင်းခန့်သာ ကျန်ရှိတော့ပြီး အိန္ဒိယနိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည်အာရှဆင်အများဆုံးကျန်ရှိသည့် ဒုတိယနိုင်ငံဖြစ်သည်။

ကမ္ဘာပေါ်တွင် အာရှဆင်များသည် နှစ်ပေါင်းတစ်ရာ အတွင်း ၉၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားပြီဖြစ်ရာ အာရှဆင်များကို ထိန်းသိမ်းခြင်းမပြုပါက လာမည့်နှစ်ပေါင်း၃၀ အတွင်းပျောက်ကွယ်သွားမည့် အလားအလာရှိသည်ဟု မစ္စတာမန်းကဆိုသည်။

သစ်တောများ ပြုန်းတီးခြင်းကြောင့် ဆင်ကျက်စားသည့် ဒေသများ ကျဉ်းမြောင်းလာကာ ဆင်နှင့်လူပဋိပက္ခဖြစ်ပွားမှုများ မြန်မာနိုင်ငံတွင် မကြာခဏဖြစ်ပွားလျက်ရှိပြီး ဆင်နှင့်လူပဋိပက္ခအပြင် ရခိုင်ရိုးမအစပ် ဧရာဝတီတိုင်းဒေသကြီးတွင် ဆင်လိုက်မုဆိုးများက ဆင်များကို သတ်ဖြတ်မှုများ ရှိနေသည်။

ယခင်က ဆင်စွယ်ကို လှီးဖြတ်ရောင်းချခြင်းပြုလုပ်ရာမှ ယခုအခါ ဆင်သားရေနှင့် ဆင်တစ်ကိုယ်လုံးရှိ အစိတ်အပိုင်းများကို အပိုင်းပိုင်းဖြတ်ရောင်းချခြင်းများတွင်ကျယ်စွာ လုပ်ဆောင်လာကြသည်ဟု သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပြောကြားထားသည်။

# ဝါးချစ်သူများ အသင်းဖွဲ့စည်းပြီး ဝါးထုတ်ကုန်များကို မိတ်ဆက်မည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

မြန်မာအစိမ်းရောင်ကွန်ရက်သည် လာမည့်နှစ်တွင် ဝါးချစ်သူများ အသင်းဖွဲ့စည်း၍ ကျေးလက်နေပြည်သူများအတွက် ဝါးထုတ်ကုန်များကို မိတ်ဆက်မည်ဟု သတင်းရရှိသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် အလေ့ကျပေါက်ရောက်သည့် ဝါးပင်များသည်ခုတ်ယူသုံးစွဲမှုကြောင့် ရှားပါးလာသည့်အတွက် ဝါးကို စနစ်တကျစိုက်ပျိုးပြီး ကျေးလက်နေပြည်သူများအား ဝါးထုတ်ကုန်များနှင့် ပတ်သက်၍ နည်းပညာများကိုဖြန့်ဝေသွားမည်ဟုမြန်မာအစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ဝါးပင်သည် မြေနေရာမရွေးပေါက်ရောက်နိုင်ပြီး သစ်ပင်ထက် ၃၅ ဆ အောက်စီဂျင် ထုတ်လွှတ်ပေးနိုင်သည့်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကျိုးပြုပြီး နိုင်ငံတကာတွင်လည်း ဝါးမီးသွေး၊ အဝတ်အထည်၊ ဘီယာ၊ ဆေး စသည့် ထုတ်ကုန်များထုတ်လုပ်၍ အခြားနိုင်ငံများသို့ တင်ပို့လျက်ရှိရာမြန်မာနိုင်ငံတွင်လည်း ထိုသို့ပြုလုပ်နိုင်ပါက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်များ ပေးနိုင်မည်ဟု ဆိုသည်။

"ဝါးက ကျေးလက်နေ ပြည်သူတွေနဲ့ ရင်းနှီးပြီးသားပဲ။ နည်းပညာနဲ့ပေါင်းစပ်နိုင်ရင်တွင်ကျယ်လာနိုင်တယ်။ အိတ်စ်ပို့ လုပ်ဖို့ စက်ရုံကြီးမဟုတ်တောင် အသေးစား စက်ရုံလေးလုပ်နိုင်ရင်သူတို့အတွက် အဆင်ပြေနိုင်တယ်" ဟု ဒေါ်ဒေဝီသန့်စင်က ပြောသည်။

ထိုသို့ စိုက်ပျိုးနိုင်ရန် ဝါးပင်များ ပေါက်ရောက်သည့် ဒေသအချို့ကိုလည်း ပညာရှင်များနှင့် ပူးပေါင်း၍ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဝါးမှ ထုတ်ကုန်များကို ပြုလုပ်နိုင်ရန် မြန်မာအစိမ်းရောင်ကွန်ရက်၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် ကာကွယ်ရေးအသင်း BANCA အသင်းတို့နှင့် စိတ်ဝင်စားသည့် အဖွဲ့အစည်းအချို့တို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်မည်ဖြစ်သည်။

# FFF အဖွဲ့က သစ်တောအမှီပြုနေထိုင်သူများဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကန်ဒေါ်လာကိုးသောင်းကျော်ထောက်ပံ့ကူညီ

**အိဖြူမွန်**

**ရန်ကုန်၊ ဒီဇင်ဘာ –၄**

ပြည်နယ်နှင့် တိုင်းဒေသကြီးသုံးခုတို့တွင် သစ်တောအမှီပြုနေထိုင်သူများကိုဖွံ့ဖြိုးရေးအကူအညီပေးရန် နိုင်ငံတကာအခြေစိုက်Forest and Farm Facility အဖွဲ့က မြန်မာနိုင်ငံသို့ ဒေါ်လာကိုးသောင်းနှစ်ထောင်ထောက်ပံ့ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါ ထောက်ပံ့ငွေများဖြင့် သစ်တောအမှီပြုနေသူများ၏ လူမှုဘဝမြင့်မားရေး၊ သစ်တောအမှီပြု၍ စားဝတ်နေရေးဖြေရှင်းရာမှ အခြားနည်းဖြင့်ဖြေရှင်းသည့်နေရာများတွင် ကူညီပေးရေးနှင့် သစ်တောအမှီမပြုဘဲ အခြားလုပ်ငန်းပြောင်းလဲလုပ်ကိုင်မှုများတွင် ဈေးကွက်ရှာဖွေခြင်း၊ ကွန်ရက်ချိတ်ဆက်အလုပ်လုပ်ကိုင်နိုင်ရေးများကို ထောက်ပံ့မည်ဟု သိရသည်။

သစ်တောအမှီပြုသူများကို ထောက်ပံ့ပေးရန်ပြည်တွင်း၌ သဘာဝပတ်ဝန်းကျင် ဖွံ့ဖြိုးရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးကို လုပ်ဆောင်နေသည့် အဖွဲ့အစည်းခြောက်ခုနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်သည်။ အဆိုပါအဖွဲ့များမှာ (ECCDI), (SVS), (SDF), (FOW),(MCS) နှင့် မြန်မာ့ကျန်းမာရေးဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့ဖြစ်သည်။ အဆိုပါအဖွဲ့အစည်းများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့နှင့်ပူးပေါင်းပြီးရှမ်းပြည်နယ်ရှိ အင်းလေး၊ ရွာငံဒေသနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း အရှေ့၊ အနောက်နှင့်ဥတုဒေသတို့တွင် ထောက်ပံ့ပေးမည်ဖြစ်သည်။ ထိုဒေသများအပြင် ၂၀၁၃ ခုနှစ်မှစတင်ပြီး ပြည်တွင်းပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးနေသည့် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ကိုလည်း ထပ်မံထောက်ပံ့ကူညီမည်ဖြစ်သည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒီဇင်ဘာလ ၁၅ ရက်တွင်စတင်မည်ဖြစ်ပြီးအဆိုပါ အဖွဲ့ခြောက်ဖွဲ့စီမံကိန်းများကို ခြောက်လအတွင်းပြီးစီးရန်မျှော်မှန်းထားသည်ဟု သိရသည်။ သစ်တောအခြေခံအသုံးပြုသူများကို ၁၉၉၅ခုနှစ်တွင် ဒေသခံလူထုအခြေပြုသစ်တောများ တည်ထောင်ခြင်းလမ်းညွှန်မှုတစ်ရပ်ကို အစိုးရကထုတ်ပြန်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် သစ်တော အမှီပြုအသုံးပြုသူများဖွဲ့စည်းထားသည့် အုပ်စု ၇၃၉ခုရှိပြီးဖြစ်သည်။



Tourism
7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ဆီးဂိမ်းကာလတွင် မြန်မာ့လေကြောင်း တစ်နာရီဒေါ်လာ ၈၀၀ ဖြင့် စီးလုံးငှား ခရီးစဉ်ပြေးဆွဲမည်ဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

မြန်မာ့လေကြောင်းမှ အသစ်ဝယ်ယူထားသော လေယာဉ်နှစ်စီးကို တစ်နာရီလျှင် အမေရိကန် ဒေါ်လာ ၈၀၀ (မြန်မာကျပ်ငွေ ၈ သိန်းဝန်းကျင်) ဖြင့် ဆီးဂိမ်းကာလအတွင်း စီးလုံးငှား ခရီးစဉ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့လေကြောင်းမှ ဝယ်ယူထားသော အမေရိကန် နိုင်ငံထုတ် အဆိုပါ Casana Grand Caravan 208 B အမျိုးအစားလေယာဉ်နှစ်စီးသည် နိုဝင်ဘာလက ရောက်ရှိခဲ့ပြီး ရန်ကုန်၊ နေပြည်တော်၊ မန္တလေး (ချမ်းမြသာစည်) လေဆိပ်များတွင် ဆီးဂိမ်းကာလအတွင်း စီးလုံးငှားခရီးစဉ်များ ပြေးဆွဲသွားမည်ဖြစ်ကြောင်း မြန်မာ့လေကြောင်းက သတင်းထုတ်ပြန်သည်။ ဆီးဂိမ်း ကာလအတွင်း မြန်မာ့လေကြောင်း အပါအဝင် ပြည်တွင်းလေကြောင်းလိုင်း အားလုံးက နေပြည်တော်သို့ နေ့စဉ်နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း ပုံမှန်ခရီးစဉ် ဆင်းသက်လျက်ရှိနေကြောင်း လေကြောင်း ဦးစီးမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာ့လေကြောင်းမှ ဝယ်ယူထားသော တစ်စီးလျှင် အမေရိကန်ဒေါ်လာ နှစ်သန်းတန်ဖိုးရှိ ခရီးသည် ၁၁ ဦးဆံ့ ယင်းလေယာဉ်သစ်နှစ်စီးဖြင့် မန္တလေးချမ်းမြသာစည် လေဆိပ်အခြေစိုက်၍ မြန်မာနိုင်ငံ၏ သွားလာရေးခက်ခဲသော မြို့များရှိ လေယာဉ်ကွင်းငယ်များသို့ ပုံမှန်ခရီး ပြေးဆွဲရန်ရှိကြောင်း မြန်မာလေကြောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာ့လေကြောင်းမှ စီးလုံးငှား လေယာဉ်နှုန်းများမှာ ခရီးသည် ၁၀၀ ကျော်ဆံ့ အမ်ဘရာ-၁၉၀ လေယာဉ်မှာ တစ်နာရီလျှင် ကျပ်ငွေ ၅၆ သိန်းဝန်းကျင်၊ ခရီးသည် ၁၆ ဦးဆံ့ဘိချ်လေယာဉ်မှာ တစ်နာရီလျှင် ကျပ်၁၉ သိန်းဝန်းကျင်နှုန်းဖြင့် ငှားရမ်းပေးလျက်ရှိကြောင်း စုံစမ်းသိရသည်။

လက်ရှိတွင် မြန်မာ့ လေကြောင်းမှပြည်တွင်း ၂၆မြို့များသို့ အေတီအာရ်၊ အမ်ဘရာ၊ ဘိချ် လေယာဉ်များဖြင့် ခရီးစဉ်ပြေးဆွဲပေးလျက် ရှိနေသည်။

# ဂျပန်၊ ကိုရီးယားခရီးစဉ်များ ၂၀၁၄ နှစ်ဆန်းတွင် ပုံမှန်ပြေးဆွဲရန် MAI လျာထား

**ခန့်ထက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၇**

အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း (MAI) မှ ဂျပန်နှင့်တောင်ကိုရီးယားခရီးစဉ်အား ၂၀၁၄ နှစ်ဆန်းပိုင်းတွင် ပုံမှန် ပြေးဆွဲနိုင်ရန်လျာထားကြောင်း သတင်းရရှိသည်။

"ဂျပန်၊ ကိုရီးယားကို ပုံမှန်ခရီးစဉ်ပြေးဆွဲဖို့အတွက် လာမယ့်နှစ်ဆန်းပိုင်းကို ရည်ရွယ်ထားပါတယ်။ အဓိက ခရီးသည် ရရှိမှုအပေါ် မူတည်ပြီး ဆွဲပေးသွားပါမယ်" ဟု အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်း ဈေးကွက်ရှာဖွေရေး ဒါရိုက်တာ ဒေါ်အေးမရသာက ပြောသည်။

ဂျပန်၊ တောင်ကိုရီးယား ခရီးစဉ် ပုံမှန်ပြေးဆွဲရာတွင် တစ်ပတ်လျှင် သုံးရက်ခန့် ပြေးဆွဲရန် လျာထားပြီး ခရီးသည်နှင့် ကုန်ပစ္စည်း ရရှိမှုအပေါ် မူတည်ပြီး တိုးချဲ့ပြေးဆွဲသွားရန် ရှိသည်ဟုဆိုသည်။

MAI အနေဖြင့် ဂျပန်နှင့်တောင်ကိုရီးယား ခရီးစဉ်အား စီးလုံးငှားအနေဖြင့် ၂၀၁၃ နှစ်ဆန်းပိုင်းကစပြီး ပြေးဆွဲလျက်ရှိသည်။

"ဒီခရီးစဉ် နှစ်ခုကို စီးလုံးငှားပြေးဆွဲတုန်းက ပုံမှန်တော့ မရှိပါဘူး။ တစ်ခါတလေကျတော့လည်း တစ်လတည်း လေးခေါက်၊ ငါးခေါက်ဆွဲပေးရတာမျိုးလည်း ရှိတယ်" ဟု ဒေါ်အေးမရသာက ပြောသည်။



အမ်အေအိုင်လေယာဉ်တစ်စီးအားတွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံမှ ဂျပန်သို့ ANA လေကြောင်းလိုင်းက တိုက်ရိုက်ပြေးဆွဲနေပြီး တောင်ကိုရီးယားသို့ကိုရီးယားအဲလေကြောင်းလိုင်းတို့က ခရီးစဉ် ပုံမှန်ပြေးဆွဲနေသည်။

MAI လေကြောင်းလိုင်း အနေဖြင့်လက်ရှိတွင်ကမ္ဘောဒီးယား၊ တရုတ်၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံများသို့ အဲဘက်စ် အေ-၃၁၉-၁၀၀၊ အဲဘက်စ်အေ၃၂၀-၂၀၀ လေယာဉ် ကိုးစီးဖြင့် ခရီးစဉ် ပြေးဆွဲလျက်ရှိသည်။

ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံများသို့ လေယာဉ်လက်မှတ်ခမှာ အသွားအပြန် အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံများသို့ ပြည်တွင်းမှ သွားရောက်သူမှာ အလွန်နည်းပါးပြီး ယင်းနိုင်ငံများမှ လာရောက်သူများပြားကြောင်း လေကြောင်း ဦးစီးတာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံသို့ လေကြောင်း ဝင်ပေါက်မှ ဂျပန်နှင့် တောင်ကိုရီးယား လူမျိုး ဝင်ရောက်မှုမှာ ပြီးခဲ့သည့် စက်တင်ဘာလကုန်အထိ သုံးသောင်းကျော်ရှိနေကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဦးစီးဌာနစာရင်းများအရ သိရသည်။




# ချောင်းသာကမ်းခြေတွင် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲကျင်းပမည်

**ခန့်ထက်**

**ရန်ကုန်၊ ဒီဇင်ဘာ-၆**

ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ်ပွဲကို ချောင်းသာကမ်းခြေ၌ ဒီဇင်ဘာ ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး အတွင်း ပထမဆုံးအကြိမ် ပြုလုပ်သော ပွဲဖြစ်ကြောင်း ချောင်းသာရှိ ရခိုင်တိုင်းရင်းသားများထံမှ သတင်းရရှိသည်။

ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယခင်က ရခိုင်ပြည်နယ်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပလေ့ရှိပြီး (၃၉) နှစ်မြောက်ပွဲကို ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာကမ်းခြေတွင် ပထမဆုံး ကျင်းပမည်ဖြစ်ကြောင်း ပွဲတော်ဖြစ်မြောက်ရေးတာဝန်ခံ ဦးသန်းရွှေအောင်ကပြောသည်။

"ရခိုင်ပြည်နယ်နေ့ ကျင်းပရတာက ရခိုင်လူမျိုးတွေရဲ့ ယဉ်ကျေးမှုနဲ့ စာပေအနုပညာတွေကို မပျောက်ပျက်အောင်ရည်ရွယ်တာပါ"ဟု ဦးသန်းရွှေအောင်က ပြောသည်။

အဆိုပါပွဲကို ဒီ ဇင်ဘာ ၁၅ ရက် တစ်ရက်တည်းသာ ကျင်းပမည်ဖြစ်ပြီး ရခိုင်ရိုးရာ ယိမ်းအကများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ညနေ ၇ နာရီမှ ည ၁၂ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ပွဲတော်တွင် ရန်ကုန်ရခိုင်ယဉ်ကျေးမှုအဖွဲ့ ၃၀ ကျော်ပါဝင်ဖျော်ဖြေမည်ဖြစ်ပြီး ယင်းပွဲတော်ပြုလုပ်ခြင်းကြောင့် ချောင်းသာကမ်းခြေသို့လာရောက်သော ခရီးသွားများ၏ အပန်းဖြေမှုအတွက် အထောက်အပံ့တစ်ခု ဖြစ်နိုင်ကြောင်း ပွဲဖြစ်မြောက်ရေးတာဝန်ခံဦးသန်းရွှေအောင်ကဆိုသည်။

လက်ရှိတွင် ချောင်းသာကျေးရွာ၌ရခိုင်လူမျိုးထက်ဝက်ခန့်ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတေဇာအောင်ကပြောကြားသည်။

# Cartoon



























7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ''ကျွန်တော်ကိုယ်တိုင် အနီးလဲပေးတာ။ သူနာပြုဆရာမတွေက ဒါမျိုးလုပ်ရသလားလို့ ကျွန်တော့်ကို စိုက်ကြည့်နေကြတယ်''

## မင်းသားဝီလျံနှင့် တွေ့ဆုံခြင်း



အင်္ဂလန်က အိမ်ရှေ့နန်းလျာမင်းသားဝီလျံကို ကွယ်လွန်သူမင်းသမီး ဒိုင်ယာနာ၏ ချစ်စဖွယ်သားတော်မင်းသားလေးအဖြစ်သာ လူအများက မြင်ခဲ့ကြပါသည်။ အရွယ်ရောက်လာသည့် မင်းသားဝီလျံကကြင်ယာတော်ကိတ်မစ်ဒယ်တန်ခေါ် ကက်သရင်းမစ်ဒယ်တန်နှင့်မင်္ဂလာဆောင်နှင်းခဲ့ပြီးနောက် မင်းသားလေးဂျော့ချ်ကိုဖြီးခဲ့သည့် ဇူလိုင် ၂၂ ရက်က ဖွားမြင်ခဲ့ပါသည်။ မင်းသားလေးကို သူဖွားမြင်သည့် စိန့်မေရီဆေးရုံမှ အိမ်သို့ခေါ်သွားသည့်နေ့တွင် ဖခင်ဖြစ်သူ မင်းသားဝီလျံက မင်းသားတစ်ပါးလို ကိန်းခန်းတကြီးမလုပ်ဘဲ ကားကို သူကိုယ်တိုင်မောင်းပြီး ကလေးပုခက်ကိုတင်ကာ အိမ်သို့ခေါ်သွားသည့်အတွက် လူတွေတအံ့တဩဖြစ်ခဲ့ရပါသည်။

ထို့အပြင် မင်းသားဝီလျံနှင့် ကိတ်မစ်ဒယ်တန်တို့ အခြားတော်ဝင်စံနှုန်းများနှင့် ဆန့်ကျင်ကာ ကလေးကိုအနှီးလဲလှယ်ပေးသည်ကအစ ကိုယ်တိုင်ပြုစုလုပ်ကိုင်ပေးခဲ့သည်။

တစ်ချိန်တွင် အင်္ဂလန်ပြည့်ရှင် ဘုရင်တစ်ပါးဖြစ်လာမည့် မင်းသားဝီလျံ၏ ဖခင်တစ်ဦး၏ဘဝကို စီအင်န်အင်န်ရုပ်သံက မေးမြန်းခဲ့ရာတွင် မင်းသားဝီလျံက အောက်ပါအတိုင်းပြောကြားထားသည်ကို 7Day News က ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။

တကယ့်ကို ထင်ထားတာထက်ပိုအံ့အားသင့်ရတာ၊ ချောက်ချားမိတာကတော့ ကျွန်တော်ခံစားရတဲ့ ခံစားမှုပေါ့ဗျာ။ တကယ့်ကိုကြီးကျယ်ပါတယ်။ ကက်သရင်းလည်း အဲဒီလိုပဲ ဂျော့ချ်နဲ့ ပတ်သက်ပြီး ဘယ်သူကပဲ သူ့ကို တွေ့ချင်၊ တွေ့ချင် ကလေးကို ပြရတာ ကျွန်တော်တို့က ပျော်ကြတယ်။ အခုမှ ကလေးမိဘဖြစ်ဖူးတဲ့ လူတိုင်းသိပါတယ်။ ကိုယ့်ကလေးကို ပြရတာကိုပဲ ပျော်နေတာလေ။ အသေအချာပြောရရင်တော့ သားကလေးက ချောတယ်ဗျာ။ ဒါမှမဟုတ်ရင် သူက အကောင်းဆုံးတွေရထားတယ်လို့ ပြောရမယ်။

**အခုလိုအနေအထားနဲ့ရော အဆင်ပြေရဲ့လား။**

ပြေပါတယ်။ ဒါက ကျွန်တော် သဘောကျတဲ့ ပုံစံမျိုးတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် လုပ်ဖို့လိုတဲ့အနေအထားပေ့ါ။ သိတဲ့အတိုင်းပဲ လူတွေကလည်း ဂျော့ချ်ကို တွေ့ချင်ကြတယ်။ ကျွန်တော်ကတော့ လမ်းမှာ သူ့အသံကြီးနဲ့ ငိုမချတာဘဲ ဝမ်းသာနေရတယ်။

**ကလေး ကားထိုင်ခုံလေးကို သယ်ပြီး ဆေးရုံကထွက်လာတော့ ကလေးအဖေတွေက မင်းသားတန်မဲ့ ဒီအလုပ်ကို လုပ်ရသလား မေးငေါ့မှာကို မထည့်တွက်ဘူးလား။**

တကယ်ပြောတာပါ။ ဒါ. . ကျွန်တော့်အတွက်တော့ ပထမဆုံးအကြိမ်မဟုတ်ဘူး။ လူတွေလျှောက်ပြောနေမှာ ကျွန်တော်သိပါတယ်။ ဒါမျိုးအလုပ်တွေ ကျွန်တော် လုပ်ဖူးပါတယ်။ တကယ့်ကို လုပ်ဖူးတာပါ။ ကျွန်တော် စိတ်ပူနေတာတစ်ခုပဲရှိတယ်။ ကလေးပြုတ်ကျသွားမှာနဲ့ ကားတံခါးကောင်းကောင်းမပိတ်မှာကိုပါ။ ဒါမျိုးကို ကျွန်တော် တစ်ခါလောက်ပဲ အရင်ကကျင့်ထားဖူးတာ။

**အဲဒီတုန်းက ဆေးရုံကနေ မင်းသားက ကားကိုကိုယ်တိုင်မောင်းသွားတာကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်။ အဲဒီလိုတွေ့ရတာ တကယ်ကို စိတ်လှုပ်ရှားစရာပါပဲ။ ကိုယ့်မိသားစုကို အဲဒီလို ကိုယ်တိုင်ကားမောင်းခေါ်သွားဖို့ ဘယ်လိုဆုံးဖြတ်ခဲ့ပါသလဲ။**

ဒါကတော့ ကျွန်တော်လုပ်ချင်တာကို လွတ်လွတ်လပ်လပ်လုပ်လို့ရနိုင်တဲ့ကဏ္ဍပါ။ ကက်သရင်းနဲ့ ဟယ်ရီလည်း အဲဒီလိုပါပဲ။ ကျွန်တော်တို့က အခြားလူတွေနဲ့ မတူဘဲကြီးပြင်းလာရတယ်။ ဒီမှာ ကျွန်တော်က ဘယ်လိုခံစားရသလဲဆိုတော့ ကျွန်တော် လုပ်နိုင်တဲ့ အရာဆို ကိုယ့်ဘာသာပဲ လုပ်ချင်ပါတယ်။

တစ်ခါတလေ ကိုယ်မလုပ်နိုင်တဲ့အချိန်၊ စည်းမျဉ်းတွေက ခွင့်မပြုလို့ မသင့်လျော်လို့ မလုပ်ရတဲ့အခါတွေရှိတယ်။ အခုလို ကိုယ့်မိန်းမနဲ့ သားကို ဆေးရုံကနေ ခေါ်သွားဖို့ဆိုတာက ကျွန်တော့်အတွက် အရမ်းအရေးကြီးတယ်။ ကြီးကြီးကျယ်ကျယ် လုပ်နေရတာကို ကျွန်တော်မကြိုက်ဘူး။ ဒါကြောင့် ကိုယ်တိုင်လုပ်လိုက်တာပါ။

**အဲဒါကို မြင်လိုက်ရတဲ့ ကျွန်တော်တို့တွေအတွက်ကတော့ ဒါဟာ မင်းမျိုးမင်းဆက်တွေ ခေတ်မီလာတာလားပေ့ါ။ ဒါက ကိုယ့်ပုံစံနဲ့ ကိုယ်လုပ်တာလား။ မင်းသားနဲ့ မင်းသားရဲ့ဇနီးက ဒါတွေကို ကိုယ့်ပုံစံနဲ့ ကိုယ်လုပ်မယ်ဆိုတဲ့ သဘောလား။**

ကျွန်တော်ကတော့ ကိုယ်တိုင်လုပ်လိုက်တာပဲ။ မှန်တယ်ဆိုရင်လည်း ကောင်းတာပေ့ါ။ ဒါဟာ မှားနေရင်လည်း ပိုကောင်းလာအောင် လုပ်ရမှာပေ့ါ။ ကျွန်တော်ကတော့ ကျွန်တော်ယုံကြည်တာအတွက်တာဝန်ယူရပါတယ်။ ကျွန်တော့်အနားမှာလည်း ကူညီကြတဲ့ အကြံပေးကြတဲ့ လူတော်လူကောင်းတွေ အများကြီးရှိပါတယ်။ ကလေးကတော့ ခုနေခါမှာ နည်းနည်းတော့ ဒုက္ခပေးနေတာပေ့ါနော်။ သူက ကျွန်တော် ဒါမှမဟုတ် ကျွန်တော့်ညီ ငယ်ငယ်တုန်းက ဘဝကို သတိရစေတယ်။ အခုနေတော့ သူက အေးဆေးပါပဲ။ သူ့ရဲ့ အနှီးလဲပေးတာကိုလည်း လက်ခံလာပါပြီ။

**သူ့ရဲ့ ပထမဆုံးအနှီးလဲပေးတာက မင်းသားကိုယ်တိုင်ပဲလား။**

ဒါပေ့ါ။ ကျွန်တော်ကိုယ်တိုင် အနှီးလဲပေးတာ။ သူနာပြုဆရာမတွေက ဒါမျိုးလုပ်ရသလားလို့ ကျွန်တော့်ကို စိုက်ကြည့်နေကြတယ်။ သားလေးက ငယ်ပါသေးတယ်။ ဒါပေမဲ့ ထွားတာမြန်တယ်။ သူကတော့ တကယ့်ကောင်ပဲဗျာ။ သိပ်လည်းမအိပ်ချင်ဘူး။ အဲဒါလေးတော့ နည်းနည်းပြဿနာရှိတယ်။

**ဒါဆိုမင်းသားညဘက်မအိပ်ရဘူးပေ့ါ။**

ကျွန်တော်ကတော့ နည်းနည်းပါးပါးပါဗျာ။ ကက်သရင်းလောက်တော့မဟုတ်သေးဘူး။ သူကတော့ တကယ့်ကိုတော်တဲ့ မိခင်ပါ။

**ကက်သရင်းရော နေကောင်းရဲ့လား ခင်ဗျာ။**

ကောင်းပါတယ်ဗျာ။ ကက်သရင်းရယ် အခု ဂျော့ချ်ရယ်ကတော့ ကျွန်တော့်အတွက် ဦးစားပေးရမယ့်သူတွေပေ့ါ။ ဩော်. . . ခွေးလေးလုပိုလည်း ပါသေးတယ် ခင်ဗျ။

**ကျွန်တော်လည်းမေးမလို့ လုပိုရော ဘယ်လိုနေလဲ။ အသားကျနေပြီလား။**

လုပိုက ကျွန်တော်တို့နဲ့ အသားကျနေပါပြီ။ ခွေးမွေးတဲ့လူတွေ သိတဲ့အတိုင်းပဲ ခွေးအသစ်တစ်ကောင်မွေးရတာတော့ နည်းနည်းအလေ့အကျင့်ဖြစ်ဖို့ အချိန်ယူရတယ်။ ကျွန်တော့်ခွေးကတော့ အခုထိ အဆင်ပြေပါတယ်။ သူကတော့ အိမ်ပတ်ပတ်လည် လျှောက်တူးနေတာပဲ။ ကြည့်ရတာ သူပျော်ပုံရပါတယ်။

**မင်းသားရော ဘယ်တော့ အလုပ်ခွင်ပြန်ဝင်မလဲ။**

အင်း. . ကလေးအဖေတချို့တော့ သိကောင်းသိကြပါလိမ့်မယ်။ ကျွန်တော် တကယ်ကိုအလုပ်ကိုပြန်သွားချင်နေတာပါဗျာ။ (ရယ်လျက်)

**အိပ်ရဖို့အတွက်လား။**

အိပ်ရဖို့အတွက်ပေ့ါ။ တကယ်ပါ။ ကျွန်တော်တော့ ပထမဆုံးအလုပ်အဆိုင်းကျရင် ညပိုင်းအလုပ်မကျပါစေနဲ့လို့ မျှော်လင့်တာပဲ။

**မင်းသားငယ်ငယ်တုန်းက မင်းသားအဖေ မင်းသားချားလ်စ်က နားထဲကို တိုးတိုးကပ်ပြီး စကားပြောချင်ယောင်ဆောင်ပြတာလေးကို မှတ်မိမှာပေ့ါ။ အဲဒါမျိုးလေးကို မင်းသားက အတုယူပြီး မင်းသားလေးဂျော့ချ်ကို လုပ်ပြဦးမှာလား။**

ဒီအရွယ်မှာအဲဒီလိုမျိုးလည်း လုပ်ကောင်းလုပ်မယ်။ ကျွန်တော့်အခန်းထဲမှာ ဆင်ရုပ်နဲ့ကြံ့ရုပ်တွေထားမယ်ဗျာ။ အဲဒါတွေကို ချုံပုတ်လိုပုံစံတွေနဲ့ကာမယ်။ သူ့ကို တောချုံထဲမှာ ကြီးလာတာမျိုးဖြစ်လာအောင် လုပ်မယ်။ အခုလောလောဆယ်တော့ ကျွန်တော်ကတော့ သားကိုပိုပြီးအိပ်စေချင်တယ်။ အနှီးကိုလည်း ခဏခဏမလဲပေးချင်ဘူး။ ပြီးခဲ့တဲ့ရက်ပိုင်းတွေတုန်းက ကျွန်တော့်အတွက်တော့ စိတ်လှုပ်ရှားရတဲ့ အတွေ့အကြုံတွေပါ။ ကျွန်တော် ဒါမျိုးတွေ့ကြုံခံစားရမယ်လို့ကို ဘယ်လိုမှမထင်ခဲ့တာပါ။ အချိန်တိုအတွင်းမှာ တော်တော်များများက ကျွန်တော့်ကို ပြောင်းလဲသွားစေတယ်။

**(စီအင်န်အင်န်မှ ဝီလျံနှင့်အင်တာဗျူးကို ထားထားမြင့် ဘာသာပြန်ဆိုသည်။)**



## Leader's Profile

# လတ်ဗီးယားသမ္မတအင်ဒရစ်ဘာဇင်း

ရဲမင်း

အင်ဒရစ်ဘာဇင်းသည် ယခင် ဆိုဗီယက်ယူနီယံတွင် ပါဝင်သော လတ်ဗီးယားနိုင်ငံ သမ္မတဖြစ်သည်။ စီးပွားရေးသမားတစ်ဦးအဖြစ်လည်း အောင်မြင်ခဲ့သူ ဘာဇင်းသည် ၁၉၉၃ မှ ၂၀၀၄ ခုနှစ်အထိ လတ်ဗီးယားနိုင်ငံ၏ အကြီးဆုံး ဘဏ်တစ်ခုဖြစ်သော Unibanka ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

အင်ဒရစ်ဘာဇင်းသည်၁၉၄၄ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် လတ်ဗီးယား ဆိုဗီယက်ဆိုရှယ်လစ်ဒေသ၌ မွေးဖွားခဲ့သည်။ လတ်ဗီးယားဒေသမြို့တော် ရီဂါ နည်းပညာ အင်စတီကျူ့ဒ်တွင် တက်ရောက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ အီလက်ထရွန်နစ်စက်ရုံတွင် ရေဒီယိုအင်ဂျင်နီယာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဒါရိုက်တာအထိ ဖြစ်လာသည်။

၁၉၈၈ ခုနှစ်တွင်လတ်ဗီးယားဒေသ၏ ဒုတိယမြို့နီစပယ်ဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။ ဘာဇင်းသည်လတ်ဗီးယားပြည်နယ် တက္ကသိုလ်စီးပွားရေးကျောင်းတွင်တက်ရောက်ခဲ့ပြီး ၁၉၈၈ ခုနှစ်၌ ဘွဲ့ရရှိခဲ့သည်။ ၁၉၈၉ တွင်ဗယ်မီရာခရိုင်(ဆိုဗီယက်)ကိုယ်စားလှယ်အဖြစ်တာဝန်ပေးအပ်ခံရပြီး ခရိုင်အမှုဆောင်ကော်မရှင်ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၉၀ ပြည့်နှစ်တွင် မစ္စတာဘာဇင်းသည် လတ်ဗီးယားလူထုတပ်ဦးအဖွဲ့တွင် ပါဝင်ပြီး လတ်ဗီးယားထိပ်သီးကောင်စီ၌ ဆက်လက်ပါဝင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် မေလ ၄ ရက်တွင် လွတ်လပ်သော လတ်ဗီးယားနိုင်ငံအဖြစ်ပေါ်ထွက်ရေး ထောက်ခံမဲပေးခဲ့သည်။

၁၉၉၃ ခုနှစ်တွင်မှု ဘာဇင်းသည် လတ်ဗီးယားဗဟိုဘဏ် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ရန်ပုံငွေအဖွဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ Unibanka ဘဏ်ဥက္ကဋ္ဌအဖြစ် ၁၁ နှစ်ကြာ တာဝန်ယူခဲ့သည်။ ယင်းနောက်တွင် ဘာဇင်းသည် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်လာပြီး အခြားလတ်ဗီးယားဘဏ်များနှင့် ဖက်စပ်ရှယ်ယာ ကုမ္ပဏီဘုတ်အဖွဲ့ဝင်များလည်း ပါဝင်ခဲ့သည်။

ဘာဇင်းသည် ၂၀၀၅ ခုနှစ်တွင် နိုင်ငံရေး၌ ပြန်လည်ပါဝင်လာပြီး အစိမ်းရောင်များနှင့် လယ်သမားများသမဂ္ဂပါတီ ခေါင်းဆောင်အဖြစ် လတ်ဗီးယားမြို့တော်ရီဂါ၏မြို့တော်ဝန်နေရာဝင်ပြိုင်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်းနောက် ၂၀၀၆ မှ ၂၀၁၀ ပြည့်နှစ်အထိ လတ်ဗီးယားစက်မှုနှင့် ကုန်သည်ကြီးများအဖွဲ့ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။ ယင်းနှစ်မှာပင် ဘာဇင်းသည် အစိမ်းရောင်များနှင့် လယ်သမားများပါတီကို ကိုယ်စားပြု၍ လတ်ဗီးယားပါလီမန်အဖွဲ့ဝင် ဖြစ်လာသည်။

၂၀၁၁ ခုနှစ် မေလ ၂၃ ရက်တွင် ဘာဇင်း၏ပါတီကိုယ်စားလှယ်ပါလီမန်အမတ်ငါးဦးက သမ္မတရွေးကောက်ပွဲဝင်ရေး ၎င်း၏အမည်ကို စာရင်းတင်သွင်းခဲ့သည်။ ပထမအကျော့ ပါလီမန်ရွေးကောက်ပွဲတွင် ပြိုင်ဘက်အပေါ် အနိုင်မရရှိခဲ့သော်လည်း ဒုတိယအကျော့တွင် ပါလီမန်မဲထက်ဝက်ကျော်ဖြင့် လတ်ဗီးယားနိုင်ငံ သမ္မတဖြစ်လာသည်။

မစ္စတာ အင်ဒရစ်ဘာဇင်းသည် သမ္မတရာထူး လက်မခံမီ ရက်ပိုင်းအလိုတွင် ဒုတိယအိမ်ထောင်ပြုခဲ့သည်။

*—Ref: Wikipedia*

ခေတ်မှီ ဆေးကုခန်း

ပိတ်ရက်မရှိ။

ဆေးခန်းဖွင့်ချိန်
နံနက် (၈)နာရီမှ ည (၈)နာရီထိ





**တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ် ကုသပေးခြင်း**

လိပ်ခေါင်းရောဂါမှာ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါဖြစ်ပါသည်။ ရောဂါရပြီဆိုလျှင် သွေးဝမ်းပါခြင်း၊ စအိုနာကျင်ခြင်း၊ ယားယံခြင်း၊ စအိုတွင် အသားပိုထွက်နေတတ်ပါသည်။ သမာရိုးကျ ကုသနည်းများသည် အမြစ်ပြတ်ခြင်းမရှိပဲ ပြန်ဖြစ်ပွားတတ်ပါသည်။ အလွန်ဒုက္ခပေးပါသည်။ ရောဂါပြင်းလျှင် စအိုအူကင်ဆာဖြစ်၍ အသက်အန္တရာယ်ရှိပါသည်။

ကျွန်တော်တို့ ဆေးကုခန်းတွင် အမေရိကန်နိုင်ငံမှ PPH စအိုအူလမ်းကြောင်း ကုထုံးဖြင့် အတွင်းလိပ်၊ အပြင်လိပ်၊ ရေရာလိပ်၊ စအိုကွဲ၊ ဂရင်ဂျီနာစသော ရောဂါများကို တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင် ကုသပေးပါသည်။ ကုသရာတွင် အားသာချက်မှာ အမြစ်ပြတ်၍ နာကျင်မှုနည်းခြင်း၊ သွေးမထွက်ခြင်း၊ ဒဏ်ရာသေး၍ ပျောက်လွယ်သည်။ ၎င်းသည် စအိုအူလမ်းကြောင်းရောဂါ ကုသရာတွင် ခေတ်အမှီဆုံး၊ သိပ္ပံနည်းအကျဆုံး၊ အန္တရာယ်အကင်းဆုံး ကုထုံးဖြစ်ပါသည်။

**အရေပြားရောဂါသည်များအတွက် ဝမ်းသာသတင်း**

ဝဲ၊ ပွေး၊ ညှင်း၊ ခရုသင်း၊ ဝက်သက်၊ နှင်းခူ၊ အာရုံကြောကြောင့်အရေပြားရောင်ရမ်းခြင်း၊ ဝက်ခြံစသော အရေပြား ရောဂါများရရှိလျှင် မခံမရပ်နိုင်အောင် ယားယံသည်။ ရောင်ရမ်း ပူလောင်နာကျင်ပြီး အရေပြားတွင် သွေးထွက်တတ်သည်။

ခေတ်မှီ ဆေးခန်းသည် သွေးကြည်ရောဂါ ကာကွယ်ဆေး ဆေးထိုးကုသနည်းဖြင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးပါသည်။ အာနိသင်ကောင်းကောင်းဖြင့် အရေပြားအမျိုးမျိုးကို ကုသပေးနေပါသည်။ အရေပြားရောဂါသည် တစ်သောင်းကျော်ကို အောင်မြင်စွာ ကုသပေးပြီး ဖြစ်ပါသည်။ ရောဂါခံစားနေရမှုကို အလျှင်အမြန် ပျောက်ကင်းစေပြီး ဖြစ်ပါသည်။

**အမျိုးသားစွမ်းဆောင်ရည်ကျဆင်းခြင်း**

ယနေ့ခေတ်တွင် လူနေမှုစနစ်သည် လျှင်မြန်သွက်လက်၍ ဖိအားများသောကြောင့် ကျောက်ကပ် အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်းစသော ရောဂါများအဖြစ်များလာပါသည်။ ရောဂါသည် အများစုသည် မှန်ကန်တိကျသော ကုထုံးဖြင့် ထိရောက်စွာ ကုသနိုင်ခြင်း မရှိသဖြင့် ကုသချိန် ကြာလာသည်နှင့်အမျှ ရောဂါ ဆိုးရွားလာရပါသည်။ ကိုယ်စိတ် ဒုက္ခရောက်စေပြီး အိမ်ထောင်ရေး ပြိုကွဲသည်အထိ ဆိုးကျိုးများဖြစ်လာနိုင်ပါသည်။

ကျွန်တော်တို့ ဆေးကုခန်းသည် အမျိုးသားရောဂါ အထူးကုသော ဆေးကုခန်းဖြစ်ပါသည်။ အဆင့်မြင့် နည်းပညာဖြင့် ထုတ်လုပ်ထားသောဆေးဝါးများဖြင့် ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေခြင်း၊ သုတ်လွှတ်မြန်ခြင်း၊ အိမ်မက်သုတ်လွှတ်ခြင်း၊ လိင်တံသေးငယ်သွားခြင်း၊ ကလေးမရမြဲနေခြင်း စသော ရောဂါများကို အထူးကုသပေးပါသည်။ ဆေးစွမ်းထက်ခြင်း၊ ကုသချိန် တိုတောင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘေးထွက်ဆိုးကျိုးကင်းခြင်း စသော အားသာချက်များ ရှိပါသည်။



**လည်ဆစ်ရိုး၊ ခါးဆစ်ရိုး၊ လေးဘက်နာရောဂါများအတွက် လျှင်မြန်စွာသက်သာစေသည့် သုံးမျိုးစပ်ကုထုံး**

လည်ပင်း၊ ပုခုံး၊ ခါး၊ တင်ပါးဆုံ၊ လေးဘက်နာရောဂါ ရှိသူများသည် ခေါင်းမူးခြင်း၊ မျက်စေ့ပြာခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ အဆစ်အမြစ်ရောင်ယမ်းခြင်း၊ မခံရပ်နိုင်အောင် နာကျင်ခြင်း၊ အဆစ်အမြစ်များ ပုံပျက်နေခြင်းတို့ကို တွေ့ရှိပါသည်။ ရောဂါသေးလျှင်အနေအထိုင်ဒုက္ခဖြစ်သည်။ ရောဂါပြင်းလျှင် မသန်မစွမ်းဖြစ်၍ အိပ်ယာပေါ်တွင်လဲနေရမည်။ ထို့ကြောင့် လေးဘက်နာရောဂါကို မသေသောကင်ဆာရောဂါဟု ဆိုကြသည်။

ကျွန်တော်တို့ဆေးကုခန်းတွင် အဆင့်မြင့် သိပ္ပံနည်းဖြင့် ထုတ်လုပ်သော ဆေးဝါးကို အမေရိကန် နောက်ဆုံးပေါ် သုံးမျိုးစပ်ကုထုံးဖြင့် ကုသပေးပါသည်။ ဆေးစွမ်းထက်၍ အရောင်ကျ မြန်သည်။ အရိုး ကျီးပေါင်းကို ပျော့သွားစေသည်။ ပျက်စီးနေသော ဆဲလ်များနှင့် အဆစ်အမြစ်များကို ပြန်ကောင်းမွန်စေသည်။ အထူးသဖြင့် လေးဘက်နာရောဂါနှင့် ၎င်းကြောင့် ဖြစ်ပေါ်သော အဆစ်အမြစ် ပုံပျက်ခြင်း၊ ကြွက်သားကျုံ့ယုံ့ခြင်း၊ ပုခုံးရောင်ယမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခါးဆစ်ရိုးခွက် အစွယ်ထွက်ခြင်း၊ တင်ပါးဆုံရိုးပျက်စီးခြင်း၊ လေဖြတ်ခြင်း၏ နောက်ဆက်တွဲရောဂါများကို ကုသရာတွင် ဆေးစွမ်း အထူးထက်မြက်ပါသည်။ ယခုအခါ နိုင်ငံတကာတွင် စိတ်အချရဆုံး၊ အထိရောက်ဆုံး ကုထုံးဖြစ်ပါသည်။

**အစာအိမ်အူလမ်းကြောင်း ကင်ဆာဖြစ်သွားခြင်း ကာကွယ်ပါ။**

နာတာရှည် အစာအိမ်အူလမ်းကြောင်း ရောင်ရမ်းနာဆိုသည်မှာ မတူညီသော ရောဂါ အကြောင်း အရင်းကြောင့် ဖြစ်ပေါ်လာသော အစာအိမ်အူလမ်းကြောင်း အမြေးရောင်ရမ်းနာရောဂါကို ဆိုလို ပါသည်။ အဓိက တွေ့ရသည်မှာ အစာစားချင်စိတ်မရှိခြင်း၊ ဝမ်းဗိုက်အပေါ်ပိုင်း တရိရိနာကျင်ခြင်း၊ အစာအိမ်အတွင်းပူလောင်နေခြင်း၊ ကျို့ထိုးခြင်း။ အချဉ်ပေါက်ခြင်း၊ အော့အန်ခြင်း၊ ဝမ်းခဏခဏသွားခြင်း၊ သွေးဝမ်းပါခြင်း စသည်တို့ဖြစ်ပါသည်။ ကာလကြာရှည်သွားလျှင် ကင်ဆာရောဂါသို့ ပြောင်းလဲသွားနိုင်သည်။

ခေတ်မှီဆေးကုခန်းသည် အမေရိကန်မှ နောက်ဆုံးပေါ် စမ်းသပ်ကုသစက်ကိရိယာများတင်သွင်း ၍ "Hp"အဆိပ်ထုတ် ကုသနည်းကို အသုံးပြု၍ နာတာရှည်အစာအိမ်ရောင်ရမ်းရောဂါ၊ အစာအိမ် ပြည်တည်နာ၊ အူသိမ်ဦးပြည်တည်နာ၊ အူမကြီးနာတာရှည်ရောင်ရမ်းနာတို့ကို ကုသပေးနိုင်ပါသည်။ ကင်ဆာရောဂါသို့ ပြောင်းလဲသွားခြင်းကိုလည်း ကာကွယ်ပေးပါသည်။ ဤကုသနည်းသည် ထိရောက်မှု - မြန်သည်။ ဆေးစားရလွယ်ကူသည်။ ရောဂါပြန်မဖြစ်နိုင်သော ထူးခြားချက်ရှိသည်။

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 09-421180800

7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# လေကြောင်းကာကွယ်ရေးဇုန်အရေး တင်းမာမှုများရှိနေစဉ် အရေးပေါ် ဆက်သွယ်ရေးလိုင်းထားရှိရန် တရုတ်ကို အမေရိကန်တိုက်တွန်း

**ဝါရှင်တန်၊ ဒီဇင်ဘာ-၇**

တရုတ်နိုင်ငံ၏ အသစ်ကြေညာလိုက်သောလေကြောင်းကာကွယ်ရေးဇုန်အတွင်း အရှုပ်အထွေးများဖြစ်ပေါ်ခြင်းကို ရှောင်ရှားရန် တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နှင့် အရေးပေါ်ဆက်သွယ်ရေးလိုင်းတစ်လိုင်းစီစဉ်ရန် အမေရိကန်နိုင်ငံက တရုတ်နိုင်ငံကို ဒီဇင်ဘာ ၆ ရက်တွင် တိုက်တွန်းလိုက်သည်။


တရုတ်အစိုးရက ထုတ်ပြန်ခဲ့သော လေကြောင်းကာကွယ်ရေးဇုန် (AD-12)ကို အမေရိကန်နိုင်ငံက အသိအမှတ်မပြုခဲ့ပေ။ ယင်းလေကြောင်းကာကွယ်ရေးဇုန်တွင် ဂျပန်နိုင်ငံနှင့် အငြင်းပွားနေသည့် ကျွန်းများနှင့် တောင်ကိုရီးယားကပိုင်ဆိုင်သည်ဟုပြောကြားထားသော ဒေသတစ်ခုလည်း ပါဝင်သည်။

ယင်းလေကြောင်းကာကွယ်ရေးဇုန်အတွင်း ဖြတ်သန်းပျံသန်းစဉ် တရုတ်အာဏာပိုင်များထံသို့ လေယာဉ်ခရီးစဉ်များ အကြောင်းကြားရမည်ဟု တရုတ်နိုင်ငံ၏ တောင်းဆိုမှုများအပေါ် အမေရိကန်စစ်လေယာဉ်များက လျစ်လျူရှုမည်ဟု အမေရိကန်အစိုးရက ပြောကြားသည်။

ယင်းလေကြောင်းကာကွယ်ရေးဇုန်တွင် အခြားနိုင်ငံများက စိမံခန့်ခွဲသည့် လေပိုင်နက်များလည်း ပါဝင်နေခြင်းကြောင့် အန္တရာယ်ရှိနိုင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး မာရီဟာ့ဖ်ကပြောသည်။

တင်းမာမှုများကိုလျှော့ချရန် ယခုချက်ချင်း ဆောင်ရွက်စရာကိစ္စ အနည်းငယ်ရှိပြီး တရုတ်နိုင်ငံက ဂျပန်နှင့် ကိုရီးယားနိုင်ငံတို့အပါအဝင် အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ တရုတ်နိုင်ငံက မကြာမီ ကြေညာထားချက်များရှိကြောင်း ဖော်ပြရန်အတွက် အရေးပေါ်ဆက်သွယ်ရေးလိုင်းများ ထားရှိခြင်းအပါအဝင် ယုံကြည်မှုစတင်တည်ဆောက်ရန် ဆောင်ရွက်သင့်ကြောင်း ၎င်းကပြောသည်။

ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးမှာ တရုတ်နိုင်ငံ၏ အကျိုးစီးပွားနှင့်လည်း သက်ဆိုင်သည်ဟု အမေရိကန်ဒုသမ္မတဂျိုးဘစ်ဒန်က ၎င်း၏တရုတ်နိုင်ငံခရီးစဉ်အတွင်း ဒီဇင်ဘာ ၅ ရက်က ပြောကြားခဲ့သည်။ *—Ref: AFP*



LINTAO ZHANG/POOL /AFP

*ဒီဇင်ဘာ ၅ ရက်က ဘေဂျင်းမြို့ ဟိုတယ်တွင် စီးပွားရေးခေါင်းဆောင်များနှင့် နံနက်စာစားပွဲတက်ရောက်စဉ် မိန့်ခွန်းပြောကြားနေသော ကန်ဒုသမ္မတ ဂျိုးဘစ်ဒန်ကို တွေ့ရစဉ်*




# H7N9 ကြက်ငှက်တုပ်ကွေးဖြစ်ပွားသူတစ်ဦး ထပ်မံတွေ့ရှိဟု ဟောင်ကောင်အာဏာပိုင်များ အတည်ပြု



SAM TSANG

**ဟောင်ကောင်၊ ဒီဇင်ဘာ-၇**

H7N9ကြက်ငှက်တုပ်ကွေးဖြစ်ပွားသူတစ်ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု ဟောင်ကောင်ကျန်းမာရေးအရာရှိများက ဒီဇင်ဘာ ၆ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။ အသက်(၈၀)အရွယ် အမျိုးသားကြီးတစ်ဦးသည် H7N9 ဗိုင်းရပ်စ်ပိုးကူးစက်ခံရပြီး ဆေးရုံတက်နေကြောင်း ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဒီဇင်ဘာ ၃ ရက်တွင် ယင်းအမျိုးသားသည် ကျန်းမာရေးအခြေအနေကြောင့် ဆေးရုံတက်ခဲ့ရပြီး ဒီဇင်ဘာ ၆ ရက်တွင် H7N9 ဗိုင်းရပ်စ်ပိုး ဒုတိယမြောက်ကူးစက်ခံရသူအဖြစ် အတည်ပြုခဲ့သည်။ ၎င်းကို သီးသန့်ဆေးရုံအဆောင်တစ်ခုတွင် ထားရှိသည်ဟုလည်းသိရသည်။ ယင်းလူနာသည် တရုတ်ပြည်မကြီးမှ ကြက်၊ ဘဲများနှင့် ဆက်စပ်မှုရှိ၊ မရှိ ကျန်းမာရေးဝန်ထမ်းများ စုံစမ်းဆဲဖြစ်သည်။

ဟောင်ကောင်တွင် ယခုသီတင်းပတ်အတွင်း H7N9 ကြက်၊ ငှက်တုပ်ကွေးဖြစ်ပွားသူနှစ်ဦး တိုးပွားလာခဲ့သော်လည်း ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ စိုးရိမ်စရာမရှိဟု ဟောင်ကောင်အရာရှိများက ပြောကြားသည်။ လက်ရှိ ဗိုင်းရပ်စ်ပိုးအခြေအနေသည် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်နိုင်သည့် အခြေအနေမျိုး မတွေ့ရှိရသောကြောင့် ရောဂါပြန့်ပွားမှုအခြေအနေမှာမြင့်တက်မလာနိုင်ဟုဟောင်ကောင် ကျန်းမာရေးအရာရှိက ပြောကြားသည်။

ကျန်းမာရေးအရာရှိများသည် ဟောင်ကောင်နှင့် ရှန်ကျန်းမြို့များရှိ လူနာ၏ဆွေမျိုးများကိုလည်း စတင်ခြေရာခံစစ်ဆေးနေပြီး ဆေးရုံ၌ အဆိုပါလူနာနှင့် ဆက်နွယ်ဖူးသူလူနာများနှင့်ကျန်းမာရေးလုပ်သားများအားလုံးကို ဆေးစစ်စောင့်ကြည့်မှုများ ပြုလုပ်နေသည်။ ဒီဇင်ဘာ ၂ရက်ကလည်း ဟောင်ကောင်တွင် အင်ဒိုနီးရှားအိမ်အကူတစ်ဦး H7N9 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ကို ရှာဖွေတွေ့ရှိခဲ့သည်။ သို့ရာတွင် ရောဂါပိုးကူးစက်ခံရသူနှစ်ဦးကြား ဆက်စပ်မှုမရှိဟု ဟောင်ကောင်ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

*—Ref: AFP*

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.40 • DECEMBER 11 , 2013





## Candy Crush ဂိမ်း စွဲနေတဲ့ အဒမ်လက်ဗင်း

**လော့စ်အန်ဂျလိစ်၊ ဒီဇင်ဘာ-၇**

အမေရိကန် တေးရေးတေးဆို အဒမ်လက်ဗင်းသည် နာမည်ကျော် မိုဘိုင်းဖုန်းဂိမ်းကစားနည်းတစ်ခုဖြစ်သော ' Candy Crush' ဂိမ်းကို စွဲလမ်းနေသည်ဟု ရုပ်သံအစီအစဉ်တစ်ခု၌ ၎င်းက ဖြေကြားသည်။

အဒမ်လက်ဗင်းသည် Candy Crush ဂိမ်းကစားနည်းကို အလွန်စွဲလမ်းနေချိန်၌ ဂိမ်းအိုဗာဖြစ်၍ ရှုံးသွားလျှင် ၎င်းချစ်သူ၏ iPhone ဖြင့် ဆက်ကစားသည်ဟုသိရသည်။ "ဂိမ်းအိုဗာဖြစ်ပြီး ရှုံးသွားတဲ့အချိန်မှာ သူ့ရဲ့ဖုန်းကိုယူပြီး ဆော့တယ်။ သိတဲ့အတိုင်းပဲ iPnone က လက်ဗွေစနစ်နဲ့ ဆိုတော့ သူအိပ်တဲ့အချိန်မှာ သူ့လက်ကို တိတ်တိတ်ကလေးမပြီး လက်ဗွေနှိပ်တာပေ့ါ။

စာမျက်နှာ ၄၀ ››



## ''သရုပ်ဆောင်နှစ်ယောက်လုံးဟာအကယ်ဒမီဆန်ခါတင်စာရင်းမှာ ပါနေတယ်ဆိုတော့ ထိုးနှက်တိုက်ခိုက်မှုတစ်ခုလား စဉ်းစားစရာပါ''

### ရုပ်ရှင်အ စည်းအရုံးဥက္ကဋ္ဌလူမင်းနှင့်တွေ့ဆုံခြင်း

**ကြူကြူဟန်**

အနုပညာရှင်များ မူးယစ်ဆေးဝါး သုံးစွဲခဲ့သည့်အတွက် ရန်ကုန်တိုင်း မူးယစ်အထူးအဖွဲ့က ၂၀၀၈တွင် ခေါ်ယူစစ်ဆေးခဲ့သော စိုးမြတ်သူဇာ၊နဝရတ်တို့၏ ရဲစစ်ချက်များ အွန်လိုင်းမှတစ်ဆင့်ပေါက်ကြားလာခဲ့သဖြင့် အနုပညာလောကအတွင်း ဂယက်ရိုက်ခဲ့သည်။ ၂၀၀၈ခုနှစ်က မူးယစ်စစ်ချက်ကို အများပြည်သူသိအောင် ဖော်ထုတ်ခြင်းက အနုပညာရှင်များနှင့် ဆက်စပ်လျက်ရှိသော အာဏာပိုင်သားသမီးများ ဥပဒေကိုမထီမဲ့မြင်ပြုလုပ်ခြင်းကို ဖော်ပြလိုသည့်အတွက်ဖြစ်နိုင်ကြောင်း အများစုက ထင်ကြေးပေးခဲ့သော်လည်း အနုပညာအသိုက်အဝန်းနှင့် မိသားစုများကိုထိခိုက်စေခဲ့သည်။မူးယစ်စစ်ချက်နှင့်ပတ်သက်ပြီး ရုပ်ရှင်အစည်းအရုံးကလည်း ရှင်းလင်းတင်ပြချက်တစ်ရပ်ထုတ်ပြန်ထားသည်။ ထို့ကြောင့် အနုပညာလောကအတွင်း မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်ပြီး ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဖြစ်သလို မူးယစ်ဆေးတိုက်ဖျက်ရေး သံတမန်တစ်ဦးဖြစ်သော သရုပ်ဆောင်လူမင်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

**၂၀၀၈ခုနှစ်က မူးယစ်ဆေးသုံးစွဲတဲ့အနုပညာရှင်တွေကို ရန်ကုန်တိုင်းမူးယစ်အဖွဲ့က စစ်ဆေးခဲ့တယ်လို့ မှုခင်းအထူးအဖွဲ့မှ ရဲအရာရှိကြီးက အတည်ပြုပြောခဲ့ပါတယ်။ ဒါပေမဲ့ ပြည်ထဲရေးဌာနက အရေးမယူဘဲ ယဉ်ကျေးမှုဝန်ကြီးဌာနက ခေါ်ယူသတိပေးခဲ့တယ်လို့သိရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာပြောလိုပါသလဲ။**

တစ်ချိန်တုန်းက အဲလိုခေါ်ယူစစ်ဆေးမှုတွေရှိခဲ့တယ်ဆိုတာ ကြားသင့်သလောက်တော့ကြားမိပါတယ်။ မလိမ်မညာတမ်းဝန်ခံရမယ်ဆိုရင်တော့ သုံးစွဲတဲ့သူတွေ ကိုယ်တို့လောကထဲမှာရှိနေတယ်လို့တော့ အကြမ်းဖျင်းအားဖြင့် ကောက်ချက်ချလို့ရတယ်။ ဒါပေမဲ့လည်း လူတစ်ယောက်ဟာ အမှားကိုသိလို့ အမှန်ကိုပြုပြင်ပြောင်းလဲချင်တယ်ဆိုရင် ကြိုဆိုရမှာပဲလေ။

စာမျက်နှာ ၄၁ ››



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# တောင်ကိုရီးယား၏ အချမ်းသာဆုံးကလေးသရုပ်ဆောင် ကင်ယိုဂျန်း၊ ကင်ဆိုဟွန်းနှင့် ယိုဂျင်ဂို





**ဆိုးလ်၊ ဒီဇင်ဘာ-၆**

အသက်၆နှစ်၊၇နှစ်အရွယ်မှစ၍ ဒရာမာဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး ယခုအချိန်တွင် နာမည်ကျော် ကေဒရာမာစတားများအဖြစ် ရပ်တည်နေကြသော ပတ်ရှင်ဟီးနှင့် ဂျန်ဂွန်ဆော့တို့ကဲ့သို့ပင် တောင်ကိုရီးယား၌ ဒရာမာဇာတ်လမ်းတွဲများဖြင့် ငွေကြေးချမ်းသာကြွယ်ဝနေသော ကလေးသရုပ်ဆောင်များ စွာရှိသည်။ ယင်းအနက် ကင်ယိုဂျင်း၊ ကင်ဆိုဟွန်းနှင့် ယိုဂျင်ဂိုတို့သည် တောင်ကိုရီးယား၏ အချမ်းသာဆုံး ကလေးသရုပ်ဆောင်များအဖြစ် သတ်မှတ်ခြင်းခံထားရသည်။

တောင်ကိုရီးယားတွင် လူသိအများဆုံး ကလေးသရုပ်ဆောင်ဖြစ်သော ကင်ယိုဂျင်းသည် တောင်ကိုရီးယား၏ နာမည်ကျော်ဇာတ်လမ်းတွဲများဖြစ်သော ' Moon Embracing the Sun'၊'Iljimae'၊ ' May Queen'၊ ' Golden Rain bow' စသည့် ဒရာမာဇာတ်လမ်းတွဲများတွင် အဓိကဇာတ်ဆောင်မင်းသမီး၏ ကလေးဘဝနေရာမှ သရုပ်ဆောင်ခဲ့သည်။ ကင်ယိုဂျန်းသည် 'Golden Rainbow' ဇာတ်လမ်းတွဲ' အပိုင်းတစ်ပိုင်းအတွက် အနုပညာကြေးအဖြစ် အမေရိကန်ဒေါ်လာ ၅,၀၀၀ ကျော်ရရှိခဲ့သည်။

ကင်ဆိုဟွန်းသည်လည်း ' Moon Embracing the Sun'၊ ' Missing You'၊ ' I Hear Your Voice'၊ ' Iris II' စသည့် နာမည်ကျော်ကေဒရာမာဇာတ်လမ်းတွဲများတွင် ကလေးသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့ပြီး ဇာတ်လမ်းတွဲအပိုင်းတစ်ပိုင်းလျှင် အမေရိကန်ဒေါ်လာ ၅,၀၀၀ ခန့် ရရှိခဲ့သည်။

ကလေးသရုပ်ဆောင်မင်းသား ယိုဂျင်ဂိုသည်လည်း ကင်ယိုဂျန်းနှင့် ကင်ဆိုဟွန်းတို့ကဲ့သို့ပင် ဒရာမာဇာတ်လမ်းတွဲအပိုင်းတစ်ပိုင်းသရုပ်ဆောင်ခအနေဖြင့် အမေရိကန်ဒေါ်လာ၅,၀၀၀ ခန့်ရရှိခဲ့ပြီး ရုပ်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၁၀,၀၀၀ မှ ၅၀,၀၀၀ ကြားရရှိခဲ့သည်။ အဆိုပါ ကေဒရာမာကလေးသရုပ်ဆောင်သုံးဦးသည် ဝင်ငွေပို၍ကောင်းလာနိုင်သည်ဟုလည်း ခန့်မှန်းကြသည်။

*—Ref:KDrama Stars*

စာ(၃၉)မှ

## Candy Crush ဂိမ်း စွဲနေတဲ့ အဒမ်လက်ဗင်း

သူက လန့်နိုးပြီး ဘာလုပ်တာလဲ ဆိုတော့ Candy Crush ကစားနေတာလို့ပြန်ပြောလိုက်ရတယ်"ဟု အဒမ်လက်ဗင်းက Candy Crush ဂိမ်းနှင့်ပတ်သက်၍ မည်မျှရူးသွပ်ကြောင်း ပြောကြားသည်။

Moroon 5 ရော့ခ်အဖွဲ့မှ အဆိုရှင် အဒမ်က မကြာသေးမီက People မဂ္ဂဇင်း၏ ဆွဲဆောင်မှုအရှိဆုံးအမျိုးသားအဖြစ် သတ်မှတ်ခြင်းခံရသည်နှင့်ပတ်သက်၍ ချစ်သူနှင့် မိခင်ဖြစ်သူ တို့ပြန်မှုများအကြောင်းကိုလည်း ပြောကြားခဲ့သည်။ "ကျွန်တော့်ကောင်မလေးက ကျွန်တော်ဆွဲဆောင်မှုအရှိဆုံးအမျိုးသားအဖြစ် သတ်မှတ်ခံရတယ်လို့ ပြောတော့ ရယ်လိုက်တာမှ ဝက်ဝက်ကွဲပဲ။ အမေကလည်း ဒါဆိုသူလည်း ဆွဲဆောင်မှုအရှိဆုံး အမေပေါ့ဆိုပြီး ကျွန်တော့်ကို ကျီစားနေတယ်" ဟု အဒမ်လက်ဗင်းက ပြောကြားခဲ့သည်။ ၎င်းကိုယ်တိုင်လည်း People မဂ္ဂဇင်းမှပေးသော ဆွဲဆောင်မှုအရှိဆုံးအမျိုးသား ဆုကို ရရှိလိမ့်မည်ဟု မမျှော်လင့်ခဲ့ကြောင်း အဒမ်လက်ဗင်းက ဝန်ခံပြောကြားသည်။

*—Ref:Hollywood Buzz*






စာ(၃၉)မှ

## ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌလူမင်းနှင့်တွေ့ဆုံခြင်း

ဒီဖြစ်စဉ်ဖြစ်ရပ်ကြီးက တကယ်ပဲ ဟုတ်ခဲ့တယ်ထားဦး ၂၀၀၈ခုနှစ်က ဖြစ်ခဲ့တာဆိုတော့ ဘယ်သူမှမပြောနိုင်ပါဘူး။ အဲဒီတော့ အမှားကို သိပြီးအမှန်ကိုပြင်ဖို့ကြိုးစားနေတဲ့သူတွေအတွက်တော့ကြိုဆိုပေးရမှာပဲ။ ကာကွယ်ပေးရမှာပဲ။ အစည်းအရုံးအနေနဲ့ကတော့ အဲဒီလို သဘောထားရှိပါတယ်။

**အွန်လိုင်းမှာ ပျံ့နှံ့နေတဲ့ မင်းသမီးစိုးမြတ်သူဇာရဲ့ မူးယစ်စစ်ချက်ထဲမှာ ကိုလူမင်းအပါအဝင်တချို့မသုံးစွဲတဲ့သူတွေနာမည်စာရင်းပါနေတယ်ဆိုတာ အစ်ကိုတို့ပြောလို့ သိရပါတယ်။ အဲဒီလိုပါဝင်နေတာ ဘာကြောင့်လို့ထင်ပါသလဲ။**

အခုချိန်ထိ ပြောရခက်တုန်းပါပဲ။ တချို့ရဲမှူးကြီးတွေအတည်ပြုတယ်ဆိုတာက အဲဒီခေတ်၊ အဲဒီအခါတုန်းက ခေါ်ယူမေးမြန်းစစ်ဆေးမှုတွေရှိခဲ့တယ်လို့ပဲ အတည်ပြုကြတာ။ ဒီဖော့စ်ဘွတ်ခ်မှာ ပါသလောက် အချက်အလက်တွေအားလုံးမှန်ပါတယ်လို့ အတည်ပြုပေးနိုင်တဲ့သူမပေါ်သေးဘူး။ အဲဒီအတွက် အစည်းအရုံးက ရှင်းလင်းတင်ပြချက်တစ်ခုထုတ်ပြန်သလို ပြည်ထဲရေးဝန်ကြီးဌာနကိုလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး တရားဝင်စာတင်ပြီး ပြည်သူချစ်ခင်အားပေးတဲ့ အနုပညာရှင်နဲ့ပရိသတ်ကြားအမုန်းတရားကြီးထွားမှုမဖြစ်အောင် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးဖို့ ပြည်ထဲရေးကို မနေ့ကပဲစာ တင်ပြီးတော့ တောင်းဆိုထားတာရှိပါတယ်။

**၂၀၀၈ခုနှစ်က မူးယစ်စစ်ချက်ကို အခုချိန်မှ လူမှုကွန်ရက်ဖေ့စ်ဘွတ်ခ်မှာ ဖြန့်နေတာ ဘယ်လိုရည်ရွယ်ချက်ကြောင့်လို့ ထင်ပါသလဲ။**

စဉ်းစားစရာကအများကြီးရှိတယ်။ အစ်ကိုတို့ အကယ်ဒမီပွဲအတွက် အားလုံးလှုပ်လှုပ်ရှားရှားစလုပ်ကြတဲ့အချိန်မှာပဲ ဒီလိုသတင်းတွေထွက်လာတယ်ပေါ့။ ပြောရမယ်ဆိုရင် ဒီသရုပ်ဆောင်နှစ်ဦးစလုံးကလည်း (စိုးမြတ်သူဇာ၊ နဝရတ်) အကယ်ဒမီဆန်ခါတင်စာရင်းထဲမှာ ပါနေတယ်ဆိုတော့ ဒါဟာ အကယ်ဒမီအတွက် တိုက်ခိုက်ထိုးနှက်မှုတစ်ခုလားလို့စဉ်းစားစရာရှိသလို တစ်ဖက်ကပြန်ကြည့်ရင်လည်း တစ်ချိန်တုန်းက လူကြီးသားသမီးတွေရဲ့ ဥပဒေအထက်မှာ နေခဲ့တဲ့ကိစ္စကိုဖော်ညွှန်းချင်လို့ အစ်ကိုတို့အနုပညာရှင်တွေကို အသုံးချခံရတာလားဆိုတာလည်း စဉ်းစားရမှာပါပဲ။ နောက်ပြီးကိုယ်တို့ ဉာဏ်မမီနိုင်တဲ့ နိုင်ငံရေးလှည့်ကွက်တွေများဖြစ်နေမလားဆိုတာလည်း ကိုယ်တို့စဉ်းစားရမှာပါပဲ။

**မူးယစ်ဆေးသုံးစွဲတဲ့ အနုပညာရှင်စာရင်းကိုဖော်ထုတ်မယ်ဆိုတော့ ဘယ်လိုပုံစံမျိုးဖော်ထုတ်မှာပါလဲ။**

အဲဒီကိစ္စစပေါ်ပေါ်ချင်းက အစ်ကို့ကို ဂျာနယ်တစ်စောင်က မေးတာနဲ့ ကိုယ်ဖြေတာက ဒီဖေ့စ်ဘွတ်ခ်မှာတက်လာတဲ့အကြောင်းအရာကို မဆွေးနွေးခင် အဲဒီအကြောင်းအရာသည် တကယ်အစစ်အမှန်ဟုတ်၊ မဟုတ်ဆိုတာ ပ ထမဆုံးစုံစမ်းရပါမယ်လို့ပြောတာ။ ဒါပေမဲ့ နားလည်မှုလွဲတာလား၊ ဘာသာပြန်လွဲတာလား တော့မသိဘူး။ ရေးလာတဲ့အခါကျတော့ ဒီပါဝင်တဲ့အနုပညာရှင်တွေကိုပဲ ပြန်ခေါ်ယူစစ်ဆေးပြီး ဖော်ထုတ်သွားမယ်ဆိုတဲ့ သဘောမျိုးရေးလိုက်တာလည်း နှစ်ခု၊ သုံးခုမှာ ဖတ်လိုက်ရတယ်ဆိုတော့ ကိုယ်က အဲဒီလိုလုပ်ဖို့ အစီအစဉ်လုံးဝမရှိပါဘူး။

**အနုပညာရှင်အချင်းချင်းလည်း မူးယစ်ဆေးဝါးတွေကို ရောင်းဝယ်ဖောက်ကားကြတယ်လို့ ပြောကြပါတယ်။ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘယ်လိုသုံးသပ်ချင်ပါသလဲ။**

ကိုယ့်ဆန္ဒကိုပြောရမယ်ဆိုရင် ကိုယ်တို့လောကကိုလည်း မူးယစ်ကင်းစင်တဲ့ အနုပညာလောကဆိုတာ အင်မတန်ဖြစ်စေချင်ပါတယ်။ တချို့ဂျာနယ်တွေမှာ ဖြေထားတာရှိပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းဆိုတာက နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေနဲ့ငြိစွန်းတဲ့မှုခင်းကိစ္စရပ်တစ်ခုဖြစ်ပါတယ်။ အဲဒီတော့ဥပဒေအထက်မှာဘယ်သူမှ မရှိဘူးဆိုရင် အနုပညာရှင်ဆိုတာလည်း မရှိနိုင်ပါဘူး။

**မူးယစ်ဆေးသုံးစွဲနေတဲ့ အနုပညာရှင်တချို့ကို ဝါဒဖြန့်ချိရေးဇာတ်ကားရိုက်ပေးတဲ့ အတွက်ဥပဒေပြင်ပလုပ်ရပ်တွေကို အာဏာပိုင်တွေက သရုပ်ဆောင်အပေါ် ကာကွယ်ပေးတဲ့ အပေးအယူပုံစံမျိုးတွေရှိတယ်လို့ ဝေဖန်မှုတွေရှိခဲ့တယ်။ ဒီဘက်ခေတ်ကိုဖြတ်သန်းခဲ့ရတဲ့ သူတစ်ယောက်အနေနဲ့အဲဒီလိုမျိုးတကယ်ရှိခဲ့လား။ မှန်ကန်တဲ့ လုပ်ရပ်လို့ရောမြင်ပါသလား။**

ကိုယ်ခုနပြောသလိုပါပဲ။ တစ်ချိန်တစ်ခါကတော့ တရားစီရင်ရေးမှာကအစ အာဏာရှင်ဆန်ဆန် စီရင်ဆုံးဖြတ်တဲ့အခါ အဲဒီလိုကိစ္စမျိုးတွေက ရှိခဲ့မှာပါပဲ။ ဒီဘက်ခေတ်ကြီးမှာတော့ဥပဒေအထက်မှာ ဘယ်သူမှမရှိဘူးလို့ ကြွေးကြော်မယ်ဆိုရင် ဒီလိုကိစ္စမျိုးတွေက မရှိသင့်ပါဘူး။ ဥပဒေကြောင်းအရပဲဖြစ်သင့်ပါတယ်။

**တချို့အနုပညာရှင်တွေ မူးယစ်ဆေးသုံးစွဲပြီးပြန်ကုသခဲ့ရတယ်လို့ဆရာဝန်ကြီးတွေက နာမည်ကိုတော့ ကျင့်ဝတ်အရမဖော်ထုတ်ခဲ့ပါဘူး။ အစိုးရပိုင်းနဲ့ ပတ်သက်နေလို့ ဆေးသုံးတာကိုအရေးယူမခံရဘဲ အကာအကွယ်တွေရခဲ့တယ်။ မူးယစ်သံတမန်တစ်ယောက်အနေနဲ့ ဒီလိုဥပဒေပြင်ပလုပ်ရပ်တွေက မူးယစ်ဆေးကို လွယ်လွယ်နဲ့ပြန်သုံးစွဲဖို့အတွက် တွန်းအားဖြစ်စေသလား။**

ဒါလည်းဖြစ်နိုင်တာပါပဲ။ အရေးယူခြင်းမခံဘူးဆိုရင် ပိုအတင့်ရဲတဲ့သဘောဖြစ်တာပေါ့ ။ကိုယ့်အနေနဲ့အသက်ငယ်ပေမယ့် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ပြောရမယ်ဆိုရင်တော့ မိဘဆိုတာက ကိုယ့်သားသမီးတွေကို ကောင်းစေချင်တာပဲပေါ့။ ဒါပေမဲ့ သားသမီးတိုင်းလည်း မိသားစုတစ်ခုမှာတောင် သားသမီးတိုင်းလည်းစင်းလုံးချောအပြစ်ကင်းစင်နေကြတာ မဟုတ်ဘူးလေ။ အဲဒီတော့ အမှားလုပ်မိတဲ့သူရှိကောင်းရှိမှာပဲ။ အမှားလုပ်မိရင် အမှန်ဖြစ်အောင်လမ်းမပေါ်ရောက်အောင် မိဘအနေနဲ့ကတော့လမ်းညွှန်ပြရမယ်။ ဆုံးမသွန်သင်ပြရမှာပဲ။ သားဆိုး၊ သမီးဆိုးတစ်ယောက်မို့ဆိုပြီး မိဘက ပစ်ရိုးထုံးစံမရှိပါဘူး။ အပြစ်ကြီးတစ်ခုလုပ်ထားတယ်လို့မမြင်ပါဘူး။

**တချို့နာမည်ကြီး အနုပညာရှင်တွေကို ရိုက်ရက်ရဖို့အတွက် မူးယစ်ဆေးကိုကြားခံထားပြီး ထုတ်လုပ်ရေးတချို့က ကြားခံပစ္စည်းအဖြစ်အနေနဲ့ အသုံးပြုနေတယ်လို့ သတင်းရထားပါတယ်။ ဒီလိုကိစ္စတွေက ရုပ်ရှင်လောကအတွက်လည်း မကောင်းနိုင်တော့ ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဘယ်လိုထိန်းချုပ်ချင်ပါသလဲ။**

အဲဒါက ကိုယ်တိုင်လည်း မမြင်နိုင်တဲ့၊ သက်သေလည်းအတိကျမပြနိုင်တဲ့ကိစ္စမျိုးတွေအပေါ် မဆွေးနွေးတာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က စကားပြောဆင်ခြင်ရတယ်။ ကိုယ့်လောကသားအချင်းချင်းဖြစ်နေတော့ ကိုယ့်လောကသားထိခိုက်နစ်နာမှုဘယ်လိုမျိုးကိုမဆို မဖြစ်စေချင်ပါဘူး။ အစကတည်းက ဒီလိုဖြစ်စေမယ့်ကိစ္စမျိုးကို ရှောင်ရှားထားတာအကောင်းဆုံးပဲပေါ့။

**မူးယစ်ဆေးသုံးပြီး အနုပညာအလုပ်တွေလုပ်ရင် ပိုပြီးလုပ်နိုင်တယ်။ ပိုအိုင်ဒီယာကောင်းတွေထွက်တယ်လို့ တလွဲအယူအဆတွေရှိနေကြတယ်။ အစ်ကိုရော အဲဒါကို ဘယ်လိုထင်ပါသလဲ။**

ကိုယ့်အနေနဲ့ အဲဒီအဆိုကို လုံးဝကန့်ကွက်ပါတယ်။ ဆန့်ကျင်ပါတယ်။ ကိုယ်ကိုယ်တိုင်ဆိုလည်း ဒီခေတ်၊ဒီနေရာထိရောက်အောင် အနုပညာစွမ်းအားတွေ၊ ဘာတွေ ကိုယ့်နှလုံးသားကပဲ ခံစားပြီးလုပ်တာပါ။ အဲဒီအတွက် မူးယစ်ဆေးဝါးအကူအညီတစ်ခါမှ မယူခဲ့ပါဘူး။ ဒါက အယူအဆလွဲမှားခြင်းတစ်မျိုးပါပဲ။ ဒီလိုအယူအဆကကမ္ဘာ့အနုပညာလောကမှာလည်း ရှိတယ်။ ပိုပြီးပြောင်မြောက်တယ်ဆိုပြီးတော့ ခံယူကြတာတွေလည်း ရှိတယ်။ ကိုယ့်အနေနဲ့တော့ လက်မခံပါဘူး။ ကိုယ်က အနုပညာလောကမှာတင်မဟုတ်ပါဘူး။ MANA ရဲ့ သံတမန်တစ်ယောက်ဖြစ်တဲ့အတွက် ဟောပြောပွဲတိုင်းမှာ အမြဲပြောပါတယ်။ မူးယစ်ဆေးဝါးက ပုံစံမျိုးစုံနဲ့ လူတွေရဲ့ပတ်ဝန်းကျင်ကို ရောက်လာမှာပါပဲ။ ဈေးသိပ်ကြီးရင် ဈေးနည်းတဲ့ပုံစံနဲ့ သုံးစွဲနိုင်အောင်၊ အဆင့်တွေခက်ခဲရင် လွယ်ကူတဲ့ပုံစံနဲ့ သုံးစွဲလို့ရအောင် ဒီဇိုင်းလုပ်ထားတာတွေရှိနေမှာပါပဲ။ လူတွေရဲ့ အသိစိတ်မှာကိုက စမ်းသပ်ဖို့မကောင်းတဲ့အရာ၊ သုံးစွဲဖို့မကောင်းတဲ့အရာဆိုတဲ့ အသိစိတ်တွေ၊ လူတွေကြားမှာ ပိုပြန့်ပွားမှသာလျှင် တားဆီးကာကွယ်နိုင်မှာ။

**ရုပ်ရှင်အစည်းအရုံးက ထုတ်ပြန်ထားတဲ့ ရှင်းလင်းချက်နဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ ဆက်ရှိနေပါတယ်။ ဘာများပြောချင်ပါသလဲ။**

ကြေညာချက်ထုတ်တဲ့အပေါ်မှာလည်း ဖြည့်ပြောချင်တာက ကိုယ်တို့အစည်းအရုံးအနေနဲ့ ကြေညာချက်ထုတ်တယ်ဆိုတာ အားပေးတဲ့ပရိသတ်ဘက်ကအမြင်ကိုလည်း ကြည့်ရပါတယ်။ ကိုယ်တို့အနုပညာရှင်တွေကို ကာကွယ်ပေးမယ့်အမြင်နဲ့လည်း ကြည့်ရပါတယ်။ တစ်ဖက်ကသက်ဆိုင်ရာဌာနဆိုင်ရာတွေရဲ့အမြင်ကိုလည်းကြည့်ရပါတယ်။ အဘက်ဘက်ကနေကြည့်ပြီးတော့ ကိုယ်တို့က ကြေညာချက်လို့တောင်မသုံးဘဲနဲ့ရှင်းလင်းတင်ပြချက်ဆိုတဲ့ အသုံးအနှုန်းလေးသုံးရတာကအစ ကိုယ်တစ်ယောက်တည်းရေးတဲ့ ထုတ်ပြန်ချက်မဟုတ်ပါဘူး။ အမှုဆောင်တချို့နဲ့ တော်တော်လေး ခေါင်းချင်းဆိုင်ပြီး စကားလုံးကိုစီပြီးမှ ထုတ်ပြန်ရတဲ့အနေအထားမျိုးရှိပါတယ်။

**အစ်ကို့အနေနဲ့ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်ပါသလဲ။**

အားလုံးကိုခြုံပြီး သုံးသပ်မယ်ဆိုရင်တော့ ဖေ့စ်ဘွတ်ခ်ကတက်လာတဲ့ ကိစ္စတွေပါပဲ။ နှစ်ချက်ရှိတယ်။ ပထမတစ်ချက်က ဒီအကြောင်းအရာတွေက အစစ်အမှန်ဖြစ်ခဲ့မယ်ဆိုရင် ဒီကိစ္စတွေဟာ သက်ဆိုင်ရာဌာနဆိုင်ရာကသိမ်းဆည်းထားရမယ့် လျှို့ဝှက်ချက်ပေါက်ကြားခြင်းဖြစ်တဲ့အတွက် အဲဒီဌာနမှာ တာဝန်ရှိပါတယ်။ နောက်တစ်ခုဒီအချက်တွေက မမှန်ကန်ဘူးဆိုရင်တော့ ဒီအချက်ကို အများပြည်သူသိရှိဖို့အတွက် အွန်လိုင်းပေါ်ဖြန့်ဝေတဲ့သူဟာ မလုပ်သင့်မလုပ်ထိုက်တဲ့ အလုပ်တစ်ခုကိုလုပ်တယ်လို့ပဲ ယူဆမိပါတယ်။

**ကျေးဇူးတင်ပါတယ်။**

စာမျက်နှာ ၃ မှ

## သံခြေချင်းများကို လူ့ဂုဏ်သိက္ခာ ချိုးနှိမ်ရန် အသုံးပြုသောအခါ

အကျဉ်းသားက ကိုင်၍ သွားလာလှုပ်ရှားမှုပြုရခြင်း ဖြစ်သည်။

ဒေါက်ခတ်ခြင်းမှာ သံခြေချင်းခတ်ထားသည့် ခြေထောက်နှစ်ချောင်း၏ ခြေကျင်းဝတ်နေရာမှ သံကွင်းနှစ်ခုကို ပြစ်ဒဏ်အနည်းအများပေါ်မူတည်၍ အရှည် ၆ လက်မမှ ၁၈ လက်မအထိ အရွယ်အစား အမျိုးမျိုးရှိသည့် သံချောင်းများဖြင့် ကလန့်ချိတ်ဆက်ထားခြင်းဖြစ်သည်။ သံခြေချင်းအပြင် ဒေါက်ပါခတ်ထားခံရသည့် အကျဉ်းသားမှာ ဘဲသွားသာ သွားနိုင်ပြီး ခက်ခဲစွာ လမ်းလျှောက်ရသည်။

ထောင်တွင်းတွင် အလွန်တရာဆိုးသွမ်းသော အကျဉ်းသားများအတွက် ရည်ရွယ်ထားသည့် ခြေချင်း၊ ဒေါက်ခတ်ပြစ်ဒဏ်ကို ထောင်အာဏာပိုင်များက လိုသလိုသုံးစွဲပြီး ပုဂ္ဂိုလ်ရေးမကျေနပ်ချက်များ၊ အထက်အမိန့်ညွှန်ကြားချက်များဖြင့် အကျဉ်းသားများကို ပြစ်ဒဏ်ပေးလေ့ရှိကြောင်း ပြန်လည် လွတ်မြောက်လာသူများက ပြောသည်။ ထို့အပြင် အကျဉ်းသားများထံမှ ကြားပေါက်ငွေရလိုသည့် အကျင့်ပျက်ဝန်ထမ်းများကလည်း ခြေချင်းဒေါက်များကို အသုံးချပြီး အပိုဝင်ငွေ ဖန်တီးလေ့ရှိကြောင်း ၎င်းတို့က ပြောသည်။

၁၉၉၉ ခုနှစ် မြန်မာနိုင်ငံ အကျဉ်းထောင်သို့ ICRC ဝင်လာချိန်တွင်တော့ နှစ်ရှည်လများ အိပ်မက်ဆိုးသဖွယ် ခံစားခဲ့ရသည့် သံခြေကျင်းအချုပ်အနှောင်ပြုတ်သွားသည့်နေ့ကို ဦးဂျော်လီထွန်း မမေ့နိုင်ပါ။

“ခြေချင်းပြုတ်သွားတဲ့ နေ့က ကျွန်တော့်ကိုကြည့်ပြီး ထောင်ဝန်ထမ်းတွေကအစ မျက်ရည်ကျကြတယ်။ ကျွန်တော့်မိန်းမဆို ခြေချင်းမရှိတော့တဲ့ ကျွန်တော့်ကို တွေ့တော့ သိန်း ၁၅၀၀ ဆယ်စုလောက်ပေါက်သွားတဲ့ မျက်နှာလိုဖြစ်သွားတယ်” ဟုဦးဂျော်လီထွန်းက မျက်ရည်များကျရင်း ဆိုသည်။

အကျဉ်းထောင်များအတွင်း ထပ်မံပြစ်မှုကျူးလွန်သည့်သူများကို အကျဉ်းထောင်လက်စွဲ ဥပဒေအရဥပဒေနှင့်အညီ အရေးယူရန်လိုအပ်ပြီး လူမဆန်သည့်ပြစ်ဒဏ်များချမှတ်ခြင်းကို လုံးဝပယ်ဖျက်ရမည်ဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း-မြန်မာနိုင်ငံ(AAPP-B) မှတွဲဖက်အတွင်းရေးမှူးဦးဘိုကြည်က ပြောသည်။

သူသည်လည်း နိုင်ငံရေးအကျဉ်းသားအဖြစ် အကျဉ်းကျခံနေရစဉ်အတွင်း သံခြေချင်းနှင့် ဒေါက်အခတ်ခံရကာ လူမဆန်သည့်နှိပ်စက်မှုများ ခံခဲ့ရကြောင်း ရှင်းပြသည်။

“အခတ်ခံရတဲ့အပြင် ကျွန်တော်တို့ကို နှစ်ပတ်လုံးပေါ့။ မနက်မိုးလင်းရင် တစ်နာရီ သူတို့ပြောတော့ လေ့ကျင့်ခန်းလို့ဆိုတယ်။ ပုံစံမောင်းတယ်။ ပုံစံဆိုတာ ခွေးဝပ်ဝပ်ရတယ်။ ပြီးရင် သူတို့က ပုံစံ၊ ပုံစံကြီးဆိုပြီးအော်တယ်။ ပုံစံဆိုရင် ခွေးဝပ်ဝပ်၊ ပုံစံကြီးဆိုရင် ပတပ်ရပ်။ အဲလိုနေရတယ်။ အဲဒါ ခြေချင်းဒေါက်နဲ့ လုပ်ရတာ။ နှစ်ပတ်တိတိလုပ်ရတယ်။ မနက်တစ်နာရီ၊ ညနေ တစ်နာရီ” ဟု သူကြုံရသည့် လူမဆန်သည့် ညှဉ်းပန်းမှုများအကြောင်း ဦးဘိုကြည်က ပြောသည်။

သို့သော် နှိပ်စက်မှုများက ဒီတင်မရပ်။

“အဲလိုလုပ်နေတဲ့အချိန်မှာ သူတို့စိတ်ကျေနပ်မှုမရှိဘူးဆိုရင် ကျွန်တော်တို့ ပုံစံကို မကြိုက်ဘူးဆိုရင် တံခါးဖွင့်ပြီး ထုတ်ရိုက်တယ်” ဟု ဦးဘိုကြည်က ပြောသည်။

အင်မတန်ဆိုးသွမ်းသည့် ရာဇဝတ်သားကို သံခြေချင်းခတ်ပါက ကန့်ကွက်စရာမရှိပါ။ အများပြည်သူအတွက် ဖိနှိပ်ထားသည့် စနစ်နှင့်ဥပဒေတို့ကို ကန့်ကွက်ခဲ့သည့် နိုင်ငံရေးအကျဉ်းသားဆိုသူများကိုမူ လူသားဂုဏ်သိက္ခာ ထိခိုက်အရှက်ရစေသော သံခြေကျင်းကို ပို၍မသုံးသင့်ကြောင်း နိုင်ငံရေးအကျဉ်းသားဟောင်း ရှေ့နေ ဦးသိန်းသန်းဦးက ပြောသည်။

“ခြေကျင်းဆိုတာ လုံခြုံရေးကို မူတည်ပြီး ထောင်အာဏာပိုင်တွေက ဘယ်လိုလူခတ်သင့်တယ်။ မခတ်သင့်ဘူးဆိုတာ သုံးသပ်လို့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် Jia Manual ကို ပြန်ပြီးတော့ ပြင်ဆင်သင့်တယ်။ ကိုဂျော်လီထွန်းတို့လို လူကိုနှစ်ရှည်လများ ခတ်ထားတာကျတော့ ဒါဟာ လူ့အခွင့်အရေးကိုအကြီးအကျယ် ချိုးဖောက်တာ။ ထောင်ထဲမှာထပ်ပြီး အနိုင်ကျင့်တာသက်သက်ပဲ” ဟု ကိုယ်တိုင်သံခြေကျင်းခတ်ခံရပြီး အကျဉ်းကျခဲ့ရဖူးသည့် မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်မှ တရားလွှတ်တော်ရှေ့နေ ဦးအောင်သိန်းက ပြောသည်။

ကိုလိုနီခေတ်က ရေးဆွဲထားသော အကျဉ်းထောင်လက်စွဲ ဥပဒေတွင် အကျဉ်းသားများအတွက် ယနေ့ခေတ်အထိ ခေတ်မီအသုံးဝင်နေသေးသော်လည်း ပြန်လည်ပြင်ဆင်ရန် အချက်များလည်း ရှိလာပြီဖြစ်သည်။ ပြည်ထဲရေးဝန်ကြီးဌာနကလည်း အကျဉ်းထောင်လက်စွဲဥပဒေကို ပြန်လည်ပြင်ဆင်ရေးသားနေပြီဟု လွှတ်တော်တွင်း လွှန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က ဆွေးနွေးပြောကြားသွားသည်။

အစိုးရသစ်လက်ထက်တွင် အကျဉ်းထောင်များအတွင်း အကျဉ်းသားများကို မတရား ရိုက်နှက်ညှဉ်းပန်းမှုများ လျော့ပါးသွားကြောင်းနှင့် အစားအသောက်များ ဝဝလင်လင်စားသောက်ရသည်ဟု အပြောင်းအလဲဆန်သည့် သတင်းများ ထွက်ပေါ်လာသော်လည်း သံခြေကျင်း ဒေါက်ခတ်ပြစ်ဒဏ်ကို ပယ်ဖျက်လိုသူတို့၏ ဆန္ဒမပြည့်ဝသေးပါ။

အကျဉ်းထောင်သည် ပြစ်မှုကျူးလွန်သူတို့အတွက် ပြန်လည်ပြုပြင်ရေးစခန်းတစ်ခုအဖြစ် နိုင်ငံတိုင်းတွင် ရှိသည့်နေရာတစ်ခုဖြစ်သည်။ သို့သော် လူသားဆန်သည့် ပြစ်ဒဏ်မျိုးတော့ ဖြစ်ဖို့လိုသည်။

**Sports** 7Day News Journal

Vol.12, No.40 • DECEMBER 11 , 2013

# ဝေဖြိုးအောင် မြန်မာအတွက် ရွှေသုံးခုရယူပေး

**ခန့်ထက်၊ ချစ်ဝိုင်း**

**ရန်ကုန်၊ ဒီဇင်ဘာ-၉**

ဝေဖြိုးအောင်သည် တတိယမြောက်နေ့ ဝူရှူးအမျိုးသားနန်းဒေါင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ထပ်မံရရှိခဲ့သောကြောင့် ဆီးဂိမ်းပြိုင်ပွဲတွင်ရွှေသုံးခုရ မြန်မာဝူရှူးကစားသမားဖြစ်လာသည်။

ဒီဇင်ဘာလ ၉ ရက်နံနက်က ယှဉ်ပြိုင်ခဲ့သော အမျိုးသားထောက်လုအမျိုးအစားနန်းဒေါင်းပြိုင်ပွဲတွင် ဝေဖြိုးအောင်က ရမှတ် ၉ ဒသမ ၆၉ ဖြင့် ပြိုင်ဘက်မလေးရှားနှင့် ဗီယက်နမ်တို့ကို ဖြတ်ကျော်၍ ရွှေတံဆိပ်ဆုရရှိကာ စုစုပေါင်း ရွှေတံဆိပ်သုံးခုရရှိခဲ့သည်။

ဆီးဂိမ်းဝူရှူးပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်က စတင်ကျင်းပခဲ့ပြီး မြန်မာကိုယ်စားပြုယှဉ်ပြိုင်သော ဝေဖြိုးအောင်သည် ဒီဇင်ဘာ ၇ ရက်က ဂျူလီယန် (၁) လက်နက်ဖြင့် အလှပြအတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဒီဇင်ဘာ ၈ ရက်က ယှဉ်ပြိုင်ခဲ့သော အမျိုးသား နန်းကျန်းတစ်ဦးချင်းလက်နက်မဲ့အလှပြအတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည်။

"ဒီနှစ်မှာ ကျွန်တော်အဓိကယှဉ်ပြိုင်ရတာက မလေးရှား၊ ဗီယက်နမ်၊ အင်ဒိုနီးရှားတို့ကို အဓိကထားယှဉ်ပြိုင်ရပါတယ်"ဟု ရွှေတံဆိပ်ဆုရဝူရှူးကစားသမား ဝေဖြိုးအောင်ကပြောသည်။



*ရွှေသုံးခုရယူပေးထားသောဝေဖြိုးအောင်ကို ၎င်း၏မိခင်နှင့်အတူတွေ့ရစဉ်*

ဓာတ်ပုံ - ခန့်ထက်

၂၀၀၀ ပြည့်နှစ်မှစ၍ ဝူရှူးစတင်ကစားခဲ့သောအသက်(၂၃)နှစ်အရွယ်ရှိ ဝေဖြိုးအောင်သည် ၂၀၁၁ ခုနှစ် ဆီးဂိမ်းတွင် ပထမဆုံးအကြိမ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိခဲ့သည်။

ကစားသမားဘဝတစ်လျှောက် အငယ်တန်းအဆင့်ပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၂ ခု၊ ကြေးတံဆိပ် ၄ ခုရခဲ့ကြောင်း ဝေဖြိုးအောင်က ပြောသည်။

မြန်မာဝူရှူးအသင်းအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲ၌ သုံးရက်ကစားပြီးချိန်တွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုရရှိထားသည်။

# ဗီယက်နမ်ကစားသမားများ ခြင်ကိုက်၍ အခက်တွေ့ဆိုသည်မှာမဟုတ်ကြောင်း ဗီယက်နမ်ဘောလုံးနည်းပြပြော

**ချစ်ဝိုင်း**

**နေပြည်တော်၊ ဒီဇင်ဘာ-၉**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲလာရောက်ယှဉ်ပြိုင်နေသည့် ဗီယက်နမ်အားကစားအဖွဲ့များအနေဖြင့် မီဒီယာများတွင်ရေးသားလျက်ရှိသည့်ခြင်ကိုက်သည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း ဗီယက်နမ်ဘောလုံးအသင်းနည်းပြကပြောသည်။

"မြန်မာနိုင်ငံမှာ ခြင်ကိုက်တယ်ဆိုတာ မီဒီယာတွေက သူတို့လိုရာကိုဆွဲပြီး ရေးတဲ့အတွက် ဒီလိုသတင်းတွေထွက်ပေါ်လာတာပါ။ ခြင်ဆိုတာကတော့ နေရာတိုင်းမှာရှိပါတယ်။ ဗီယက်နမ်နိုင်ငံမှာဆိုရင် မြန်မာမှာထက် နှစ်ဆလောက် ကြီးတဲ့ခြင်တွေနဲ့ နေလာခဲ့ရတာပါ"ဟု ဗီယက်နမ်အမျိုးသားအသင်းနည်းပြချုပ်က ပြောသည်။

ဗီယက်နမ်အခြေစိုက် သတင်းဌာန Vietnam Net Bridge ကဖော်ပြခဲ့သည့် သတင်းတစ်ပုဒ်တွင် ဗီယက်နမ်အားကစားအဖွဲ့အင်အား ၁၈၀ ကျော်သည့်အားကစားရွာတွင်နေထိုင်စဉ် ခြင်ကိုက်မှုကြောင့် ညပိုင်းများတွင်အိပ်၍ မရကြောင်း၊ ထို့ကြောင့်အလဟဿ အင်အားများဖြုန်းတီးမှုများဖြစ်ပေါ်နေကြောင်း ဖော်ပြခဲ့သည့်အတွက်ပြည်တွင်းပြည်ပမီဒီယာများက စိတ်ဝင်စားမှုများရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

ဗီယက်နမ်ကစားသမားများထားသော အားကစားရွာရှိ အဆောင်များမှာ ဆောက်လုပ်ထားသည်မှာ မကြာသေးဘဲ ရွှံ့ဗွက်များ၊ ရေကန်များ ဝိုင်းရံလျက်ရှိကာ ခြင်ပေါပြီး တာဝန်ရှိသူများက ခြင်မနှိမ်နင်းပေး၍ ကစားသမားများ ခြင်ရိုက်နေရသည်ဟု ဗီယက်နမ်မီဒီယာများက ဖော်ပြခဲ့သည်။ သို့သော် ဗီယက်နမ် ယူ-၂၃ ဘောလုံးသမားများမှာ ဟိုတယ်တွင် နေရ၍ ခြင်အန္တရာယ်ကင်းဝေးနေသည်ဟုလည်း မီဒီယာများတွင် ဖော်ပြသည်။

"တကယ်တော့ ခြင်ကိုက်တယ်ဆိုတာကပြဿနာမဟုတ်ပါဘူး" — 

တယ်ဆိုတာကဘာမှမဖြစ်လောက်ဘူး။ ကျွန်တော်တို့အတွက် သိပ်အခက်အခဲမရှိဘူး။ ဒါပေမဲ့ IBC မီဒီယာစင်တာမှာ ထမင်းစားဖို့အတွက် အတော်လေးစဉ်းစားနေရတယ်"ဟု ဗီယက်နမ်ရုပ်သံလိုင်း BVTV မှ သတင်းထောက်တစ်ဦးကပြောသည်။

ဆီးဂိမ်းပြိုင်ပွဲတွင် ပြည်တွင်း၊ ပြည်ပမီဒီယာများမှ လာရောက်သတင်းရယူနေသည့် သတင်းထောက်ပေါင်းသုံးထောင်ကျော်ရှိပြီး အားကစားပြိုင်ပွဲရုံများသို့ သွားရောက်သတင်းရယူရန်အတွက်နှင့် ထမင်းစားရန် ဈေးအလွန်ကြီးကြောင်း၎င်းကဆက်လက်ပြောသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းထောက်များ လွယ်ကူစွာသတင်းရယူနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဟု ပြောသည်။




ဂျာမန်နည်းပညာဖြစ်သော
အပြာရောင်အမှုန်နှင့် လီမွန် ပေါင်းစပ်စွမ်းအား ကြောင့်
အကြွင်းမဲ့ဖြူစင်တောက်ပစေသည့် XTRA ဆပ်ပြာမှုန့်အသစ်။
GERMAN Technology
XTRA
Blue & Lemon POWER
Henkel
ဂျာမန် နည်းပညာ
XTRA မြန်မာပြည်တွင်ရရှိနိုင်ပါပြီ !
Henkel
DKSH

7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ကမ္ဘာ့ဖလားတွင် ဥရုဂွေးက အင်္ဂလန်ကို အနိုင်ယူမည်ဟု ဆန်းဒါးလန်းနည်းပြပိုရက်ယုံကြည်

**လန်ဒန်၊ ဒီဇင်ဘာ-၈**

၂၀၁၄ ကမ္ဘာ့ဖလားတွင် နှစ်သင်းတွေ့ဆုံပါက ဥရုဂွေးက အင်္ဂလန်ကို အနိုင်ရသွားလိမ့်မည်ဟု ဆန်းဒါးလန်းအသင်းနည်းပြ ဂတ်စ်ပိုရက်က ယုံကြည်နေသည်။

ကမ္ဘာ့ဖလားအုပ်စု (D)တွင် အင်္ဂလန်နှင့်အတူ ပါဝင်နေသော တောင်အမေရိကတိုက်သားများမှာ အင်္ဂလန်အသင်းအတွက် အင်အား တောင့်တင်းလွန်းသည်ဟု ကိုယ်တိုင်လည်း နိုင်ငံအတွက် (၂၆)ကြိမ် ကစားပေးခဲ့သူ ဥရုဂွေးနိုင်ငံသား ပိုရက်ကပြောသည်။ အုပ်စု (D)တွင် အီတလီနှင့် ကော်စတာရီကာတို့လည်း ပါဝင်သည်။

ဥရုဂွေးအသင်းတွင် လူးဝစ်ဆွာရက်ဇ်၊ ကာဗာနီနှင့် ဒေဝိုဖော်လန်တို့ကဲ့သို့သော ကစားသမားများရှိနေ၍ အင်္ဂလန်ကို အနိုင်ယူသွားလိမ့်မည်ဟု ပိုရက်က ယုံကြည်စိတ်ချနေခြင်းဖြစ်သည်။

"ကျွန်တော်သာ အဲဒီနှစ်သင်းကိုရွေးချယ်ရမယ်ဆိုရင်ကျွန်တော် ဥရုဂွေးဘက်က ရပ်တည်မယ်။ ဒါဟာကျွန်တော်ဘက်လိုက်တာတော့မဟုတ်ဘူး"ဟုပိုရက်က ပြောသည်။

"ဒီကစားသမားအုပ်စုဟာ အတူတူကစားနေကြတာကြာပြီ။ နောက်ပြီး သူတို့ဟာ အင်အားတောင့်တင်းတယ်"ဟု ပိုရက်က ဆက်လက်ပြောပြီး ဥရုဂွေးနိုင်ငံတွင် စနစ်ကောင်းတစ်ခုရှိပြီး အလွန်ကစားရခက်ခဲကာ တစိုက်မတ်မတ် စိတ်ထား၍ ဆွာရက်ဇ်နှင့် ကာဗာနီကဲ့သို့ တိုက်စစ်မှူးကောင်းများရှိနေသည်ကို ပိုရက်က ပြောကြားသွားသည်။

*—Ref: Goal*



LINDSEY PARNA/EPA




# ကြောက်ရွံ့နေသော အင်္ဂလန်ကို အီတလီအသာစီးရမည်ဟု ဇိုလာပြောကြား



**ရောမ၊ ဒီဇင်ဘာ-၈**

ကမ္ဘာ့ဖလားတွင် ကြောက်ရွံ့မှုများဖြင့် ပြည့်နေသည့် အင်္ဂလန်အသင်းအပေါ် အီတလီအသင်းအနေဖြင့် အသာစီးရနိုင်သည်ဟု အီတလီလက်ရွေးစင်ဟောင်း ဂျီယန်ဖရန်ကိုဇိုလာက ပြောကြားလိုက်သည်။

ကမ္ဘာ့ဖလားအတွက် အုပ်စုခွဲပြီးနောက် အင်္ဂလန်မှာ အီတလီနှင့်တစ်အုပ်စုတည်း ကျရောက်နေပြီး ထိပ်တိုက်တွေ့ကြုံရမည်ဖြစ်သည်။ အင်္ဂလန်သည် ၎င်းတို့နှစ်သင်းနောက်ဆုံး ချစ်ကြည်ရေးပွဲနှစ်ပွဲကို ၂-၁ ဂိုးရလဒ်များဖြင့် အနိုင်ယူခဲ့သည်။ သို့သော် ယူရို ၂၀၁၂ ကွာတားဖိုင်နယ်ပွဲ၌ အင်္ဂလန်က ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

"အခုလောလောဆယ်မှာ အီတလီနိုင်ဖို့များတယ်"ဟု ချယ်လ်ဆီးဂန္ထဝင်ကစားသမားဇိုလာက ပြောပြီး "အဓိကပြိုင်ပွဲကြီးတွေမှာ ကျွန်တော်တို့က ၁၉၈၀၊ ၁၉၉၀၊ ၂၀၁၂ တွေမှာ အနိုင်ရခဲ့တယ်"ဟု ၎င်းကဆက်လက်ပြောသည်။

"အင်္ဂလန်တွေက ချစ်ကြည်ရေးပွဲတွေမှာတော့ ကျွန်တော်တို့ကို နိုင်လေ့နိုင်ထရှိတယ်။ ဥပမာ ၂၀၁၂ ဩဂုတ်တုန်းကလိုပေါ့။ ဒါပေမဲ့ တရားဝင်ပြိုင်ပွဲတွေမှာတော့ သူတို့ရှုံးကန်ရလေ့ရှိတယ်။ ဘာကြောင့်လဲဆိုတာတော့ ကျွန်တော်မသိဘူး။ ဖြစ်နိုင်တာကတော့ အီတလီက ကမ္ဘာ့ဖလားအတွက် ပိုမိုပြင်ဆင်ထားတတ်တယ်။ အင်္ဂလန်တွေက ဘောလုံးရာသီပြီးတဲ့အချိန်မှာ အားအင်ကုန်ခန်းနေပြီ။ သူတို့ရဲ့ပွဲစဉ်တွေက တောက်လျှောက်ပဲ"ဟု အသက်(၄၇)နှစ်အရွယ် ဇိုလာက ၎င်း၏ထင်မြင်ချက်ကို ဆက်လက်ပြောသည်။

*—Ref: Goal*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013



Aviation Week concept of U.S. Air Force RQ-180

# ရေဒါမမိသော မောင်းသူမဲ့လေယာဉ်အသစ်တစ်မျိုး ကန်လေတပ် လျှို့ဝှက်ထုတ်လုပ်

**ဝါရှင်တန်၊ ဒီဇင်ဘာ-၇**

၂၀၁၅ ခုနှစ်တွင် အသုံးပြုနိုင်မည့် တာဝေးထောက်လှမ်းမှုစစ်ဆင်ရေးများအတွက် ရေဒါမမိသော မောင်းသူမဲ့လေယာဉ်သစ်တစ်မျိုးကို အမေရိကန်လေတပ်က လျှို့ဝှက်တီထွင်ထားကြောင်း ဒီဇင်ဘာ ၆ ရက်ထုတ် စက်မှုမဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြထားသည်။

၁၉၅၀ ပြည့်နှစ်နှောင်းပိုင်းတွင် U-2 သူလျှိုလေယာဉ်များစမ်းသပ်မောင်းနှင်ခဲ့သည့်နေရာဖြစ်သော နီဗားဒါးပြည်နယ်ရှိ ဂရုမ်းလိတ်ခ်လေတပ်အခြေစိုက်စခန်း Area-51 တွင် ယင်းမောင်းသူမဲ့လေယာဉ် RQ-180 ကိုလက်ရှိစမ်းသပ်မောင်းနှင်နေပြီဖြစ်ကြောင်း Aviation Week မဂ္ဂဇင်းက ဖော်ပြသည်။

အေအက်ဖ်ပီသတင်းဌာန၏ မေးမြန်းစုံစမ်းမှုကို ကန်လေတပ်က ပြန်လည်ဖြေကြားရန် ငြင်းဆိုခဲ့သည်။ ယခုနှစ် နွေရာသီက လေယာဉ်တင်သင်္ဘောများပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ဆင်းသက်ခဲ့သော X-47B မောင်းသူမဲ့လေယာဉ်များနှင့် Global Hawk လေယာဉ်တို့ကို တီထွင်ထုတ်လုပ်ခဲ့သည့် Northrop Grumann ကုမ္ပဏီက ယင်းလေယာဉ်သစ်ကို ထုတ်လုပ်ထားခြင်းဖြစ်သည်။

ယခုအသစ်ထုတ်လုပ်ထားသည့် မောင်းသူမဲ့လေယာဉ် RQ-180 ပုံကို အဆိုပါမဂ္ဂဇင်း၏ မျက်နှာဖုံးတွင် ဖော်ပြထားပြီး X-47B နှင့် အနည်းငယ်သာဆင်တူကာ အထူးသဖြင့် လင်းနို့တောင်ပံဟုခေါ်သည့် နောက်ဘက်ပဲ့ထိန်းတောင်ပံမပါရှိပေ။

ယင်းလေယာဉ်ကို သတင်းရယူခြင်း၊ စောင့်ကြည့်ထောက်လှမ်းခြင်း၊ သူလျှိုလုပ်ခြင်းများအတွက် တီထွင်ထားခြင်းဖြစ်ပြီး အီလက်ထရွန်နစ်တိုက်စစ် စစ်ဆင်ရေးများလည်း ဆင်နွှဲနိုင်သည်ဟု ယင်းမဂ္ဂဇင်းကဖော်ပြထားသည်။

ယင်းလေယာဉ်မှာ Global Hawk လေယာဉ်အမျိုးအစားနှင့် အရွယ်အစား၊ ခံနိုင်ရည်ဆင်တူပြီး ၂၄ နာရီအတွင်း လေကြောင်းမိုင် ၁,၂၀၀ အထိ ပျံသန်းနိုင်သည်။

*—Ref: AFP*

# ဒဏ်ရာရထားသည့် တာလီဘန်တစ်ဦးကို သတ်ဖြတ်မှုဖြင့် ဗြိတိန်မရိန်းတပ်သားတစ်ဦး ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရ

**လန်ဒန်၊ ဒီဇင်ဘာ-၇**

အာဖဂန်နစ္စတန်နိုင်ငံတွင် ဒဏ်ရာအပြင်းအထန်ရထားသည့်တာလီဘန်အကြမ်းဖက်သမားတစ်ဦးကိုကွပ်မျက်နေပုံဗီဒီယိုတွင်ပါဝင်ခဲ့သည့်ဗြိတိန်မရိန်းတပ်သားတစ်ဦးအား စစ်ခုံရုံးတစ်ခုက အနိမ့်ဆုံးတိုက်ပိတ်ထောင်ဒဏ် ၁၀ နှစ်နှင့် အတူ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် ဒီဇင်ဘာ ၆ ရက်တွင် အမိန့်ချမှတ်လိုက်သည်။

၂၀၁၁ ခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ခရိုင်တွင် တပ်ဖြန့်ထားစဉ် တပ်ကြပ်ကြီး အလက်ဇန်းဒါးဘလက်မန်း(၃၉)နှစ်သည် အဆိုပါတာလီဘန်ကို သတ်ဖြတ်ခဲ့ကြောင်း အပြစ်ရှိသည်ဟု စစ်ခုံရုံးတစ်ခုတွင် ပြီးခဲ့သည့်လက စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းတာလီဘန်ကိုကွပ်မျက်နေခြင်းကို တပ်သားတစ်ဦး၏ ဦးထုပ်တွင်ပါရှိသော ကင်မရာဖြင့် အမှတ်တမဲ့ရိုက်ကူးမိသွားခဲ့သည်။ “မင်းဟာ အဲဒီ အာဖဂန်နစ္စတန်အမျိုးသားကို အမုန်းနဲ့ဆက်ဆံခဲ့တယ်။ သူ့ကို သွေးအေးအေးနဲ့ သတ်ခဲ့တယ်”ဟု အစိုးရတရားသူကြီး ဗိုလ်ချုပ်ကြီးဂျက်ဖ်ဘလက်ကတ်က ဘလက်မန်းအား အမိန့်ချမှတ်စဉ်အတွင်း ပြောကြားခဲ့သည်။

အစောပိုင်းက ၎င်း၏ ရဲဘော်ရဲဘက်နှစ်ဦးကို အပြစ်မှ တရားသေလွှတ်ပေးခဲ့သည်။ ၎င်းတို့သုံးဦး၏ လုံခြုံရေးအန္တရာယ် စိုးရိမ်ရသဖြင့် အမည်မဖော်ဘဲ အမှုကိုစစ်ဆေးနေသည်။ သို့သော် ဘလက်မန်း၏အမည်ကို ဒီဇင်ဘာ ၅ ရက်တွင် အဆိုပါစစ်ခုံရုံးက ဖော်ပြခဲ့သည်။

ဘလက်မန်းက ယင်းဒဏ်ရာရနေသည့် တာလီဘန်တိုက်ခိုက်ရေးသမားကို ရှိတ်စပီးယားအကြောင်းပြောကာ ရင်ဘတ်ကိုပစ်သတ်ခဲ့သည်။ ကင်းလှည့်အခြေစိုက်စခန်းတစ်ခုကို တိုက်ခိုက်ခဲ့သည့် သူပုန်များကို ရှာဖွေနေစဉ် ကွင်းပြင်တစ်ခုအတွင်း တိုက်ခိုက်ရေးရဟတ်ယာဉ်၏ တိုက်ခိုက်မှုဖြင့် ဒဏ်ရာရခဲ့သူ ယင်းအာဖဂန်အမျိုးသားကို မရိန်းတပ်သားများက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မရိန်းတပ်သားများက ၎င်းကိုသစ်ပင်များအောက်သို့ ခေါ်ဆောင်သွားကာ ယင်းနေရာတွင်ပင် ဘလက်မန်းက ၉ မမ ပစ္စတိုဖြင့် ပစ်သတ်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ လက်ရှိအချိန်တွင် ဗြိတိန်တပ်ဖွဲ့ဝင် ၈,၀၀၀ ဝန်းကျင်ရှိပြီး လာမည့်နှစ်အကုန်တွင် အားလုံးဆုတ်ခွာမည်ဖြစ်သည်။ *—Ref: AFP*



7 DAY NEWS JOURNAL
Vol.12, No.40 · DECEMBER 11 , 2013




# အာတိတ်ရေခဲပြင်အရည်ပျော်ကျမှုမှာ ဥရောပ၊ အမေရိကတွင် အပူလှိုင်းများ၊ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ဆက်စပ်နေ

**အော်စလို၊ ဒီဇင်ဘာ-၉**

အာတိတ်ရေခဲပြင်နှင့် ဆီးနှင်းများ အရည်ပျော်ကျမှုမှာ ပိုမိုဆိုးရွားလာသော နွေရာသီအပူလှိုင်းများ၊ ဥရောပ၊ အမေရိကန်နှင့် အခြားသော ဒေသများတွင် မိုင်ထောင်ပေါင်းများစွာအထိ မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် ဆက်စပ်နေပြီး ကမ္ဘာကြီးပူနွေးလာမှုကြောင့် ဖြစ်ပေါ်လာသည့် အန္တရာယ်များဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၈ ရက်တွင် ပြောသည်။

မြောက်အမေရိကနှင့်ယူရေးရှားအနှံ့တွင် ရာသီဥတုပြင်းထန်မှုများ ပိုများလာမည်ဟု ၎င်းတို့၏ လေ့လာမှုတွင် ဖော်ပြထားသည်။ ယင်းလေ့လာမှုမှာ ရာသီဥတုပြောင်းလဲမှုကြောင့် မိုးခေါင်ရေရှားအခြေအနေမှ ရေကြီးမှုအထိ ရာသီဥတုပြင်းထန်လာခြင်းအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိကြောင်းသိရှိရန် ကြိုးစားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ရေပေးဝေမှုမှသည် ကောက်ပဲသီးနှံစိုက်ပျိုးရေးအထိ ကိစ္စများအားလုံးစီစဉ်ရန် နည်းလမ်းများကို အစိုးရများက သိရှိလိုကြသည်။

သို့သော် အာတိတ်ရေခဲပြင်အရည်ပျော်ကျမှုမှာ အစွန်းရောက်ရာသီဥတုအခြေအနေများ ဖြစ်ပေါ်လာစေကြောင်းသံသယကင်းစွာသက်သေမပြနိုင်ဟု အမေရိကန်နှင့် တရုတ်ကျွမ်းကျင်သူများက ပြောကြားသည်။ သို့သော်ယင်းနှစ်ခုကြား ပတ်သက်မှုအထောက်အထား တွေ့ရှိထားကြောင်း ၎င်းတို့ကပြောသည်။

အပူချိန်များမြင့်တက်လာပြီး ကုန်းမြေပေါ်၌ ဆီးနှင်းများအရည်ပျော်ကျမှုနှင့် အာတိတ်ဒေသရှိ ပင်လယ်ရေခဲပြင်အရည်ပျော်ကျမှုများကြောင့် လေထုဖိအားနှင့် လေတိုက်ခတ်မှုကို ပြောင်းလဲစေနိုင်ကြောင်း ပညာရှင်များက ၎င်းတို့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာတိတ်ဒေသရှိ ပင်လယ်ရေခဲပြင် အရည်ပျော်ကျမှုမှာ ၂၀၁၂ ခုနှစ်အတွင်း စံချိန်တင်ခဲ့ပြီးဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်တက်လာခြင်းကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ယင်းရေခဲပြင် အပြီးသတ်ပျောက်ကွယ်သွားနိုင်ကြောင်း ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သိပ္ပံပညာရှင်များအဖွဲ့က ပြောကြားထားသည်။

*—Ref: Reuters*



FILE PHOTO/REUTERS

# Samsung ကို တရားစွဲထားသည့် အမှုအတွက် ရှေ့နေများငှားရာတွင် Apple ကုမ္ပဏီ ကန်ဒေါ်လာ သန်း ၆၀ သုံးစွဲ

**ဆန်ဖရန်စစ္စကို၊ ဒီဇင်ဘာ-၉**

Samsung ကုမ္ပဏီကို မူပိုင်ခွင့်ချိုးဖောက်မှုဖြင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တရားရုံး၌ တရားစွဲဆိုထားသည့် Apple ကုမ္ပဏီက ရှေ့နေလုပ်ငန်းတစ်ခု ငှားရမ်းရာတွင် ကန်ဒေါ်လာသန်း ၆၀ သုံးစွဲထားကြောင်း Apple ကုမ္ပဏီ၏ တရားစွဲဆိုမှုဆိုင်ရာ အချက်အလက်များအရ သိရသည်။

ပြီးခဲ့သည့် ၂ နှစ်အတွင်း Samsung နှင့် Apple ကုမ္ပဏီတို့သည် အမှုနှစ်ကြိမ်ရင်ဆိုင်ခဲ့ပြီး ကယ်လီဖိုးနီးယား ဖက်ဒရယ်တရားရုံးက Apple ကုမ္ပဏီကို ကန်ဒေါ်လာ သန်း ၉၃၀ ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။

Apple ကုမ္ပဏီ၏ တရားစွဲဆိုရာတွင် ကုန်ကျသည့် ကန်ဒေါ်လာ ၁၅ ဒသမ ၇ သန်းကို Samsung ကုမ္ပဏီကျခံစေရန် Apple က အမေရိကန်ခရိုင်တရားသူကြီး လူစီကိုးထံ တောင်းဆိုခဲ့သည်။

Apple ကုမ္ပဏီကို ဆက်သွယ်မေးမြန်းခဲ့သော်လည်း ပြန်လည်ဖြေကြားခြင်းမရှိသလို Samsung ကုမ္ပဏီကလည်း ဖြေကြားရန်ငြင်းဆိုခဲ့သည်။ ရှေ့နေလုပ်ငန်း မော်ရစ်ဆင်နှင့် ဖော့စတာလုပ်ငန်းနှင့် ရေရှည်လက်တွဲဆောင်ရွက်မှုရှိသဖြင့် Apple ကုမ္ပဏီက လျှော့စျေးတစ်ရပ်ဖြင့် ငှားရမ်းနိုင်ခဲ့သည်။

ပြီးခဲ့သည့်လအထိ Apple ကုမ္ပဏီက မော်ရစ်ဆင်နှင့် ဖော်စတာဥပဒေရေးရာကုမ္ပဏီကို ကန်ဒေါ်လာ သန်း ၆၀ ပေးချေထားသည်ဟု ၎င်းတို့၏ ဥပဒေရေးရာ ကုန်ကျစရိတ်တင်ပြချက်၌ Apple က ဖော်ပြသည်။ *—Ref:AP*



7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# အစ္စရေးနှင့် ပါလက်စတိုင်း ငြိမ်းချမ်းရေးရရန် အနီးစပ်ဆုံးဖြစ်လာဟု ဂျွန်ကယ်ရီပြော



PABLO MARTINEZ MONSIVAIS/POOL/REUTERS

*ဒီဇင်ဘာ ၆ ရက်က တဲလ်အဗစ်မြို့ ဘင်ဂူရီယန်နိုင်ငံတကာလေဆိပ် သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏ မေးမြန်းမှုကိုဖြေကြားနေသော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ*

**တဲလ်အဗစ်၊ ဒီဇင်ဘာ-၇**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် ၎င်း၏အရှေ့အလယ်ပိုင်းနောက်ဆုံးခရီးစဉ်ကို အဆုံးသတ်လိုက်ပြီး နှစ်ပေါင်းများစွာအတွင်း အစ္စရေးနှင့် ပါလက်စတိုင်းကြား ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် အနီးစပ်ဆုံးဖြစ်လာသည်ဟု ပြောကြားလိုက်သည်။

"ဒီဒေသကလူတွေ ထိုက်တန်တဲ့ ငြိမ်းချမ်းရေး၊ ကြီးပွားမှုနဲ့ လုံခြုံရေးတွေ ဖြစ်ပေါ်လာဖို့ရာ နှစ်ပေါင်းများစွာအတွင်း အနီးစပ်ဆုံးဖြစ်လာအောင် လုပ်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟု အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့ ဘင်ဂူရီယန်နိုင်ငံတကာလေဆိပ်တွင် ဂျွန်ကယ်ရီက သတင်းထောက်များအား ပြောကြားသည်။

ပါလက်စတိုင်း၊ အစ္စရေးအရာရှိများနှင့် တစ်ရက်ခွဲကြာစေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့ပြီးနောက်ဂျွန်ကယ်ရီကယင်းသို့ပြောကြားခြင်းဖြစ်သည်။ နှစ်ဖက်တိုက်ရိုက်ဆွေးနွေးပွဲများ လမ်းတစ်ဝက်ရောက်နေပြီဖြစ်သော်လည်း ရှေ့ဆက်မတိုးနိုင်ခြင်းအတွက် တွန်းအားပေးရန် ဂျွန်ကယ်ရီက ထပ်မံလာရောက်ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ကြာသပတေးနေ့က တောင်အာဖရိကနိုင်ငံတွင် ကွယ်လွန်ခဲ့သည့် ငြိမ်းချမ်းရေးဗိသုကာ နယ်လ်ဆင်မန်ဒဲလားကိုလည်း ဂျွန်ကယ်ရီက ကိုးကား၍ ပြောဆိုခဲ့သည်။ ငြိမ်းချမ်းရေးညှိနှိုင်းသူများအတွက် စံနမူနာထားစရာပုဂ္ဂိုလ်အဖြစ် ဂျွန်ကယ်ရီက ပြောပြီး "ပြီးဆုံးသွားတဲ့အချိန်အထိ မဖြစ်နိုင်ဘူးလို့သာ ထင်မြင်ရပါတယ်"ဟု၎င်းကမန်ဒဲလား၏စကားကို ထည့်သွင်းပြောကြားသည်။

*—Ref: AFP*

# လန်ဒန်မြို့လမ်းသွားလမ်းလာများကို ခြိမ်းခြောက်နှောင့်ယှက်သော မွတ်ဆလင်ကင်းထောက် အဖွဲ့ဝင်သုံးဦး ထောင်ကျ

**လန်ဒန်၊ ဒီဇင်ဘာ-၇**

မွတ်ဆလင်ကင်းထောက်အဖွဲ့ဟု နာမည်ပေးထားသော အဖွဲ့သားသုံးဦးသည်လန်ဒန်မြို့ရှိလမ်းသွားလမ်းလာများကို ခြိမ်းခြောက်မှုဖြင့် ၎င်းတို့အား လန်ဒန်ဗဟိုရာဇဝတ်ရုံးက ထောင်ချလိုက်သည်။

အသက်(၁၉)နှစ်အရွယ် ဂျော်ဒန်ဟွန်နာ၊ အသက်(၂၆)နှစ်အရွယ်ရီကာဒိုမက်ဖာလိန်းနှင့် အမည်မသိလူတစ်ဦးတို့သည် အစ္စလာမ်ဘာသာနှင့် မကိုက်ညီဟု ၎င်းတို့ယူဆသော အပြုအမူများအတွက် ကိုယ်ထိလက်ရောက် အန္တရာယ်ပြုမှု၊ ရိုက်ပုတ်မှုများအပါအဝင် ရန်လိုခြိမ်းခြောက်မှုတို့ဖြင့် တရားစွဲဆိုခြင်းခံရပြီး အပြစ်ရှိကြောင်းလည်း ဝန်ခံခဲ့ကြသည်။

မွတ်ဆလင်ကင်းထောက်အဖွဲ့ဝင်သုံးဦးအား လန်ဒန်ဗဟိုရာဇဝတ်ရုံးက သီတင်းပတ် ၂၄ ပတ်မှ ၁၇ လအကြား ထောင်ဒဏ်ချမှတ်ခဲ့သည်။ ၎င်းတို့သုံးဦးသည် လက်တွဲလမ်းလျှောက်လာသော စုံတွဲတစ်တွဲ၊ အရက်သောက်နေသော အဖွဲ့တစ်ဖွဲ့နှင့် မပေါ့တပေါ်ဝတ်စားလာသော မိန်းကလေးတစ်ဦးတို့ကို မာန်ပါပါခြိမ်းခြောက်ခဲ့သည်ဟု လန်ဒန်အစိုးရရှေ့နေတစ်ဦးက ပြောကြားသည်။ လန်ဒန်မြို့တွင် ယင်းသို့ အနိုင်ကျင့်ဗိုလ်ကျသော အပြုအမူမျိုးကိုသည်းခံလိမ့်မည်မဟုတ်ဟု အဆိုပါရှေ့နေက ပြောကြားသည်။ *—Ref:AP*



7DAY NEWS JOURNAL

# International

Vol.12, No.40 · DECEMBER 11 , 2013



PAULINE ASKIN/FIEL/REUTERS

*အရှေ့အန္တာတိကဒေသ နေသဟာယပင်လယ်အော် ဒီနီဆင်အငူကျောက်ဆောင်များနှင့်ပြည့်နေသည့် ကမ်းရိုးတန်းတွင် အရေပျော်နေသော ရေခဲတုံးတစ်တုံးပေါ် အက်ဒီလီပင်ဂွင်းငှက်တစ်ကောင် အခြားတစ်ကောင်ပေါ်တက်ရန် ပြင်နေသည်ကို ၂၀၁၀ ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ် (စာ-၄၆)*

## ငွေကြေးအတိုးနှုန်း ချုပ်ကိုင်ထားမှု တရုတ်အစိုးရ လျှော့ပေါ့ပေး

**ဘေဂျင်း၊ ဒီဇင်ဘာ-၉**

ဘဏ္ဍာရေးကဏ္ဍ ပိုမိုပွင့်လင်းလာရေး စစ်ဆင်နေစဉ်အတွင်း ငွေကြေးအတိုးနှုန်းများ ချုပ်ကိုင်ထားမှုကို တရုတ်အစိုးရက ဖြေလျှော့ပေးလာသည်။

ဘဏ်များအနေဖြင့် ငွေစုစာချုပ် (Certificates of Deposit) ဟုခေါ်သော စာရွက်စာတမ်းများ အသုံးပြု၍ စုငွေများကို အရောင်းအဝယ်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း ဗဟိုဘဏ်က ဒီဇင်ဘာ ၉ ရက်တွင် ကြေညာသည်။

ယင်းငွေစုစာချုပ်အပေါ် အတိုးနှုန်းကို ဈေးကွက်က ဆုံးဖြတ်နိုင်မည်ဟုလည်း ဗဟိုဘဏ်က ပြောကြားသည်။ သာမန်စုငွေများအပေါ် အတိုးနှုန်းကိုမူ တရုတ်တွင် နိုင်ငံတော်က သတ်မှတ်ထားသည်။

ယခုကဲ့သို့ လုပ်ပိုင်ခွင့်ပေးခြင်းကြောင့် ဘဏ်အချင်းချင်း ငွေကြေးအရောင်းအဝယ်ဈေးကွက်တွင် ငွေကြေးစီးဆင်းလည်ပတ်မှု တိုးတက်လာရန် အထောက်အကူပေးနိုင်မည်ဖြစ်သည်။

ဇွန်လအတွင်း ဘဏ်အချင်းချင်းကြား ငွေချေးငှားမှုအတိုးနှုန်းမှာ ညတွင်းချင်း ၂၅ ရာခိုင်နှုန်း ကျော်လွန်သွားခဲ့၍ ငွေကြေးကျပ်တည်းနေချိန်တွင် ဘဏ်များက အချင်းချင်းချေးပေးရန်ပင် တွန့်ဆုတ်ခဲ့ကြသည်။

အစိုးရ၏နောက်ဆုံးခွင့်ပြုမှုကြောင့် ဘဏ်အချင်းချင်းငွေချေးငှားမှုဈေးကွက်တွင် ပိုမိုတည်ငြိမ်သော ကုန်ကျစရိတ်ဖြင့် ချေးငှားနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ပြောကြားသည်။

*—Ref: BBC*

## အိန္ဒိယအာဏာရပါတီ ရွေးကောက်ပွဲရှုံးနိမ့်မှု သိက္ခာကျစရာဖြစ်ဟု မီဒီယာများဖော်ပြ

**နယူးဒေလီ၊ ဒီဇင်ဘာ-၉**

အိန္ဒိယနိုင်ငံပြည်နယ်လေးခုလွှတ်တော်ရွေးကောက်ပွဲများတွင် အတိုက်အခံ (BJP)ပါတီက အနိုင်ရရှိသွားခဲ့ခြင်းမှာ အာဏာရကွန်ဂရက်ပါတီအတွက် ကြီးမားသောထိုးနှက်ချက်အဖြစ် အိန္ဒိယသတင်းစာများက ရှုမြင်ကြသည်။

နယူးဒေလီ၊ ရာဂျက်စ်သန်ပြည်နယ်နှင့် နိုင်ငံအလယ်ပိုင်း မက်ဟာရာပရာဒေ့ရှ်၊ ချက်တီဂါပြည်နယ်များတွင် (BJP)ပါတီ အောင်ပွဲခံခဲ့ခြင်းမှာ ညံ့ဖျင်းသော အုပ်ချုပ်မှုများကြောင့်ဟု ဆန်းစစ်လေ့လာသူများက ယုံကြည်ကြသည်။

ပြည်နယ်လေးခု လွှတ်တော်ရွေးကောက်ပွဲများတွင် တူညီသော အကြောင်းအရာရှိသည်ဆိုပါက ယင်းမှာ မဲဆန္ဒရှင်များ ကွန်ဂရက်ပါတီမှ ကင်းကွာလာမှုနှင့် ပါတီအပေါ် ပို၍ဒေါသဖြစ်မှုပင်ဖြစ်သည်ဟု အင်ဒီယန်းအက်စပရက်စ်သတင်းစာက ဆိုသည်။ The Hindu သတင်းစာက ရှုံးနိမ့်မှုများမှာ ကွန်ဂရက်ပါတီအတွက် သိက္ခာကျစရာဟု ရေးသားသည်။

ရည်မှန်းချက်ကြီးလာသော ခေတ်သစ်အိန္ဒိယနိုင်ငံတွင် လူကြိုက်များမှုမှာ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှုဖြင့် အစားမထိုးနိုင်တော့ဆိုသည်ကို နိုင်ငံရေးပါတီအားလုံး သင်ခန်းစာယူရမည်ဟု The Times of India သတင်းစာက မှတ်ချက်ပြုသည်။ ပြည်နယ်လေးခု၏ ရွေးကောက်ပွဲရလဒ်များမှာ ၂၀၁၄ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲ ရင်ဆိုင်ရမည့် ကွန်ဂရက်ပါတီအနေဖြင့်အလားအလာမကောင်းကြောင်း လေ့လာသူများနှင့် သတင်းစာများက ပြောကြားသည်။



MANAN VATSYAYANA/AFP

*—Ref: BBC*

## ဖိလစ်ပိုင်အစိုးရနှင့် မွတ်ဆလင်သူပုန်များ အာဏာခွဲဝေရေးသဘောတူစာချုပ် လက်မှတ်ထိုး

**မနီလာ၊ ဒီဇင်ဘာ-၉**

ဖိလစ်ပိုင်အစိုးရနှင့် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး (MILF) သူပုန်များသည် ဒီဇင်ဘာ ၈ ရက်တွင် မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူ၌ အာဏာခွဲဝေရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ဖိလစ်ပိုင်အစိုးရက ကြေညာခဲ့သည်။ ယင်းသဘောတူညီချက်သည် လူထောင်ပေါင်းများစွာကို အသက်ဆုံးရှုံးစေခဲ့သော ဆယ်စုနှစ်များစွာကြာမြင့်ခဲ့သော သူပုန်ထမှုကို အဆုံးသတ်စေမည့် နောက်ဆုံးငြိမ်းချမ်းရေးသဘောတူညီချက်ရရန် လမ်းဖွင့်ပေးခဲ့သည်။

အာဏာခွဲဝေရေးသဘောတူညီမှု လက်မှတ်ရေးထိုးပွဲသို့ အစိုးရအဖွဲ့နှင့် (MILF)သူပုန်အဖွဲ့မှ စေ့စပ်ညှိနှိုင်းသူများ တက်ရောက်ခဲ့ကြသည်။ နှစ်ဖက်အဖွဲ့သည် လာမည့်နှစ်ဇန်နဝါရီလတွင် နောက်ဆုံးကျန်ရှိသည့် အကြွင်းမဲ့ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသွားမည်ဟု ပူးတွဲကြေညာချက်တွင် ပါရှိသည်။

ဘန်ဆမ်မိုရို (ဖိလစ်ပိုင်မွတ်ဆလင်) အစိုးရသည် စိုက်ပျိုးရေး၊ အလုပ်သမားအရေး၊ မြို့ပြတိုးတက်ရေး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို အုပ်ချုပ်ခွင့်ရရှိခဲ့သည်။ ကျန်ရှိသော နိုင်ငံခြားရေးမူဝါဒ၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးတို့ကို ဖိလစ်ပိုင်အစိုးရက ကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ကြောင်း အဆိုပါအာဏာခွဲဝေရေးသဘောတူညီချက်တွင် ဖော်ပြထားသည်။

ဖိလစ်ပိုင်သမ္မတဘန်နစ်နိုအကွီနိုက မွတ်ဆလင်သူပုန်များနှင့် အာဏာခွဲဝေရေးသဘောတူညီချက်ကို ကြိုဆိုကြောင်း၊ သို့သော် အစိုးရနှင့် သူပုန်အဖွဲ့အကြား အငြင်းပွားဖွယ်ကိစ္စရပ်များ ကျန်ရှိနေသေးကြောင်း ဒီဇင်ဘာ ၉ ရက်တွင် သတိပေးခဲ့သည်။ လာမည့် စေ့စပ်ညှိနှိုင်းမှုများတွင် (MILF) သူပုန် ၁၂,၀၀၀ ၏ လက်နက်များကို ဖိလစ်ပိုင်အစိုးရထံ လွှဲပြောင်းပေးအပ်ရန်နှင့် ဥပဒေဘောင်အတွင်းသို့ ပြန်လာရန်အချက်များ ပါဝင်နေသောကြောင့် နောက်ဆုံးငြိမ်းချမ်းရေးသဘောတူညီစာချုပ် ချုပ်ဆိုရာတွင် အငြင်းပွားဖွယ်ရာများ ဖြစ်လာနိုင်သည်ဟု သမ္မတအကွီနိုကသတိပေးပြောကြားသည်။ *—Ref: AFP*



# ရွှေသုံးခုရယူပေးသော ဝေဖြိုးအောင်ကို မွေးရေဝန်ကြီးအိုမီဂါနာရီချွတ်ပေးကာ ဂုဏ်ပြု

**သီဟ**

**ရန်ကုန်၊ ဒီဇင်ဘာ-၉**

မွေး/ရေကျေးလက်ဝန်ကြီး ဦးအုံးမြင့်က ဆီးဂိမ်း ဝူရှူးပြိုင်ပွဲ၊ ထောက်လုပြိုင်ပွဲတွင်တစ်ဦးတည်းရွှေတံဆိပ်သုံးခုရရှိခဲ့သည့် အားကစားသမား ဝေဖြိုးအောင်အား ၎င်း၏ အိုမီဂါနာရီအား ချက်ချင်းချွတ်ကာ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း မွေး/ရေကျေးလက်ဝန်ကြီးဌာန၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြထားသည်။

ဆုရရှိသူ အားကစားသမား ဝေဖြိုးအောင်အား မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌမှ ဆုကြေးငွေကျပ်သိန်း ၅၀ နှင့် မွေး/ရေကျေးလက်ဝန်ကြီးဦးအုံးမြင့်က ကျပ် ၁၀ သိန်းအပြင် ၎င်း၏ နာရီကို ထပ်မံချီးမြှင့်ပေးအပ်လိုက်ခြင်းဖြစ်သည်။

ဆီးဂိမ်းဝူရှူးပြိုင်ပွဲကို ဒီဇင်ဘာ ၇ ရက်က စတင်ကျင်းပခဲ့ပြီး ဝေဖြိုးအောင်သည် ဒီဇင်ဘာ ၇ ရက်တွင် ဂျူလီယန်(၁)လက်နက်ဖြင့် အလှပြပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဒီဇင်ဘာ ၈ ရက်က ပြုလုပ်သည့်အမျိုးသားနန်းကျင်းတစ်ဦးချင်း လက်နက်မဲ့အလှပြအတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင်ပြုလုပ်သည့်ဝူရှူးအမျိုးသားနန်းဒေါင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိကျင်းပလျက်ရှိသည့်ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဝူရှူးအသင်းသည် သုံးရက်ပြိုင်ပွဲဝင်ပြီးနောက် ရွှေငါးခု၊ ငွေနှစ်ခုနှင့် ကြေးတစ်ခုတို့ရရှိထားသည်။

# သတ္တုတူးဖော်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့အားစီမံခွင့်ပြုမည်

**မိုးညို**

**ရန်ကုန်၊ ဒီဇင်ဘာ-၈**

ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ သတ္တုတူးဖော်လုပ်ကိုင်ခွင့်များကို ဝန်ကြီးဌာနကတစ်ဆင့်သက်ဆိုင်ရာအစိုးရအဖွဲ့များကို စီမံခန့်ခွဲလုပ်ကိုင်ခွင့် ပြုပေးသွားမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနမှသတင်းရရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံခြားသားကုမ္ပဏီများ သတ္တုစမ်းသပ်ရှာဖွေခွင့် စတင်ခွင့်ပြုခွင့်ကို သတ္တုတွင်းဝန်ကြီးဌာနက တိုက်ရိုက်ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။

ဝန်ကြီးဌာန၏ ထောက်ခံချက်ရရှိပါက ဒေသ၏လူထုသဘောထားကို ခံယူကာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ပမှ သတ္တုစမ်းသပ်ရှာဖွေထုတ်လုပ်သူများကို တိုက်ရိုက်ခွင့်ပြုရတော့မည်ဖြစ်သည်။

လက်ရှိတွင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ခုအနက်ပြည်ပလုပ်ငန်းရှင်အများစုစိတ်ဝင်စားမှုအများဆုံးနေရာမှာ ချင်းပြည်နယ်ဖြစ်ပြီး သတ္တုတူးဖော်ရှာဖွေရန် ထောက်ခံချက်များကို သတ္တုတွင်းဝန်ကြီးဌာနသို့လာရောက်တင်ပြမှုများပြားနေပြီဖြစ်ကြောင်း သိရသည်။

သို့သော် ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဒေသအတွက်အမှန်တကယ်အကျိုးရှိပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းပါးနိုင်သည့်ကုမ္ပဏီများကိုသာရွေးချယ်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့က စီစဉ်လျက်ရှိကြောင်း ပြီးခဲ့သည့်လက ချင်းပြည်နယ်အစိုးရအဖွဲ့မှ ပြောကြားထားဖူးသည်။

ယခုရက်ပိုင်းတွင်လည်း ကရင်ပြည်နယ်အစိုးရအဖွဲ့က ခနောက်စိမ်းအပါအဝင်အခြားသော သတ္တုတူးဖော်ခွင့်တောင်းထားသည့် ကုမ္ပဏီ ၅၀မှ ၁၇ခုကို စတင်ခွင့်ပြုပေးခဲ့သည်။

ထို့အပြင် တနင်္သာရီတိုင်းဒေသကြီးတွင်လည်း သတ္တုတူးဖော်ရန် အစိုးရအဖွဲ့သို့တင်ပြထားသည့်ကုမ္ပဏီနှစ်ဆယ်ကျော်ရှိပြီး ခွင့်ပြုပေးရန် ရွေးချယ်လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ လာရောက်တူးဖော်နေသည့် ပြည်ပသတ္တုတူးဖော်ရေးကုမ္ပဏီများမှာ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်းသိရသည်။

မျက်နှာဖုံးမှ

# ယမ်းငွေ့ဝေဆဲ မန်စီနယ်

လက်ရှိအချိန်တွင်လည်းမန်စီမြို့နယ်အတွင်း အစိုးရတပ်နှင့် ကေအိုင်အေတပ်တို့ကြား တပ်များနေရာယူထားမှုမှာ တစ်ဖက်နှင့်တစ်ဖက်တစ်မိုင်ခန့်သာကွာဝေးနေသည်။ ယင်းကြောင့်ပင်အချိန်မရွေး တိုက်ပွဲများပြန်လည်ဖြစ်ပွားလာမည်ကိုဒေသခံပြည်သူများက စိုးရိမ်နေကြသည်။

အစိုးရနှင့်ကေအိုင်အိုကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်နေသော်လည်း တိုက်ပွဲများပြန်လည်ဖြစ်ပွားနေရခြင်းအပေါ် မေးခွန်းထုတ်စရာဖြစ်နေသည်။

**ဖန်ခါးကုန်းစစ်ရှောင်စခန်း**

ဗန်းမော်မြို့အစွန်ရှိ ဖန်ခါးကုန်းစစ်ရှောင်စခန်းတွင် အသက် ၆၇နှစ်အရွယ်ရှိ စစ်ဘေးဒုက္ခသည်ဦးအင်ခွန်နော်တစ်ယောက် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရန် တန်းစီစောင့်ဆိုင်းနေပါသည်။ သူကဲ့သို့တိုက်ပွဲများကြောင့် အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ထွက်ပြေးတိမ်းရှောင်လာရသော စစ်ဘေးဒုက္ခသည်ပြည်သူများကို လဝကမှနိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်ပြုလုပ်ပေးနေခြင်းဖြစ်သည်။

ဦးအင်ခွန်နော်မှာ အောက်တိုဘာလနှောင်းပိုင်းက မုန်းဒိန်ပါကျေးရွာတွင်အစိုးရနှင့်ကေအိုင်အေတို့ကြားဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်လာသူတစ်ဦးဖြစ်သည်။

“လက်နက်ကြီးသံတွေတဝုန်းဝုန်းနဲ့ ရွာထဲမှာ ယာလုပ်နေရင်းက ထွက်ပြေးလာရတော့အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပေါ့” ဟုဦးအင်ခွန်နော်ကသူ့အတွေ့အကြုံကိုပြောပြသည်။

ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများတွင် လတ်တလောဖြစ်ပွားခဲ့သော တိုက်ပွဲများနှင့် ပတ်သက်၍ အစိုးရနှင့် ကေအိုင်အေနှစ်ဖက်ပြောကြားချက်များမှာ ကွဲပြားနေပါသည်။

အစိုးရဘက်က မန်စီမြို့နယ်တွင် စစ်ဆင်ရေးပြုလုပ်ခြင်းမဟုတ်ဘဲ ရဲတပ်ဖွဲ့လက်လှမ်းမမီသည့်မှောင်ခိုလမ်းကြောင်းများကို တပ်မတော်က ရှင်းလင်းခြင်းဖြစ်ပြီး ကေအိုင်အေတပ်ဘက်က အထက်၏ အမိန့်ကိုမလိုက်နာဘဲ စတင်ပစ်ခဲ့ခြင်းကြောင့်တိုက်ပွဲများ ဖြစ်ပွားရခြင်းဖြစ်ကြောင်းပြောကြားသည်။

အောက်တိုဘာလ မြစ်ကြီးနားဆွေးနွေးပွဲအတွင်းနှစ်ဖက်သဘောတူညီခဲ့သည့်အရေးပါသော အများပြည်သူသုံးလမ်းများပြန်ဖွင့်နိုင်ရန် ကေအိုင်အေဘက်မှ တပ်သားများနောက်ဆုတ်ပေးခဲ့သော်လည်း အစိုးရတပ်က သတ်မှတ်လမ်းကြောင်းအတိုင်းမဝင်လာသည့်အတွက် မလွှဲမရှောင်သာတိုက်ပွဲများပြန်လည်ဖြစ်ပွားရသည်ဟု ကေအိုင်အေဘက်မှ တုံ့ပြန်ထားသည်။

ထို့အပြင် ယခုတိုက်ပွဲများဖြစ်ပွားရာဒေသများသည် ကေအိုင်အေတပ်များတည်ရှိရာ နယ်မြေများဖြစ်ပြီး အစိုးရတပ်များမဝင်လာရန်ဆွေးနွေးပွဲတိုင်း၌ပြောကြားထားခဲ့ကြောင်း ကေအိုင်အေဘက်ကလည်းဆိုပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပိုမိုပြုလုပ်လာပြီး တိုက်ပွဲအရှိန်လျှော့ရန် သဘောတူထားကြပါလျက် မန်စီနယ်တစ်ဝိုက်တွင် တိုက်ပွဲများထပ်မံဖြစ်ပွားခြင်းအပေါ် ပြည်သူများလည်း မျက်စိလည်လျက်ရှိသည်။ ကေအိုင်အေဒုတိယစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂွန်မော်ကိုယ်တိုင် ပထမဆုံးအကြိမ်ရန်ကုန်မြို့သို့လာရောက်ပြီး အစိုးရတာဝန်ရှိသူအချို့နှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့သောကြောင့် ယုံကြည်မှုပိုခိုင်မာလာအောင်ကြိုးပမ်းနေပါလျက်မရပ်တန့်သောတိုက်ပွဲများက ပဟေဠိဖြစ်စေသည်။

ကချင်အရေးလေ့လာစောင့်ကြည့်သူများနှင့် ဒေသတွင်းအဖွဲ့အစည်းများကမူ ယခုဖြစ်ပွားသော တိုက်ပွဲများကြောင့် အစိုးရဘက်မှ နယ်မြေစိုးမိုးမှုပိုမိုရရှိပြီး၊ ကေအိုင်အေတပ်များကို နယ်စပ်ဘက်သို့ ဖိတိုက်သည့်ပုံစံဖြစ်နေကြောင်း သုံးသပ်ကြသည်။

ထို့အပြင်အစိုးရနှင့်ကေအိုင်အိုမေလဆွေးနွေးပွဲကသဘောတူညီခဲ့သည့် စစ်ရှိန်လျှော့ချရေး၊ တိုက်ပွဲများထပ်မံမဖြစ်ပွားရေးတို့ကိုနှစ်ဖက်စလုံးမှ ချိုးဖောက်သည့်သဘောဖြစ်အောင်ပြုလုပ်နေသည့် ပုံစံဖြစ်နေကြောင်း ၎င်းတို့က သုံးသပ်ကြသည်။

“ဆွေးနွေးပွဲတွေရှည်နိုင်သမျှ ရှည်အောင်ဆွဲဆန့်ပြီးလုပ်။ နယ်မြေစိုးမိုးရေးဝင်လုပ် နယ်စပ်ကိုတွန်းပို့၊ နောက်ဆုံးမလှုပ်သာတော့မှ လည်ပင်းညှစ်ပြီး အဖြေတောင်းမယ့် သဘောလို့မြင်တယ်” ဟု ကချင်အရေးစောင့်ကြည့်သူတစ်ဦးကဆိုသည်။

ဆွေးနွေးပွဲရလဒ်များအပေါ် ထိခိုက်မည်စိုးရိမ်သဖြင့် မြန်မာ့တပ်မတော်မှ ကေအိုင်အိုထိပ်ပိုင်းသို့ တရားဝင်အကြောင်းကြားပြီးမှ တရားဥပဒေစိုးမိုးရေးအတွက် လှုပ်ရှားခဲ့သော်လည်း အောက်ခြေက မလိုက်နာလိုသဖြင့်တိုက်ပွဲများဖြစ်ပွားနေရခြင်းဖြစ်ကြောင်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ထိပ်တန်းအရာရှိတစ်ဦးကပြောသည်။

“ရဲတပ်ဖွဲ့လက်လှမ်းမမီတဲ့ ဒေသတွေမှာ မှောင်ခိုလမ်းကြောင်းတွေ တားမြစ်ဖို့တပ်မတော်က တာဝန်ရှိတယ်။ ဒီလိုလုပ်တာအဲဒီဒေသမှာရှိတဲ့ ကေအိုင်အေတွေအကျိုးကို အတော်နစ်နာစေတယ်လို့ သိရတယ်။ သူတို့ရဲ့အပေါ်က ညွှန်ကြားချက်ကိုကြားရပါတယ်။ အောင်ခြေကမလိုက်နာလို့ဖြစ်ရတာ”ဟုဆိုပါသည်။

ယခုလတ်တလောတိုက်ပွဲများဖြစ်ပွားခဲ့သော ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအစပ်ဒေသများသည် သဘာဝသယံဇာတများစွာရှိပြီး မဟာဗျူဟာကျသည့်နေရာများဖြစ်နေသည်ဟုလည်း ကချင်အရေးလေ့လာသူများကဆိုပါသည်။

ကေအိုင်အေတပ်ရင်း ၂၇မှ အရာရှိတစ်ဦးကမူ“နယ်မြေစိုးမိုးရေးလုပ်ချင်လို့ လို့မြင်တယ်။ စီးပွားရေးအရ ပိတ်ချင်ရင် နယ်စပ်ဂိတ်ဘက်ကို ပိတ်နိုင်တာပဲ”ဟု တိုက်ပွဲများဖြစ်ပွားနေရခြင်းအပေါ် သူ့အမြင်ကိုပြောပြသည်။

ပြီးခဲ့သည့်တစ်လကျော်ကာလအတွင်း မန်စီမြို့နယ်တွင်ဖြစ်ပွားခဲ့သောတိုက်ပွဲများကြောင့် အနည်းဆုံးကျေးရွာ၁၅ရွာမှ ဒေသခံပြည်သူထောင်နှင့်ချီ၍ တရုတ်နယ်စပ်မန်ဝိန်းကြီးဒေသ လဂတ်ယန်စခန်း၊ ဗန်းမော်မြို့ဝန်းကျင်ရှိ စစ်ရှောင်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ယခုလက်ရှိအချိန်တွင် မန်စီမြို့နယ်တွင် အစိုးရတပ်မှ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ၂ခုနှင့်တပ်ရင်း ၁၅ရင်းခန့်လှုပ်ရှားနေသည်။ ကေအိုင်အေဘက်မှလည်း တပ်ရင်း ၁၊ ၁၂နှင့် ၂၇တို့လှုပ်ရှားလျက်ရှိသည်။

နှစ်ဖက်တပ်များမှာ နီးကပ်လွန်းသည့်အပြင် စစ်ရေးလှုပ်ရှားမှုများရှိသဖြင့် အချိန်မရွေးတိုက်ပွဲပြန်လည်ဖြစ်ပွားနိုင်သည်ဟု ဒေသတွင်းအဖွဲ့အစည်းများကဆိုသည်။

“ကျွန်တော်တို့ကတော့ စစ်ပြေးဒုက္ခသည်တွေအချိန်မရွေး ထပ်လက်ခံနိုင်အောင်ပြင်ဆင်နေပါတယ်”ဟု ဖန်ခါးကုန်းစစ်ရှောင်စခန်းတာဝန်ခံဒူဝါဇော်ဘောက်ကပြောသည်။

အစိုးရနှင့်ကေအိုင်အေတို့ကြားပြီးခဲ့သည့်ဆွေးနွေးပွဲနှစ်ခုအတွင်း စစ်ရှိန်လျှော့ချရန်၊ ရှေ့တန်းပူးတွဲစောင့်ကြည့်ရေးကော်မတီ (Joint Mointaring Committe) များ ဖွဲ့စည်းသွားကြရန် သဘောတူညီခဲ့ကြသည်။ သို့သော်လက်တွေ့အကောင်အထည်ဖော်နိုင်မှုမရှိသေးပေ။

သိန်းနှင့်ချီသည့် စစ်ရှောင်ဒုက္ခသည်များအပါအဝင်ပြည်သူအားလုံးအတွက် စာရွက်အပေါ်မှ နှစ်ဖက်သဘောတူညီချက်များကို အမှန်တကယ်လိုက်နာပြီး လက်တွေ့အကောင်အထည်ဖော်သင့်ကြောင်း ကချင်စစ်ပွဲငြိမ်းချမ်းရေးအတွက်ပါဝင်ဆောင်ရွက်နေသူများက အကြံပြုပြောဆိုပါသည်။

“နှစ်ဖက်သဘောတူတဲ့ အချက်တွေကို အပြင်မှာ လက်တွေ့အကောင်အထည်ဖော်ဖို့က အရေးကြီးပါတယ်”ဟု ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်မြောက်ရေးအဖွဲ့ (PCU) မှ ဦးအင်ရှန်ဆန်အောင်ကပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

# ''အစိုးရရဲ့ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကိုတော့ သဘောမတူပါဘူး။ ဘာလို့လဲဆိုတော့ အစိုးရရဲ့မူဘောင်မှာက ထာဝရငြိမ်းချမ်းရေးရဖို့ လက်နက်စွန့်ရမှာဖြစ်တဲ့အတွက် လက်မခံနိုင်ဘူး''



## ရှမ်းပြည်နယ်တောင်ပိုင်း RCSS/SSAဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် တွေ့ဆုံခြင်း

**မောင်တာ**

ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ၊ ရှမ်းပြည်တပ်မတော် (RCSS/SSA) သည် ရှမ်းပြည်နယ်တောင်ပိုင်း၊ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက်အခြေစိုက်ထားသော ရှမ်းပြည်နယ်တောင်ပိုင်းတွင် အခြေစိုက်လှုပ်ရှားနေသော အင်အားကြီး ရှမ်းတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ လွန်ခဲ့သည့် ၂နှစ်ခန့်ကအစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုး၊ အပစ်အခတ်ရပ်စဲပြီးနောက်RCSSထိန်းချုပ်ဒေသတွင်း ဒေသဖွံ့ဖြိုးရေး၊ စစ်ဘေးရှောင်ဒုက္ခသည်များ နေရပ်ပြန်ပို့ရေးနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ရာ နိုင်ငံရေးဆွေးနွေးပွဲများအတွက် (RCSS/ SSA)၏ သဘောထား၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မည်သို့ရှေ့ဆက်သွားရန် ရည်မှန်းနေသည်စသည်တို့ကို RCSS/SSA ဌာနချုပ်ရှိရာ ထိုင်း-မြန်မာနယ်စပ်လွယ်တိုင်းလျှန်းဒေသသို့သွားရောက်ကာ RCSS/ SSA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်အား မေးမြန်းခဲ့သည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အပစ်ရပ်လက်မှတ်ရေးထိုးပြီးနောက်ပိုင်း RCSS ထိန်းချုပ်ဒေသတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်ဖြင့်ပေါ့။ ဘယ်ကဏ္ဍတွေမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်မှုရှိလာပါလဲ။**

အပစ်အခတ်ရပ်စဲထားတာ ၂နှစ်တော့ရှိပြီပေါ့။ ဒါပေမဲ့ တိုးတက်မှုပိုင်းတော့ ဘာမှသိသိသာသာ ထင်ထင်မြင်မြင်ကြီးတော့ မရှိသေးပါဘူး။ တိုးတက်မှုပိုင်း မဖြစ်လာရတာ အပိုင်းသုံးပိုင်း ရှိပါတယ်။ နံပါတ်တစ် နားလည်မှုတွေ ကွာခြားနေတယ်။ အပစ်ခတ် ရပ်စဲထားတဲ့ သဘောတူဆုံးဖြတ်ချက် ၃၂ ချက်ရှိတယ်။ အဲဒီ ၃၂ ချက်ထဲမှာ တပ်မတော်ဘက်က လိုက်နာတယ်ဆိုတာ နှစ်ချက်လောက်ပဲရှိတယ်။ ဒါ့အပြင် အပစ်အခတ်ရပ်စဲထားတဲ့ ၂နှစ်လောက်အတွင်းမှာတိုက်ပွဲပေါင်း ၁၄၄ကြိမ်ထပ်ဖြစ်ခဲ့တယ်။ စစ်ပွဲတွေဖြစ်ရတဲ့အကြောင်းက တပ်မတော်ဘက်က RCSS အဖွဲ့ဝင်တွေကို တောထဲဝင်ပြီး လိုက်ရှာပြီးတော့ ပစ်တဲ့အတွက်ကြောင့် ပါ။ အဲဒါကြောင့် အပစ်အခတ်ရပ်စဲထားပေမယ့် နားလည်မှု သဘောထားတွေကတော့ ကွဲလွဲနေသေးတယ်။ ပထမအပစ်ရပ်ဖို့ ဦးအောင်မင်းနဲ့ ဆွေးနွေးတဲ့အချိန်မှာ ဒီ RCSS ရဲ့ စစ်သားတွေရှိတဲ့နေရာမှာ တပ်တွေချမယ်၊ နောက်ပြီး တပ်မတော်ဘက်ကလည်း တောထဲဝင်ရင် သတင်းတွေ ပြန်ကြားပေးဖို့၊ သတင်းပေးဖို့ သဘောတူညီထားကြတယ်။ ပြီးတော့ RCSS ဘက်ကလည်း မြို့ထဲကို သွားမယ်၊ လက်နက်ပါမယ်ဆိုရင် အကြောင်းကြားပေးဖို့ အဲဒါတွေ သဘောတူညီထားကြပါတယ်။ ခုတော့ သဘောတူထားတဲ့အတိုင်းဖြစ်မလာခဲ့ပါဘူး။

**သဘောတူညီချက်တွေထဲက အကောင်ထည်မဖော်နိုင်သေးတဲ့ အချက်တွေ များနေတာက ဘယ်လိုအနှောင့်အယှက် ဖြစ်စေနိုင်လဲ။**

အကောင်အထည်မဖော်နိုင်တာတွေကို ပြန်ပြီးဆွေးနွေးဖို့ လိုပါတယ်။ နားလည်မှုကွဲလွဲနေတာတွေ။ သဘောထားချင်း မတူတာတွေကိုပြန်ဆွေးနွေးဖို့လိုပါတယ်။ ပြန်ဆွေးနွေးဖို့က အရေးကြီးပါတယ်။ ပြန်ပြီးဆွေးနွေးတာက သေနတ်တွေပစ်ခတ်နေတာ၊တိုက်ခိုက်နေတာထက် ပိုကောင်းပါတယ်။ အကယ်၍ ပြန်ပြီးမဆွေးနွေးကြဘဲ ခဲတွေသုံးပြီး ဖြေရှင်းမယ်ဆိုရင် မဖြစ်နိုင်ဘူး။ နှစ် ၆၀ ကြာ ပြည်တွင်းစစ်ကလည်း ဖြစ်လာခဲ့ပြီးပြီ။ တပ်မတော်ကလည်း တိုင်းရင်းသားတွေကို အပြတ်၊ တစ်ခါတည်း မချေမှုန်းနိုင်ဘူး။ တိုင်းရင်းသားတွေဘက်ကလည်း တပ်မတော်ကိုမနိုင်ဘူး။ ပြည်တွင်းစစ်ရဲ့ ဆိုးကျိုးက ပြည်သူလူထုပဲ ခံစားရတယ်။ ဒါကြောင့် ပြန်ဆွေးနွေးဖို့က အရေးကြီးတယ်။ ပိုပြီးတော့ ကောင်းတဲ့လမ်းစဉ် ဖြစ်ပါတယ်။ စားပွဲဝိုင်းပေါ်မှာ ဆွေးနွေးတာကတော့ ကောင်းတဲ့လမ်းစဉ်ဖြစ်ပါတယ်။ ပြုံးပြီးတော့ ဆွေးနွေးကြပြီး ရယ်ရွှင်ပြီး တရင်းတနှီးဆွေးနွေးကြပြီး ရည်မှန်းချက်ပန်းတိုင်ကို လျှောက်ရမှာဖြစ်ပါတယ်။

**၂၀၁၄ ခုနှစ်ထဲမှာရောသဘောတူထားတဲ့ အချက်တွေကို အကောင်အထည်ဖော်နိုင်မယ်လို့ ထင်ပါသလား။**

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည် ပြောထားတဲ့စကားတွေကိုသတိရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ လုပ်ချင်တယ်၊ ရချင်တယ်ဆိုရင်တော့ခေါင်းဆောင်တဲ့သူကစပြီးတော့ လုပ်ရင်တော့ ရနိုင်ပါတယ်တဲ့။ ခေါင်းဆောင်ဆိုတာ အာဏာရှိတဲ့သူပေ့ါ။ သူတို့က ငြိမ်းချမ်းရေးကို တကယ်ရချင်တယ်၊ တကယ်လုပ်မယ်ဆိုရင်တော့ တစ်ခါတည်းနဲ့ ပြီးသွားနိုင်ပါတယ်။ အဲဒီကိစ္စတွေမှာ အခက်အခဲဆိုတာ ဘာမှမရှိနိုင်ပါဘူး။ သူတို့က ငြိမ်းချမ်းရေးကို တကယ်မလိုချင်လို့ အကြောင်းပြချက်တစ်မျိုးပြီး တစ်မျိုး ရှာပြီးတော့ ပြဿနာတွေ ရှာမယ်ဆိုရင်တော့ ငြိမ်းချမ်းရေး က ရနိုင်မှာ မဟုတ်ဘူး။

**RCSS အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုမူဝါဒနဲ့ သွားနေပါသလဲခင်ဗျ။**

RCSS အနေနဲ့က အပစ်အခတ်ရပ်စဲရေးကိုနိုင်ငံတော်သမ္မတနဲ့ဆွေးနွေးထားတယ်။ သဘောတူညီချက်တွေလည်း ရရှိပြီးပြီ။ RCSS ဘက်ကတော့ နိုင်ငံရေးဆွေးနွေးဖို့ အဆင်သင့်ဖြစ်နေပါပြီ။ နိုင်ငံရေးဆွေးနွေးမှုအတွက်လည်း RCSS က မူဘောင်တွေ ရှိပြီးပါပြီ။ မူဝါဒလမ်းစဉ်တွေ ရှိပါတယ်။ ပထမတစ်ချက်ကတော့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဖို့ လိုပါတယ်။ နိုင်ငံတော်ရဲ့ အုပ်ချုပ်မှုမူဝါဒဟာ ဖက်ဒရယ်စနစ်ဖြစ်ဖို့ လိုပါတယ်။ ဒုတိယအချက်ကတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိဖို့ အရေးကြီးပါတယ်။ နောက်ပြီး တတိယအချက်ကတော့ စစ်မှန်တဲ့ ဒီမိုကရေစီစနစ်ဖြစ်ဖို့ အရေးကြီးပါတယ်။ အဲဒါကတော့ RCSS ရဲ့ အရေးကြီးတဲ့ မူဝါဒပါပဲ။

**အောက်တိုဘာလကုန်ပိုင်းက ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအားလုံး ပါဝင်တဲ့ လိုင်ဇာဆွေးနွေးပွဲမှာ RCSS က လက်မှတ်မထိုးခဲ့ပါဘူး။ အထက်က လူကြီးတွေနဲ့ မတိုင်ပင်ရသေးလို့ လက်မှတ်မထိုးတာလို့တော့ သိထားရပါတယ်။ အဲဒီပေါ်မှာ ဥက္ကဋ္ဌအနေနဲ့ ဘယ်လိုများ ပြောချင်ပါသလဲ။**

ဆွေးနွေးမှုရဲ့ ဆုံးဖြတ်ချက်ရလဒ်က ဘယ်လိုလဲဆိုတော့ ဒီဘက်က ရည်ရွယ်ပြီးသွားတာက အပစ်အခတ်ရပ်စဲရေးနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ သွားတာဖြစ်ပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်ထွက်လာတာက နိုင်ငံရေးနဲ့ ပတ်သက်တယ်။ အဲဒါကြောင့် လက်မှတ်မထိုးသေးတာ။ တကယ်နိုင်ငံရေးနဲ့ပတ်သက်တယ်ဆိုရင်တော့ လိုင်ဇာတစ်ခုတည်းနဲ့ မပြီးသေးဘူး။ ရှမ်းပြည်တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုရဲ့ သဘောထားကိုလည်း တောင်းခံဖို့ လိုအပ်ပါတယ်။ အဲဒါကြောင့် လက်မှတ်မထိုးသေးတာပါ။

**အခုဆို အစိုးရနဲ့တိုင်းရင်းသားတွေ နှစ်ဖက်လုံးက မူဘောင်တွေ ထုတ်ကြတယ်။ အစိုးရကထုတ်တဲ့ မူဘောင်နဲ့ပတ်သက်ပြီးတော့ရော ဥက္ကဋ္ဌအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွေနဲ့ပတ်သက်လို့ တိုင်းရင်းသားတွေရဲ့သဘောထားကို WGEC ကနေ တင်ပြဆွေးနွေးထားတာ ရှိပါတယ်။ အစိုးရရဲ့ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ကိုတော့ သဘောမတူပါဘူး။ နိုင်ငံတော်သမ္မတက ပေးလာတဲ့ မူဘောင်ကိုတော့ RCSS အနေနဲ့သဘောမတူပါဘူး။ ဘာလို့လဲဆိုတော့ အစိုးရရဲ့ မူဘောင်မှာက ထာဝရငြိမ်းချမ်းရေးရဖို့အတွက် လက်နက်စွန့်ရမှာဖြစ်တဲ့အတွက် လက်မခံနိုင်ဘူး။ သဘောမကျဘူး။

**RCSS လိုပဲ တခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ ကလည်း ဒီအချက်ပေါ်မှာ အခြေခံပြီးတော့ ဒီမူဘောင်ကို သဘောမတူကြဘူး။ ဒီလိုမျိုး ကွဲလွဲချက်တွေ ရှိနေမယ်ဆိုရင် ရှေ့ဆက်ပြီးတော့ ငြိမ်းချမ်းရေးမှာ ဘယ်လိုမျိုး ထိခိုက်မှုတွေ ရှိနိုင်မလဲ။**

အကယ်၍ အစိုးရဘက်ကနေ တပ်မတော်ဘက်က သူတို့ချထားတဲ့ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ကို လက်ခံပြီးတော့ ပြန်လည်မပြင်ဆင်ဘူးဆိုရင်တော့ ဒီအပစ်အခတ်ရပ်စဲရေးဟာ ပျက်စီးမှာဖြစ်ပါတယ်။ နောက်ပြီးတော့ စစ်ပွဲတွေ ထပ်ဖြစ်လာဦးမယ်ထင်ပါတယ်။

**ဥက္ကဋ္ဌအနေနဲ့ အစိုးရကို ဘယ်လိုများ အကြံပြုချင်ပါသလဲ။**

RCSS အနေနဲ့MPC ဘက်ကိုလည်း အကြံဉာဏ်ပေးထားတယ်။ ပြီးတော့ တိုင်းရင်းသားအဖွဲ့အစည်းတွေကိုလည်း အကြံဉာဏ်ပေးထားတယ်။ ဘယ်လိုအကြံဉာဏ်ပေးထားလဲဆိုတော့ ငြိမ်းချမ်းရေးလိုလားတယ်ဆို နှစ်ဖက်အလျှော့အတင်းတွေလုပ်မှ ဖြစ်နိုင်မယ်။ အလျှော့အတင်းတွေလုပ်ပြီး တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးမှုဖြစ်နိုင်မယ်။ အကယ်၍ ဆက်ပြီး တင်းမာနေဦးမယ်ဆိုရင် တိုက်ပွဲတွေက ဆက်ဖြစ်နေဦးမှာဖြစ်ပါတယ်။ ပြည်တွင်းစစ်ဖြစ်လာခဲ့တာလည်း နှစ် ၆၀ ကြာလာခဲ့ပြီး ဘာမှထူးခြားတိုးတက်မှုဆိုတာ မရှိခဲ့ဘူး။ အခြေအနေတွေဟာ ဘယ်အချိန်ထိ ဆက်ပြီး ဆိုးနေဦးမယ်ဆိုတာ မသိနိုင်သေးဘူး။ အကယ်၍ ဆက်ပြီး တင်းမာနေဦးမယ်ဆိုရင်တော့ တိုက်ပွဲတွေက ထပ်ဖြစ်မယ်။

**စစ်မှန်တဲ့ ငြိမ်းချမ်းရေးရဖို့ နိုင်ငံရေးဆွေးနွေးပွဲတွေအပြင် ဘာတွေများထပ်ပြီး လိုအပ်သေးတယ်လို့ ထင်ပါသလဲ။**

ထာဝရငြိမ်းချမ်းရေးဆိုတာ ပထမအချက်အနေနဲ့ နိုင်ငံတော်သမ္မတ ချထားတဲ့ မူဘောင်လမ်းစဉ်အတိုင်း ဆက်လုပ်ရင်လည်း ဖြစ်နိုင်တယ်။ သမ္မတက ဘယ်လိုလဲဆိုတော့ ပထမတစ်ပြည်လုံး အပစ်အခတ်ရပ်စဲကြတယ်။ နိုင်ငံရေးမူဘောင်တွေ ရေးဆွဲကြမယ်။ နောက်တစ်ခါနိုင်ငံရေးဆွေးနွေးပွဲကိုပြုလုပ်မယ်ပေ့ါ။ အဲဒီလိုဆိုရင် ထာဝရငြိမ်းချမ်းရေးဆိုတာ ဖြစ်လာမှာပါ။

**ဖွဲ့စည်းပုံဥပဒေနဲ့ပတ်သက်ပြီး RCSS ရဲ့သဘောထားကပြင်ဆင်မှာလား။ အသစ်ပြန်ရေးချင်တာလားခင်ဗျ။**

ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ RCSS ရဲ့ဘက်က ဘယ်လိုလဲဆိုတော့ ဆွေးနွေးမှုတော့ အရေးကြီးတယ်။ ဒီဘက်ကနေ အသစ်ရေးဆွဲမယ်ဆိုလည်း မဖြစ်နိုင်ဘူး။ အဲဒီတော့ အားလုံးပါဝင်ဆွေးနွေးပြီး ပြင်ဆင်ဖို့ လိုပါတယ်။ အရေးကြီး

တာက စစ်မှန်တဲ့ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်ပဲ။ စစ်မှန်တဲ့ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်အရဆိုရင် အာဏာတွေက ပြည်သူတွေကို ခွဲဝေပေးရမယ်။ အခုအခြေအနေက ဒီမိုကရေစီအုပ်ချုပ်မှုစနစ် မဖြစ်သေးဘူး။ တပ်မတော်က အာဏာတွေကို ချုပ်ကိုင်ထားဆဲပဲ။

**ဖက်ဒရယ်နဲ့ပတ်သက်ပြီးတော့ RCSS အနေနဲ့ ကြိုတင်ပြင်ဆင်ထားတာရှိလား။**

ဖက်ဒရယ်နဲ့ပတ်သက်ပြီးတော့ RCSS ဘက်က ပြင်ဆင်မှုတွေရှိပါတယ်။ နောက်ပြီး ကမ္ဘာမှာလည်း ဖက်ဒရယ်မူဆိုတာ ကြီးထွားလာနေပါပြီ။ အမေရိကန်ရဲ့ ဥပဒေတွေကို ဥပမာယူပြီးတော့ လုပ်နေတာတွေရှိပါတယ်။

**လွှတ်တော်မှာတော့ ဖက်ဒရယ်နဲ့ပတ်သတ်လို့ ဂျာမနီရဲ့ ဖက်ဒရယ်သဘောမျိုး ပြောဆိုနေသံ ကြားရပါတယ်။ အဲဒီတော့ RCSS အနေနဲ့ ဘယ်လိုပြင်ဆင်ထားတာလဲခင်ဗျ။**

သိပ်တော့မကွဲပြားပါဘူး။ နည်းနည်းပဲ ကွာခြားတာပါ။ ဂျာမနီက ဥပမာပဲယူယူ၊ အမေရိကန်က ဥပမာပဲယူယူ အများကြီးကွာခြားမှု သိပ်မရှိပါဘူး။

**တိုင်းရင်းသားအများစုပြောနေကြတဲ့ ဖက်ဒရယ်တပ်မတော်ကိစ္စပေါ့။ ဖက်ဒရယ်တပ်မတော်ဆိုတာ တကယ်ဖြစ်လာမယ်လို့ ယုံကြည်လား။**

အဲဒီကိစ္စ လွယ်ကူတဲ့ကိစ္စမဟုတ်ဘူး။ ဖက်ဒရယ်တပ်မတော်ဖြစ်ဖို့ တိုင်းရင်းသားတွေဘက်က ဦးဆောင်သူတွေ၊ ခေါင်းဆောင်တွေ၊ ပြီးတော့ တပ်မတော်ဘက်က တပ်ဦးစီးချုပ်တွေ အချင်းချင်း အကြိမ်ကြိမ် ဆွေးနွေးဖို့ လိုသေးတယ်။ အခုတော့ တပ်မတော်ကို တိုင်းရင်းသားတွေက ယုံကြည်မှုတအားကြီး နည်းနေသေးတယ်။ အခု ယုံကြည်မှုတွေ တည်ဆောက်ဖို့ အရေးတကြီးလိုအပ်နေပါသေးတယ်။ ဖက်ဒရယ်မူဆိုတာ အချင်းချင်းပေါင်းစည်းနေထိုင်ကြတာပါ။ ပေါင်းစည်းမှုမဖြစ်နိုင်သေးဘူးဆိုရင်တော့ Federal Military (ဖက်ဒရယ်တပ်မတော်) ဆိုတာ မဖြစ်နိုင်သေးဘူး။ အခုတပ်မတော်ရဲ့ ရပ်တည်မှုအပေါ် အခြေခံပြီးပြောမယ်ဆိုရင်တော့ ပြည်ထောင်စုတပ်မတော်ဆိုတာ ဖြစ်လာဖို့ကိစ္စ မလွယ်ကူဘူး။ မဖြစ်နိုင်ဘူး။ အကယ်၍ ဖက်ဒရယ်တပ်မတော်ဖြစ်မလာရင်ပြီးတော့ တစ်ဖက်ကလည်း အချင်းချင်းအလျှော့အတင်းတွေလုပ်ပြီး ဆွေးနွေးကြ၊ အဝင်အထွက်တွေလုပ်ပြီးတော့ အဆင်မပြေကြဘူးဆိုတော့ စစ်ပွဲတွေ ဆက်ဖြစ်နေဖို့ပဲရှိတယ်။

**RCSS ကရော ပြည်ထောင်စုတပ်မတော်နဲ့ ပတ်သက်လို့ ပြင်ဆင်ထားတာ ရှိပါသလား။**

ဖက်ဒရယ်စနစ် ဖွဲ့စည်းပုံအရ ဒီပြည်ထောင်စု တပ်မတော်ရဲ့ မူဘောင်ပေါ်မှာ RCSS ဘက်ရဲ့ သဘောထားကိုပဲ ယူလို့မရဘူး။ တပ်မတော်ရဲ့ သဘောထားကိုပဲ ယူလို့မရဘူး။ အားလုံးဝိုင်းပြီးတော့ တပ်မတော်ဘက်၊ တိုင်းရင်းသားတွေဘက် အားလုံးဝိုင်းဝန်းဆွေးနွေးပြီး ဝိုင်းဝန်းလုပ်ဆောင်မှရမယ်။ ထိုင်ပြီးဆွေးနွေးဖို့ လိုအပ်ပါတယ်။ RCSS ရဲ့ သဘောထားကိုပဲ ပြောမယ်ဆိုရင်လည်း တပ်မတော်က လက်ခံမှာမဟုတ်ဘူး။ တပ်မတော်က ချထားတဲ့ သဘောထားကိုလည်း RCSS က လက်ခံနိုင်မှာမဟုတ်ဘူး။ ညှိယူဖို့လိုပါတယ်။ စည်းလုံးမှုပေါ့။ နှစ်ဦးနှစ်ဖက်က အတူတူလက်တွဲလျှောက်ဖို့ လိုပါတယ်။ တစ်ဖက်သက်လျှောက်လို့ မရပါဘူး။ နှစ်ဖက်အတူတူ လာကြမှရမှာ။ အကယ်၍တစ်ဖက်က တအားကြီးတင်းမာပြီးတော့ လုပ်နေရင်လည်း မရဘူး။ အကယ်၍ နှစ်ဦးနှစ်ဖက်က တအားကြီးတင်းမာနေရင်တော့ အပစ်အခတ်တွေက ထပ်ပြီးတော့ ဖြစ်လာဦးမှာပဲ။

**ဟိုတစ်လောက ရှမ်းပြည်ပေါင်းစည်းညီညွတ်ရေးကော်မတီ ဖွဲ့တယ်ဆိုပြီး ကြားသိရပါတယ်။ SSPP/SSA ပေါ့လေ။ မြောက်ပိုင်းရှမ်းပြည်တပ်မတော်ဆိုရင် SNLD ကို နိုင်ငံရေးဦးဆောင်မှုကဏ္ဍမှာထားတယ်။ အဲဒီတော့ RCSS အနေနဲ့ရော နောက်ပိုင်းမှာ ဘယ်လိုအစီအစဉ်တွေနဲ့ ဆက်သွားဖို့ရှိလဲ ခင်ဗျ။**

ဖွဲ့စည်းထားတဲ့ ရှမ်းပြည်ရဲ့ UNSSC (ရှမ်းပြည်ညီညွတ်ရေးကော်မတီ) က ရှမ်းပြည်ရဲ့ ကိုယ်စားပြုပြီးတော့ နိုင်ငံရေးဆွေးနွေးဖို့ ရည်ရွယ်ပါတယ်။

**ပြီးခဲ့တဲ့ ၂ နှစ်လုံးလုံး UNODC ရဲ့ စစ်တမ်းတွေအရ အစိုးရနဲ့ အပစ်ရပ်ထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ ဒေသတွေမှာ ဘိန်းနဲ့မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုက ပိုများလာတယ်လို့ ပြောထားတယ်။ ရှမ်းပြည်နယ်မှာဆိုလည်း မြန်မာနိုင်ငံရဲ့ ဘိန်းစိုက်ပျိုးမှုအားလုံးရဲ့ ၉၀ ရာခိုင်နှုန်းရှိတယ်ဆိုတော့ ဘယ်လိုကြောင့် များလာလဲဆိုတာ သိချင်ပါတယ်ခင်ဗျ။**

ဒီမူးယစ်ဆေးဝါးနဲ့ပတ်သက်တာကတော့ နိုင်ငံတော်သမ္မတက ပြည်သူလူထုရဲ့ တိုးတက်မှုတွေ၊ ဖွံ့ဖြိုးမှုတွေ ဘာမှမလုပ်ပေးဘူး။ နိုင်ငံတော်သမ္မတကပြည်သူလူထုရဲ့ တိုးတက်မှုတွေကို ဘာမှလုပ်မပေးဘူးဆိုရင်တော့ ပြည်သူလူထုက အရာရာတိုင်းကို စိုက်ပျိုးလာတာပါပဲ။ နိုင်ငံတော်သမ္မတအနေနဲ့ တပ်မတော်အနေနဲ့က ဒီမူးယစ်ဆေးဝါးတွေကိုနှိမ်နင်းတယ်ဆိုပြီး ပြည်သူလူထုရဲ့ ဘိန်းစိုက်ခင်းတွေကို လိုက်ဖျက်ဆီးတယ်ဆိုတာ နည်းလမ်းမမှန်ပါဘူး။ ဥပမာအနေနဲ့ပေါ့၊ လူထုအနေနဲ့က ကိုယ်စားခါနီးထမင်းပန်းကန်ကို အဝေးကို လွှင့်ပစ်ခံလိုက်ရသလို ဖြစ်နေတယ်။ ကိုယ်စားနေတဲ့ ထမင်းကို ကောက်ညှင်းနဲ့ လာလဲပေးရင်ကမှ စားနေရသေးတယ်။ အခု ပြည်သူလူထုဘိန်းစိုက်နေရတဲ့ ကိစ္စကလည်း အဲဒီလိုပါပဲ။ RCSS အနေနဲ့က ဘိန်းခင်းတွေကို တိုက်ဖျက်ဖို့ မှန်ကန်တဲ့လမ်းစဉ်မူဝါဒတွေ ရှိပါတယ်။ နိုင်ငံတော်သမ္မတနဲ့ လက်တွဲပြီးတော့ လုပ်ချင်ပါတယ်။ ဒါပေမဲ့ စစ်တပ်ဘက်က RCSS နဲ့ ပူးပေါင်းဖို့လက်မခံဘူး။ ဘာကြောင့် ပူးပေါင်းဖို့ လက်မခံတာလဲဆိုတာ သဘောမပေါက်ဘူး။ အပစ်အခတ်ရပ်စဲထားပေမယ့် သဘောထားတွေက မတိုက်ဆိုင်ကြဘူး။

**စစ်ဘေးရှောင်ဒုက္ခသည်တွေကို နေရပ်ပြန်ပို့ဖို့ကိစ္စကရော ဘယ်အခြေအနေရှိပြီလဲခင်ဗျ။ ပြီးခဲ့တဲ့ ဇွန်လက ဥက္ကဋ္ဌကြီးရဲ့ ရန်ကုန်ခရီးစဉ်မှာတော့ ၁၉၉၆ ခုနှစ်က တပ်မတော်ရဲ့ ဖြတ်(၄)ဖြတ်မူကြောင့် ထိုင်းနိုင်ငံဘက် တိမ်းရှောင်ထွက်ပြေးခဲ့ရတဲ့ စစ်ဘေးရှောင်ဒုက္ခသည်တွေကို နေရပ်ပြန်နိုင်ရေး ပူးပေါင်းကြိုးပမ်းမယ်ဆိုပြီး ဦးခွန်ထွန်းဦးနဲ့ပူးတွဲကြေညာချက်ထုတ်တာ တွေ့ရပါတယ်။ အခု သူတို့ နေရပ်ပြန်နိုင်ရေး၊ ပြန်လည်နေရာချထားရေး ဘာတွေ စတင်လုပ်ပေးနေပြီလဲခင်ဗျ။**

ပြည်သူတွေကတော့ နေရပ်ပြန်ချင်တဲ့ဆန္ဒကတော့ အမြဲရှိနေတာပေါ့။ ဒါပေမဲ့ သူတို့က နယ်မြေတည်ငြိမ်မှု၊ လုံခြုံမှုပေါ်မှာ အပူအပင်တွေ ရှိနေသေးတယ်။ အဲဒါကြောင့် မပြန်ရဲကြသေးတာ။ ထိုင်းဘက်မှာလည်း မြန်မာပြည်က စစ်ဘေးဒုက္ခသည်တွေ အများကြီးရှိနေသေးတယ်။ အကယ်၍ စစ်ပွဲတွေ ထပ်ဖြစ်နေဦးမယ်ဆိုရင်တော့ ပြည်သူတွေ လုံခြုံမှုမရှိသေးဘူး။ တိုက်ပွဲတွေထပ်ဖြစ်နေဦးမယ်၊ စစ်ကူတွေ တောင်းနေဦးမယ်ဆိုရင်တော့ ပြည်သူလူထုက ပြန်ရဲကြမှာမဟုတ်ဘူး။

**၂၀၁၂ ခုနှစ်က RCSS ဖွဲ့စည်းထားတဲ့ ရှမ်းတောင်တန်းချယ်ရီကုမ္ပဏီကရော စီးပွားရေးလုပ်ငန်းတွေ စလုပ်နေပြီလား ခင်ဗျ။**

လုပ်ငန်းတွေ လျှောက်ထားတာတွေကတော့ အများကြီးပဲ။ အကောင်ထည်ဖော်တာ ဘာမှမဖော်နိုင်သေးဘူး။ သတ္တုတွင်းလုပ်ငန်းတွေ လုပ်ဖို့လျှောက်လွှာတွေ တင်ထားတယ်။ အစိုးရဘက်က ခွင့်ပြုချက်ကျလာပေမယ့် တပ်မတော်ဘက်က နယ်မြေထဲဝင်ဖို့ခွင့်မပေးဘူး။ အဲဒါတွေကြောင့် ကြန့်ကြာနေတယ်။ သမ္မတဘက်ကတော့ နေပြည်တော်ကနေလည်း ခွင့်ပြုပေးတယ်။ ရှမ်းပြည်နယ်အစိုးရဘက်ကလည်း ခွင့်ပြုစာရတယ်။ စစ်တပ်ဘက်က မရတော့ ဝင်လို့မရဘူး။ သတ္တုပိုင်းတွေ၊ စီးပွားရေးပိုင်းတွေ လုပ်မယ်ဆိုရင် လက်နက်ချမှ လုပ်ခွင့်ပေးမယ်ဆိုပြီး မိုင်းတုံရဲ့ ဗျူဟာမှူးအောက်ကနေ သတင်းရတာပေါ့။ တာချီလိတ်ဘက်မှာလည်း စိုက်ပျိုးရေးလုပ်ဖို့ ဧက ၂၅၀၀၀ တောင်းထားတယ်။ အစိုးရနဲ့ ရှမ်းပြည်အစိုးရရဲ့ ခွင့်ပြုစာရတယ်။ ဒီဘက်ကတော့ ခွင့်ပြုချက်မရဘူး။ စီးပွားရေးနဲ့ပတ်သက်လို့ ဘာမှလုပ်ခွင့်မရသေးဘူး။ အဲဒီတော့ ပြဿနာက တပ်မတော်ဘက်ကနေ လာလာပြီးတော့ ခံနေတယ်။ တပ်မတော်က ကြားလာခံနေပြီး မပြီးနိုင်ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် တပ်မတော်က အပစ်အခတ်မရပ်စဲချင်ဘူးလားလို့တောင် တွေးမိတယ်။ အပစ်ရပ်တာ သမ္မတဦးသိန်းစိန်က ရပ်ချင်ပြီး တပ်မတော်ဘက်က မရပ်ချင်ဘူးလားလို့တောင် ထင်မိတယ်။

**တပ်မတော်နဲ့ တိုင်းရင်းသားအဖွဲ့တွေကြားမှာ ယုံကြည်မှုလျော့နည်းနေတာနဲ့ ပတ်သက်ပြီး ဘယ်လိုဖြေရှင်းရင် ရနိုင်မယ်လို့ အကြံပေးချင်လဲခင်ဗျ။**

ဒီပြဿနာကို ဖြေရှင်းဖို့ဆိုတာ ထပ်ကာထပ်ကာ ဆွေးနွေးဖို့လိုပါတယ်။ အဝင်အထွက်တွေလုပ်ဖို့ ဆက်ဆံကြဖို့ လိုအပ်ပါတယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင်မယ်ဆိုတဲ့ စကားပုံလိုပေါ့။ အယုံအကြည်နဲ့ လာမှာပေါ့။ အယုံအကြည်မရှိရင် ညီညွတ်မှုဘယ်ရမလဲ။ ညီညွတ်မှုမရှိရင် ပေါင်းစည်းမှုဘယ်ရမလဲ။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဒေါ်အောင်ဆန်းစုကြည်ကိုပါစေချင်သလား။ ပါဝင်လာရင်ရော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအပေါ် အကျိုးသက်ရောက်မှု ရှိနိုင်မယ်လို့ ထင်ပါသလား။**

ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ကိစ္စမှာ အရပ်ဘက်က အဖွဲ့အစည်းခေါင်းဆောင်တွေ ပါဝင်သင့်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ချန်လှပ်ထားလို့လည်း မရပါဘူး။ သူက မြန်မာနိုင်ငံကို ဒီမိုကရေစီသယ်ဆောင်လာတဲ့ ခေါင်းဆောင်ကောင်းဖြစ်ပါတယ်။

**ပြည်တွင်းမှာ တိုက်ပွဲတွေကြောင့် ဒေသခံတိုင်းရင်းသားလူမျိုးတွေက နေရပ်စွန့်ခွာထွက်ပြေးပြီး စစ်ဘေးရှောင်ဒုက္ခသည်စခန်းတွေနဲ့ နယ်စပ်တွေမှာ နေထိုင်နေကြရပါတယ်။ အဲဒီအချိန်မှာ အိမ်နီးချင်းနိုင်ငံက အထူးသဖြင့် လူဦးရေများပြားတဲ့ တရုတ်နိုင်ငံလို နိုင်ငံခြားသားတွေက ပြည်တွင်းကို ဝင်လာကြတယ်။ အဲဒီတော့ ရှမ်းပြည်နယ်မှာ နိုင်ငံခြားသားစိမ့်ဝင်မှုက စိုးရိမ်ရတဲ့ အနေအထားဖြစ်နေပြီလားခင်ဗျ။**

RCSS ထိန်းချုပ်ဒေသမှာတော့ နိုင်ငံခြားသားဝင်ရောက်မှုကို တားမြစ်ပိတ်ပင်ထားပါတယ်။ ဒါပေမဲ့စိုးရိမ်ရတဲ့ အခြေအနေဖြစ်ပါတယ်။ တရုတ်နိုင်ငံသားတွေက မြန်မာနိုင်ငံထဲကိုဝင်လာပြီးတော့ မြန်မာနိုင်ငံသားကတ်တွေ ကိုင်ဆောင်ထားတယ်။ ပြီးတော့ ပြည်နယ်ထဲက မြေတွေဝယ်ပြီး ကိုယ်ပိုင်မြေအဖြစ် ပြောင်းလဲလုပ်ကိုင်ကြတယ်။ အဲဒါတွေကို စစ်ဆေးဖို့ကတော့ နိုင်ငံတော်ဘက်က တာဝန်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်ထဲမှာဆိုရင် ကျိုင်းတုံဘက်တွေ၊ မူဆယ်၊ နမ့်ခမ်းဘက်တွေမှာဆိုရင် တရုတ်နိုင်ငံသားတွေ ဝင်လာပြီး မြေတွေဝယ်ထားတာတွေ အများကြီးရှိတယ်။


**လက်ရှိရှမ်းပြည်နယ်ဟာ နိုင်ငံရေးအရဆိုရင်လည်း လက်နက်ကိုင်တွေ အများကြီးနဲ့ ရှုပ်ထွေးနေတယ်။ စီးပွားရေးမှာလည်း ဒေသခံတွေက စားဝတ်နေရေးမပြေလည်လို့ ဘိန်းစိုက်ပျိုးနေရတာတွေ ရှိတယ်။ ပညာရေးမှာဆိုလည်း မြန်မာနိုင်ငံရဲ့ စာတတ်မြောက်မှု အနည်းဆုံး ပြည်နယ်တွေထဲမှာ ပါဝင်နေတယ်။ နိုင်ငံခြားသားစိမ့်ဝင်မှုလို လူမှုရေးပြဿနာတွေကလည်းရှိနေတယ်။ အဲဒီလိုအခြေအနေမှာ ရှမ်းပြည်နယ်အတွက် ဘယ်ကဏ္ဍကိုအရင်ဦးစားပေး ဖြေရှင်းဖို့ လိုမယ်လို့ ထင်သလဲခင်ဗျ။**

အဓိကကျတဲ့အချက်က ငြိမ်းချမ်းရေးပဲ။ ငြိမ်းချမ်းမှုမရှိဘူးဆိုရင်တော့ ဘာမှလုပ်လို့မရဘူး။ ရှမ်းပြည်နယ်တိုးတက်မှု ကျဆင်းနေရတာလည်း တပ်မတော်ရဲ့ အုပ်ချုပ်မှုအောက် အကြာကြီးနေရတာနဲ့ ပြည်တွင်းစစ်ကြောင့်ပါ။ ပြည်တွင်းစစ်တွေကြောင့် ရှမ်းပြည်နယ်မှာ တိုးတက်မှုက ဘာမှမရှိခဲ့ဘူး။ တိုက်ပွဲတွေဖြစ်၊ ပစ်ကြခတ်ကြဆိုတော့ ပြေးကြရှောင်ကြပဲရှိနေတော့ တိုးတက်မှုဆိုတာ ဘယ်မှာရှာလို့ ရပ့ါမလဲ။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

“လူငယ်များကို ပြည်တွင်းပြည်ပပညာရေးအခွင့်အလမ်းများနှင့် မိတ်ဆက်ပေးမည့်
American College Program နှင့် ချိတ်ဆက်ထားသော စင်ကာပူထိပ်တန်းတက္ကသိုလ်များအကြောင်းဆွေးနွေးပွဲ”

JCU SINGAPORE — Presentation Time 10:00 to 10: 45
Curtin Singapore — Presentation Time 10:50 to 11: 35
SIM GLOBAL EDUCATION — Presentation Time 11:40 to 12: 25
CROWN EDUCATION Yangon Myanmar — Presentation Time 12:30 to 1: 15



SEMINAR SESSION
Date : Dec 13 (Fri) - 2013
Time : 10:00 am - 2:00 pm
Venue : Summit Parkview Hotel

ONE TO ONE SESSION
Date : Dec 14 (Sat) - 2013
Time : 10:00 am - 12:00 noon
Venue : CROWN Edu: Learning Center

Please Register Now : 01 527 838 - 09 732 732 77 - 09 730 745 67

1. Auditor - 2 posts ကျား/မ
LCCI Level(3) အောင်မြင်ပြီးသူဖြစ်ရမည်။
2. Designer
Illustrator & Photoshop - 2 posts ကျား/မ
3. Export & Import
ကျွမ်းကျင်သူ - 2 posts ကျား/မ
4. Marketing - 3 posts ကျား/မ
5. Driver - 2 posts ကျား

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက်ရှိသူဖြစ်ရမည်။ လျှောက်ထားသူများသည် မကြာမီက ရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပညာအရည်အချင်းမိတ္တူ၊ ကိုယ်ရေးရာဇဝင်အသေးစိတ်၊ နေရပ်လိပ်စာအပြည့်အစုံရေးပြီး အောက်ပါလိပ်စာသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
**အမှတ်-၂၇၀/အခန်း ၃-စီ/၊ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။**

7 DAY NEWS JOURNAL
Vol.12, No.40 • DECEMBER 11 , 2013

စာ(၂)မှ

# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ တာဝန်မကျေသေးပါ

တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရအဖွဲ့များ အတွင်းရှိဝန်ကြီးများမှာလည်း လုပ်ပိုင်ခွင့်မည်မည်ရရမရှိဘဲ အချို့ဒေသများတွင် ဝန်ကြီးချုပ်များက ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်နေသည့် ဖြစ်စဉ်များရှိသဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့တို့၏ လုပ်ပိုင်ခွင့်များကို ဥပဒေပြဋ္ဌာန်းပေးရန် ကွန်ဟိန်းမဲ ဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက ပြည်သူ့လွှတ်တော်တွင် အဆိုတစ်ရပ်တင်သွင်းခဲ့သည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ် လုပ်ပိုင်ခွင့်တချို့ကိုပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှမ်းမိုးစွက်ဖက်နေတာတွေ့နေရပါတယ်။ အောက်ခြေက မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအဆင့်တွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရက ဝန်ကြီးတွေက မခန့်အပ်ရဘဲပြည်ထောင်စုတိုက်ရိုက်ခန့်အပ်နေတာတွေဟာ မဖြစ်သင့်ဘူး။ ဝန်ကြီးချုပ်တချို့ကလည်း ဝန်ကြီးတွေရဲ့ လုပ်ပိုင်ခွင့်တာဝန်ကို လွှမ်းမိုးချုပ်ကိုင်နေတာလည်း ရှိတယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ဆောင်ရွက်မှုအပေါ် ဦးကျော်ကသုံးသပ်ရာတွင် "ဝန်ကြီးချုပ်က အရင်တုန်းကရာထူးကြီးမှာ တာဝန်ထမ်းဆောင်ခဲ့တော့ အဲဒီအရှိန်အဝါတွေကို ခုချိန်ထိ သုံးနေတုန်းပဲ။ ဝန်ကြီးတွေက ရုပ်သေးလိုဖြစ်နေတယ်။ ကြိုးဆွဲက ဘယ်သူလဲဆိုတာ စဉ်းစားကြည့်ပေါ့"ဟု ဆိုသည်။

ဝန်ကြီးချုပ်များအား နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ်သည့် စနစ်ကို တိုင်းရင်းသားများ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များက ကြိုက်နှစ်သက်ခြင်းမရှိဘဲ လူထုမှ တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်း၊ သက်ဆိုင်ရာလွှတ်တော်များမှ တစ်ဆင့်တင်မြှောက်ခြင်းကိုသာ လိုလားကြသည်။

တိုင်းဒေသကြီးနှင့် လွှတ်တော်များ၌ ပြဋ္ဌာန်းအတည်ပြုလိုက်သော ဥပဒေများကို သက်ဆိုင်ရာအစိုးရအဖွဲ့များက လိုက်နာခြင်းအားနည်းပြီး လွှတ်တော်အတွင်း ပေးအပ်ခဲ့သော ကတိများကိုဖြစ်မြောက်အောင်လုပ်ဆောင်ပေးမှုမရှိသလောက် နည်းပါးသည်။ ထို့ကြောင့် လွှတ်တော်အပေါ် အစိုးရအဖွဲ့က လွှမ်းမိုးနေသကဲ့သို့ဖြစ်နေကြောင်း တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။

တိုင်းဒေသကြီးအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များကို အခမဲ့စောင့်ရှောက်မှုပေးရန်နှင့် ဆင်းရဲနွမ်းပါးသော ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ ကလေးသူငယ်များအား အာဟာရတိုက်ကျွေးရေး အဆိုများအား သက်ဆိုင်ရာ ဝန်ကြီးများကန့်ကွက်သဖြင့် အဆိုများရှုံးနိမ့်ခဲ့ရကြောင်း ဒေါက်တာညိုညိုသင်းကပြောသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်မှ ငွေစက္ကူများတွင် အမျိုးသားခေါင်းဆောင်ကြီး၏ ပုံကိုထည့်သွင်းရိုက်နှိပ်ရန်အဆိုမှာလည်း ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် အစိုးရဘက်မှ လာရောက်ဖြေရှင်းပြီး ရှုံးနိမ့်ခဲ့သည်။

"ဒီလိုတွေဖြစ်နေတယ်ဆိုတာ အဓိကက အခြေခံဥပဒေအားနည်းမှုပေါ့။ အခြေခံဥပဒေကိုပြင်မှပြည်နယ်တွေရဲ့ရပိုင်ခွင့်တွေ၊ အာဏာခွဲဝေမှုတွေကို သေချာပြန်လုပ်နိုင်မှာ"ဟုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုက သူ၏အမြင်ကိုပြောသည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောက်ခြေတွင် ထိရောက်ရန်နှင့် အစိုးရအဖွဲ့နှင့် လွှတ်တော်အကြားစောင့်ကြည့်ထိန်းညှိမှုများ ပြုလုပ်နိုင်ရေးနှင့် လွှတ်တော်လုပ်ငန်းများ ပီပြင်စေရေးတို့အတွက် လွှတ်တော်ဥက္ကဋ္ဌများအရည်အချင်းပြည့်ဝရန်လိုသကဲ့သို့ ပြည်နယ်တိုင်းဒေသကြီးလွှတ်တော်များနှင့် အစိုးရအဖွဲ့များအား လုပ်ပိုင်ခွင့်နှင့် ဥပဒေပြုခွင့်များ ပိုမိုတိုးမြှင့်ပေးရန်လိုကြောင်း နိုင်ငံရေးအသိုင်းအဝိုင်းမှ သုံးသပ်သည်။

"ဥပဒေပြုခွင့်၊ ပြဋ္ဌာန်းခွင့်တွေကို ပိုပေးရမယ်။ အစိုးရအဖွဲ့ရွေးချယ်ဖွဲ့စည်းခွင့်တွေကို ပြည်နယ်လွှတ်တော်ကို ပေးသင့်တယ်"ဟု သူရဦးအောင်ကိုက သဘောထားမှတ်ချက်ပြုသည်။

လွှတ်တော်က အစိုးရအဖွဲ့ကို ထိန်းချုပ်ထားဖို့ဆိုတာထက် အမတ်တွေတော်တော်များများက အစိုးရအဖွဲ့ဝင်ဖြစ်နေကြတယ်။ ဒါဟာအားနည်းချက်တစ်ခုပါပဲ။ အမတ်များတဲ့ လွှတ်တော်တွေ ပိုအဆင်ပြေလိမ့်မယ်။ လုံးဝထိန်းချုပ်ထားနိုင်တယ်လို့တော့ မဆိုချင်ဘူး"ဟု တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်အမတ်ဦးစိုးထွေးကပြောသည်။


## Job Vacancy

**Capacity Building of Myanmar Journalists on Ethical Journalism**
Jointly Conducted by Interim Press Council of Myanmar and International Media Support

**Post of Project Manager (One Position)**
Qualifications

- Project Management experience of at least for two years
- Experience in preparing and managing budgets
- Working experience with NGO projects
- English Proficiency
- At least university or completion of secondary education
- Below the age of 45
- Willingness to travel around the country
- Team player and capacity to work long hours

**Post of Project Officer (Two Positions)**
Qualifications

- Working experience with NGO projects at least for two years
- English Proficiency
- At least university or completion of secondary education
- Below the age of 45
- Willingness to travel around the country
- Team player and capacity to work long hours

**Post of Documentalist**
Qualifications

- Writing reports / documenting projects for NGOs at least for two years
- English Proficiency
- Ability to meet deadlines
- At least university or completion of secondary education
- Below the age of 45
- Willingness to travel around the country
- Team player and capacity to work long hours

Please apply before Dec 15, 2013
Contact Address : Room 902, Yuzana Tower, Shwegon Taing Junction, Bahan Township, Yangon. Phone : 09448026326,
Email: mmpresscouncil@gmail.com



# ORIENT CLINIC အရှေ့တိုင်းဆေးခန်း

အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများ၊ ထူးချွန်သောပညာရှင်များ၊ ကျွမ်းကျင်သောဆရာဝန်များ၏ ကုသမှု၊
ဆေးခန်းအတွင်းရှိ ဝန်ထမ်းများ၏ ဖော်ရွေသောဝန်ဆောင်မှုကောင်းများဖြင့် ပြုစုကုသပေးလျက်ရှိပါသည်။

## လိပ်ခေါင်းရောဂါ

အမေရိကန်နိုင်ငံမှ ခေတ်မီတိုးတက်သည့် စက်ပစ္စည်း ကိရိယာဖြင့် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ ပေါင်းစပ် လိပ်ခေါင်း၊ စအိုနင်းရူ၊ စအိုကျွံခြင်း၊ အူအဆုံးပိုင်းအသားပို ထွက်ခြင်း၊ စအိုအက်ကွဲခြင်း၊ ဂရင်ဂျီနာ၊ စအိုဝနာကျင် ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်း စသည့် စအိုအူမကြီး ရောဂါတို့ကို အထူးကုသပါသည်။ ခွဲစိတ်စရာ မလိုအပ်ပါ။ သွေး မထွက်၊ နာကျင်ခြင်းမရှိဘဲ ဆေးဝါးကုသသည့် အချိန်ကာလမှာ တိုတောင်းပါသည်။ ၁၀ မိနစ်မှ မိနစ် ၂၀ အတွင်း ကုသရေးဖြစ်စဉ်ကို ပြီးမြောက်သွားစေပါသည်။ ဆေးရုံတက်ရန် မလိုဘဲ တစ်ကြိမ်တည်းနှင့်ပျောက်ကင်းအောင် ကုသပေးပါသည်။ ရောဂါပြန်လည် ဖြစ်ပွားခြင်း မရှိတော့ပါ။ အကယ်၍ ကုသပျောက်ကင်းပြီး ၁၀နှစ်အတွင်း ရောဂါဖြစ်သူများအား အရှေ့တိုင်းဆေးခန်းမှ အခမဲ့ ဆေးဝါးကုသပေးမည်ဖြစ်ပါသည်။

## အမျိုးသမီးရောဂါ

အမျိုးသမီးများတွင် ရာသီသွေးမမှန်ခြင်း၊ ရာသီသွေးဆင်းချိန်၌ ဝမ်းဗိုက်ကိုက်ခဲခြင်း၊ ခါးကိုက်ခြင်း၊ အဖြူဆင်းမှု အလွန်များပြားခြင်း၊ မိန်းမကိုယ်အင်္ဂါရောင်ရမ်းခြင်း၊ သားအိမ်ရောင်ခြင်း၊ သားအိမ်လမ်းကြောင်း ပြည်တည်ခြင်း၊ မျိုးဥပို့ဆောင်ပေးသည့်ပြွန်ချောင်းပိတ်ဆို့နေခြင်း၊ အိမ်ထောင်သက်ကြာညောင်းသော်လည်း ကလေးမရခြင်း၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာစသည့်ရောဂါတို့ကို ကုသပေးပါသည်။





## လိင်အင်္ဂါကြွက်နို့ရောဂါ

လိင်အင်္ဂါကြွက်နို့သည် HPV ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မသန့်ရှင်းသည့် ကာမဆက်ဆံခြင်းမှ ကူးစက်လာသည့် ရောဂါဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ကျား/မ လိင်အင်္ဂါတွင် ဂေါ်ဖီပန်းပွင့်ပုံသဏ္ဌာန်များ ထွက်လာပြီး ၎င်းအသားဖုများမှ လွယ်လွယ်ကူကူနှင့် သွေးထွက်ပြီး ညှီစို့စို့အနံ့ဆိုးထွက်နေပါသည်။

အကယ်၍ လိင်အင်္ဂါကြွက်နို့ (HPV)ရောဂါကို အချိန်မီကုသခြင်းမရှိပါက သို့မဟုတ် သမားရိုးကျ အကျိုးသက်ရောက်မှုရှိသည့် ကုသမှုမျိုးမရှိပါက လျင်မြန်စွာဖြင့် ဖနီးမောင်နံနှင့် မိသားစုဝင်များကိုပင် ကူးစက်ပျံ့နှံ့သွားနိုင်ပါသည်။ အမျိုးသမီးများမှာ ပို၍ ဆိုးရွားစွာဖြင့် ကူးစက်ခံရပြီးနောက် သားအိမ်ကင်ဆာအဖြစ်သို့ ပြောင်းလဲသွားတတ်ပါသည်။ အမျိုးသားများတွင် လိင်တံကင်ဆာ ဖြစ်ပွားတတ်ပါသည်။

၅ မိနစ်မှ ၁၀ မိနစ်ထိ လျင်မြန်စွာဖြင့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်)ပိုးများကို ဖယ်ရှားပစ်လိုက်နိုင်သည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများနှင့် ပေါင်းစပ်ထားလိုက်ခြင်းဖြင့် ခန္ဓာကိုယ်တွင်ရှိနေသည့် လိင်အင်္ဂါကြွက်နို့(HPV) ဗိုင်းရပ်(စ်) ပိုးများကို ရှင်းလင်းသုတ်သင်ပစ်လိုက်နိုင်ပါသည်။ ရောဂါခုခံနိုင်သည့် ကိုယ်ခံစွမ်းအားကို တိုးမြှင့်စေ၍ ရောဂါမှာ ပြန်လည်ထလာခြင်း မရှိတော့ပါ။ အကယ်၍ ၁၀ နှစ်တာကာလအတွင်း၌ ရောဂါပြန်လည်ထလာသောသူများအား အရှေ့တိုင်းဆေးခန်းမှ အခြားမည်သည့်အခကြေးငွေကိုမှ ရယူခြင်းမရှိဘဲ အခမဲ့ပျောက်ကင်းအောင် ကုသပါမည်။

## အမျိုးသားရောဂါများ

အမျိုးသားများတွင် ပန်းသေပန်းညှိုးရောဂါဖြစ်ပြီး သုက်လွှတ်မြန်ခြင်း၊ လိင်စွမ်းအားအပျော့အတားဖြစ်ခြင်း၊ အချိန်ကာလ အတော်ကြာ အိမ်ထောင်သက်ရှိပြီးသော်လည်း ကလေးမရခြင်း၊ သုက်ရည်ဂလင်း ရောင်ရမ်းနာ၊ သုက်ရည်ဂလင်းဆူဖြိုးလာခြင်း၊ ကာလသားရောဂါပိုး၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ဆီးသွားရာ၌ ပြည်များ စီးထွက်လာခြင်း၊ ဆီးသွားရာတွင် သွေးထွက်ခြင်း၊ အမျိုးသားလိင်တံတို/သေးငယ်/အရေပြားရှည်နေခြင်း စသည့် ရောဂါများနှင့် အခက်အခဲများကို ကုသဖြေရှင်းပေးသည်။ အထူးအကျိုးသက်ရောက်မှုရှိသည့် တိုင်းရင်းဆေးဝါးများဖြင့် ကုသမှုပေးသောကြောင့် ကုသပြီးလျှင်ပြီးချင်း အကျိုးသက်ရောက်မှုကို မြင်တွေ့ရမှာဖြစ်ပါသည်။

**လာရောက်ကုသသောလူနာများအား**
**ကြေညာစာစောင်အပါယူခဲ့လျှင် ၃၀ ရာခိုင်နှုန်း လျှော့ပေးမည်။**

## ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ

နာတာရှည်ရောဂါ တစ်မျိုးဖြစ်ပါသည်။ ရောဂါလက္ခဏာမှာ ခေါင်းမူးခြင်း၊ အမြင်အာရုံကျဆင်းခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ ဒေါသထွက်လွယ်ခြင်း၊ ပါးစပ်ခြောက်သွေ့ခြင်း၊ ဆီးများလွန်းခြင်း၊ ပိန်ချုံးသွားခြင်း၊ တစ်ကိုယ်လုံးအား မရှိခြင်း၊ လက်ထုံကျဉ်ပြီး ခြေထောက် ကိုက်ခဲခြင်း သို့မဟုတ် ကြွက်သားများ နာကျင် ကိုက်ခဲခြင်း၊ ဆိုးရွားသည့်အခါ၌ ခြေထောက်အောက်ပိုင်းတွင် မည်းလာခြင်း၊ ခြေထောက်ပြည်တည် အနံ့ထွက်ခြင်း၊ ကျောက်ကပ်စွမ်းအားမှာ ပုံမှန်မဖြစ်ခြင်းနှင့် နှလုံးရောဂါ၊ ဦးနှောက်သွေးထွက်ရောဂါ၊ ကိုယ်တစ်ပိုင်းသေခြင်းစသည့် လက္ခဏာများဖြစ်ကြပါသည်။ မျက်မှောက်ကာလ၌ ဆီးချိုရောဂါ၊ သွေးတိုးရောဂါသည်တို့မှာ နေ့စဉ် ဆေးဝါးသောက်သုံးခြင်းဖြင့် သွေးချို၊ ဆီးချိုနှင့် သွေးတိုးတို့ကို ထိန်းချုပ်ပါသည်။ အချိန်ကာလကြာရှည်စွာ ဆေးဝါးကို အမှီပြုနေခြင်းသည် ကျောက်ကပ်စွမ်းအားနှင့် အသည်းစွမ်းအားကို အတိုင်းထက်အလွန် ထိခိုက်စေခဲ့ပါသည်။ ဘေးထွက်အာနိသင်ကြီးမားပါသည်။ အရှေ့တိုင်းဆေးခန်းရှိ ဆီးချိုရောဂါပညာရှင်မှာ လူတိုင်း၏ ကိုယ်ခန္ဓာအခြေအနေမတူညီသည့် အခြေအနေ ဦးတည်သည့်သဘောတရားဖြင့် ကုသပါသည်။ ပန်ကရိယ (မုန့်ချိုအိတ်) နှိုးဆွနည်းဖြင့် ဆီးချိုသွေးချိုကုသပေးနေပါသည်။ ၎င်းဆေးများသည် ပန်ကရိယနှိုးဆွပေးပြီး ပုံမှန်အတိုင်း အလုပ်လုပ်စေပါသည်။ ဆီးချိုသွေးချိုကျ၍ ရောဂါပျောက်ကင်းပြီး နောက်ဆက်တွဲရောဂါလည်း မရှိတော့ပါ။ ဆေးစသောက်သည့်ရက်တွင် ချက်ချင်းအကျိုးသက်ရောက်မှုရှိသည်။ ဘေးထွက်ဆိုးကျိုးမရှိပါ။





ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် – နံနက် ၈:၃၀ နာရီမှည ၈:၃၀ အထိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း၊ Ph : 01 226917, 01 227285